www.burmeseclassic.com

ပျါး

# နှင်သေလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဖျူးစာပေ)
အမှတ် - ၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၀၃၂၆) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း။ ဓာ/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုဖင်ဦးနှင့်ညီများ
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၂၅၄၁၂၀၈၈၀၊ ၀၁ ၈၅၀၀၆၉၆

ရ၉၅ ⋅ ၈၃
ဖျူး
နင်သေလိုက်တော့
ဖျူးစာပေ၊ ၂၀၁၆။
၂၅၆ - စာ၊ ၁၂ x ၁၈ စင်တီ။
(၁) နင်သေလိုက်တော့

BURMESE CLASSIC

## အခန်း (၁)

ကျွန်တော့်ရဲ့ဘဝကြီးတစ်ခုလုံး ဖောက်ထိုးမှိုးမျှော် ဖြစ်ခဲ့တယ်လို့ ခံစားလိုက်ရပြီးနောက်ပိုင်း ကျွန်တော့်ရဲ့အဖော်သဟဲပြုရာဟာ ယမကာအရက်သာ ဖြစ်ခဲ့သည်။

လောကကြီးမှာ ဘယ်အရာကိုမှ ရင်ဆိုင်ချင်စိတ်မရှိခဲ့၊ ကျွန်တော်တစ်ကိုယ်တည်း ဖြတ်သန်းရတော့မည့်ဘဝကို စိတ်နာနာနှင့် ရေစုန်မျှောပစ်ဖို့သာ အချိန်ရှိသရွေ့ ကျွန်တော် အတွေးများထဲ ပြည့်နှက်နေ၏။ လောကကြီးက ကျွန်တော့်အတွက် နေသားကျ ပျော်မွေ့နေခဲ့သော ပြီးပြည့်စုံနေသည့် ဘုံနန်းလေးကို ဖျက်ဆီးခဲ့သည်။

ကျွန်တော့် ကံတရားလို့ သတ်မှတ်ရင်တောင်မှပဲ ဘယ်တော့မှ စိတ်ကျေနပ်မှာမဟုတ်သော ကံတရားသာဖြစ်၏။

"မောင်လုံး ငါ့ကို ရေခဲပြင်ပေးဦး"

ဖျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှာထိုင်ပြီး မီးပူတိုက်နေသော မောင်လုံးက ကျွန်တော့် စကားအဆုံးမှာ ပျာပျာသလဲထကာ စားပွဲပေါ်၌ ရေခဲပန်းကန်တွေ ခွက်တွေ အဆင်သင့်ပြင်ပေးသည်။

နာရီက နေ့လယ် ဆယ့်နှစ်နာရီကို ညွှန်ပြနေ၏။ ညကလည်း သောက်တာများပြီး ညနက်သွားသောကြောင့် ကျွန်တော့်ခေါင်းတွေ တော်တော်နဲ့မထူနိုင်ခဲ့။ အိပ်ပျော်သွားချိန်ကပင် မနက်လင်းခါနီးနီးမှ။ အခုနိုးလာတော့လည်း ကျွန်တော့်အာသီသက ယမကာ ထပ်သောက်ချင်ခြင်းလား။

မောင်လုံး ပြင်ပေးထားသော စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ပြီး ကျွန်တော် ခွက်အကြည်လေးထဲ နီညိုညိုအရည်အနည်းငယ်ငှဲ့ထည့်လိုက်သည်။ အရင်ဆုံး ဘာမှမရောစပ်ဘဲ ဒီတိုင်းသောက်ချလိုက်၏။ လည်ချောင်းတစ်လျှောက်မှာ သူက ပူပြင်းရှတ အရသာရှိစွာ စီးဝင်သွားသည်။

"ဆရာ ဖုန်းလာနေတယ်"

ဒုတိယတစ်ခွက် မော့သောက်ရန် ပြင်နေဆဲမှာပဲ မောင်လုံးက ဖုန်းကို လာကမ်းပေးရင်း ပြော၏။ ဒီနှစ်တွေအတွင်း အခြားအပြင်လူ ဘယ်သူနဲ့မှ ကျွန်တော် ဖုန်းမပြောဖြစ်။ အခုလည်း ဘယ်သူဆက်တယ်ဆိုတာ တန်းသိနိုင်သလောက်ပါပဲ။ အမေဖြစ်ရင်ဖြစ် မဟုတ်ရင်တော့ သားလေးပဲ ဖြစ်ရမည်။

"သား နိုးပြီလား၊ အမေ မနက်စောစောတုန်းက အိမ်ဖုန်းကို လှမ်းခေါ်သေးတယ်၊ သားအိပ်တုန်းဆိုလို့"

ထင်သည့်အတိုင်းပါပဲ၊ သားလေးရဲ့ဘွားဘွား။ ကျွန်တော့် ယောက္ခမ





ကြီးအသံ။

"ဟုတ်တယ် ကျွန်တော် ခုမှ နိုးတာလေ"

"အေးကွယ် မနက်ဖြန်ခါ မောင်လုံး ရန်ကုန်ဆင်းလာရင်းနဲ့ အပြန်မှာ မြေးလေးက လိုက်မယ်လုပ်နေလို့လေ"

သားကို ကျွန်တော်လည်း လွမ်းပါသည်။ သားကိုခွဲပြီး မနေချင်ပေမယ့် ကျွန်တော့်ရဲ့တစ်ကိုယ်ရေချောက်ချားမှုများကို သားလေးရှေ့မှာတော့ မဖော်ပြချင်။ ရန်ကုန်မှာ ကျောင်းတက်လက်စရှိနေသော သားက ခုလို နွေကျောင်းပိတ်ပြီဆိုတိုင်း ကျွန်တော့်ဆီလာဖို့ ကြိုးစားတတ်သည်။

"ထည့်လိုက်ပါ အမေ၊ ကျွန်တော်လည်း သားကို သတိရနေတာ"

"အေး အေး ပြီးရော၊ ဒီလိုဆို သားအတွက်ရော ဘာတွေလိုသေးလဲ၊ ဒီကနေ အမေ တစ်ခါတည်းထည့်ပေးလိုက်မယ်"

"အေးပါကွယ် သားလည်း ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်ပါ၊ ပြန်မရနိုင်တော့တဲ့အရာတစ်ခုကို အချိန်ရှိသရွေ့ တမ်းတနေတာကတော့ မဟုတ်သေးဘူးပေါ့၊ တခြားတစ်ဖက်က လူအတွက်လည်း ပူလောင်ပါတယ် သားရယ်နော်"

ကျွန်တော် ဘာမှပြန်မဖြေဖြစ်။ နာကျင်သော အပြုံးလေးသာ နှုတ်ခမ်းများထက်မှာ ဖူးပွင့်လာသည်။

"ဒါပဲနော် အမေ၊ ကျွန်တော် ဖုန်းချလိုက်တော့တယ်"

ဒီကိစ္စကိုပြောတိုင်း ကျွန်တော် နားမထောင်ချင်စွာနှင့် ဖုန်းဆက်ဖို့ ကြိုးစားတတ်တာ အမြဲလိုလိုဆိုတော့ အမေလည်း နားလည်မှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



သေသုံးသွားပြီးတဲ့လူတစ်ယောက်ကို လွမ်းဆွတ်တမ်းတတာတောင် ကျွန်တော့်မှာ လွတ်လပ်စွာ မတမ်းတရ မလွမ်းဆွတ်ရ။

ကျွန်တော်တို့နှစ်ယောက် သိပ်ချစ်ခဲ့ကြတာကို တစ်လောကလုံး သိနေပါလျက်နဲ့ ကျွန်တော့်ဆီကနေ တော်ဝင့်ကို လုယူသွားရက်သော ကံတရားကို ကျွန်တော် မုန်းတီးသည်။ ကိုယ့်ဒုက္ခကိုယ်ရှာတယ်ပဲဆိုဆို ကျွန်တော့်အတွက်ကတော့ လောကကြီးကို အရွဲ့တိုက်ပစ်လိုက်ဖို့အတွက် ကိုယ့်ကိုကိုယ် ဒုက္ခပေးရုံမှလွဲလျှင် တခြားရှာမတွေ့။

"ဆရာ ထမင်းစားတော့မလား"

မောင်လုံးက ကျွန်တော့်နားတွင် တရိုတသေလေးရပ်လျက် မေးသည်။ ဒီအချိန်မှာ ကျွန်တော့်စိတ်ထဲ ဘာမှစားချင်စိတ်မရှိ။ သောက်ချင်စိတ်တစ်ခုသာ ရှိသည်။

"မစားဘူး မင်းစားချင်စားတော့"

"ဆရာ ညကလည်း ထမင်းမစားဘူးနော်"

ကျွန်တော့်နားမှာ အချိန်တော်တော်ကြာအောင် အတူရှိနေပေးသည့် တပည့်မောင်လုံးက ကျွန်တော့်ကို စိတ်ပူပန်နေသလို ပြောလာသည်။ ဒီအိမ်ကြီးထဲမှာ ကျွန်တော်တို့နှစ်ယောက်တည်းဆိုတော့လည်း ကျွန်တော့်အတွက် သူမှ စိတ်မပူပေးလျှင် စိတ်ပူမည့်သူ မရှိတော့။

"ငါသိပါတယ်ကွာ၊ ခုတလော စားချင်သောက်ချင်စိတ် မရှိလို့ပါ"

"ဆရာကြိုက်တတ်တဲ့ ငါးခူစင်းကောလေး ကျွန်တော်လုပ်ပေးရမလား။ မနေ့က ဈေးထဲမှာ ငါးခူတွေလတ်တာနဲ့ ကျွန်တော် ဝယ်လာခဲ့တာ"





"နေပါကွာ နောက်ရက်မှ အေးအေးဆေးဆေး လုပ်ပါ၊ ငါက ဘာလုပ်လုပ် စားချင်စိတ်ကို မရှိဘူးဖြစ်နေတာ"

မောင်လုံး မသိမသာ သက်ပြင်းရှိုက်သည်။ ကျွန်တော့်နားမှာ နေလာတာကြာပြီဆိုတော့ ကျွန်တော့်အကြောင်းကိုလည်း လုံးစေ့ပတ်စေ့သူ နားလည်ပါသည်။ ကျွန်တော့်ရဲ့နာကျင်မှု၊ ကျွန်တော့်ရဲ့လေလွင့်မှု အားလုံး အားလုံးကို ကျွန်တော်ကိုယ်တိုင်လောက်နီးနီး သူ သိနေပြီ။

အနားကနေ ခြေသံဖွဖွလေးနှင့် မောင်လုံး ထွက်သွားသည်။ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့၏။ အရက်ကို နှစ်ခွက်ဆင့်သောက်လိုက်သည်။ ကျွန်တော့်ခေါင်းတွေ အရင်အတိုင်းပါပဲ။ မူးမသွား ဘာမှမဖြစ်။ သောက်တတ်စားတတ်သည့် အကျင့်လေးက ဝါရင့်လာတော့ တော်ရုံတန်ရုံလောက်နှင့် ကျွန်တော် ဘာမှမဖြစ်၊ ကျွန်တော် မေ့ချင်သည့်ကိစ္စများကလည်း အနည်းအကျဉ်း သောက်ရုံလောက်နှင့်တော့ ဘာဆိုဘာမှမမေ့။

ခွေးလိုနွားလို တရှိန်ထိုးသောက်ချပြီး တစ်ခါတည်း ထိုးအိပ်သွားပါမှသာလျှင် ကျွန်တော် မေ့ဖျောက်ပစ်ချင်သည့် အတိတ်ဆိုးများကို မတွေးဘဲ မေ့ထားနိုင်ခဲ့ခြင်း ဖြစ်သည်။

သားလေးရောက်လာရင်တော့ ကျွန်တော် လွတ်လွတ်လပ်လပ် သောက်နေလို့ မဖြစ်။ ကလေးမမြင်နိုင်အောင် ခိုးသောက်ရတော့မည်။ ဘာပဲဖြစ်ဖြစ် နုနယ်သည့်သားလေးကို ဘယ်ဘက်ကကြည့်ကြည့် မကောင်းသည့်ဂုဏ်သတ္တိများသာ ပြည့်နှက်နေသော ယမကာများနှင့် မသိတွေ့မရင်းနှီးစေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သားလေးဟာ ကျွန်တော်နဲ့တော်ဝင်တို့ရဲ့ ချစ်သက်လက်ဆောင်ကလေး။ တစ်သက်တာ အမှတ်တရလေး။

တော်ဝင်မရှိတော့ပေမယ့် သားလေး မျက်နှာလေးကို မြင်လိုက်ရတာနှင့် အမေကို ပြေးမြင်မိလောက်အောင်ပင် တော်ဝင်နှင့်ရုပ်ရှင်းချွတ်စွတ်နည်းပါးဆင်တူသည့် သားလေး။

သားကိုတော့ ကျွန်တော့်အသက်ထက် ချစ်မြတ်နိုးပါသည်။

■ ■ ■

"သားကိုခေါ်လာရင် ခါးပတ်သေချာပတ်ပေးနော် မောင်လုံး။ သားက အငြိမ်နေပြီး လိုက်လာမှာမဟုတ်ဘူး"

"ဟုတ်ကဲ့ ကျွန်တော် သိပါတယ် ဆရာ"

"ပြီးတော့ အပေါ့အပါးကိစ္စတွေလည်း မကြာမကြာမေး။ ကလေးဆိုတော့ ဒါတွေ လိုက်ပြောတတ်မှာ မဟုတ်ဘူး။ သားက ဗိုက်လည်း ခဏခဏဆာတတ်တယ်၊ လမ်းမှာစားဖို့ သားကြိုက်တတ်တဲ့ မုန့်တွေဘာတွေ တစ်ခါတည်း ပြည့်ပြည့်စုံစုံ ဝယ်တင်ခဲ့"

မောင်လုံးက ခေါင်းသာညိတ်ရင်း ပြုံးနေသည်။ သား ဒီကိုလာလည်တိုင်း ကျွန်တော် သွားခေါ်တာများပေမယ့် မောင်လုံးနဲ့ထည့်လွှတ်လိုက်တာလည်း မိတ်တော့ချရပါသည်။ ကျွန်တော့်လောက်မဟုတ်ရင်တောင် တည်ငြိမ်ပြီး ရင့်ကျက်သဘောကောင်းသည့် မောင်လုံးကို သား ခင်တွယ်မှန်း ကျွန်တော် သိသည်။

"ကလေးအတွက် စိတ်မပူပါနဲ့ ဆရာရယ်၊ ကျွန်တော် အကောင်း





ဆုံးစောင့်ရှောက်ပြီး ခေါ်ခဲ့မှာပါ"

အင်းလေ တကယ်တော့လည်း သားက သိပ်ငယ်လွန်းသည့်အရွယ်တော့ မဟုတ်။ ဒီနှစ်ဆိုရင်ပဲ ဆယ်နှစ်ပြည့်တော့မည်။ သားလေးနဲ့ကျွန်တော့်ကို တော်ဝင် ထားသွားခဲ့တာလည်း ဒီနှစ်ဆို သုံးနှစ်ပြည့်ပြီ။ သူမကတော့ ဘယ်ဘုံဘယ်ဘဝမှာ အေးချမ်းစွာရှိနေလိမ့်မည် မသိပေမယ့် ကျန်ရစ်ခဲ့ရသော ကျွန်တော့်မှာတော့ ခုချိန်ထိ တမ်းတလွမ်းဆွတ်နေမိတုန်း။ အသည်းနှလုံးတွေ ဟက်တက်ကွဲကြေမွနေတုန်းပင် ဖြစ်သည်။

ဒီဇာတ်ရာဝေဒနာကို ဘာနဲ့မှ ကုစားလို့ပျောက်ကင်းလိမ့်မည် မထင်။

"ဒါဆို ကျွန်တော် သွားပြီနော် သား"

"အေး မင်းလည်း ကားကိုဂရုစိုက်မောင်းဦး"

"ဟုတ်ကဲ့ပါ"

ခြံထဲမှာလိုအပ်သည့် ပစ္စည်းပစ္စယတွေအတွက် ရန်ကုန်သို့ဆင်းပြီး ဝယ်နေကျမို့ မောင်လုံးအတွက် ဒီလမ်းဒီခရီးက အိမ်ဦးနဲ့ကြမ်းပြင်လို ရင်းနှီးနေပါပြီ။ ဒါပေမဲ့လည်း အန္တရာယ်ဆိုတာ ဘယ်ထောင့်ဘယ်နေရာကနေ ဘယ်လိုအနေအထားမျိုးနဲ့ ကျွန်တော်တို့မျက်စိရှေ့ ရောက်လာမယ်မသိ။ တော်ဝင့်တုန်းကတောင် ကျွန်တော်တို့မိသားစု ပျော်ရွှင်ဖွယ်ခရီးလေးတစ်ခုကို ဖျက်ဆီးပစ်ခဲ့သည့် မမြင်ရသောအန္တရာယ်တွေ၊ ကံကြမ္မာတွေ။

မောင်လုံး ကားလေးထွက်သွားသည်နှင့် ကျွန်တော် အိမ်ထဲပြန်ဝင်လာခဲ့လိုက်သည်။ သောက်လက်စ အရက်ပုလင်းက ကုန်ခါနေခဲ့ပြီ။ ကိစ္စမရှိ၊ ကျွန်တော် ဝယ်ပြီးစုဆောင်းထားသည့် ပုလင်းတွေက နည်းတာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ၊ နိုင်ငံခြားဖြစ် အရက်ပုလင်းမျိုးစုံကို မှန်ဗီရိုတွေထဲမှာ လှပစွာ စီရီထည့်ထားပေးတာကတော့ မောင်လုံးရဲ့ပြင်ဆင်မှုဖြစ်၏။

ဝီစကီတစ်ပုလင်း ဆွဲထုတ်လိုက်ပြီး ကျွန်တော် စားပွဲဆီ ပြန်လာခဲ့သည်။

“အရက်မသောက်တတ်တဲ့ မောင့်ကို တော်ဝင် သိပ်သဘောကျတာပဲ၊ ဒီခေတ်ဒီအခါမှာက ယောကျ်ားတိုင်းလိုလိုပျော်လို့ဖြစ်စေ ပျင်းလို့ဖြစ်စေ အလုပ်ကိစ္စမလွဲသာမရှောင်သာလို့ဖြစ်စေ သောက်ကြစားကြရတာပဲလေ၊ မောင်ကတော့ အဲဒီလိုမျိုး မဟုတ်တာ တော်ဝင် သိပ်ကျေနပ်တယ်”

နားထဲမှာ ကြားယောင်နေမိတာက အချစ်ရဆုံး တော်ဝင်ရဲ့ရှိုးကျူးသံ။ ခုချိန်မှာ ဒီလောက်ထိ ပုံပျက်ပန်းပျက် အရက်သမားလုံးလုံးဖြစ်နေသည့် သူ့ကိုမြင်ရင် တော်ဝင် ဘယ်လောက်တောင် ပြစ်တင်ရှုတ်ချလိုက်လေမလဲ မသိပါ။

အင်းလေ ခုတောင်မှ သူ့အနီးအနားမှာ တော်ဝင် ရှိချင်ရှိနေနိုင်သေးတာပဲ။

ထိုအတွေးက ကိုင်ထားမိသော အရက်ခွက်ကို ပါးစပ်ဖျားကနေ ပြန်ကျသွားစေသည်။ မျက်ဝန်းအိမ်မှာ မျက်ရည်စတို့ တွဲလဲခိုလာ၏။ မျက်ရည်ကျဖို့ရာ ခဲယဉ်းလွန်းခဲ့သော ကျွန်တော့်ဘဝအတွက် ခုတော့ မျက်ရည်ကယင် အလွယ်ကူဆုံး အရင်းနှီးဆုံး ပေါင်းသင်းရန် အဖော်မွန်တစ်ယောက်လို ဖြစ်နေခဲ့၏။

ပါးထက်ကို တစ်လိမ့်ချင်းစီးကျလာသော မျက်ရည်တို့ကို ကျွန်





တော် သုတ်ဖယ်လိုက်၏။ ပါးပြင်နှင့်လည်ပင်းတစ်ဝိုက်မှာ ကြမ်းရှသော အထိအတွေ့များ။ ကျွန်တော့်မျက်နှာသည် အရင်ကလို ချောမောပြေပြစ်ခြင်း မရှိတော့။ အမွှေးတွေအမျှင်တွေ မရိတ်မသင်ဘဲ နေခဲ့တာ အတော်ကြာပြီ။

စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကြမည့် ညစာစားပွဲတို့ ဘာတို့ တစ်ခုခုတလေရှိပါမှ ကျွန်တော့်မျက်နှာကို သန့်ရှင်းရေးလုပ်ဖြစ်သည်။ ဒါတောင် မောင်လုံးက အတန်တန် ပြောလွန်းလို့။

“မကောင်းပါဘူး ဆရာရယ်၊ နည်းနည်းပါးပါးတော့ ကြည့်ကောင်းအောင် လုပ်သွားလိုက်ပါ၊ ဆရာ့ကိုဆို အားလုံးက မျက်နှာမြင်တာနဲ့ တန်းပြီး ယုံကြည်အားကိုးချင်စိတ်ပေါက်သွားမှာ”

ကျွန်တော် မျက်ရည်များကြားကနေ ပြုံးမိပြန်သည်။ အဲဒီလို အလားတူစကားမျိုး တော်ဝင်လည်း ပြောခဲ့ဖူးတာပဲ။ သူမနဲ့ကျွန်တော် ရည်းစားဖြစ်ကာစတုန်းကပေါ့။

“တော်ဝင့်ကို မောင် သိပ်ချင်တယ်ဆိုတာ ယုံတယ်မဟုတ်လား ဟင်”

“အဲဒီမျက်နှာကြီးက နေရင်းထိုင်ရင်းကို အားကိုးယုံချင်စရာကြီးမို့ ယုံပါတယ်တဲ့ရှင်”

နောက်နောက်ပြောင်ပြောင်လေး ပြောခဲ့သော တော်ဝင့်စကားသံတို့က ခုပင် ကျွန်တော့်ပတ်ဝန်းကျင်မှာ လွင့်ပျံ့နေသည်။ ကျွန်တော့်ရင်ဘတ်ထဲမှ နင့်ခနဲ နာကျင်ဝမ်းနည်းသွားရလောက်အောင် လွမ်းဆွတ်သွားမိသော

မင်း ဘာဖြစ်လို့များ မောင့်ကို တစ်ယောက်တည်း ထားခဲ့တာလဲ



www.burmeseclassic.com

www.burmeseclassic.com



ကွာ။

"မောင် မခံနိုင်ဘူးကွာ၊ မင်းမရှိတဲ့ဘဝကို မောင် နည်းနည်းမှ မပျော်ဘူး"

တစ်ယောက်တည်း ငိုကြွေးရင်းနှင့် တိုးတိုးလေး ရေရွတ်မိသည်။

"မင်းမရှိတော့ မောင် တစ်ယောက်တည်း သိပ်အထီးကျန်တာပဲ"

တော်ဝင့်မေမေကိုယ်တိုင်ကပင် ကျွန်တော့်ကိုပြောယူငိုရသည်ထိ ကျွန်တော် တော်ဝင့်ကို ချစ်မြတ်နိုးခဲ့ပါသည်။ နေ့ရှိသရွေ့ တော်ဝင့်ကို မြှုပ်နှံထားသည့် အုတ်ဂူလေးဆီသွားမှာသွားပြီး ကျွန်တော် ငိုမိသည်။ စကားတွေ ပြောသည်။ နောက်ဆုံး မစားနိုင်မသောက်နိုင်နှင့် စိတ်ရဲ့ဖိစီးမှုကြောင့် ကျွန်တော် ဆေးရုံရောက်သွားမှသာ။

"သားရယ် မင်းခံစားနေရတာကို အမေလည်း နားလည်ပါတယ်၊ အမေကိုယ်တိုင်လည်း အမေတစ်ခု သမီးတစ်ခုရပ်တည်နေတဲ့ဘဝလေးမှာ တစ်ဦးတည်းသော သမီးလေးကို ဆုံးရှုံးလိုက်ရတာပါကွယ်၊ ဒါပေမဲ့ သားရယ် တရားနဲ့ပဲဖြေပါနော်၊ ဒီလိုတွေ လုပ်နေလို့လည်း သမီးလေးက ပြန်ရှင်လာမှာ မှမဟုတ်တော့ဘဲ"

ယောက္ခမကြီးကိုယ်တိုင်က ကျွန်တော့်ကို ငိုယိုတရားချရသည်ထိ ကျွန်တော် အသိစိတ်လွတ် သောင်းကျန်းခဲ့ဖူးသည်။ သမီးအတွက် တစ်မျိုးကြေကွဲရသလို ရင်ကွဲနာကျနေသော ကျွန်တော့်ကိုကြည့်ပြီး ထပ်တစ်မျိုး နာကျင်ခံစားရမည့် အမေ့ကို ကျွန်တော်ကိုယ်တိုင်လည်း မမြင်ရက်တော့သောကြောင့် ရန်ကုန်နဲ့ဝေးရာသို့ ကျွန်တော် ထွက်လာခဲ့ခြင်းဖြစ်သည်။





ကျွန်တော်တို့ စိုက်ပျိုးထားသော လီမွှော်ခြံထဲမှာ အရင်ကတော့ အစောင့်တွေနဲ့ အလုပ်သမားများသာ ထားသော်လည်း ခုတော့ ကျွန်တော် ကိုယ်တိုင်ကိုယ်ကျ နေထိုင်နေခဲ့တာ နှစ်နှစ်ရှိခဲ့ပြီ။ ရန်ကုန်ကိုဆင်းဖို့ဆို ကျွန်တော် မလုပ်ချင်။ ဒီအိမ်ဒီခြံလေးထဲမှာပဲနေပြီး ကျွန်တော့်ဘဝကို နှစ်မြှုပ်ထားချင်သည်။

ကျွန်တော့်ကိုယ်စား အမိက အလုပ်လုပ်ပေးနေသည့် လူကတော့ မောင်လုံးပေါ့။ ယေမွှေးခြံပေါက်မှ လုပ်ငန်းကိုလည်း ကျွမ်းကျင်သလို ယုံကြည်စိတ်ချအားကိုးရပြီး ကျွန်တော့်ကိုလည်း နားလည်ပေးနိုင်သောသူ။ ဒီအချက်တွေကပင် မောင်လုံးနဲ့ကျွန်တော် အတူနေဖို့ ဖြစ်လာခဲ့ခြင်းဖြစ်၏။

သားလေးကတော့ ကလေးပီပီ ပျော်စရာရှိပျော် ရယ်စရာရှိရယ်၊ အချိန်တန် ကျောင်းသွားလိုက် စားသောက်လိုက် စာသင်လိုက်နှင့် အမေကို အထိုက်အလျောက် မေ့ထားနိုင်မှာပေမယ့် ကျွန်တော်ကတော့ မေ့ဖို့မကြိုးစားမိသည့်အပြင် ပိုပိုလို့တိုးဝင်နှစ်မြုပ်ချင်နေမိသည်။

ဘဝမှာ ပထမဆုံးချစ်ခဲ့မိသော ဇာစ်သက်တာအတွက် လက်တွဲရန် ရွေးချယ်ခဲ့သည့် ချစ်လှစွာသော မိန်းမတစ်ယောက်ကို ကျွန်တော် လွယ်လွယ်ကူကူ မေ့ပျောက်ပစ်လိုက်ဖို့ဆိုတာ အခက်ခဲဆုံးမက ခက်ခဲသော ခံစားချက်တစ်ခုပါပဲ။

■ ■ ■

"ဟေး နှင်းတွေပြီးပြီလား။ ငါတို့မေဂျာက Queen ကို"

ကန်တင်းထဲသို့ လွှင့်ပျံလာသော အသံကျယ်ကျယ်နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နားသို့ ရွှေပိုး ရောက်လာသည်။

"နင်တွေ့ပြီးပြီလားဂို့"

ကျွန်တော်က မသိချင်ယောင်ဆောင်ပြီး မဖြေဘဲနေသည်ကို သူမ က မရမက ထပ်မေးပြန်သည်။ ကျွန်တော် ဖတ်နေသော စာအုပ်ကနေ သူမထံသို့ အကြည့်လွှဲလိုက်ရသည်။

"မတွေ့ရသေးဘူး ဘာတွေများ ဒီလောက်ထိ ကြီးကျယ်ခမ်းနား နေလို့လဲ"

"ဟဲ့ ချောလိုက်တာ မှန်နေတာပဲ"

ရွှေပိုးက အားပါးတရ ပြောသည်။ ကျွန်တော် မျက်မှောင်ကြီးကျုံ့ ထားမိ၏။

"နင် ပြောတဲ့ပုံကလည်းဟယ်၊ မသိရင် မယ်စကြဝဠာလောက်ထိ ရနိုင်လောက်တဲ့ပုံနဲ့"

"အမယ် အဲဒီလိုပွဲတွေ ဝင်ပြိုင်ရင်တောင် ရနိုင်တယ်နော်"

ဒါတော့ သူမ တမင်သက်သက်ကို ပိုပြောနေခြင်းမှန်း ကျွန်တော် သိပါသည်။

"နင်က ဘာဖြစ်လို့ ဒီလောက်ထိ ညွှန်းနေတာတုန်း"

"ဟဲ့ ချောလို့ပေါ့ဟ"

ကျွန်တော်တို့ပထမနှစ်တက်တုန်းက Queen ဘွဲ့ကို ရခဲ့သည့် ကျောင်းသူက ခုဆို နယ်ကျောင်းတစ်ခုသို့ ပြောင်းသွားခဲ့ပြီ။ အခု ဒီနှစ်အသစ် တက်လာသည့် Fresher လေးတွေထဲကမှ Queen ထပ်ရွေးချယ်ခြင်း ဖြစ်





၏။ ကျောင်းသူသစ်လေးတွေဆိုတော့ ကျွန်တော်တို့နှင့် မျက်မှန်းမတန်းမိ သေးတာ များပါသည်။

ရွှေပိုးကတော့ စပ်စပ်စုစုနှင့် EC တွေဘာတွေ ဝင်လုပ်နေတာမို့ ကျွန်တော်တို့မေဂျာက ဘာပွဲပဲလုပ်လုပ် သူမ ပါဝင်ရမြဲ။ ကွင်းအသစ်အ ကြောင်းကို သူမ စိတ်ဝင်တစား ပြောနေသလိုပဲ ကျောင်းသားတော်တော် များများလည်း ထိုကွင်းလေးကို စိတ်ဝင်စားနေကြသည်။

ကွင်းမှဲ့နေတာကြာပြီဆိုတော့ အခုလက်ရှိ အလှဘုရင်မလေးက ကျောင်းသားတွေကြားမှာ ရေရေလည်လည် ရေပန်းစားဦးမှာ ကျွန်တော် တော့ မြင်ယောင်မိနေသည်။

"တခြားသူတွေများ ဒီမိန်းကလေးကို စိတ်ဝင်စားလို့ Fresher Welcome မှာ တိုးမပေါက်အောင် ဖြစ်နေတာကို နင်ကတော့ ခပ်တည်တည် ပဲလား"

"နို့ ငါက ဘယ်လိုလုပ်ပေးရမှာလဲ၊ ခန်းမအပေါက်မှာ တိုးဝှေ့နေ တဲ့ကောင်တွေကြား ရောနှောပေးရမှာလား"

"အေးပါ နင်ပြောထားဦးပေါ့၊ နောက်မှ ငါတို့ရဲ့ ဒီနှစ်မေဂျာကွင်း လေး လှလိုက်တာ မလုပ်နဲ့ သိလား"

"မလုပ်ဘူး သူ လှတာကို ငါက ဘာမှလုပ်လို့လည်းမရဘူး"

"အပြောကတော့ ကောင်းတယ်နော်၊ သူက ငါတို့ကျောင်းကွင်း တောင် ဖြစ်နိုင်တယ်လို့ အားလုံးက မှတ်ချက်ပေးနေကြတာဟ"

ဒီလောက်ထိ ပြောရလောက်အောင်ပဲ ဒီမိန်းကလေးက တော်



www.burmeseclassic.com

www.burmeseclassic.com



တော်လှနေလို့လား။ ကျွန်တော် ထိုအတွေးတစ်စတော့ ဝင်သွားသည်။

"နင်ပြောသလောက်ဆိုရင် တော်တော်ချောပုံပဲနော်၊ မင်းသမီးတွေဘာတွေလုပ်စားလို့ရမှာပေါ့"

"အေး သူ့ဝါသနာက သရုပ်ဆောင်ဖြစ်ချင်တာဆိုလားပဲ"

ကျွန်တော် ရွဲ့ပြောတာကို ရွှေပိုးက အားရဝမ်းသာဝင်ဖြေပြန်သည်။

"ငါက ရွဲ့ပြောနေတာဟေ့၊ ရှင်းပလား"

ကျွန်တော် ခပ်ငေါက်ငေါက်လေး ပြောလိုက်တော့ သူမ ပါးစပ်လေး ပိတ်သွားသည်။ မျက်စောင်းတော့ ဒိုင်းခနဲ လှမ်းထိုးလိုက်သေး၏။

"တော်ပြီ နင်လို ယောကျ်ားမျိုးကို ပြောရတာ အာပေါက်တယ်၊ ငါ့ဟာငါ ကော်ဖီထိုင်သောက်နေတာကမှ ဟုတ်ဦးမယ် သိလား။ ဒီလို ရှုပ်ပလိန်းတစ်ခွက်ပေးပါဟေ့"

သူက ကျွန်တော့်ကို မကြားတကြားပြောရင်း စားပွဲထိုးလေးကို ကော်ဖီတစ်ခွက်လှမ်းမှာသည်။

အဲဒီလိုပဲ ရွှေပိုးက သူ ကြားလာရသိလာရသမျှ သတင်းတွေကို ကျွန်တော့်ဆီ အမောတကော လာပြောမည်။ သူမ ပြောသမျှကို ကျွန်တော်ကလည်း စိတ်ဝင်တစားနှင့် နားထောင်ပေးလျှင် ပြုံးဖြီးဖြီးနှင့် ကျေနပ်နေတတ်လျက် ကျွန်တော်က ခုလို ဘုကလန့်တိုက်ရင်တော့ သူမ မကျေမနပ်နှင့် ပွစိပွစိ ဖြစ်နေတတ်သည်။

ဟိုးငယ်ငယ်တည်းက ခြံချင်းကပ်လျက် နေထိုင်ကြီးပြင်းလာသော သူငယ်ချင်းတွေမို့ တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်းသိ





လျက် စိတ်လည်းကြာကြာမဆိုးနိုင်ကြဘဲ ခဏခဏ တကျက်ကျက်ဖြစ်နေကျမို့ ကျွန်တော်တို့နှစ်ယောက်အတွက်တော့ ဒီအဖြစ်လောက်လေးကို စာဖွဲ့ပြောမနေတော့ပါ။

ရွှေပိုးက ကျွန်တော့်ကို လုံးဝအဖက်မလုပ်တော့သည့် မျက်နှာပေးမျိုးနှင့် တစ်ယောက်တည်း ကော်ဖီထိုင်သောက်နေသည်။ ဖုန်းမှာ နားကြပ်စိုက်လျက် သီချင်းနားထောင်ရင်း ကျွန်တော့်ကို လုံးဝလျစ်လျူရှုထားသည်။ ခပ်စောင်းစောင်းထိုင်နေသော သူမကို ကျွန်တော် ငေးကြည့်လျက် ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

နေပေါ့၊ နောက်ဆုံးကျမှ ဘယ်သူက ဘယ်သူ့ကို စကားလာပြောမယ်ဆိုတာ စောင့်ကြည့်နေလိုက်ဦးမယ်။

ဖတ်လက်စစာအုပ်ကို စိတ်ပါဝင်စားစွာနှင့် ဆက်ဖတ်နေလိုက်သည်။ ဒီနေ့ ကျွန်တော်တို့ မေဂျာတစ်ခုလုံးက ကျောင်းသားတွေရော ဆရာဆရာမတွေပါ မောင်မယ်သစ်လွင်ကြိုဆိုပွဲအတွက် အလုပ်များနေကြသည်မို့ အတန်းချိန်တွေလည်း ဖျက်ထားခဲ့သည်။ ကန့်တင်းမှာ အေးအေးလူလူ စာဖတ်ရင်း အချိန်တန်ရင် အိမ်ပြန်သွားရုံသာ။

ကျွန်တော် ဖတ်နေသော စာအုပ်အဆုံးသတ်သွားချိန်မှာ ဖျင်းကြောတစ်ချက်ဆန့်လိုက်ရင်း ဘေးနားကို လှည့်ကြည့်မိတော့ မိရွှေပိုးတစ်ယောက်ကဖြင့် နားကြပ်ကြီးတပ်လျက်သားဖြင့် စားပွဲပေါ်မျက်နှာအပ် အိပ်ပျော်နေခဲ့ပြီ။

ကျွန်တော့်အတွက် အကွက်ထဲကိုတည့်တည့်ကြီး ဝင်လာသော



www.burmeseclassic.com

www.burmeseclassic.com



အနေအထားမို့ မိန့်မိန့်ကြီးပြုံးလျက် နေရာမှထလိုက်သည်။ စားပွဲထိုးလေး အနားရောက်လာ၏။

"အစ်ကို ရှင်းတော့မလို့လား"

"မရှင်းဘူး ညီလေး။ ဒီက အစ်မနီးလာရင် ဒီတစ်ဝိုင်းစာလုံး သူ ရှင်းလိမ့်မယ်နော်"

"ဪ ဟုတ်ကဲ့ အစ်ကို"

"အစ်ကိုကိုမေးရင် အိမ်ပြန်သွားပြီလို့ ပြောလိုက် သိလား"

"ဟုတ် အစ်ကို"

မှာစရာရှိတာတွေ မှာပြီးသွားပြီမို့ ကျွန်တော် လွယ်အိတ်ကောက်လွယ်လျက် စားသောက်ဆိုင်ထဲမှ ခပ်တည်တည်ထွက်ခဲ့လိုက်သည်။ ကားရပ်ထားခဲ့သည့် ကျွန်တော်တို့အဆောင်ရှေ့ထိ လမ်းလျှောက်လာခဲ့ရင်း အိမ်ရာကနီးလာရင် ရှေ့ပိုးတစ်ယောက် ဒေါသအလိပ်လိုက် ဖြစ်နေမှာကို မြင်ယောင်နေမိသည်။

ရှေ့ပိုး ကျောင်းသို့ပြူလာနေကျ ကားလေးက ဒီနေ့ ဝပ်ရှော့ပို့ထားရသည်။ ကျောင်းအလာတုန်းကလည်း ကျွန်တော့်ကားနှင့် နှစ်ယောက်အတူလာခြင်းဖြစ်သဖြင့် အပြန်ကိုလည်း နှစ်ယောက်အတူပြန်ရမည် ဖြစ်သည်။ နေပလေ့စေ အဲဒီကောင်မလေးကို နည်းနည်းလောက်တော့ ညှဉ်းလိုက်ဦးမည်။ သူ့ဘာသာ အဆင်ပြေရာတစ်ခုခုနဲ့ ပြန်လာပါစေ။ ကျောင်းဆင်းချိန်ဆို ဘတ်စ်ကားတွေလည်း ပေါမှပေါပဲလေ။

ကိုယ့်အတွေးနှင့်ကိုယ် ကားလေးကို စက်နှိုးမောင်းထွက်လိုက်





သည်။ ကျောင်းအပြင် ဘတ်စ်ကားဂိတ်မှာ ကျောင်းသူကျောင်းသားတွေ ကင်းရှင်းနေသေး၏။ ကျောင်းဆင်းချိန်မရောက်သေးဘူးဆိုတော့ ဘတ်စ်ကားဂိတ်လည်း ရှင်းလင်းနေသည်ပေါ့။ ထိုအချိန်မှာ ဘေးဘီကို ဝေ့ကြည့်နေသော ကျွန်တော့်မျက်လုံးများထဲ ဝင်လာသည့် မိန်းကလေးတစ်ဦး။

ဘတ်စ်ကားဂိတ်နားမှ မုန့်ဆိုင်သေးသေးလေးတွင် ငုံ့မဲ့မဲ့နှင့်ရပ်နေသော မိန်းကလေးတစ်ယောက်။ ကြည့်လိုက်တာနှင့် ကျွန်တော့်ထက်ငယ်မှာသေချာသော ပျို့မြစ်မှုမျိုးကို သူမထံမှာတွေ့ရသည်။ အသားဖြူဖြူဝင်းဝင်းလေးမို့ မျက်နှာလေးနီရဲကာ ငုံ့မဲ့နေပုံလေးက ပိုလို့သိသာထင်ရှားနေစေသည်။

သူမရှေ့ကနေ ဖြတ်မောင်းသည့်အချိန်မှာ ကျွန်တော့်ကားကို အရှိန်လျှော့လိုက်သည်။ သူမ တစ်ကိုယ်လုံးကို မြို့ကြည့်လိုက်၏။ ဪ လက်စသတ်တော့ သူမ ဖိနပ်ပြတ်သွားတာကိုး။ ဘေးနားမှာလည်း အဖော်တစ်ယောက်ယောက်မပါဘူးဆိုတော့ မိန်းကလေးတစ်ယောက်တည်း အကျပ်ရိုက်နေရှာပုံ။

ဘယ်ကဘယ်လို ကျွန်တော့်စိတ်တွေ ဖြစ်ပျက်သွားသည်ပင် မသိလိုက်။ ကျွန်တော် ကားလေးကို ဘေးကပ်ရပ်လိုက်ပြီး ကောင်မလေးထံ ဆင်းလျှောက်သွားလိုက်သည်။ သူမရပ်နေသောအနားက မုန့်ဆိုင်လေးမှာ စီးကရက်တစ်လိပ် ဝင်ဝယ်လိုက်၏။

ကောင်မလေးရဲ့အကြည့်တွေ ကျွန်တော့်ထံ ရောက်လာသည်။ ကျွန်တော် ဘာမှမပြောသေး။ သူမ မျက်နှာလေးကို ဒီတိုင်း အမှတ်တမဲ့ပင် ငေးကြည့်နေလိုက်သည်။ နောက်တော့ မျက်နှာလွှဲရန် ကျွန်တော် ပြင်ဆဲ



www.burmeseclassic.com

www.burmeseclassic.com



မှာပင်

"ဒီမှာရှင့်"

ကျွန်တော် အံ့သြတကြီးမျက်နှာပေးနှင့် သူမကို ပြန်လှည့်ကြည့်လိုက်သည်။ ဘေးဘီဟိုဟိုဒီဒီကို ငေးကြည့်လျက် ကျွန်တော့်ကို ခေါ်တာလားလို့လည်း ကြောင်တောင်တောင် ပြန်မေးလိုက်၏။ တကယ်တော့ ကောင်မလေး ကျွန်တော့်ကိုခေါ်နေတယ်ဆိုတာ ကျွန်တော် သိသားပဲ။ သူမကြောင့်ပင် ကားကိုရပ်ပြီး ဒီနားထိ ဆင်းလာခဲ့တာဆိုပေမယ့် နည်းနည်းတော့ ဟန်ဆောင်ရမှာ မဟုတ်လား။

"ဟုတ်ပါတယ်ရှင်၊ တော်ဝင့်ကို အကူအညီတစ်ခုလောက် ပေးပါလား"

တော်ဝင်လို့ သေသေချာချာ ကျွန်တော် ကြားလိုက်ပါသည်။ ဒါ သူမကိုယ်သူမ ခေါ်ဝေါ်သုံးစွဲလိုက်တာဆိုတော့ သူမရဲ့နာမည်ဟာ တော်ဝင်ပေါ့။ ချစ်စရာကောင်းသည့် နာမည်လေး။ လူလေးနဲ့လိုက်ဖက်လှပါသည်။ အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည်ကလည်း အပြစ်ပြောစရာမရှိ၊ မြန်မာအင်္ကျီ ရိုးရိုးယဉ်ယဉ် ခရမ်းရောင်လေးနှင့် သူမ အလှက တော်ဝင်ဆန်လှပါသည်။

"ကျွန်တော် ဘာများကူညီရမလဲ မသိဘူး"

"တော်ဝင် အိမ်ပြန်မလို့ ထွက်လာတာ ခလုတ်တိုက်ပြီး ဖိနပ်ပြတ်သွားလို့ရှင့်"

ကျွန်တော် သိသားပဲလို့ ကျွန်တော် မပြောပါ။ အံ့သြစိတ်မကောင်းဟန်မျိုးလေး မျက်နှာကိုလုပ်ယူထားလိုက်သည်။ သူမ ခြေထောက်





အောက်ကိုလည်း ခုမှစသိသူတစ်ယောက်လို သေချာငုံ့ကြည့်လိုက်သေး၏။

ဖြူဥဖွံ့နေသော ခြေဖမိုးလေးပေါ်က သည်းကြိုးအနက်ရောင်လေးက ပြတ်ထွက်နေသည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ တော်ဝင်"

ကျွန်တော် ပိုင်စိုးပိုင်နင်းပင် ခေါ်ချပစ်လိုက်သည်။ သူမ မျက်ခုံးလေးတွေ ပင့်တက်သွား၏။ ဒါပေမဲ့ တစ်ခဏတာပါပဲ။ ချက်ချင်းပင် စိတ်ပျက်ဟန်အနေအထားသို့ ပြန်ပြောင်းသွားသည်။

"တော်ဝင် ဖိနပ်တစ်ရံလောက် ဝယ်ချင်တယ်။ ဒါပေမဲ့ ဖိနပ်ကြီးဆိုတော့ သူများတကာကို ဝယ်ခိုင်းရမှာလည်း အားနာတယ်ရှင့်"

"ဒီလိုလုပ်လေ ကျွန်တော့်ကားက ဟိုမှာရပ်ထားတာ၊ ကျွန်တော်နဲ့ အတူလိုက်ခဲ့ပေါ့။ ဖိနပ်ဆိုင်တွေ့တော့မှ ကျွန်တော် ရပ်ပေးပါ့မယ်"

သူမ မျက်နှာလေး ဝင်းပပြုံးရွှင်သွားပုံက လင်းခနဲလက်ခနဲပါ။ ရင်ထဲမှာ တစ်ဆို့နေသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု အုန်းခနဲ ပြုတ်ကျသွားသလို သူမ ခံစားနေရပေလိမ့်မည်။

"ကျွန်တော့်ကားကို ဒီနား ပြန်ဆုတ်ခဲ့ပါ့မယ်"

"အားနာလိုက်တာရှင်"

"ဘာမှအပန်းကြီးတာမှမဟုတ်တာဗျာ၊ ရပါတယ်၊ ကိုယ့်ကျောင်းသူကျောင်းသားချင်း ကူညီရတာပဲ"

"ကျေးဇူးတင်ပါတယ်နော်"

ကျွန်တော် အပြုံးလေးသော တုံ့ပြန်လျက် ကားဆီသို့ ခပ်သွက်သွက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လျှောက်ခဲ့လိုက်သည်။ သူမ ရှေ့တည့်တည့်အတိအကျဆီမှာ ကားကို ရပ်လိုက်သည်။ ကားထဲမှာ ဝင်ထိုင်ပြီးတော့မှ သူမ သက်ပြင်းလေးချတာ ကြားလိုက်ရ၏။ ကျွန်တော် ဟန်မဆောင်နိုင်တော့ဘဲ ရယ်မောလိုက်မိသည်။

"ဘာဖြစ်လို့ သက်ပြင်းတွေပါ ချနေရတာလဲ"

"ကျောင်းမှာက ဘယ်သူငယ်ချင်းမှ မရှိသေးတော့ တော်ဝင် တစ်ယောက်တည်း တစ်ခုခုဖြစ်မှာ သိပ်စိုးရိမ်တာ၊ အဲဒီလို စိုးရိမ်လို့လား မသိပါဘူး။ ခုလို တည့်တည့်ကြီး ဖြစ်တော့တာပဲလေ"

"အခု တော်ဝင်တစ်ယောက်တည်းမှ မဟုတ်တော့ဘဲ"

ကျွန်တော် ခုလို ပြောလိုက်လိမ့်မယ်လို့ သူမ မျှော်လင့်ထားပုံ မရ။ ကားမောင်းနေသော ကျွန်တော့်ကို ဖြတ်ခနဲ လှည့်ကြည့်လိုက်တာ ကျွန်တော့်မျက်လုံးထောင့်စွန်း၌ ရိပ်ခနဲ မြင်လိုက်ရသည်။

"ဒီက တော်ဝင့်ထက်တော့ အတန်းကြီးတယ် မဟုတ်လား"

"အင်း ဟုတ်တယ်၊ ကျွန်တော်က ဒုတိယနှစ် ဓာတုဗေဒ"

"ဟယ် ကြည့်စမ်း။ တော်ဝင်လည်း ဓာတုကပဲရှင့်"

"ဟုတ်လား"

ဒီတစ်ခါ ဝမ်းသာသွားရသူက ကျွန်တော် ဖြစ်သည်။ ဒီကောင် မလေးနဲ့ မေဂျာတူတူပဲဆိုတော့ ကျွန်တော်တို့ တစ်ဆောင်တည်း အတူတကွ အမြဲရှိနေတော့မည်ပေါ့။

"နားမလည်တဲ့စာတွေမေးဖို့ စီနီယာတစ်ယောက်တော့ ရပြီပေါ့၊ ဝမ်းသာလိုက်တာ"





ကလေးတစ်ယောက်လို သူမ ပြောသည်။ တကယ့်ကို ချစ်စရာ ကောင်းပြီး အပြစ်ကင်းစင်သည့်အပြုံးလေးက သူမ မျက်နှာထက်မှာ ပွင့်ဖူး နေ၏။

"ဟယ် ဟိုမှာ ဗီနပ်တွေမဟုတ်လား။ တော်ဝင့်ကို အဲဒီနားမှာ ရပ်ပေးပါနော်"

အပြင်ဘက်ခြမ်းမှာ ကတ္တီပါဗီနပ်ရောင်စုံတွေ ချိတ်ဆွဲထားသော အိမ်ဆိုင်လေးတစ်ခုကို လက်ညှိုးထိုးပြလျက် သူမ ဝမ်းသာအားရပြောသည်။ ကျွန်တော်က ကားကို ဘေးကပ်ရပ်ပေးလိုက်တော့ သူမ ခပ်သွက်သွက်လေး ဆင်းသွား၏။ ကျွန်တော်လည်း သူမနောက်ကနေလိုက်ကာ ဆိုင်ထဲဝင်လိုက် သည်။

သည်းကြိုးမှာ ကျောက်အဖြူရောင်လေးတွေ စီတန်းထားသော ဗီနပ်ပါးပါးပန်းနုရောင်လေးကို သူမ ရွေးချယ်စီးကြည့်၏။ ဗီနပ်ဆိုဒ်ကလည်း သူမခြေထောက်လေးနှင့် ကွက်တိကျနေတာမို့ ခြေဖမိုးဖြူဖြူလေးမှာ ပန်းနု ရောင်လဲ့လဲ့ကျောက်စီဗီနပ်လေးက အလွန်လှပ ပန်ရနေသည်။

"ဒါလေးပဲ ယူလိုက်မယ်နော်"

ဗီနပ်က တံဆိပ်စတစ်ကာလေးကို ချွတ်ခွာရင်း သူမ ပြုံးရွှင်စွာ ပြောသည်။ အခု ဗီနပ်လေးကို သိပ်နှစ်သက်နေသည့် မျက်နှာပေးမျိုး။

"ဘယ်လောက်ကျလဲဟင်"

"တစ်သောင်းနှစ်ထောင်ပါ အစ်မ"

သူမက လွယ်ထားသော အိတ်လေးကို ဖစ်ပြည်နေတုန်းမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘောင်းဘီအိတ်ထဲမှာပါလာသော ခေါက်ပိုက်ဆံအိတ်လေးကို ထုတ်ရှင်းလိုက်သည်။ သူမ ပျာပျာသလဲ ဖြစ်သွား၏။

"အို အဲဒီလို မလုပ်ပါနဲ့၊ ဘာမှလည်း မဆိုင်ဘဲနဲ့"

သူမ တကယ်ကို အလိုမကျသော မျက်နှာပေးလေးနှင့် ကျွန်တော့်ကို ပြောသည်။ ဒါပေမဲ့ ဆိုင်ဝန်ထမ်းကောင်မလေးက ကျွန်တော် ကမ်းပေးသောပိုက်ဆံကို လှမ်းယူသွားပြီးပြီမို့ သူမ အတင်းပြန်လိုက်တောင်းလို့တော့ မရ။

"တော်ဝင့်ဖိနပ်ဖိုးကို တော်ဝင်ပဲ ပေးပါ့မယ်၊ အဲဒီလို မလုပ်ပါနဲ့နော်"

သူမ ကိုင်ထားသော ပိုက်ဆံအိတ်ပန်းဆီရောင်လေးထဲမှာ ပိုက်ဆံတစ်ထပ်ကိုထုတ်ကာ ရေတွက်ပြီး ကျွန်တော့်လက်ထဲ အတင်းထိုးထည့်ပေးသည်။ ကျွန်တော်က လက်သီးကိုဆုပ်ထားရင်း ရှောင်တိမ်းနေတာမို့ သူမ မအောင်မြင်နိုင်ဖြစ်နေ၏။

"တော်ဝင်နဲ့မိတ်ဖြစ်ခွေဖြစ် ဝယ်ပေးတယ်လို့ သဘောထားလို့ မရဘူးလားဟင်"

"အို အဲဒီလိုမျိုး ဘယ်မှာရှိလို့လဲ၊ အခုမှ စတွေ့တဲ့လူတစ်ယောက်ဆီက လက်ဆောင်ပစ္စည်းလက်ခံယူတာမျိုးတော့ တော်ဝင် သဘောမကျနိုင်လို့ပါ၊ တော်ဝင် အခက်အခဲဖြစ်နေတုန်း ခုလို ကားနဲ့လိုက်ပို့ပေးတာတင် တော်တော်ကျေးဇူးတင်စရာကောင်းနေပါပြီ"

သူမ မျက်နှာလေးက တကယ်ကို အတည်ပေါက်ပြောနေသည့်ပုံ၊





ချိုသာပြုံးရွှင်နေသော မျက်နှာပေးလေးက ခပ်တင်းတင်းလေးဖြစ်စ ပြုနေခဲ့ပြီ။ ကျွန်တော်လည်း မတတ်သာသည့်အဆုံးမို့ ပြီးတော့ ရရှိထားသည့် ခင်မင်မှုလေးကို အစမှာတင် ဘာအဖုအထစ်မှ မရှိစေချင်သောကြောင့် သက်ပြင်းလေးကို သူမ မြင်အောင်ချပစ်လိုက်ရင်း ကမ်းပေးနေသော ပိုက်ဆံတစ်ထပ်ကို ပြန်ယူလိုက်ရသည်။

"အဲဒီလို လုပ်ပါရှင့်၊ တော်ဝင်က သူများပေးတာကို ဘာအကြောင်းမှမရှိဘဲ အလကားမယူချင်လို့ပါ"

"ဟုတ်ကဲ့ပါဗျာ၊ ဒါပေမဲ့ နောက်ပိုင်းကျ သူငယ်ချင်းတွေ ဖြစ်သွားခဲ့ရင်တော့ အဲဒီလို သူစိမ်းမဆန်ရဘူးနော်"

သူမ နှစ်ခြိုက်စွာ ပြုံးသည်။ ထိုအခါကျမှ ဘယ်ဘက်ပါးလေးပေါ်မှာ ထင်ထင်ရှားရှားပေါ်လာသော ပါးချိုင့်ခွက်လေးကို ကျွန်တော် သတိထားမိသွားခြင်း ဖြစ်သည်။ အတော်ချစ်ဖို့ကောင်းသည့် မိန်းကလေးပါလား။

နှစ်ယောက်သား ယှဉ်တွဲလျက် ဆိုင်ပြင်ထွက်လာခဲ့ပြီး ကျွန်တော်က ကားပေါ်တက်ဖို့ပြင်တော့

"ရှေ့နားက ကားဂိတ်ကနေပဲ တော်ဝင်ဘတ်စ်ကားစီးသွားလိုက်တော့မယ်"

"ဟာ အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ ဒီနေ့တော့ တော်ဝင့်အိမ်ထိ ကျွန်တော် လိုက်ပို့ပေးပါရစေ"

"ရပါတယ်ရှင် ဒီကားဂိတ်ကနေ သုံးမှတ်တိုင်လောက်စီးလိုက်ရင် တော်ဝင့်အိမ်နားကို ရောက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



အတင်းပြောလို့ရမှာမဟုတ်မှန်း သိနေသောကြောင့် ဒီတစ်ခါလည်း ကျွန်တော် လက်လျှော့ရပြန်သည်။

"ဒီလိုဆိုလည်း ကားဂိတ်ထိတော့ ကျွန်တော် လိုက်ပို့ပေးမယ်နော်"

ကားဂိတ်က ကျွန်တော်တို့ဆီကနေ နောက်ထပ်တစ်ဘလောက်စာလောက် လိုသေးတာမို့ သူမ ခေါင်းညိတ်လက်ခံလျက် ကားပေါ်ပြန်တက်လာသည်။ ဘာဖြစ်လို့များ အဲဒီလောက် တစ်ဘလောက်စာလေးကို ကျွန်တော် ဖြည်းညင်းစွာ မောင်းနေမိတာလဲ၊ အဖြေက ရှင်းပါသည်။ ဒီမိန်းကလေးကို ကျွန်တော့်နားမှာ အချိန်ကြာကြာ ဆက်ရှိနေစေချင်သေးသည့် သဘောပေါ့။

ထိုတစ်ဘလောက်စာလေးအတွင်းမှာ ကျွန်တော်တို့နှစ်ယောက် စကားမပြောဖြစ်ကြပါ။ သူမက ဖုန်းကိုငုံ့ကြည့်ပြီး ဘာတွေလုပ်နေမှန်းမသိ။ ကျွန်တော်ကတော့ သူမနှင့်တူတူ ဆက်ရှိနေချင်သေးသည့် ခံစားချက်များဖြင့်

ကားဂိတ်နဲ့ မလှမ်းမကမ်းမှာ ကျွန်တော် ကားကို ရပ်ပေးလိုက်သည်။ သူမက ကျွန်တော့်ကို နှုတ်ဆက်အပြုံးလေးဖြင့် လှမ်းကြည့်သည်။

"တကယ့်ကို ကျေးဇူးတင်ပါတယ်နော်၊ ဪ ဒါနဲ့ တစ်လမ်းလုံး စကားတွေသာ ပြောလာတယ်၊ နာမည်ကိုကျတော့ မပြောဘူးနော်"

မေးဖို့ သတိတရရှိသော သူမကိုကြည့်ပြီး ကျွန်တော် ဟက်ခနဲ ရယ်လိုက်မိသည်။

"ကျွန်တော့်နာမည်က ညီအားမာန်ပါ"





"ညီအားမာန် ဟုတ်လား"

သူမ မျက်နှာလေး လင်းခနဲလက်ခနဲ တောက်ပသွားသလို ကျွန်တော့်ကိုလည်း ခုမှ စမြင်ဖူးသူတစ်ယောက်လို မျက်လုံးကြီးပြူးကြည့်နေ၏။

"ဘာဖြစ်လို့လဲဟင် တော်ဝင်"

ကျွန်တော်ပင် ကြောင်တောင်တောင်ဖြစ်ကာ ပြန်မေးယူလိုက်ရသည်။

"ဒါဆို မနှစ်က တစ်ကျောင်းလုံး King ရထားတဲ့ ညီအားမာန်ဆိုတာ"

ဪ ဒီသတင်းကိုတောင် သူမလေးက သိနေပါလား။ ကျွန်တော်ကတော့ သူ့ဘာသာ ကင်းကင်း မကင်းကင်း ကိုယ်နေတတ်သလိုသာ နေခြင်းဖြစ်သည်။ ဘာကိုမှ သိပ်ပြီး ဂရုတစိုက်လိုက်နေတတ်သည့်လူစားမျိုး မဟုတ်၊ စိတ်ထဲကလာသည့်အတိုင်း ဖြစ်သလိုနေချင်လည်း နေဖြစ်သွားတာပါပဲ။

King ဖြစ်သွားလို့ နေရာတကာ ခပ်ကြော့ကြော့မော့မော့လေးနေလျက် အထာကိုင်တတ်သော ယောကျ်ားမျိုးထဲမှာတော့ ကျွန်တော်မပါပါ။

"ဘာဖြစ်လို့လဲဟင်၊ တော်ဝင့်အတွက် ကျွန်တော်က ကင်းရှူးတာက ထူးဆန်းနေလို့လား"

"ဟင့်အင်း မဟုတ်ပါဘူး။ မထင်ထားလို့ပါ၊ ဒီနေ့ မောင်မယ်သစ်လွင်ပွဲမှာ မနှစ်က ကင်းနဲ့ကွင်းက ဘယ်သူတွေလဲလို့ မေးကြည့်တော့ ကွင်းက ကျောင်းပြောင်းသွားတယ်တဲ့၊ ကင်းကတော့ သူ့ဘာသာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း အေးအေးဆေးဆေး နေတတ်တာတဲ့၊ လူရှုပ်ရှုပ်တွေထဲ လာလေ့မရှိဘူးဆိုပြီး ပြန်ဖြေကြလို့လေ"

"ဪ"

ကျွန်တော့်တို့ပြန်မှုက ဒီလောက်သာ။ သူမကတော့ ကျွန်တော့်ကို သေချာငေးစိုက်ကြည့်လျက်။

"တော်ဝင် သွားတော့မယ်နော်၊ ကိုညီအားမာန်"

"ဟုတ်ကဲ့ မနက်ကျ ကျောင်းမှာ ပြန်ဆုံကြမယ်လေ"

"ဟုတ်ကဲ့ရှင့်"

လှပနှစ်လိုဖွယ်ကောင်းသည့် ပါးချိုင့်လေးပေါ်အောင် ပြုံးရယ်လျက် သူမ နှုတ်ဆက်သည်။ ဒီလောက်ထိ ချစ်ဖို့ကောင်းသော မိန်းကလေးကို ကျွန်တော့်စိတ်ထဲမှာလည်း မှတ်မှတ်ထင်ထင် ဖြစ်သွားသည်။ သူမ ကားဂိတ်သို့ရောက်သည်နှင့် အသင့်ရပ်ထားသော ဘတ်စ်ကားပေါ်သို့ အပြေးလေး လှမ်းတက်သွားသည်။

ဘတ်စ်ကားချောင်ပါစေလို့ ဆုတောင်းပေးနေမိသော ကျွန်တော့် ဆုတောင်း ပြည့်၏။ သူမ ပါသွားသော ကားကြီးထွက်ခွာသွားတော့မှ ကျွန်တော့်ကားလေးကို ဘီးစလိမ့်လိုက်သည်။ ထိုအချိန်မှာပင် ဟန်းဖုန်းလေးက အသံထမြည်၏။ ကောက်ယူကြည့်မိတော့ ရွှေပိုးဆီမှ။ ကျွန်တော့်စိတ်ထဲ ကလိကလိဖြစ်လာကာ ပြုံးလိုက်မိသည်။

ကန်တင်းမှာ ဒီတိုင်းကြီး အိပ်ပျော်နေသော သူမ အခုမှ နိုးတယ် နဲ့တူရဲ့။





"နှင်း ဘယ်လိုလုပ်သွားတာလဲဟဲ့"

ဖုန်းကောက်ကိုင်လိုက်သည်နှင့် ဒေါသတကြီး အော်ပစ်လိုက်သံက နားကိုအူသွားအောင် ဆောင့်ထွက်လာသည်။ ဖုန်းလေးကို နားရွက်နားမှ ခပ်လှမ်းလှမ်းထိ ခွာထားလိုက်ရင်း ကျွန်တော် မျက်နှာကြီးရှုံ့သွားမိသည်။ ရွှေပိုး အသားကုန်ဒေါသထွက်နေတာ သေချာပါသည်။

"ငါဘာလုပ်လို့လဲဟင်"

"အေးလေ ငါက နှင်းအိပ်ချင်နေမယ်ထင်လို့ ထားခဲ့တာ၊ ပြီးတော့ နှင့်ကွင်းရွေးပွဲကလည်း မပြီးသေးဘူးဆိုတော့ နှင်များ ထပ်သွားကြည့်ချင်ဦး မလားဆိုပြီး ငါတစ်ယောက်တည်း ပြန်လာခဲ့ရတာ"

"ဘာ"

"သေပါပြီဟာ၊ နှင်ကလေ တော်တော်အာပြဲတယ် သိလား"

"ဪ နှင်လုပ်တာကျတော့ တော်တော်ကောင်းတယ်လေ၊ ငါက အာပြဲသင့်ရင် ပြဲရမှာပဲဟဲ့၊ ပြီးတော့ ကွင်းကပြန်သွားတာတောင် ကြာလှပေါ့၊ နှင် ငါ့ကိုအပိုတွေလာလျှောက်ပြောမနေနဲ့"

"အခု နှင်ဘယ်မှာလဲ"

"ကျောင်းထိပ်နားရောက်နေပြီ"

"အေး ငါ တကယ်စိတ်မကောင်းပါဘူးဟာ၊ နှင်နဲ့ငါ နားလည်မှု လွဲသွားတယ်၊ ငါကလည်း နှင်အိပ်ချင်မယ်ထင်တာ"

"တော်တော့ နှင်ဆက်မပြောနဲ့ နားလည်မှုလွဲတာလား တမင်လား ဆိုတာလောက်တော့ ငါလည်း ခန့်မှန်းတတ်တယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟာ နင်တော်တာ ငါသိပါတယ်"

တစ်ဖက်မှန်းထဲမှ ရွှေပိုး၏အသက်ရှူသံပြင်းပြင်းများကို ကျွန်တော်ကြားနေရသည်။ သူမ တော်တော်ဒေါသထွက်နေတာကိုနိုးသေ၏။ ကျွန်တော်ကလည်း သူမ အဲဒီလို ဒေါသကြီးတတ်မှန်းသိလို့ ပိုလို့စနောက်ချင်ခြင်း ဖြစ်သည်။

"နင်အခု ဘယ်မှာလဲ"

"ငါက အိမ်နဲ့တောင် တော်တော်လေးနီးနေပြီဟ"

"နင်တော်တော်ယုတ်မာတယ် ညီ၊ ငါ့မှာ ကားမပါလာတာသိရဲ့ သားနဲ့ ဒီနေ့ကျမှ တမင်လုပ်သွားတာ"

"နင်ကလည်း စိတ်ကိုလျှော့ပါဟာ၊ ခုလည်း ကျောင်းထိပ်ရောက်နေပြီပဲ၊ ဘတ်စ်တွေလည်း ကျောင်းဆင်းချိန်ဆို ပေါပါတယ်ဟ"

"တောက်"

တောက်ဆိုသည့်အသံက ကျွန်တော့်နားထဲမှာ ဟိန်းထွက်သွားပြီး ဖုန်းလေးတွီခနဲ ကျသွားသည်။ ကျွန်တော့်မှာ ခေါင်းတခါခါနှင့် တစ်ကိုယ်တည်း ရယ်မောလို့မဆုံးတော့။

■ ■ ■



## အခန်း (၂)

"သားရယ် ရွှေပိုးကို စခဲ့ပြန်ပြီလား"

"ဘာလဲ မေမေ၊ သူ လာတိုင်ပြန်ပြီလား"

ကျောင်းကပြန်ရောက်ပြီးတည်းက ရေမိုးချိုးပြီး ခုတင်ပေါ်မှာ လှဲလျောင်းအနားယူနေတုန်း မေမေ အခန်းထဲဝင်လာပြောသည်။ မျက်နှာက ကျွန်တော့်ကို ဆူချင်သလိုလို။

သေချာပါတယ် ရွှေပိုး ကျောင်းကပြန်လာတာနဲ့ ခြံချင်းကပ် ကျွန်တော့်အိမ်ကိုလာပြီး ကျွန်တော့်မေမေကို သူမ ခံလာရသမျှတွေ တိုင်ပြီးလောက်ပြီပေါ့။

"ဒီတစ်ခါ စတာကတော့ သားလွန်တယ်နော်၊ တကယ်ဆို ကိုယ့်သူငယ်ချင်းမိန်းကလေးကို တစ်ယောက်တည်း ဒီလိုထားခဲ့တာကတော့ မေမေလည်း သဘောမကျဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေပါ မေမေရယ်၊ တခြားကျောင်းသူကျောင်းသားတွေလည်း ဒီလိုပဲပြန်ကြတာ၊ ဘတ်စ်ကားဆိုပေမယ့် ခုလို ညနေကျောင်းဆင်းချိန်ဆို ကျောင်းကားလားတောင် ထင်ရတယ်"

"ဘာပဲဖြစ်ဖြစ်လေကွယ်၊ ခုဟာက ရွှေပိုးလေးမှာ ကားပေါ်မှာ လူနင်းခံရလို့ ဖိနပ်ပါပြုတ်သွားတယ်တဲ့၊ သူ့ခမျာ အရှက်ပါကွဲခဲ့ရတာလေ"

"ဟွန် သူက ဖိနပ်ပြုတ်သွားတယ် ဟုတ်လား"

"အေး ဟုတ်တယ် သွား ကောင်းကောင်းမွန်မွန် သွားချော့ပါ သားရယ်၊ ဘယ်လိုမဆို သားကြောင့် သူ အခုလို အရှက်ကွဲနေရတာလေ"

ကျွန်တော် နည်းနည်းတော့ အံ့ဩသွားသည်။ ရွှေပိုးကလည်း ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဖိနပ်ပြုတ်သတဲ့လား။ တော်ဝင့်မျက်နှာလေးကို ကျွန်တော့်မျက်လုံးများထဲ ပြန်မြင်ယောင်ရင်း ကြည်နူးသွားမိသည်။

"ဟဲ့ သား၊ သွားပါဆို အောက်မှာ ရွှေပိုးရှိနေတုန်းပဲ"

"အရင်ကတော့ သားအခန်းထဲကို တားထားရဲ့နဲ့ မပြောမဆို ဝင်ဝင်လာတတ်တဲ့ဟာက ခုတော့ မေမေကို ထောင်ချင်တာနဲ့ပဲ အောက်မှာ ငြိမ်ငြိမ်လေး၊ ကျန်ခဲ့တယ်ပေါ့လေ တွေ့မယ် အဲဒီ ရွှေပိုး"

"သားနော် ဘာမှထပ်စမနေနဲ့တော့"

ကျွန်တော် မေမေ့ကို မျက်စိတစ်ဖက် အသာမှိတ်ပြကာ အခန်းထဲမှ ခပ်သွက်သွက်ထွက်ခဲ့လိုက်သည်။ အပေါ်ထပ် လှေကားထစ်များမှ ဆင်းလိုက်သည်နှင့် ညည့်ခန်းထဲမှာ ငုတ်တုတ်ကလေးထိုင်နေသော ရွှေပိုးကို ဒေါသမျက်စောင်းနှင့်အတူ တွေ့လိုက်ရ၏။





"နင် ကောင်းကောင်းမွန်မွန် ပြန်ရောက်တယ်မဟုတ်လား၊ ရွှေပိုး"

"တော်နော် ညီ၊ ငါအခု နင့်မျက်နှာကိုတောင် မမြင်ချင်တဲ့ ခံစားချက်ဖြစ်နေတယ်"

"နင်ကလည်းနော် မမြင်ချင်လို့သာပဲ၊ ငါ့အိမ်ထဲထိ ဝင်ထိုင်နေတာ"

"တွေ့လား၊ ငါ့ကိုရန်စပြန်ပြီ၊ ငါ့မှာ နင့်ကြောင့်နဲ့ ဘာတွေဘယ်လောက်တောင် အရှက်ကွဲခဲ့ရလဲ သိလား"

တကယ်ကြီး ဒေါသထွက်နေသော ရွှေပိုးကို ကျွန်တော် သိပ်တော့ မစရဲ၊ ခုလည်း မုန်းလို့ကြည့်မရလို့ စနောက်နေတာမှမဟုတ်တာပဲလေ။ သူမကို စနောက်လိုက်တိုင်း ဒေါသထွက်တတ်သော ရွှေပိုးကိုကြည့်ပြီး ရယ်ချင်လို့ တမင်သက်သက်ကို စနေမိခြင်းဖြစ်သည်။

"ပြောပါဦး ဘာတွေဖြစ်လာတယ်ဆိုတာ"

"နင့်ကို အန်တီ ဘာမှမပြောဘူးလား"

"ပြောသားပဲ၊ နင် ဖိနပ်ပြုတ်လာတယ်ဆိုလား"

"အေး ဟုတ်တယ်၊ ဒါတောင်မှ မသိသလိုဘာလိုလို ဟန်ဆောင်နေသေးတယ်နော်"

"အော်ကွယ် ဖိနပ်ပြုတ်တာလေးလောက်ကိုတော့ နင် ဒီလောက်ထိ ခံပြင်းဒေါသထွက်နေဖို့ မလိုပါဘူးဟ၊ မသကာ အသစ်တစ်ရံဝယ်စီးလိုက်ရုံပေါ့"

"ဩော် နင်ပြောတော့ သိပ်လွယ်တယ်နော်၊ ဘတ်စ်ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကံနေ ဖိနပ်ဆိုင်ရောက်အောင် ဘယ်လိုလျှောက်ရမယ်ဆိုတာတော့ နင် မတွေးတော့ဘူးလား"

ခုလိုမျိုး ပြောနေပြန်တော့လည်း ကျွန်တော့်မျက်လုံးများထဲမှာ တော်ဝင်ဆိုတဲ့ ချစ်စဖွယ်မိန်းကလေးတစ်ယောက်ကို ပြန်မြင်လာမိသည်။ သူမလေး အခုချိန်လောက်ဆို ဘာတွေများလုပ်နေမှာပါလိမ့်။

"ဟဲ့ ငါစကားပြောနေတာကို နင့်မျက်နှာကြီးက ပြုံးဖြီးဖြီးလုပ်နေပြီး လျှောင်တာလား။ ပြောင်တာလား။ နင်တော့နော် ညီ၊ ငါမလုပ်ချင်လို့ အကောင်းထိုင်ပြောနေတာကို လာပြီးမျက်နှာပြောင်နေတယ် ဟုတ်လား"

ပြောနေရင်းတန်းလန်းနှင့် ရွှေပိုးက လက်သီးနှင့်ထိုးမည့်ပုံမျိုး ဟန်ပြင်သည်။

"အောင်မယ်လေး ကြောက်နေရပါလား။ ဒေါ်ရွှေပိုးအိမ်ရေ ကဲ ပြော အခု ကျုပ်ကိုမကျေနပ်ဘူးဆိုတော့ ဘာလုပ်ပေးရမှာလဲ"

"အဲဒီလို မေးစမ်းပါဟ၊ နင်က ငါ့ကိုဘုကလန့်ကြီး မတိုက်စမ်းပါနဲ့၊ ငါကလည်း ရန်မဖြစ်ချင်ပါဘူး။ ပြေပြေလည်လည်ပဲ ပြောချင်ဆိုချင်တာပါ"

"အင်း ပြော"

ခေါင်းညိတ်ပြီးတော့သာ အင်း ပြော လုပ်လိုက်ရပေမယ့် ရွှေပိုး မကျေနပ်မချင်းသာ ချော့ရမယ်ဆို ကျွန်တော့်ဘဝက တွေးရခဲရာပင်မရှိ။ ဒါပေမဲ့လည်း ဒီသူငယ်ချင်းလေးပဲ ငယ်ငယ်တည်းက မခွဲမခွာရှိလာတာကို ကျွန်တော်မှ မချော့ရင် သူမ ဘယ်တော့မှ စိတ်ကောက်ပြေတော့မှာမဟုတ်





မှန်း သိနေတော့လည်း

"နင် ငါ့ကိုဖိနပ်တစ်ရံ ပြန်ဝယ်ပေးရမယ်"

"ရပါတယ်လေ၊ ဒီလောက်တော့ လိုက်လျောရမှာပေါ့၊ နင့်ကို စိတ်အနှောင့်အယှက် အကြီးကြီးဖြစ်အောင် ငါက စခဲ့မိတာကိုး"

"အများကြီးမယူပါဘူး။ C&K မှာ အခုနောက်ဆုံးပေါ်ထားတဲ့ဖိနပ်နှစ်ရံပဲ ဟင်း၊ ဟင်း"

"နှစ်ရံတောင် ဟုတ်လား။ နင့်မှာ ခြေထောက်က လေးချောင်းပါတာမှမဟုတ်ဘဲ၊ တန်ရာတန်ရာ တစ်ရံပဲယူစမ်းပါ"

"အောင်မယ် မရပါဘူးနော်၊ ငါ ပြီးခဲ့တဲ့ဝိတ်ရက်က ရှော့ပင်းထွက်ရင်း ကြည့်ထားခဲ့တာ၊ ဖိနပ်နှစ်ရံက အတော်လှတယ်၊ ဘယ်ဟာပိုလှတယ် လို့တောင် ရွေးလို့မတတ်နိုင်အောင်ပဲ၊ ဒီတော့ အဲဒီနှစ်ရံလုံးကို နင်ဝယ်ပေးရမယ်၊ ဘယ်လိုလဲ"

ကျွန်တော်တို့နှစ်ယောက်က ဟိုးငယ်ငယ်တည်းက တစ်ယောက်နဲ့ တစ်ယောက် ခုလိုပဲ စလိုက်နောက်လိုက်၊ ပြီးရင်လည်း မခေါ်ဘဲနေနိုင်ကြတာလည်းမဟုတ်ဘဲ၊ တစ်ယောက်စိတ်ပြေအောင် ကျန်တစ်ယောက်က မဖြစ်ဖြစ်တဲ့နည်းနဲ့ ချော့တတ်တာလေးကတော့ မထူးဆန်းတော့ပါဘူးလေ။

"အေးလေ ဝယ်ပေးရတော့မှာပေါ့၊ ငါက နင့်ဖိနပ်ပြတ်ရခြင်းရဲ့ ဇစ်မြစ်ဖြစ်သောအားဖြင့် တရားခံဖြစ်နေခဲ့တာကိုး"

ထိုသို့ ကတိပေးလိုက်မှ သူမ မျက်နှာလေး အနည်းငယ်လန်းဆန်းလာလျက် ကျွန်တော့်ကို မျက်စောင်းလှမ်းထိုးသည်။ ရွှေပိုးက ကကြွားမိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေနဲ့ယှဉ်ရင် မိန်းမသိပ်မဆန်ပေမယ့် သူ့ဟာနဲ့သူ ချစ်ဖို့ကောင်းသော ကောင်မလေးတစ်ယောက်ပါ။ ဒါပေမဲ့ အနည်းငယ် ဆတ်ဆတ်ကြဲလေးမို့ ဘယ်ယောက်ျားလေးမှ သူမကို လိုက်စကားမပြောရဲ။

နောက်တစ်ခုက သူမဘေးမှာ ကျွန်တော်က ပါပါနေတတ်တော့ ကျွန်တော်တို့နှစ်ယောက်ကို သမီးရည်းစားတွေလို့ထင်ပြီး စိတ်ပျက်အားလျော့ သွားသူများလည်း ရှိသည်။

"ငါရှိနေတော့ နင့်ကိုကြိုက်ချင်တဲ့ကောင်တွေက အထင်တွေလွဲ လွဲနေကြတယ်တဲ့၊ နင် စိတ်မကောင်းမဖြစ်ဘူးလား"

"ဟွန့် သေပါလား။ ငါက ဘာလို့စိတ်မကောင်းဖြစ်ရမှာလဲ၊ သူတို့ ဘာသာသူတို့ ထင်ချင်ရာထင်ပေါ့၊ ငါကတော့ ငါ့စိတ်နဲ့ငါ နေမှာပဲ၊ ဘယ်သူ့ ကိုမှ လိုက်ဖြေရှင်းပြမနေနိုင်ပါဘူး။ အားအားလျားလျား"

အဲဒီလို ပြတ်ပြတ်သားသား ပြန်ဖြေတတ်သော သူငယ်ချင်းတစ် ယောက်မို့ ကျွန်တော်နဲ့သူမက ဟိုးငယ်ငယ်တည်းကနေ ယခုအချိန်ထိ အတွဲမပျက် ပေါင်းသင်းဆက်ဆံနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

"နင် ငါ့ကို ဘယ်တော့လိုက်ဝယ်ပေးမှာလဲ"

"နင့်မှာ အခုစီးစရာမရှိတာလည်းမဟုတ်ဘဲနဲ့ကို၊ ဒီတစ်ပတ်ပိတ် ရက်မှပဲ လိုက်ဝယ်ပေးမယ်လေဟာနော်၊ ဒါပေမဲ့ အဲဒီနေ့ ရှော့ပင်ထွက်လို့ စားမယ့်သောက်မယ့်စရိတ် ကားဆီဖိုးအစရှိတာတွေကို နင်ထည့်ပေးရမယ်"

"အွန် နင့်ဟာကလည်း သိပ်လည်းမထူးခြားလှပါလား။ ငါးကြင်းဆီ နဲ့ ငါးကြင်းပြန်ကြော်နေသလိုပဲ"





မျက်နှာလေးရှုံ့တွလျက် ရွှေပိုး ပြောသည်။ ကျွန်တော်ကတော့ မိန့်မိန့်ကြီး ပြုံးနေမိ၏။ ကိုယ့်ဘက်ကလည်း ဘာပဲဖြစ်ဖြစ် ကာမိတယ်ရှိ အောင် ဒီလောက်လေးတော့ တင်ထားမှ တော်ကာကျမှာမဟုတ်လား။

"ဘယ်လိုလဲ နင် သဘောတူမှာလား မတူဘူးလား"

"အေးပေါ့လေ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်မယ့်အစီအစဉ်မှန်း ရိပ်မိပေမယ့်လည်း တူရတော့မှာပေါ့၊ ဖိနပ်ကိုလည်း အိမ်နဲ့အနီးဆုံးဆိုင်ခွဲမှာ ဝယ်မယ်၊ စားစရာသောက်စရာကိုလည်း အဲဒီနေ့ကျ ဖြစ်သလိုလေးတွေပဲ ခံတွင်းတွေ့နေပါတယ်ဆိုပြီး ပြောလိုက်ရင် သိပ်တော့လည်း အကုန်အကျ မများလောက်ပါဘူးလေ"

ရုပ်တည်ကြီးနဲ့ခပ်တည်တည်ပြောနေသော ရွှေပိုးကြောင့် ကျွန် တော် ဟန်မဆောင်နိုင် ရယ်မောမိ၏။ သူမနဲ့ငြိမ်းချမ်းရေး ပြန်ရသွားပြီဆို တော့ ကျောင်းကအပြန်မှာ ဆုံတွေ့ခဲ့သော တော်ဝင်ဆိုသည့် မိန်းကလေး တစ်ယောက်အကြောင်း ရင်ဖွင့်မလို့ စဉ်းစားလိုက်သေးသည်။

ဒါပေမဲ့ ကျွန်တော်တို့ထိုင်နေရာဆီ မေမေ ရောက်လာကာ ထမင်း စားရန် လာခေါ်သောကြောင့် ကျွန်တော်တို့နှစ်ယောက်လုံး ထမင်းစားပွဲဆီ သို့သာ ရောက်ရှိသွားရ၏။ တခြားဘာစကားမှ ထပ်မပြောဖြစ်ခဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဒီနေ့မနက် အိပ်ရာနိုးတည်းက ကျောင်းသွားရမယ့် အရေးကို ကြိုတွေးပြီး ကျွန်တော် ပျော်နေသည်။ ဘာမှလည်း ရေရေရာရာ ထောက်ပြစရာမရှိပါဘဲ ခါတိုင်းရက်တွေထက် ပိုလို့တက်ကြွစိတ်အားသန်နေခြင်း ဖြစ်သည်။ အင်္ကျီအရောင်ကိုတောင် ခါတိုင်းဝတ်နေကျလို အနက်ရောင်တွေ မီးခိုးရောင်တွေ အရောင်မှိုင်းမှိုင်းမဟုတ်ဘဲ နက်ပြာရောင် ကော်လံကတုံးကို ဝတ်ဆင်လိုက်၏။ ဒါပေမဲ့ အောက်ကပုဆိုးကတော့ အနက်ရောင်ပါပဲ။

ပုဆိုးသိပ်မဝတ်တတ်သော ကျွန်တော့်မှာ ကျောင်းစည်းကမ်းအရသာ ပုဆိုးကို နေ့စဉ်ဝတ်နေရခြင်းဖြစ်သည်။ တကယ်တမ်းတော့ ဘောင်းဘီရှည်များသာ ကျွန်တော် အဝတ်များ၏။ ပုဆိုးအဆင်တွေဆိုလည်း မရွေးတတ်လွန်းသောကြောင့် မေမေကသာ ဝယ်ယူပေးရခြင်း ဖြစ်သည်။





တစ်ခါတလေတော့လည်း ကျွန်တော့်အတွက် ပုဆိုးဝယ်ဖို့ မေမေသွားလျှင် ရွှေပိုးက လိုက်ပါကာ ဆရာလုပ်တတ်သေးသည်။ ပြီးရင် သူရွေးပေးထားတဲ့ အဆင်လေး ဘယ်လောက်လှကြောင်း ပြောလို့မဆုံး။ စကားများတာလေးရယ် ဆရာလုပ်တတ်တာလေးရယ်ကလွဲရင် ရွှေပိုးကို ကျွန်တော် ခင်မင်သံယောဇဉ်ရှိပါ၏။

ဒါပေမဲ့ သူများတကာတွေ အထင်လွဲနေလို့ ကျွန်တော်တို့နှစ်ယောက် မရိုးမသားနေထိုင်ကြည့်ဖို့ နှစ်ဦးစလုံး စိတ်ကူးမျှပင် မယဉ်ဖူးခဲ့။ တစ်ယောက်ကိုတစ်ယောက် ငယ်စဉ်တည်းက မြင်နေတွေ့နေ တရင်းတနှီးပတ်သက်နေရတာမို့ ထူးပြီးတော့ ဖြစ်ပေါ်လာသည့် ဘာခံစားမှုမှလည်း မရှိ။

ဒီနေ့ကတော့ ကျွန်တော့်ဘဝမှာ တစ်ခါမှ မပေါ်ပေါက်ဖူးသော ခံစားချက်တစ်ခုဖြင့် လူက လတ်ဆတ်နေ၏။ သူမ ကားပြန်ကောင်းသွားပြီဆိုတော့ ရွှေပိုးနဲ့အတူသွားစရာ မလိုတော့ဘဲ ကျွန်တော့်ဘာသာ ကျောင်းကို လွတ်လွတ်လပ်လပ် သွားနိုင်မည်။

ကားမောင်းနေရင်းနှင့် ကျွန်တော့်အတွေးတွေက ဟိုရောက်ဒီရောက်။ ကျောင်းကို စောစောရောက်တိုင်း အတန်းချိန်မတိုင်ခင်ဆို ကန်တင်းသွားထိုင်နေတတ်သော ကျွန်တော်က ဒီနေ့တော့ အဆောင်ရှေ့တည့်တည့်မှာ ကားပါကင်ထိုးပြီးသည်နှင့် အဆောင်ထဲကို တန်းဝင်ခဲ့လိုက်သည်။

ကျွန်တော့်ခြေလှမ်းများက ပထမနှစ်အခန်းများဆီသို့၊ တင်အခန်းကို တန်းခွဲနှစ်ခုရှိသည့်အနက် ခုတော့ နှစ်ခန်းလုံး ရှင်းရှင်းလင်းလင်း ရှိနေသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ အတန်းငယ်စောနေသောကြောင့် ကျောင်းသားကျောင်းသူတွေ အများစုက ကန်တင်းမှာသာ ထိုင်နေကြတာများ၏။ အခန်းထဲမှာ ထိုင်နေသည့် လူအရေအတွက်က နှစ်ခန်းပေါင်းလို့မှ ဆယ့်ငါးယောက်တောင်မပြည့်ချင်သေး။ ဒီလိုဆိုတော့လည်း အဲဒီ လူနည်းစုလေးကြားထဲမှာ ကျွန်တော် တွေ့ချင်နေသော မျက်နှာလေးကို မမြင်လိုက်ရတော့ စိတ်ထဲမှိုးလို့ခုလု ဖြစ်သွားသည်။

စိတ်လည်း နည်းနည်းတော့ ပျက်သွား၏။ ကန်တင်းတွေက အများကြီးထဲမှာ ကျွန်တော် တော်ဝင့်ကို ဘယ်လိုလိုက်ရှာရမလဲ။

"ဟော ကိုညီအားမာန် ဟိုက်တိုက်ဆိုင်ဆိုင် လာတွေ့ပြန်ပြီနော်"

ကိုယ့်အတွေးနဲ့ကိုယ် ခပ်ဝိုက်ဝိုက်လျှောက်လာသော ကျွန်တော့်ကို ရှေ့တည့်တည့်ကနေ ဆီးကြိုနှုတ်ဆက်လိုက်သံ။ ကျွန်တော့်ဦးခေါင်း ချက်ချင်း မော့သွားသည်။

မျက်စိရှေ့တည့်တည့်မှာ ကျွန်တော့်ရင်ခုန်သံ အရင်းအမြစ်လေးကို ကျွန်တော် မြင်နေရသည်။ ကျွန်တော့်ရဲ့စောစောစီးစီး ထိုင်းမှိုင်းချင်နေသော စိတ်တွေ ချက်ချင်းပင် ကြည်လင်သွားသည်။ မျက်နှာပေါ်မှာ အပြုံးတစ်ခုကို ချက်ချင်း ဆင်မြန်းပြီး ဖြစ်သွား၏။

"တော်ဝင်"

နှုတ်ဖျားက ထွက်ကျသွားသံက လုံးဝကို တရင်းတနှီး။ သူမ မျက်နှာထက်က ပါးချိုင့်လေးကို မြင်လိုက်ရခြင်းကပင် ကျွန်တော့်တစ်နေ့တာ အတွက် မင်္ဂလာရှိစွာ ဖြတ်သန်းနိုင်ဖို့ အဆောင်ကောင်းလေးတစ်ခု ဖြစ်စေ





ခဲ့၏။

"တော်ဝင်တို့ အခန်းတွေဘက်ကနေ ထွက်လာတာလား။ ဘယ်သူ့ကိုလာရှာတာလဲဟင်"

သူမ မေးခွန်းကြောင့် ကျွန်တော် နည်းနည်းအဖြေရကျပ်သွားသည်။ ဒါပေမဲ့ မရိပ်မိအောင် တစ်ခုခုကိုတော့ အကြောင်းပြရမှာပဲမဟုတ်လား။

"ဥာနမှူးကို လာရှာတာပါ၊ ပထမနှစ်တွေဘက် ရောက်နေတယ်ဆိုလို့"

"ဩော် ဟုတ်"

"တော်ဝင်က ခုမှ ကျောင်းရောက်တာလား။ အတန်းစဖို့ ငါးမိနစ်လောက်ပဲ လိုတော့တယ်လေ"

ကျွန်တော် နာရီလေးကို ငုံ့ကြည့်ပြီး ပြောလိုက်သည်။ အတန်းစုံက ကျောင်းသားတွေလည်း အဆောင်ထဲသို့ တဖွဲဖွဲနှင့်ဝင်ရောက်လာနေပြီ။

"တော်ဝင်က အချိန်သိပ်စောနေမှာစိုးလို့ အိမ်ကနေ အစောကြီး မထွက်ဘူး။ စောစောရောက်နေလို့လည်း ကိုယ်တစ်ယောက်တည်းဆိုတော့ ဘာလုပ်လို့လုပ်ရမှန်း မသိဘူးလေ"

လှေကားထောင့်နားလေးမှာ ကျွန်တော်နှင့်အတူ တွဲရပ်စကားပြောနေသော တော်ဝင့်ကိုကျောင်းသားလေးတွေ တော်တော်များများ ကွက်ကြည့်ကွက်ကြည့်လုပ်သွားကြတာ ကျွန်တော် သတိထားမိ၏။ ဘာကြောင့်များပါလိမ့်။

"တော်ဝင် အတန်းထဲဝင်တော့မယ်နော်"



www.burmeseclassic.com

"အိုကေပါဗျာ ဒါနဲ့လေ တော်ဝင် ကန်တင်းဘယ်မှာထိုင်လဲဟင်"

"ကန်တင်းထိုင်ဖြစ်တာ နည်းပါတယ်၊ ဒါပေမဲ့ ထိုင်ရင်တော့ ဟိုးအက်ဆောင့်ဆုံးက ဆိုင်လေးမှာထိုင်တာများတယ်ရှင့်၊ ဘာဖြစ်လို့လဲဟင်"

"ကျောင်းမှာ တော်ဝင်တစ်ယောက်တည်းဖြစ်နေရင် ကျွန်တော်တို့နဲ့ လာပူးပေါင်းလို့ရပါတယ်လို့ ဖိတ်ခေါ်မလို့ပါ"

"ကျွန်တော်တို့ဆိုတာ ယောကျ်ားလေးအဖွဲ့ထဲမှာတော့ တော်ဝင်တစ်ယောက်တည်း မပူးပေါင်းချင်ပါဘူးရှင်၊ ကိုညီအားမာန် ခုလို ဖိတ်ခေါ်တာကိုပဲ ကျေးဇူးတင်ပါတယ်နော်"

ပြုံးပြုံးလေးနှင့် ပြောနေသော တော်ဝင့်စကားကြောင့် သူမကို ကျွန်တော် ပိုလို့သဘောကျသွား၏။

"ကျွန်တော်တို့ဆိုတာ တော်ဝင်ထင်သလို ယောကျ်ားလေးအဖွဲ့ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်ကိုယ်တိုင်ကလည်း အဲဒီလို အဖွဲ့လိုက်ကြီးသွားလာလှုပ်ရှားနေတာမျိုးကို သဘောမကျပါဘူး။ ကျွန်တော် အခင်ဆုံး သူငယ်ချင်းတစ်ယောက်ရှိတယ်၊ သူက မိန်းကလေးပါပဲ၊ တော်ဝင်နဲ့လည်း အဖော်ရမယ်လို့ ထင်လို့ပါ"

သူမ မျက်နှာလေး ဝင်းလက်သွားသည်။ ဒီလိုဆိုတော့ ကျွန်တော့်ဖိတ်ခေါ်မှုအတွက် မျှော်လင့်ချက်ရှိသေးသည်ဆိုသည့် သဘောပေါ့။

"နေ့လယ်ကျ ကန်တင်းတူတူထိုင်ကြတာပေါ့နော်"

သူမဆီက ကန်တင်းတူတူထိုင်ဖို့ဆိုသည့် သဘောတူညီချက်လေးတစ်ခုကပင် ကျွန်တော့်အတွက် ပျော်ရွှင်ဖွယ်ရာတွေကို ယူဆောင်လာပေး





နိုင်သော ဂါတ်လေးတစ်ခု ဖြစ်ခဲ့၏။

"ဒီလိုဆို ကျွန်တော် အဲဒီချိန်ကျ လာခေါ်မယ်နော်"

"ဟုတ်ကဲ့"

ကျွန်တော့်ကို ကျောခိုင်းထွက်ခွာသွားသော သူမကို ငေးကြည့်ရင်း ကျွန်တော့်ရင်ထဲမှာ တသိမ့်သိမ့်နှင့်လှိုက်ခုန်နေသည်။ ဒီနေ့ သူမကလည်း နက်ပြာရောင်ချည်သားဝမ်းဆက်လေးနှင့် လှပနေသည်။ မသိရင် ကျွန်တော်တို့နှစ်ယောက် တိုင်ပင်ပြီးပဲ အရောင်ဆင်တူ ဝတ်ထားခဲ့ကြသယောင်ယောင်။

"ဟဲ့ နှင့်ကိုငါက ကန်တင်းမှာ လိုက်ရှာနေတာ၊ နင်က အဆောင်ထဲ အစောကြီးရောက်နေတာကိုး"

ကျွန်တော်တို့ အတန်းများရှိရာ ဒုတိယထပ်သို့ တက်လာစဉ် နောက်ဘက်ကနေ ခပ်ကျယ်ကျယ်ကြားလိုက်ရသော အသံ။ ရွှေပိုးဟာ တော်ဝင့်လိုမျိုး စကားပြောဆိုသည့်နေရာမှာ ချိုသာနူးညံ့ဖို့ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်တဲ့ မိန်းမတစ်ယောက်ဖြစ်သည်။

"အေး ဟုတ်တယ် ဒီနေ့ ကန်တင်းမထိုင်ချင်လို့"

"နေ့လယ်ကျရင်တော့ နင်မထိုင်လို့မရဘူးနော်၊ အတန်းထဲမှာနေရတာ အာရုံနောက်တယ်"

"ဟား ဟား နေ့လယ်ကျ နင်က မထိုင်နဲ့ဆိုရင်တောင် ငါက အသေခံပြီး သွားထိုင်ဦးမှာ သိလား"

"ဘာလဲဟ ကြောင်တောင်တောင်နဲ့"

ကျွန်တော် အူမြူးပြီးပြောလိုက်သည့်စကားကို ရွှေပိုးက အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



စောင်းနင့်ကြည့်လျက် တုန့်ပြန်ပြောရင်း အတန်းထဲသို့ ရှေ့မှဝင်သွားသည်။ ဆရာမက ကျွန်တော်တို့ရှေ့ကနေ ကြိုပြီးတောင် အတန်းထဲရောက်နေပြီမို့ ကျွန်တော်တို့နှစ်ယောက်လည်း စကားစပြတ်သွားခဲ့၏။

အင်း အဲဒါလည်း ကောင်းပါတယ်လေ၊ ရွှေပိုးဆိုတဲ့ မယ်စပ်စုက အခုတစ်ခါတည်း မရမက လိုက်မေးနေရင် ကျွန်တော် ရှည်ရှည်ဝေးဝေးတွေ ရှင်းလင်းပြောပြနေရဦးမည်။ နေ့လယ်ကျ တော်ဝင်ပါလာတော့မှပဲ တစ်ခါတည်း မိတ်ဆက်ပေးလိုက်မည်။ တော်ဝင့်လို ချစ်စရာကောင်းသော မိန်းကလေးတစ်ယောက်ကို ရွှေပိုး မခင်မင်ဘဲနေမှာမဟုတ်တာတော့ ကျွန်တော် အတပ်ပြောရဲပါသည်။

"နင်သွားနှင့် ငါ ဝင်စရာလေး တစ်ခုရှိလို့"

အတန်းချိန်တွေပြီးသွားသည်နှင့် ကျွန်တော်က အခန်းထဲမှ အတူ ထွက်လာသော ရွှေပိုးကို ပြောလိုက်သည်။ ရွှေပိုးက ကျွန်တော့်ကို အူကြောင်ကြောင်နှင့် ပြန်ကြည့်သည်။

"ဒီနေ့ နင်အတော်ထူးဆန်းနေတယ်နော်"

"အေး ဟုတ်တယ် ငါတို့အတွက် သူငယ်ချင်းအသစ်တစ်ယောက် ငါတွေ့ထားတယ်"

"အာ ရှုပ်ရှုပ်ယှက်ယှက်တွေ"

ရွှေပိုး မျက်နှာက စကြားကြားချင်းမှာ အံ့ဩသွားသလိုလိုနှင့် နောက်တော့ မျက်မှောင်ကြီးကျုံ့လျက် ရှုတ်ချ၏။ ကျွန်တော်တောင် သူမ စပြုအမူကြောင့် နည်းနည်း စနိုးစနောင့် ဖြစ်သွားရသည်။





"ဘာဖြစ်လို့လဲဟ"

"ငါတို့ဘာသာ အေးအေးချမ်းချမ်း ရှိနေတာကို နင်က ဘယ်က အရှုပ်ထုပ်ကောင်တွေနဲ့ သွားပေါင်းမိသွားတာလဲ ညီ"

"အရှုပ်ထုပ်မဟုတ်တာတော့ လုံးဝ အာမခံတယ်၊ နင်လည်း သူ့ကိုမြင်ရင် ခင်သွားမှာပါ"

"အွန် ငါ့ကိုပါ အတင်းကြီး ဆွဲထည့်နေပါရော့လား"

"ငါ့စကားကိုသာ ယုံစမ်းပါဟာ၊ သွား၊ ကန်တင်းမှာ စောင့်နေ၊ ငါ သူ့ကိုခေါ်ပြီး လာခဲ့မယ်"

ရွှေပိုးက ကျွန်တော့်ကို စောင်းငန်းစောင်းငန်းကြည့်လျက် ထွက်သွားသည်။ ကျွန်တော့်ခြေလှမ်းများကို ပထမနှစ်အတန်းများဆီ ဦးလှည့်လိုက်၏။ အခန်းရှေ့ဝရန်တာလေးမှာ တစ်ယောက်တည်းရပ်လျက် ကျွန်နေသော တော်ဝင့်ကိုမြင်တော့ ကျွန်တော့်ရင်တွေ ခုန်လာပြန်သည်။ သူမက ကျွန်တော့်ကို အပြုံးလေးဖြင့် ဆီးကြိုနေ၏။

"တော်ဝင် စောင့်နေရတာ ကြာပြီလား"

"သိပ်မကြာသေးပါဘူး။ အတန်းက ခုနကမှ ဆင်းတာ"

"ကျွန်တော်လည်း အတန်းဆင်းဆင်းချင်း လာခဲ့တာပါ"

"ဟုတ်ကဲ့"

ကျွန်တော်တို့နှစ်ယောက် ယှဉ်တွဲလျက် လျှောက်လာတော့ တွေ့သမျှ ကျောင်းသူကျောင်းသား အားလုံးနီးပါးက ပေါ်တင်တစ်မျိုး မပေါ်တင် တစ်မျိုး ကြည့်ကြ၏။ ကျွန်တော်က ကျောင်းမှာဆို ရွှေပိုးနဲ့သာ အတွဲများ



www.burmeseclassic.com

www.burmeseclassic.com



လျက် ဘယ်မိန်းကလေးနဲ့မှ အရောတဝင်မရှိခဲ့ဖူးတာမို့ သူတို့ ထူးဆန်းနေကြတာလား။

ကျွန်တော့်စိတ်ထဲ ဇဝေဇဝါနှင့်ပင် ရွှေပိုးရှိနေသော ကန်တင်းဆိုင်လေးဆီ တော်ဝင်နှင့်အတူ ရောက်ရှိသွား၏။ စာအုပ်တစ်အုပ်ကို ငုံ့ဖတ်နေသော ရွှေပိုးက ကျွန်တော်တို့နှစ်ယောက် ဝင်လာတာကို တန်းမမြင်သေး။ စားပွဲနားသို့ရောက်သွားတော့မှ ခေါင်းတစ်ချက်မော့ကြည့်လျက် မျက်လုံးတွေပြူးသွားသည်။ ကျွန်တော့်ကိုကြည့်လိုက် တော်ဝင့်ကိုကြည့်လိုက်နှင့် ပါးစပ်အဟောင်းသား။

"ဟဲ့ ဘာဖြစ်နေတာတုန်း၊ ငါ့မြင်တာပဲ အဲဒီလောက် လန့်ရလား"

"နင်ပြောတဲ့ သူငယ်ချင်းဆိုတာ"

"သူလေ နာမည်က တော်ဝင်. တဲ့"

"ငါ သူ့ကိုသိတယ်လေ၊ သူက ငါတို့မေဂျာက ဒီနှစ်ကျွင်းလေ"

"ဟင်"

ဒီတစ်ခါတော့ အံ့သြရသူက ကျွန်တော်ပေါ့။ မောင်မယ်သစ်လွင်ကြိုဆိုပွဲမှာ အလှဘုရင်မအဖြစ် သရဖူရသွားသည့်ကျောင်းသူလေးအကြောင်းကို ရွှေပိုးအမွှန်းတင်နေတုန်းကတော့ ကျွန်တော် စိတ်မဝင်စားခဲ့တာအမှန်။ ဘယ်လိုဖြစ်လို့ ကျွန်တော် စိတ်မဝင်စားခဲ့သူ Queen လေးက တော်ဝင်ဖြစ်နေခဲ့တာလဲ။

"နင် တကယ်မသိတာလား ညီ"

"ငါ မသိဘူး"





ကျွန်တော် ရိုးသားစွာ ခေါင်းခါတော့ တော်ဝင်က အသံလွင်လွင်လေးဖြင့် ရယ်သည်။

"တော်ဝင် ကွင်းဖြစ်တာမဖြစ်တာက အခုလို သူငယ်ချင်းဖြစ်ခွင့်ရတာကိုတော့ ဘယ်လိုမှ ထိခိုက်မယ် မထင်ပါဘူးနော်"

သူမက ခပ်နောက်နောက်လေးပြောတော့ ကျွန်တော်ရော ရွှေပိုးပါ ရယ်မောလိုက်မိသည်။

"ဘယ်တော့မှမထိခိုက်ပါဘူး တော်ဝင်ရယ်၊ ကျွန်တော် အဲဒါတွေ စိတ်မဝင်စားပါဘူး၊"

"ဟုတ်ကဲ့ပါ တော်ဝင်လည်း ယုံပါတယ်"

"ဒီတော့ တော်ဝင်က ငါတို့ရဲ့သုံးယောက်မြောက် သူငယ်ချင်းလေးပေါ့ ဟုတ်လား ညီ"

"အေး ဟုတ်တယ်၊ နင့်ကိုပြောသားပဲ၊ နင်မြင်ရင် ခင်သွားမှာပါလို့"

"အေးပါ ဟုတ်ပါတယ် နင်ပြောတာ မှန်ပါတယ်"

တော်ဝင်က ရွှေပိုးဘေးနားမှာ ဝင်ထိုင်သည်။ ကျွန်တော်က သူမတို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင်။

"တော်ဝင် မှာနော်၊ ဒီနေ့ ကျွန်တော် ရှင်းမယ်"

"အို မဟုတ်တာ၊ တော်ဝင် ရှင်းပါ့မယ်၊ တော်ဝင်တစ်ယောက်တည်းဖြစ်နေတာကို ခုလို သူငယ်ချင်းတွေဖြစ်ခွင့်ပေးခဲ့တာမဟုတ်လား"

"ကျွန်တော်ပဲ ရှင်းပါ့မယ်ဗျာ၊ တော်ဝင်ကတော့ နောက်နေ့မှ ရှင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေပိုးက တော်ဝင် မမြင်အောင်လို့ ကျွန်တော့်ကိုကြည့်ရင်း နှာခေါင်းလေးရှုံ့ မျက်စောင်းထိုးသည်။ ကျွန်တော် မသိချင်ယောင်သာ ဆောင်နေလိုက်၏။

"ဒီလိုဆိုလည်း တော်ဝင် မှာလိုက်တော့မယ်နော်၊ ဗိုက်ဆာနေပြီ"

"မှာပါဗျာ ကြိုက်တာသာ မှာစား"

"ဟဲ့ ကြိုက်တာမှာစားရမယ့်ထဲမှာ ငါလည်း ပါတယ်မဟုတ်လား"

"ပါပါတယ် ပါပါတယ်၊ နင်က VIP ပဲ၊ မပါလို့ ဘယ်ဖြစ်မလဲ"

ကျွန်တော်က ခပ်ရွှဲရွှဲလေး ပြန်ဖြေတော့ ရွှေပိုးက လက်သီးဆုပ်လေး ထောင်ပြသည်။ အသီးသီးစားသောက်စရာများရှေ့ရောက်လာတော့ စကားသံများ ခဏတာ တိတ်ဆိတ်သွားသည်။ လက်ဖက်ထမင်းစားနေသော တော်ဝင့်ကိုကြည့်ပြီး ရွှေပိုးက မျက်ခုံးပင့်ပြ၏။ ကျွန်တော် ပြုံးနေလိုက်သည်။

ယောကျ်ားလေးတနိုမှဲ့ လက်ဖက်သိပ်ကြိုက်တတ်သော ကျွန်တော့်အကြောင်း သိနေသည့် ရွှေပိုးက တိုက်ဆိုင်မှုအတွက် လှမ်းအချက်ပြခြင်းမှန်း ကျွန်တော် သိပါသည်။

"ညနေကျရင် ငါ့ကို အန်တီက နင်တို့အိမ်ဘက်မှာ ထမင်းလာစားဖို့ ဖိတ်ထားတယ်၊ ငါကြိုက်တဲ့ ဝက်သားပုန်းရည်ကြီး ချက်ထားမယ်တဲ့"

"မေမေက ငါ့တောင်မပြောဘဲ နင့်တော့ အကြောင်းကြားထားတယ်ပေါ့လေ"

"ဒါပေါ့"

ရွှေပိုးက လက်မလေးထောင်ပြလျက် ပြောင်စပ်စပ်ပြောသည်။





ကျွန်တော်တို့နှစ်ယောက်ကို ငေးကြည့်နေသော တော်ဝင်က ပြုံးပြုံးလေး။

"တစ်ယောက်နဲ့တစ်ယောက် သိပ်ခင်ကြသလိုပဲနော်၊ တော်ဝင် တကယ်အားကျတယ် သိလား။ တော်ဝင့်ဆီမှာ အဲဒီလို ခင်မင်ရမယ့် သူငယ်ချင်းမျိုးတစ်ခါမှ မရှိဖူးဘူး"

"နောက်ဆို တော်ဝင်လည်း ကျွန်တော်တို့နှစ်ယောက်လိုပဲ ဖြစ်သွားမှာပေါ့၊ ကျွန်တော့်အိမ်ကိုလည်း လာလည်လို့ရပါတယ်"

"ဟုတ်တယ် တော်ဝင်၊ ညီနဲ့က ခြံချင်းကပ်လျက်နေတာ၊ သူ့အိမ်လာရင်း ဒီဘက်အိမ်လည်း ဝင်လည်လို့ရတယ်"

"အဲဒီလိုတော့ သွားလေ့သွားထမရှိပေမယ့် တစ်ရက်ရက်တော့ ရောက်အောင် လာလည်ပါ့မယ်နော်၊ သူငယ်ချင်းတွေ ဖြစ်သွားပြီပဲ"

"ဒါပေါ့ သူငယ်ချင်းအချင်းချင်းကြားမှာ ဘာမှအားနာနေစရာ မလိုဘူး"

အတန်းချိန် ပြန်စတော့မယ်ဆိုပြီး တော်ဝင် နှုတ်ဆက်ထွက်ခွာသွားတော့ အတန်းချိန်မရှိတော့သည့် ကျွန်တော်နှင့်ရွှေပိုးက ကန်တင်းလေးထဲမှာ ကျန်နေခဲ့သည်။ ထိုအခါကျမှ ရွှေပိုးက သူမသိချင်နေသည်များကို တစ်ချိန်လုံး အောင့်အီးထားရသမျှ ဖွင့်ထုတ်မေးတော့သည်။

"မေးပါရစေ ကိုယ်တော်၊ နင်က မနေ့က ငါပြောတုန်းကတော့ စိတ်မဝင်စားသလိုလို ဘာလိုလိုနဲ့ ခုတော့ ထူးထူးဆန်းဆန်းတွေလုပ်ပြီး သူငယ်ချင်းတောင် ဖမ်းတော်လိုက်ပါလား။ ဒါ ရိုးတော့မရိုးသားဘူးနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်တယ် ရွှေပိုး။ ငါ့သူငယ်ချင်းလို့ကို မပြောရဘူး။ နှင် တော် တော်အမြင်ရှိတယ်"

ရွှေပိုးက ကျွန်တော့်ကို မျက်စောင်းထိုးပြန်သည်။

"ပြောစမ်း နှင်ဘာတွေကြံစည်နေတာလဲ၊ ကောင်းကောင်းမွန်မွန် အမှန်အတိုင်းဖြေနော်၊ သိပ်ကြည့်မရအောင်မလုပ်နဲ့ ကြားလား"

"အေးပါ ကြားပါတယ်၊ အမှန်အတိုင်းပြောရရင် ငါ သူ့ကိုမနေ့က တွေ့ခဲ့တာဟ၊ ကွင်းတွေဘာတွေမှန်းလည်း ငါမသိပါဘူး"

တော်ဝင်နှင့်တွေ့ဆုံခဲ့သည့် အဖြစ်အပျက်ကို ကျွန်တော် ပြောပြလိုက်တော့ ရွှေပိုးက မျက်မှောင်ကြီးတကျုံ့ကျုံ့နှင့် နားထောင်သည်။ အားလုံး ဆုံးအောင် နားထောင်ပြီးတော့မှ မှတ်ချက်တစ်ခုချ၏။

"သြော် ငါ့ကျတော့ ကျောင်းကန်တင်းမှာ ပစ်ချထားခဲ့ပြီး နှင်က တခြားမိန်းကလေးတစ်ယောက်ရဲ့ကျေးဇူးရှင်ကြီး သွားလုပ်နေတာကိုး"

ခပ်ရွဲ့ရွဲ့မှတ်ချက်ကို ကျွန်တော် ပြုံးဖြီးဖြီးနှင့်သာ လက်ခံလိုက်ရသည်။

"ဆိုတော့ကာ ခုလိုမျိုး ငါတို့နှစ်ယောက်နဲ့ သူငယ်ချင်းလုပ်ဖို့ထိ လည်း နှင်ကပဲဖိတ်မန္တက ပြုလိုက်တာပေါ့လေ"

"နင့်လေသံနားထောင်ရတာလည်းဟာ မကျေနပ်သလိုကြီးပါလား ရွှေပိုး"

"မကျေနပ်တာတော့ မဟုတ်ပါဘူး။ မနေ့တည်းက တော်ဝင် ကွင်းရသွားတော့ ငါတောင် နှင့်ကိုချီးမွမ်းခန်းလောဖွင့်လိုက်သေးတာပဲ။ ချစ်စရာ





လေးပါ၊ ခင်ဖို့လည်းကောင်းမှာပါ၊ ဒါပေမဲ့ နှင့်စိတ်ကတော့ ငါ့လောက် ရိုးသားမယ်မထင်ဘူး ဟုတ်တယ်မဟုတ်လား ညီ"

လေသံက စုံထောက်ဆန်လာသော ရွှေပိုးကို ကျွန်တော် ရှေ့ လျှောက်လည်း ဖုံးကွယ်လို့မရမယ့်တူတူ ခုတစ်ခါတည်း ဖြေထားလိုက်တာ က ပိုကောင်းပါမည်။

"ဟုတ်တယ် ငါ သူ့ကိုမြင်လိုက်တာနဲ့ ရင်ထဲမှာ အေးချမ်းသွား တာဟ၊ ရင်တွေလည်း ခုန်တယ်၊ အဲဒါ လုံးဝအသစ်ကြီးပဲ၊ ငါ့အတွက်ပေါ့"

"ထင်သားပဲ၊ နှင်တော့ ဘူးနေပြီဆိုတာ"

"နှင့်မှတ်ချက်ကြီးကလည်းဟာ နှင်လိုက်တာ"

"နှင်နေရင် ရေသောက် ရော့"

ရေသန့်ဘူးကြီးကို ကျွန်တော့်ရှေ့တည့်တည့်သို့ ဆောင့်ကြီးအောင့်ကြီး လှမ်းချပေးသော ရွှေပိုးမျက်နှာလေးက မှုန်ကုပ်နေ၏။

"နှင် ဘာဆက်လုပ်မှာလဲ"

"ဘာကိုလဲဟ"

"ငါတို့က အတန်းချိန်မရှိတော့ဘူးလေ၊ ပြန်တော့မှာလား။ နှင့်ရဲ့ အသစ်စက်စက် ရင်ခုန်သံလေးကိုစောင့်ဦးမှာလားလို့ မေးတာ"

"ငါ စောင့်လိုက်ဦးမယ်ဟာ၊ နှင်ကရော"

"ငါပြန်တော့မယ်၊ ဒီနေ့ အိပ်ရေးမဝလို့ အိပ်စောစောပြန်ပြီး နား ချင်နေပြီ"

"အေးလေ ဒီလိုဆိုလည်း ပြန်ပေါ့၊ ညကျမှ ထမင်းလာစားတော့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ"

ကျွန်တော့်ရှေ့ကနေ ရွှေပိုး ထွက်ခွာသွားသည်။ ကျွန်တော်က တော့ တော်ဝင်တို့အတန်းဆင်းချိန်ကို စာအုပ်လေးတစ်အုပ်ဖတ်ရင်း ထိုင် စောင့်နေလိုက်ပါဦးမည်။

■ ■ ■



## အခန်း (၄)

"ဆရာရေ ဒီမှာ ပြဿနာတစ်ခုတက်နေတယ်"

မျက်နှာပျက်စွာနှင့် လာရောက် သတင်းပေးသော ခြံတာဝန်ခံ ဦးမြင့်ကိုကြည့်ပြီး ကျွန်တော် စိုးရိမ်သွားသည်။ ခြံထဲမှာ ဘာပြဿနာတွေများ တက်နေပါလိမ့်။

"ဘာဖြစ်လို့လဲ ဦးမြင့်"

"ရန်ကုန်ကို ကျွန်တော်တို့ပို့လိုက်တဲ့ပစ္စည်းကားက လမ်းမှာ အက်ဆီးဒင့်ဖြစ်လို့ ဆရာ"

"ဟော"

ကျွန်တော် မျက်လုံးများပြူးသွားသည်။ ဒါဆို ပစ္စည်းတွေ အချိန်မီ မပို့နိုင်တော့မှာ သေချာနေပြီ။ ကျွန်တော်တို့နဲ့ ချိတ်ဆက်ပြီး အချိန်ကိုက် လုပ်နေသော လုပ်ငန်းများအတွက် အခက်အခဲများစွာ ဖြစ်သွားနိုင်၏။

"လူထိခိုက်သွားသေးလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒဏ်ရာနည်းနည်းပါးပါးတော့ ရတယ်လို့ပြောတယ်၊ အခု ဆေးရုံ ရောက်နေတယ် ဆရာ"

"ကောင်းပြီ ကျွန်တော် သွားကြည့်လိုက်မယ်၊ ဦးမြင့်တို့က ပစ္စည်းတွေကို အတတ်နိုင်ဆုံးနဲ့ အမြန်ဆုံး အစားထိုးပို့ပေးနိုင်အောင် ပြင်ဆင်ပေးပါ"

"ဟုတ်ကဲ့ပါ ဆရာ"

"ကျွန်တော် စိတ်ချမယ်နော်"

ပြည်သူ့ဆေးရုံကို ကျွန်တော်ရောက်တော့ ကားမောင်းသည့် ကောင်လေးက ဒဏ်ရာပြင်းပြင်းထန်ထန် မရှိ။ နဖူးအနည်းငယ် ပေါက်ပြဲသွားကာ လက်ဖျံအရိုးအက်သွားသည်။ အနားမှာရှိနေသော ယာဉ်ထိန်းရဲ အရာရှိများက ထိုဝန်ထမ်းလေးကိုမေးခွန်းများ မေးမြန်းနေသည်။

ကျွန်တော်တို့ဘက်က အမှားမဟုတ်ဘဲ တစ်ဖက်မှအမှားဖြစ်နေသောကြောင့် တရားစွဲဖို့ရှိမရှိစသည်များ မေးမြန်း၏။ ရှိသားသည့် ကောင်လေးက ကျွန်တော့်သဘောပါဟု ပြောသည်။

"မင်းက ထိခိုက်နစ်နာသွားတဲ့သူပဲ၊ မင်းကိုယ်တိုင်ပဲ ဆုံးဖြတ်ပါ"

"တရားစွဲတာတွေဘာတွေက အလုပ်များမှာပါ ဆရာရယ်၊ ကျွန်တော်ကတော့ ကျေအေးပေးလိုက်ချင်ပါတယ်"

"ဒါပေမဲ့ ကျွန်တော့်ဝန်ထမ်းထိခိုက်နစ်နာသွားမှုအတွက် ထိုက်သင့်တဲ့နစ်နာကြေးတော့ ကျွန်တော်တို့လိုချင်ပါတယ်"

ကျွန်တော့်စကားကို အရာရှိကလည်း ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံပါသည်။



"ဒါကတော့ ဖြစ်ရမှာပေါ့၊ ကျွန်တော်တို့လည်း ဟိုဘက်က တိုက်လိုက်တဲ့ကောင်လေးရဲ့ အလုပ်ရှင်တွေကို ဖုန်းဆက်ခေါ်ထားပါတယ်"

ဖြစ်ချင်တော့ ကျွန်တော်တို့ကားကို တိုက်လိုက်သော ဒိုင်နာဘက်ကလည်း ကားပိုင်မောင်းနေခြင်းမဟုတ်ဘဲ အိမ်စီးသီးသန့်အတွက် ဒရိုင်ဘာငှားထားခြင်းသာ ဖြစ်သည်။ ဒီလိုဆိုတော့ အုံနာကို ကျွန်တော်တို့ ဆက်စောင့်ရုံသာ ရှိ၏။

"ကျွန်မက တိုက်လိုက်တဲ့ဘက်က အုံနာပါရှင်"

မိန်းကလေးသံတစ်ခုကို ကျွန်တော် အရင်ကြားရသည်။ ယာဉ်ထိန်းရဲအရာရှိ ဒီဘက်လှည့်လိုက်တော့မှ သူမ မျက်နှာကို ကျွန်တော် သေချာမြင်ခွင့်ရခြင်း ဖြစ်၏။ ကျွန်တော် မျက်လုံးတွေပြူးလျက် ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။ သူမကိုယ်တိုင်လည်း ကျွန်တော့်ကို မြင်လိုက်တော့ မျက်နှာချက်ချင်းပျက်သွား၏။ ဒါပေမဲ့ ချက်ချင်းပင် ထိုပျက်ယွင်းသွားမှုကို ထိန်းသိမ်းလိုက်ရင်း

"နင်က ဒီကို ဘယ်လိုရောက်နေတာလဲ ညီ"

"နင်ပျောက်နေတယ်နော် ရွှေပိုး"

တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်လိုက်သော ကျွန်တော်နှင့် ရွှေပိုးကိုကြည့်ပြီး အရာရှိက သဘောပေါက်လိုက်ပုံရသည်။

"ခင်များတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းတယ်နဲ့တူတယ်၊ ဒါဆိုရင် ပိုအဆင်ပြေတာပေါ့ဗျာ၊ ကျွန်တော်တို့လည်း ရှည်ရှည်ဝေးဝေးတွေ ဝင်ရှင်းပြနေဖို့ မလိုတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ကျွန်မတို့ချင်းပဲ စကားပြောလိုက်ပါ့မယ်"

"ကောင်းပါပြီ၊ ကျွန်တော် အခန်းပြင်မှာ ရှိနေပါ့မယ်"

အရာရှိထွက်သွားသည်နှင့် ကျွန်တော်က ရွှေပိုးကို စကားစရန် ကြိုးစားလိုက်သည်။ ဒါပေမဲ့ သူမက ဦးသွားသောကြောင့် ကျွန်တော် နှုတ်ဆိတ်နေလိုက်ပါသည်။

"ငါတို့ဘက်က ဘာတွေလုပ်ပေးရမလဲ ညီ၊ လူနာက တော်တော် ထိသွားသေးလား"

သူမက ပြောပြောဆိုဆိုပင် ကျွန်တော့်ဝန်ထမ်းလေး ခုတင်နားဆီ ရောက်သွားလျက် ဟိုဟိုဒီဒီတွေ မေးမြန်းနေသည်။ ရွှေပိုးကိုကြည့်ရတာ ကျောင်းတုန်းကလိုမျိုး ပျော်ပျော်ပျက်ပျက် ပုံစံတွေ ပျောက်ဆုံးနေ၏။ တည် ငြိမ်ရင့်ကျက်သော မိန်းမတစ်ယောက်အသွင်ဖြင့် သူမ လှပနေပါသည်။

"နင်ကြားတဲ့အတိုင်းပဲ၊ ငါတို့ဘက်ကတော့ တရားစွဲတာတွေ ဘာတွေ မလုပ်ချင်ပါဘူး။ ဒါပေမဲ့ ငါ့ဝန်ထမ်းလေးအတွက်တော့ ထိုက်သင့်တဲ့ နစ်နာကြေးပေးစေချင်တယ်"

"နင်တို့ဘက်က ဘယ်လောက်လိုချင်တာလဲ"

တကယ်ကိုပဲ သူမ လေသံက စီးပွားရေးဆန်နေသည်။ ဒါမှမဟုတ် သူစိမ်းဆန်နေသည်လို့ ပြောရမလား။

"ဒါတွေအထိ ငါဝင်မပြောချင်ပါဘူး။ ကာယကံရှင်နဲ့ နင်တို့ပဲ ညှိကြပါ"

သူမကိုယ်တိုင် စကားပြောဆိုညှိနှိုင်းပြီးချိန်မှာ ကျွန်တော်တို့ ပစ္စည်း





တွေ ဆုံးရှုံးသွားသည့်အတွက် တန်ဖိုးသက်သက်၊ ဝန်ထမ်းလေးအတွက် နစ်နာကြေးသက်သက် ထိုက်သင့်သလောက် စီစဉ်ပေးခဲ့သည်။ ပစ္စည်းတန်ဖိုး များကိုတော့ ရွှေပိုးဖြစ်နေသည့်အတွက် ကျွန်တော့်ဘက်က ရှော့ပေးလိုက်ဖို့ စဉ်းစားထားပေမယ့် သူမကိုယ်တိုင်က မဖြစ်မနေ ယူမှဖြစ်မယ်လို့ ပြောဆို နေသောကြောင့် ကျွန်တော့်မှာ လက်ခံရပြန်သည်။

အရာရှိနှင့်ညှိနှိုင်းစရာရှိတာတွေ ပြောဆိုဆုံးဖြတ်အတည်ပြုပြီးသွား ချိန်မှာ ကျွန်တော့်ဘက်က ဝန်ထမ်းကောင်လေးရဲ့မိသားစုဝင်များ ရောက်လာ သောကြောင့် ရွှေပိုးကိုယ်တိုင်ပင် နစ်နာကြေးတွေကို ထိုကောင်လေး၏ အမေဖြစ်သူလက်ထဲ ထည့်ပေးခဲ့သည်။

နောက်တော့ ကျွန်တော်တို့နှစ်ယောက် ဆေးရုံဝင်းထဲကနေ အတူ ထွက်ခဲ့ကြ၏။

"နင်ဒီနှစ်တွေမှာ ဘယ်တွေရောက်နေခဲ့တာလဲ ရွှေပိုး"

ကျွန်တော်နှင့်တော်ဝင် လက်ထပ်ပြီး သားလေးကို ကိုယ်ဝန်စရှိ ခဲ့သည့်အချိန်လောက်တည်းက ကျွန်တော်တို့မြင်ကွင်းထဲကနေ ပျောက်ကွယ် သွားခဲ့သော ရွှေပိုးကို ခုလိုမျိုး မထင်မှတ်ထားသည့်နေရာမှာ မထင်မှတ်ထား ဘဲ ပြန်တွေ့ဆုံခွင့်ရခဲ့သဖြင့် ကျွန်တော် အံ့သြနေမိသည်။ သူမကတော့ ပုံမှန်လိုပါပဲ၊ ကျွန်တော့်ကိုမြင်လိုက်ရလို့ အံ့သြဟန်လည်းမရှိ၊ ပျော်ရွှင်ဟန် လည်းမရှိ။

"ငါ ဒီလိုပဲ ဟိုဟိုဒီဒီတွေ လုပ်နေတာပေါ့၊ စီးပွားရေးတွေပါပဲ၊ နိုင်ငံခြားလည်း သွားလိုက်သေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ဟုတ်လား"

"အင်း ခုတောင် ဒီမြို့ကို ခဏရောက်နေတာ"

"အလုပ်ကိစ္စပဲလား"

"အလုပ်ကိစ္စတော့ မဟုတ်ပါဘူး။ ငါ့စိတ်တွေ သိပ်ပင်ပန်းလာရင် အပန်းဖြေရအောင် ဒီမှာ ခြံလေးနဲ့တိုက်ကလေး ဝယ်ထားခဲ့တာလေ၊ ခုတော့ အပန်းဖြေဖို့သက်သက် ရောက်နေတယ်ပဲ ဆိုပါတော့"

"ဪ နှင်းတော်တော် အဆင်ပြေနေပုံရတယ် ရွှေဦး။ ဘယ်လိုလဲ အိမ်ထောင်တွေဘာတွေရော ကျပြီလား"

ခပ်ပြုံးပြုံးလေး ပြောနေသော ရွှေဦးမျက်နှာက ချက်ချင်းပင် တည်သွားသည်။ တည်တာမှ အေးစက်စက်နှင့် တည်သွားခြင်းမျိုး ဖြစ်၏။

"ဘာဖြစ်လို့ ငါ့ကို အဲဒီမေးခွန်း လာမေးတာလဲ"

ကျွန်တော် ကြောင်သွားရပြန်သည်။ တကယ်ဆို မတွေ့ရတာ ကြာသော သူငယ်ချင်းတစ်ယောက်ကို မေးလိုက်မိသည့် ကျွန်တော့်ရဲ့သာမန် မေးခွန်းမျှသာ ဖြစ်သည်။ ခုတော့ သူမက ထူးထူးဆန်းဆန်း မေးခွန်းတွေ ပြန်ထုတ်လျက် ကျွန်တော့်ကိုလည်း ခပ်တည်တည် ကြည့်နေပြန်သည်။

"ဘာဖြစ်လို့လဲ၊ နှင့်မှာ မဖြေနိုင်လောက်စရာ အကြောင်းတစ်ခုခု များ ရှိနေလို့လား"

"တကယ်ဆို ဒီမေးခွန်းကို နှင်မေးဖို့တောင် မလိုပါဘူး ညီ"

ကျွန်တော့်ကိုကြည့်နေသော မျက်လုံးစိမ်းတွေ ချက်ချင်းအရောင် ကျလျက် ကျွန်တော့်ထံမှလည်း အကြည့်များလွှဲသွားသည်။ ဒီမေးခွန်းကို





ကျွန်တော် မေးဖို့တောင် မလိုဘူးတဲ့။ သူမဆိုလိုချင်နေတာတွေကို ကျွန်တော် တစ်ခုမှ နားမလည်နိုင်ခဲ့ပါ။ ဒါပေမဲ့ သူမက မမေးစေချင်ဘူးဆိုရင် ကျွန်တော် ကလည်း မမေးရုံသာရှိ၏။

"နှင်အခု ဘယ်ပြန်မှာလဲ"

"ငါ အိမ်ပဲပြန်မှာ"

"ငါ့ခြံထဲ လိုက်ခဲ့ပါလား။ နှင့်ကို တစ်ခုခုနဲ့ ဧည့်ခံပါ့မယ်"

သူမ တစ်ချက်စဉ်းစားလိုက်သလိုမျိုး ငြိမ်သက်သွား၏။ တော် တော်ကြာမှ ခေါင်းညိတ်လက်ခံသည်။

"ကောင်းပြီလေ ငါလိုက်ခဲ့ပါ့မယ်"

ကားမောင်းနေသော ကျွန်တော့်ဘေးမှာ လိုက်ပါလာသည့် ရွှေဦး တစ်ယောက် ငြိမ်သက်တိတ်ဆိတ်နေ၏။ ဘေးဘီလမ်းတစ်လျှောက်က စိမ်းလန်းသော ရှုခင်းများကို ငေးမောရင်း သူမ ဘာတွေတွေးနေသည်မသိ။ ဒီမြို့လေးကို အပန်းဖြေဖို့သက်သက်လာခဲ့သည်ဆိုသော သူမက ကျွန်တော့် ဖိတ်ခေါ်မှုကို ဘာတွေကြောင့်များ ငြိမ်သက်တွေဝေစွာ စဉ်းစားနေခဲ့တာပါ လိမ့်။ ပြီးတော့ ကျွန်တော်ကရော ဒီကိုဘယ်လိုအကြောင်းပြချက်တွေဖြင့် ရောက်နေခဲ့တာလဲလို့ သူမကိုတစ်ခွန်းမှမမေး။

ကျွန်တော်နဲ့အဆက်အသွယ်ပြတ်နေခဲ့သော နှစ်တွေအတွင်းမှာ သူမရဲ့ခင်မင်မှုတွေ အေးစက်သွားခဲ့တာလား။ ကျွန်တော့်ဘဝအကြောင်းတွေ ကိုရော သူမ ဘာတွေဘယ်လောက်ထိ သိထားခဲ့သလဲ။ တော်ဝင် မပြောတော့ ဘူးဆိုတာ သူမ သိရဲ့လား။ ကျွန်တော့်သားလေးက ဒီနှစ်ထဲမှာကို ဆယ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်တော့မယ်ဆိုတာကို သူမ သိရဲ့လား။

အင်းလေ ဒီမြို့ကို ကျွန်တော် ဘာလို့ရောက်နေတယ်ဆိုတာ သူမ သိနှင့်ပြီးသား၊ သဘောပေါက်ပြီးသားလည်း ဖြစ်မှာပေါ့လေ။ ယယ်ယယ်တည်းက ဒီမှာ လိမ္မော်ခြံများရှိတဲ့အကြောင်း သူမတို့တစ်မိသားစုလုံး သိနေခဲ့ပြီးသားပဲ၊ ကျွန်တော့်ကို မမေးဘူးဆိုတာ သူမ နားလည်သဘောပေါက်ပြီးသားမို့ ဖြစ်မှာပါ။ ကျွန်တော်သာ အတွေးလွန်နေခြင်း ဖြစ်ပါလိမ့်မည်။

"နင် အရက်တွေ သိပ်မသောက်နဲ့ ညီ"

အဝေးကိုငေးလျက် အတွေးတွေထဲ နစ်မြောနေသည်ဟု ကျွန်တော် မှတ်ယူထားခဲ့သော သူမထံမှ စကားသံတစ်ခုထွက်ကျလာသည်။ ပြောမယ့်ပြောတော့လည်း ကျွန်တော် ဘယ်လိုပြန်တုံ့ပြန်ပြောရမယ်မှန်းမသိသော စကားမျိုး။ ကျွန်တော့်ကိုကြည့်ပြီး ပြောလိုက်ခြင်းလည်း မဟုတ်။ ပြတင်းပေါက်ကနေ ကျော်လွန်လျက် လယ်ကွင်းပြင်များဆီ ငေးမောနေရင်း ပြောလိုက်သော စကား။

ကျွန်တော် အရက်သမားတစ်ယောက်ဖြစ်နေမှန်း သူမ ဘယ်လိုသိသွားတာလဲ။ မတွေ့မမြင်ရတာကြာပြီဖြစ်တဲ့နှစ်တွေအတွင်းမှာ သူမ ဘယ်လိုသိသွားတာလဲ။ ဒါမှမဟုတ် ကျွန်တော့်ပုံစံကိုက မြင်လိုက်တာနှင့် အရက်သမားတစ်ယောက်မှန်း ခန့်မှန်းလို့ရလောက်အောင်ပင် ပျက်ယွင်းနေခဲ့ပြီလား။

တစ်ခွန်းတည်းသော သူမ မေးခွန်းအတွက် ကျွန်တော် ဘာမှ ပြန်မဖြေခဲ့သလို သူမကလည်း ကျွန်တော့်ကိုထပ်မမေးတော့ပါ။

ခြံထဲ ပြန်ရောက်တော့ ဦးမြင့်တို့တစ်စုက ပါကင်ပိတ်ပြီးသား၊





အဆင်သင့်ဖြစ်နေသော ပစ္စည်းများကို ကားပေါ်တင်နေကြပြီ။

"အားလုံး ပြင်ဆင်ပြီးပါပြီ ဆရာ"

"ကောင်းပြီ ဦးမြင့်၊ ဒီတစ်ခါတော့ လမ်းကျွမ်းတဲ့ဆန်းဝင်းကို ဟိုတစ်ခါက အသစ်ရောက်တဲ့ဝန်ထမ်းလေးနဲ့ တွဲထည့်ပေးလိုက်ပါ၊ ပြင်ဆင်စရာရှိတာလေးတွေ ပြင်ဆင်ပြီး နောက်ထပ်နာရီဝက်လောက်နေရင် ထွက်တော့နော်၊ ပစ္စည်းမှာထားတဲ့နေရာတွေကိုရော အချိန်နည်းနည်းနောက်ကျမယ့်အကြောင်း အကြောင်းကြားတောင်းပန်ပြီးပြီလား"

"ကျွန်တော် အားလုံးလုပ်ခဲ့ပြီးပါပြီ ဆရာ၊ ဒါနဲ့ဆရာရော ဟိုမှာ အဆင်ပြေခဲ့ရဲ့လား"

ဦးမြင့်က သူ တစ်ခါမှမမြင်ဘူးသော ရှေ့ပိုးကို တစ်ချက်လှမ်းငေးလိုက်ရင်း ကျွန်တော့်ကို မေး၏။

"အဆင်ပြေသွားပါတယ်၊ လူလည်း စိုးရိမ်စရာ မရှိဘူး။ လက်ဖျံ ရိုးအက်သွားတာလောက်ပဲ၊ ဟိုဘက်ကတိုက်တဲ့သူကလည်း ကျွန်တော့် ငယ်သူငယ်ချင်းရဲ့ဒရိုင်ဘာလေးဖြစ်နေလို့ ထင်တာထက်ကို အဆင်ပြေသွားပါတယ်"

"ဩော် တော်ပါသေးရဲ့ဗျာ၊ ကျွန်တော်တို့တွေက စိုးရိမ်နေတာဗျ အလုပ်ပြီးတော့မှပဲ ဆေးရုံသွားကြည့်တော့မယ်"

"ဒါနဲ့ ဦးမြင့်ရေ ကျွန်တော့်သူငယ်ချင်းစားဖို့ လတ်လတ်ဆတ်ဆတ် အသီးတွေ ယူလာပို့ပေးနိုင်းလိုက်ပါဦး"

"ကျွန်တော် နိုင်းလိုက်ပါ့မယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် အိမ်ထဲရောက်တော့ ထမင်းစားပွဲမှာပင် တန်းထိုင်ဖြစ်သည်။ သောက်လက်စပုလင်းနှင့်ခွက်အား ကျွန်တော် ခပ်မြန်မြန်ဖယ်လိုက်၏။ ရွှေပိုး မျက်မှောင်တစ်ချက်ကျုံ့သွားတာ ကျွန်တော် မြင်လိုက်သည်။

"နင်တစ်ယောက်တည်း နေတာလား"

မေးပြီးတော့မှ သူမ မေးခွန်းမှားသွားမှန်း သိလိုက်ပုံနှင့် ကျွန်တော့်ကို ပခုံးတစ်ချက်တွန့်ပြရင်း

"ဆောရီး ငါမေးခွန်းမှားသွားတယ်"

ဟင် ဒီလိုဆို တော်ဝင်ဆုံးပါးသွားသည့်အကြောင်းကိုလည်း သူမ သိနေတယ်ပေါ့။ သားလေးလည်း အမေနဲ့အတူ ရန်ကုန်မှာရှိနေတာ သူမ သိသည်ပေါ့။ နည်းနည်းတော့ ထူးဆန်းနေပါပြီ။ နှစ်ပေါင်းများစွာကြာအောင် ပျောက်ကွယ်နေခဲ့သော သူငယ်ချင်းတစ်ယောက်က ကျွန်တော်နဲ့ပတ်သက်တာတွေအားလုံးကို ကျွန်တော်က ပြောပြခဲ့ဖူးခြင်းမရှိပါဘဲ တစ်ခုမကျန် သိနေသည့်ပုံကတော့ ထူးဆန်းနေတာ အမှန်ပါပဲ။

"ဘာဖြစ်လို့ နင့်မေးခွန်းမှားတယ်လို့ နင်ပြောတာလဲ ရွှေပိုး"

"ငါမမေးသင့်ဘူးလေ"

"ဘာကို မမေးသင့်တာလဲ"

သူမက ကျွန်တော့်ကို မျက်မှောင်လေးကျုံ့လျက် ပြန်ကြည့်သည်။ နင် ငါ့ကိုတမင်ရစ်နေတာလားဆိုသည့် အကြည့်မျိုး။

"ထားလိုက်တော့ ညီ၊ ငါ မပြောချင်တော့ဘူး"





ထိုစဉ်မှာပဲ ခြံထဲမှ အလုပ်သမားအမျိုးသမီးကြီးတစ်ဦးက တစ်မှာချင်းစီ သန့်ရှင်းသပ်ရပ်စွာ ခွာထားသော လိမ္မော်သီးပန်းကန်နှင့်အတူ လိမ္မော်ဖတ်လေးများ ဝေ့ဝဲနေသော Juice နှစ်ခွက် လာချပေးသည်။

"ငါ့ခြံထဲက လိမ္မော်သီးကတော့ အရသာက ပြောစရာမလိုပါဘူး။ စားလိုက်ဦးလေ"

"ငါမှတ်မိပါတယ်၊ ငယ်ငယ်တည်းက စားလာခဲ့ရတာပဲ"

သူမက လိမ္မော်သီးတစ်မှာကို ပါးစပ်ထဲကောက်ထည့်ရင်း မှတ်မှတ်ရရ ပြောသည်။ ငယ်ငယ်ကဆို ကျွန်တော်တို့ဆီကို လိမ္မော်တွေ ပါကင်လိုက်ရောက်လာတိုင်း သူမတို့အိမ်ဘက်ကိုလည်း အမြောက်အမြား ပြန်ပေးတတ်တာ မေမေ့အကျင့်တစ်ခုပေါ့။ ခုတော့ မေမေလည်းမရှိတော့ဘဲ ကျွန်တော်လည်း ဒီကိုရောက်နေခဲ့ပြီမို့ ကျွန်တော်တို့ရန်ကုန်အိမ်လေးက တိတ်ဆိတ်ခြောက်ကပ်နေခဲ့ပြီ။

"နင် ရန်ကုန်မှာပဲ အခြေချနေတာလား"

"အေး ဆိုပါတော့၊ ဒါပေမဲ့ မေမေတို့အိမ်မှာတော့ မဟုတ်ဘူးလေ၊ ငါ့ဟာငါ သက်သက်နေတာပါ"

"ဪ"

ကျွန်တော်တို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်သွားပြန်သည်။ ကျွန်တော့်ရှေ့မှာချပေးထားသော လိမ္မော်ရည်ခွက်လေးကို အကြောင်းမဲ့ ငေးကြည့်နေမိ၏။ ကျွန်တော့်အတွက် ဖျော်ရည်တွေ အချိုရည်တွေဆိုတာ တို့အဖော်တော့မှ ကျွန်နေခဲ့တာ အတော်ကြာပြီပေါ့။ နေ့ရှိသရွေ့ အရက်ပုလင်း



www.burmeseclassic.com

www.burmeseclassic.com



များဖြင့်သာ ကျွန်တော့်အချိန်တွေ ကုန်ဆုံးစေခဲ့တာ။

"ဘာလဲ ဖျော့ရည်ဆိုတော့ မသောက်ချင်လို့ ငေးကြည့်နေတာလား"

ရွှေပိုးတစ်ယောက် အကြားအမြင်တွေများ ရနေခဲ့ပြီလား။ ကျွန်တော် ဖြစ်နေတာတွေအားလုံးကို သူမ အလိုလိုသိနေခဲ့တာ ထူးဆန်းနေပါသည်။

"မဟုတ်ပါဘူးဟာ၊ နှင်းကလည်း ငါ စဉ်းစားနေတာပါ"

သူမ ပြုံးသည်။ နှုတ်ခမ်းလေး တွန့်သည်ဆိုရုံ ယဲ့ယဲ့လေး။ ဘာမှတော့ ထပ်မပြော။ ဖျော်ရည်ခွက်ကိုကောက်ယူမော့၏။ ကျွန်တော်လည်း ခပ်အည်တည်နှင့်ပင် ကိုယ့်ခွက်ကိုယ် ယူသောက်လိုက်ပါသည်။

"စားဖို့သောက်ဖို့ကျတော့ နှင့်ကို ဘယ်သူစီစဉ်ပေးတာလဲ"

"ငါ့လက်ရင်းတပည့်လေးတစ်ယောက် ရှိတယ်လေ၊ လောလောဆယ်တော့ ရန်ကုန်ကို အလုပ်ကိစ္စတစ်ခုနဲ့ရော သားကိုခေါ်လာဖို့ပါ အကြိုလွှတ်ထားတယ်"

"နှင့်သားတောင် တော်တော်ကြီးလောက်ပြီနော်"

"အေး ဟုတ်တယ်၊ ဒီနှစ်ဆို ကိုးနှစ်ပြည့်မှာလေ"

"ငါတို့ မတွေ့ဖြစ်ကြတာလည်း၊ တော်တော်ကြာပြီနော် ညီ"

ခုမှပင် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောတော့မည့်ပုံနှင့် ရွှေပိုးမုံက နည်းနည်းအသက်ဝင်လာသည်။

"အင်း သားကို ကိုယ်ဝန်ရှိစတည်းက မတွေ့ဖြစ်ကြတော့တာလို့





ငါထင်တယ်"

"ငါလည်း အလုပ်များနေတာနဲ့ နှင့်ကို မဆက်သွယ်ဖြစ်ခဲ့တာပါ။ တိုက်တိုက်ဆိုင်ဆိုင် ခုလို လာဆုံရတော့လည်း တစ်မျိုးကောင်းတာပေါ့နော်"

"ငါက နှင့်ကို ပြောင်းလဲသွားပြီလို့ တွေးနေတာ"

"ပြောင်းလဲသွားတယ် ဟုတ်လား။ ဘာများလဲ ညီရဲ့ ဟင်း ဟင်း"

ခုတော့လည်း ဘာမှမဖြစ်တော့သလို ရင်းရင်းနှီးနှီး ပြောဆိုရယ်မောနေသော ရွှေပိုးကြောင့် ကျွန်တော်ပါ ဟက်ခနဲ တစ်ချက်ရယ်မောလိုက်မိ၏။ ကျွန်တော် အတွေးတွေများနေခဲ့တာပဲ။

"ခုနက နှင့်ကိုမြင်လိုက်တော့ ခပ်တည်တည်ဖြစ်နေလို့ နှင် တော်တော်ပြောင်းလဲရင့်ကျက်နေပြီလို့ ငါထင်လိုက်တာလေ"

"ဩော် ဒါလား အင်း၊ ငါလည်း ရင့်ကျက်သင့်သလောက် ရင့်ကျက်လာပါတယ်၊ ဒါပေမဲ့ နှင်ပြောသလောက်တော့ မဟုတ်ပါဘူး။ အသက်တွေကလည်း ငယ်တော့တာမှမဟုတ်ဘဲဟာ"

"အင်းလေ ငါတို့တွေတောင် ဘာလိုလိုနဲ့ သုံးဆယ်ကျော်သွားကြပြီနော်"

"နှင့်ကိုယ်နှင် တော်တော်ငယ်သေးတယ်လို့ တွေးနေတာလား။ အဲဒါကို ဒီထက်ဒီထက် ပိုတိုးတက်လာအောင် ကြိုးစားနေစမ်းပါ ညီရယ်၊ ဘယ်တော့မှ အရှုံးမပေးပါနဲ့"

သူမက ကျွန်တော့်ကို အတည်ပေါက်ပြောနေသော စကားများကြောင့် ကျွန်တော် သက်ပြင်းလေးချမိသည်။

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝမှာ အချစ်ရဆုံးသူကို ဆုံးရှုံးပြီးသည့်နောက် ကျွန်တော့်အသက် ဆက်လက်ရှင်သန်နေခြင်းဟာလည်း ရည်ရွယ်ချက်တွေ ကင်းမဲ့ကုန်သည်။

ယောက်ျားတန်မဲ့ ပျော့ညံ့လွန်းသူဟု အပြစ်တင်ချင်ကလည်း ကျွန်တော် မငြင်းချင်ပါ။ တည်ဆောက်ထားတဲ့စိတ်ကူးအိမ်မက်လေးတွေ ပြန်အစဖော်လို့မရလောက်အောင် ပျက်စီးခဲ့ရသော လူတစ်ယောက်အတွက်တော့ ဘဝဟာ သိပ်အထီးကျန်ဆန်လွန်းပါသည်။

■ ■ ■



## အခန်း (၅)

"နင် ဘယ်သွားမလို့လဲ"

အဝတ်အစားလဲရန် ပြင်နေသော ကျွန်တော့်နားသို့ ရွှေပိုး ရောက်လာသည်။

"ဟာ ရွှေပိုး သွား ပြန်ထွက်၊ ငါ့အခန်းထဲကို နင်မပြောမဆို ဝင်လာတယ် ဟုတ်လား"

"အောင်မယ်လေး နင့်အခန်းထဲဝင်တာများ ငါက ဘာတွေပြောနေဆိုနေရဦးမှာလဲ ညီ"

"ငါ ဒီမှာ အဝတ်လဲနေတာ နင်မမြင်ဘူးလား"

"မြင်တယ်လေ"

"မြင်ရင် ထွက်လေဟာ၊ နင်နော် သိပ်ကန့်လန့်မတိုက်နဲ့သိလား"

ကျွန်တော့်စကားကြောင့် သူမက လက်လေးနှင့်ဖက် ဓါးပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထောက်လိုက်သည်။ နှုတ်ခမ်းကို မဲ့ရွဲ့လျက် ကျွန်တော့်ကို တရစ် ပြန်ပြောတော့၏။

"နင်ကများ ငါ့ကို ကန့်လန့်တိုက်တယ် ဟုတ်လား၊ ငါနဲ့ ဒီညနေ စာတူတူကျက်မယ်လို့ ပြောတုန်းက ပြောထားပြီး အဝတ်အစားလဲ အပြင်ထွက်ဖို့ လုပ်နေတာက ဘာသဘောလဲ၊ ပြီးတော့ နင့်အခန်းနဲ့ငါ့အခန်းဆိုတာ ဟိုးငယ်ငယ်လေးတည်းက ဒီလိုပဲ ဝင်နေထွက်နေကျကို ခုမှ ကြီးကြီးကျယ်ကျယ်တွေ လာလုပ်နေတာကရော၊ နင်နော် အချိုးတွေ တော်တော်ပြောင်းနေတယ် ဟုတ်လား"

သူမ စကားအဆုံးမှာ ကျွန်တော်လည်း အဝတ်အစားလဲလှယ်ပြီးသွား၏။ သူမနှင့်မျက်နှာချင်းဆိုင်တည့်တည့်မှာ ရပ်လိုက်သည်။

"နင်က ငါ့ကို ပလိန်းကြီး လာစွပ်စွဲနေပါလား။ ငါက ဘာအချိုးတွေများ ပြောင်းနေလို့လဲ"

"ငါ့ကို စာတူတူကျက်ဖို့ ချိန်းပြီးရင် ဘယ်တုန်းက ဖျက်ဖူးလို့လဲ"

"ဒါကတော့ဟာ ခု အရေးကြီးကိစ္စပေါ်လာလို့ သွားရမှာပဲ၊ နင်ဒီလောက်တော့ နားလည်ပေးပေါ့"

"နင့်အရေးကြီးကိစ္စဆိုတာက ဘာတုန်း"

ရွှေပိုးက ဒီလိုမေးလာတော့လည်း ကျွန်တော် နည်းနည်းတော့ ဖြေရကျပ်သွားသည်။ တကယ်တော့ ကျွန်တော့်ရဲ့အရေးကြီးကိစ္စဆိုတာ တော်ဝင့်ကို ကျူရှင်ကနေ သွားကြိုပေးရမည့်ကိစ္စသာ ဖြစ်၏။

အဲဒီလို အမှန်အတိုင်း ဖြေလိုက်ပြန်ရင်လည်း ဒီရွှေပိုးတို့ ရစ်လို့





ဆုံးတော့မည်မထင်။

"ဟဲ့ ဖြေလေ၊ ဘာတွေတွေးနေတာလဲ"

"ဒီလိုဟာ တော်ဝင်လေ"

ကျွန်တော် ဘာမှပင်မပြောရသေး။ တော်ဝင်ဆိုသည့် နာမည်ကြားတာနှင့် သူမက နှုတ်ခမ်းကို တွန့်ကွေးနေအောင် မဲ့ပစ်လိုက်ပြီး ကျွန်တော့်ကို မျက်ထောင့်နီကြီးနှင့်ကြည့်သည်။

"တော်ဝင် ဘာဖြစ်လို့လဲ ဆက်ပြောပါဦး"

"တော်ဝင့်အဒေါ်တစ်ယောက် မူးလဲသွားလို့တဲ့၊ အဲဒါ ငါ ဆေးရုံလိုက်ပို့ပေးမလို့"

"ဖြစ်မှဖြစ်ရလေဟယ်၊ သူတို့နေတဲ့နေရာမှာ တက္ကစီတောင် မရှိတော့ဘူးတဲ့လား။ ငါတော့ အံ့ရောဟေ့ အံ့ရော"

"သူတို့ရပ်ကွက်က ကားနည်းနည်းဝင်ရခက်တယ်လေ၊ အဲဒါကြောင့် ငါ့ကိုအကူအညီလှမ်းတောင်းတာနဲ့ ငါသွားရမှာပါဟာ၊ ဒါမျိုးကျတော့ မကူညီလို့ မကောင်းဘူးလေ"

ကျွန်တော် ခပ်တည်တည်နှင့် ရှိုးလိုက်သည်။

"ဒီကောင်မလေး တော်ဝင်ကလည်းလေ သူငယ်ချင်းချင်းတူတူကို ငါ့မှာလည်း ကားရှိရဲ့သားနဲ့ ဘာဖြစ်လို့များ နင့်ကို အကူအညီလှမ်းတောင်းရတာလဲ မသိဘူး"

"ဒါက ဒီလိုဟာ တကယ်တော့ တော်ဝင်က ဆက်တာမဟုတ်ဘူး ငါက ဆက်လိုက်တာပါ။ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားလို့ပါလေ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေပိုး ယုံယုံမယုံယုံ ကျွန်တော်ကတော့ ဆက်ရှိုးဖို့သာ ရှိတော့သည်။ မတတ်နိုင်ဘူးလေ။

"နောက်တောင်ကျနေပြီဟ၊ တော်ကြာ လူနာတစ်ခုခုဖြစ်သွားဦးမယ်၊ ငါသွားတော့မယ် သိလား။ နင့်ဘာသာတစ်ယောက်တည်း စာလုပ်ထားလိုက်လေ၊ ငါပြန်လာမှ တူတူဆက်လုပ်ကြမယ်၊ ဟာ ရှုပ်ပါတယ် ငါက ဆေးရုံမှာ ဘာတွေလိုက်ကူညီရဦးမယ် မသိတော့ ဘယ်အချိန်ပြန်ရောက်မယ်လည်းမသိဘူး။ နင်မစောင့်နိုင်လည်း ပြန်ဟာ သိလား"

ကျွန်တော် ပြောလည်းပြော ရွှေပိုးရှေ့ကနေလည်း သုတ်ခြေတင် ထွက်လာခဲ့လိုက်သည်။ ကားစက်နှိုးပြီး မောင်းထွက်လိုက်တော့မှပင် ရင်ထဲက အလုံးကြီး အုံးခနဲကျတော့၏။ ဒီရွှေပိုးတစ်ယောက်က တော်တော်ကို စေ့စေ့ပေါက်ပေါက် အမေးအမြန်းထူနိုင်လွန်းတာပါ။

တော်ဝင်တို့ ကျူရှင်ရှေ့တည့်တည့်ရောက်တော့ အတန်းပင် လွှတ်နေပြီဖြစ်သည်။ တော်ဝင့်ကို လှေကားရင်းလေးမှာ ရပ်နေတာ တွေ့ရ၏။ ကျွန်တော် လက်လှမ်းပြလိုက်တော့ သူမ မျက်နှာလေး ပြုံးရွှင်သွားရင်း ကားဆီလျှောက်လှမ်းလာသည်။ ကျွန်တော့်မှာ သူမ ခြေလှမ်းတစ်လှမ်းချင်း လှမ်းလာတာလေးကိုတောင် ကြည့်နေရင်း ရင်တွေခုန်နေမိသူဖြစ်၏။

ပထမဆုံးချစ်မိသူမို့ ကျွန်တော့်စိတ်ထဲ ရှုးရှုးမှူးမှူး ဖြစ်နေခဲ့သည်။ ဒါကို တော်ဝင် သိအောင်တော့ ကျွန်တော် ဖွင့်မပြောဖြစ်သေးပါ။

"နောက်ကျသွားတယ် တော်ဝင်ရယ် ဆောရီးနော်"

"ရပါတယ် တော်ဝင်တို့လည်း ခုမှ အတန်းဆင်းတာပါ"





"လာလေ ကားပေါ်တက်၊ ကျွန်တော်တို့ တစ်ခုခုသွားစားကြရအောင်၊ တော်ဝင်လည်း ဗိုက်ဆာနေတယ်မဟုတ်လား"

သူမ မငြင်းဆန်စွာပင် ကျွန်တော့်ဘေးနားသို့ ရောက်လာ၏။

"တော်ဝင် ဘာစားချင်လဲဟင်"

"ဝက်သားတုတ်ထိုး စားချင်တယ်"

"ဟွန် တော်ဝင်က အဲဒါမျိုးတွေ စားတယ် ဟုတ်လား။ ဝမှာ မကြောက်ဘူးလား"

"မကြောက်ပါဘူး။ ဝမှာကြောက်လို့ အစားရှောင်နေရရင် မဖြစ်သေးပါဘူး။ တော်ဝင်က အစားအသောက်တော့ အကုန်စားတယ်ရှင့်၊ သိပ်ချေးမများဘူး"

"ကျွန်တော်ကတော့ အဲဒါနဲ့သိပ်မကြိုက်ဘူးဗျ"

"ဟင် ဟုတ်လား။ ဒါဆို တော်ဝင်လည်း မစားတော့ပါဘူး။ နှစ်ယောက်အတူစားလို့ရမယ့်နေရာတစ်နေရာရာပဲ သွားရအောင်လေ"

"ရပါတယ် ကျွန်တော်က သိပ်မကြိုက်ဘူးလို့ပဲ ပြောတာပါ၊ မစားဘူးလို့ မပြောပါဘူးဗျာ"

"တော်ဝင်က တစ်ယောက်တည်း စားရမယ်ဆို အားနာလို့ပါနော်"

နှစ်ယောက်အတိုင်အဖောက်ညီစွာဖြင့် ကန်ပေါင်က တုတ်ထိုးဆိုင်ဆီ ရောက်လာကြသည်။ သူမက ဝက်တစ်ကောင်လုံးကို နေရာလွတ်မကျန်အောင် အားလုံးနှစ်သက်သူ ဖြစ်၏။ ပြီးတော့ အဲဒီထဲက အဲဥ၊ နားရွက်ကလေး ပေးပါဦး၊ အူချိုလေးလည်း လုပ်ပါဦးနှင့် သူမ အားပါးတရ စားနေ



www.burmeseclassic.com

www.burmeseclassic.com



တာကိုကြည့်ပြီး ကျွန်တော် ကျေနပ်နေမိသည်။

တော်ဝင်တစ်ယောက် ကျွန်တော်တို့နှင့် ခင်မင်ရင်းနှီးလာပြီးသည့်နောက်ပိုင်း၊ အရင်ကလိုမျိုး နေရာတကာမှာ ကိုယ့်ကိုကိုယ် လိုက်ထိန်းနေတာမျိုး သိပ်မတွေ့ရတော့သဖြင့် ကျွန်တော်ကတော့ ဝမ်းသာပါသည်။ အဲဒီလိုလေးနေရမှလည်း ကျွန်တော်တို့တွေ ပိုလို့ရင်းနှီးသံယောဇဉ်တွယ်လာနိုင်သည်မဟုတ်လား။

"ဟွန် တော်ဝင့်ကို ထိုင်ကြည့်နေတယ် ဟုတ်လား။ သူကျတော့ ဘာမှမစားဘူး"

"စားပါတယ်ဗျာ ဒီမှာ ကြည့်ပါလား"

ကျွန်တော်က ဘေးမှာချထားသော တုတ်ချောင်းငါးချောင်းခြောက်ချောင်းလောက်ကို ကောက်ယူပြလိုက်၏။

"ခုမှ ငါးချောင်းလောက် စားပြီးတာကို လာပြနေတယ်၊ တော်ဝင်ဆို စားနေတာ အချောင်းနှစ်ဆယ်လောက်တောင် ရှိနေပြီ"

"ကိုယ်က တော်ဝင့်လောက်မှ မကြိုက်တာကွာ"

"အဲဒါကြောင့် ပြောတာပေါ့၊ နှစ်ယောက်လုံး တူတူ အားရပါးရစားလို့ရမယ့်ဟာမျိုးဆို ပိုအဆင်ပြေမှာပါလို့"

"ရော် တော်ဝင်ရယ် ခုလည်း တော်ဝင် အားရပါးရ စားနေတာကိုကြည့်ပြီး ကျွန်တော် ကျေနပ်နေတာပါဗျာ"

သူမ ဘာမှမပြောတော့ဘဲ မျက်စောင်းလေးသာ ထိုးသည်။ စိတ်ဆိုးသော မျက်စောင်းတော့မဟုတ်။ ပိုကိုပိုတယ်လို့ အပြစ်တင်ချင်သော





မှုန့်နှဲ့နှဲ့ မျက်စောင်းလေး။

နဂိုတည်းကမှ တော်ဝင့်ကိုမြင်တာနဲ့တင် ရင်တွေဝုန်းဒိုင်းကျဲ ခုန်နေတတ်သော ကျွန်တော့်အတွက်တော့ ထိုမျက်စောင်းသည် သေမင်းတစ်ပါးလို အသက်နုတ်ယူတော့မတတ် ဖြစ်သွား၏။ ကျွန်တော့်ရင်ထဲက ခံစားချက်တွေကို ကျွန်တော်ဖွင့်ပြောပြချင်လှပြီ။

ဒါပေမဲ့ တော်ဝင် ငြင်းဆန်လိုက်မှာကို ကျွန်တော် လန့်နေမိ၏။ ပထမဆုံးချစ်မူးသော နှလုံးသားလေးကို ဒဏ်ရာမရစေချင်တာတော့ သေချာပါသည်။

■ ■ ■



www.burmeseclassic.com

## အခန်း (၆)

"ဖေဖေရေ ဖေဖေ"

အပေါ်ထပ် ရေချိုးခန်းထဲမှာ ရေချိုးနေရင်းတန်းလန်းကပင် သား၏ အသံကို ကျွန်တော် ကြားလိုက်ရသည်။ ခဏကြာတော့ အပေါ်သို့ တက်လာသော ခြေသံများ။ သားနောက်ကနေ မောင်လုံးပါ ထပ်ချပ်မကွာ ပါလာပုံရ၏။

"ဒုန်း ဒုန်း ဖေဖေရေ သားရောက်နေပြီ"

ရေချိုးခန်းတံခါးကို ထုရိုက်လျက် သားက အသံပေး၏။

"ခဏလေး သားရေ၊ ဖေဖေ ခုပဲ ထွက်လာခဲ့မယ်"

"ဟုတ်ကဲ့ ဖေဖေ"

"မောင်လုံးရေ သားကို အဝတ်အစားတွေဘာတွေ လဲပေးထားလိုက်လေကွာ"

"ဟုတ်ကဲ့ ဆရာ"





သားတို့ခြေသံတွေ ရေချိုးခန်းရှေ့ကနေ တဖြည်းဖြည်းဝေးကွာသွားတော့မှ ကျွန်တော် ရေကို ခပ်သွက်သွက်ဆက်ချိုးလိုက်သည်။ သား ရောက်လာပြီဆိုတော့ ကျွန်တော့်မျက်နှာက မရိုတ်မသင်ဖြစ်တာ အတော်ကြာနေသော အမွေးအမျှင်များကိုလည်း ရှင်းလင်းနေရသေးသည်လေ။

သားတို့ကို နေ့လယ်လောက်မှ ရောက်မယ်လို့ ကျွန်တော်ထင်ပြီး အေးအေးဆေးဆေး လုပ်ကိုင်နေခြင်းဖြစ်၏။ ခုတော့ မောင်လုံး ထင်ထားတာ ထက်စောပြီး ပြန်ရောက်လာခဲ့သည်။

ရေချိုးခန်းထဲကထွက် အဝတ်အစားတွေ မြန်မြန်လဲပြီးသည်နှင့် သားဆီကို ကျွန်တော် အပြေးလေး သွားလိုက်၏။ သားက ကျွန်တော့်ကို မြင်သည်နှင့် ပြေးလာပြီးဖက်သည်။ ကိုးနှစ်ဆိုတော့ သားက တော်တော် ထွားနေပြီ၊ အရပ်ကြီးပင် ရှည်လာလိုက်တာ မနည်းမနော။ ဒါပေမဲ့ ကျွန်တော့်ကိုမြင်လျှင် ကလေးဆိုးတစ်ယောက်လို ချွဲနွဲ့ချင်နေတာ သား၏အကျင့်စရိုက်ပင်ဖြစ်၏။

ကျွန်တော်ကလည်း သားနဲ့ခုလိုလေး နေရတာကို စိတ်ချမ်းသာပါသည်။ အမေ မရှိတော့တဲ့ သားကို ကျွန်တော်ကပင် နှစ်ယောက်စလုံးစာ နွေးထွေးမှုပေးချင်ပါသည်။ ခုလို နွေရာသီကျောင်းပိတ်ချိန်လေးမှ ကျွန်တော်တို့သားအဖ တူတူရှိနေခွင့်ရတာမဟုတ်လား။

"သား ဗိုက်ဆာပြီလား"

"မဆာဘူး ဖေဖေ၊ လမ်းမှာ ဦးလုံး ဝယ်ကျွေးတဲ့ မုန့်တွေ စားလာခဲ့သေးတယ်"

www.burmeseclassic.com



"ဟုတ်တယ် ဆရာ၊ သားလေး မှန့်တွေစားထားတာ သိပ်မကြာသေးဘူး"

"အင်းလေ ထမင်းစားချိန်လည်း လိုပါသေးတယ်၊ မင်းတို့ကို ငါက နေ့လယ်လောက်မှ ရောက်မယ်ထင်နေတာ"

"သားလေးကို ဆရာ စောစောတွေ့ချင်မယ်ဆိုတာသိလို့ ကျွန်တော် အမြန်မောင်းချလာတာပေါ့"

"ဟာကွာ နောက်ဆို အဲဒီလို မလုပ်ပါနဲ့ မောင်လုံး။ ကံကြမ္မာဆိုတာ ငါတို့မြင်ရတာ မဟုတ်ဘူး။ အန္တရာယ်ဆိုတာလည်း သတိထားနိုင်မှ ခေတ်ကာကျတာကွ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ဆင်ခြင်ပါ့မယ်"

"ကဲ ကဲ မင်းလည်း ခရီးပန်းလာမှာပဲ၊ အနားယူတော့ အလုပ်ကိစ္စကတော့ ညနေမှပဲ အဓေးစိတ်ပြောကြတာပေါ့ကွာ"

"ဟုတ်ကဲ့ ဆရာ၊ ဒါဆို ကျွန်တော် အခန်းထဲ ခဏအိပ်လိုက်ဦးမယ်၊ ဆရာနိုင်းစရာရှိရင် ကျွန်တော့်ကို နှိုးလိုက်ပါနော်"

အနားကနေ မောင်လုံး ထွက်သွားတော့မှ ဆိုဖာပေါ်ထိုင်လိုက်ပြီး သားကိုလည်း ပေါင်ပေါ်တင်ထားလိုက်သည်။

"မောင်လုံးက ကားမောင်းတော်တော်ကြမ်းလား သား"

"မကြမ်းပါဘူး ဖေဖေရ"

"သူ အမြန်မောင်းတော့ သား မကြောက်ဘူးလား"

"မကြောက်ပါဘူး။ သားက ပိုတောင်ကြိုက်သေးတယ်၊ ကားများ





ဖေဖေကလည်း ဘာကြောက်စရာရှိလို့လဲ"

အားရပါးရ ပြန်ဖြေနေသော သားကိုကြည့်ပြီး ကျွန်တော် သက်ပြင်းလေးခိုးရှိုက်မိသည်။ အဲဒီ ကားတွေကြောင့်ပဲ သား၊ မေမေ သေဆုံးခဲ့ရတယ်ဆိုတဲ့အဖြစ်အပျက်ကို သားလေးက ကလေးပီပီ စိတ်အာရုံထဲ မှတ်မှတ်ထင်ထင် ရှိပုံမပေါ်။ သား စိတ်ထိခိုက်စေမယ့် ထိုအကြောင်းတွေကို ကျွန်တော်ကလည်း အစဖော်မပြောချင်သောကြောင့် ပေါင်ပေါ်မှာထိုင်နေသော သားလေးကိုသာ ခပ်တင်းတင်း ဖက်ပွေ့ထားလိုက်မိသည်။

"သား ထမင်းစားတော့မယ်ဆို မောင်လုံးကို ခေါ်လိုက်နော်၊ ဖေဖေ ခြံထဲဘက် ခဏလိုက်ကြည့်လိုက်ဦးမယ်"

"သားလည်း လိုက်မယ်လေ ဖေဖေ"

"ခရီးကလာတာ ပင်ပန်းမှာစိုးလို့ပေါ့ သားရယ်"

"မပင်ပန်းပါဘူး ဖေဖေ၊ သားက ဖေဖေနဲ့အတူ ခြံထဲလိုက်ကြည့်ပြီး အသီးစားချင်လို့ပါ"

သားက သွားဖြဲလေးနှင့် ရယ်လျက်ပြောသည်။ အချိုကြိုက်သော သားရဲ့သွားလေးတွေတောင် အဝါရောင်သမ်းချင်နေပြီ။ အချိုတွေသိပ်မစားဖို့ သားကို သတိပေးရဦးမည်။ ဖခင်တစ်ယောက်အနေနှင့် သားကို ဘေးမှာထားပြီး အနီးကပ်မစောင့်ရှောက်နိုင်ခဲ့သော ကျွန်တော့်မှာ ဝတ္တရားမကျေပွန်သလိုဖြစ်ခဲ့ရသည့်အရာတွေက အများအပြားပဲမဟုတ်လား။ ခုလို သားကို ဘေးမှာထားပြီး နေခွင့်ရသည့် အချိန်မျိုးတွေမှာတော့ သားအတွက် အကျိုးရှိစေမည့် စကားမျိုးတွေကိုသာ ကျွန်တော် ညွှန်ကြားပေးလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ရှင်သန်ချင်စိတ် ကုန်ဆုံးနေသော ဘဝအတွက် သား ဆိုတဲ့မျက်နှာတစ်ခုနဲ့သာ ကျွန်တော့်ကိုယ်ကျွန်တော် အသက်ဆက်ရှင်နေထိုင် ခွင့်ပေးထားခဲ့ခြင်း ဖြစ်သည်။ အရက်သောက်တယ်ဆိုတာကတော့ ကျွန်တော့် ရဲ့ဝေဒနာတွေကို ဖြေသိမ့်နိုင်ဖို့အတွက်ပေါ့။ စွဲစွဲမြဲမြဲ နေ့နေ့ညည သောက် ဖြစ်နေသော ထိုအရက်ကို သားရှေ့မှာတော့ ကျွန်တော် လုံးဝရှောင်ကြဉ် ရမှာပါ။ သားဆီမှာ ကျွန်တော့်ကို ဆိုးဆိုးရွားရွား တစ်ခုခုမြင်သွားမည့်အစေ့အ တစ်ချက်ကိုတောင် ကျွန်တော် လက်မခံချင်။

"အသီးစားချင်ရင် ခူးပြီးသားတွေ ထမင်းစားခန်းထဲမှာ ရှိတယ် သားရဲ့၊ တော်ကြာ ခုနေစားလိုက်ရင် ထမင်းစားဖို့အချိန်ရောက်တော့ သား မစားနိုင်တော့ဘူးဖြစ်မယ်လေ၊ ဖေဖေ ပြောတာကို သဘောပေါက် လား"

"သား သဘောပေါက်ပါတယ် ဖေဖေ၊ ဒါဆိုလည်း ထမင်းစားပြီး မှပဲ သား စားတော့မယ်နော်"

"သားက လိမ္မာပါတယ်"

သားရဲ့ဆံပင်ပျော့ပျော့တိုတိုလေးများကို ကျွန်တော် လက်နှင့် တစ်ချက်ပွတ်သပ်လျက် ကြည်ကြည်နူးနူးလေး ပြောလိုက်၏။ သား၏မျက်နှာ သည် ဘယ်လိုအနေအထားမှာပဲကြည့်ကြည့် တော်ဝင်နှင့်ချွတ်စွပ်ထားသလို ကို တူခြင်းဖြစ်သည်။ ကျွန်တော် မနာလိုချင်စရာကောင်းလောက်အောင်ပင် သားသည် ကျွန်တော်နှင့်တူသည့်နေရာဆိုလို့ အရပ်ရှည်တာတစ်ခုပဲ ရှိမည် နှင့်တူသည်။





"ဒါပေမဲ့ ဖေဖေနဲ့အတူတော့ ခြံထဲလိုက်ခဲ့မယ်နော်"

"အေးပါကွာ လိုက်ခဲ့ပါတော့"

ခြံထဲရောက်တော့ ဝန်ထမ်းအားလုံးက သားကို ချစ်ကြသည့် နည်းတူ တစ်ဇယောက်ပြီးတစ်ယောက် နှုတ်ဆက်ဖက်ပွေ့နေတာနှင့်ပင် သား က ကျွန်တော့်နောက်မှာ ပြတ်ကျန်ခဲ့၏။ ကျွန်တော်တစ်ယောက်တည်း ကြည့်စရာရှိကြည့် စစ်ဆေးစရာရှိ စစ်ဆေးပြီးသွားတော့မှ သား ရှိနေရာဆီ ပြန်လာခဲ့ရသည်။

သားက ဝန်ထမ်းအမျိုးသမီးကြီးတစ်ယောက်နှင့် ဘာတွေပြောပြီး သဘောကျနေသည်မသိ၊ ဝါကျင်ကျင်သွားလေးများပေါ်သည်ထိ ဟက်ဟက် ပက်ပက် ရယ်မောနေသည်။

"သား ဘာတွေသဘောကျနေတာလဲကွ"

"ဒီအန်တီကြီးက သားကို ကြက်ကလေးပုံပြင် ပြောပြနေတာ ဖေဖေ"

"ဩော် သားက အဲဒီပုံပြင်ကို ရန်ကုန်မှာ ဘွားဘွားပြောပြနေကျ မဟုတ်လား သားရဲ့၊ သားကြားဖူးပြီးသားကြီး"

"ကြားဖူးပြီးသားလည်း သားက ရယ်ချင်တာကို ဖေဖေရဲ့"

ကျားကြီးလာလို့ ကြက်ကလေးတို့မိသားစုတွေ စဉ့်အိုးကြီးထဲ ဝင်ပုန်းကြစဉ် အငယ်ဆုံးကြက်ပေါက်ကလေးက အီးလေးနည်းနည်းလောက် တိုးတိုးလေးပေါက်ချင်လို့ပါလို့ အတန်တန်ခွင့်တောင်းတော့ မတတ်သာသည့် အဆုံး ကြက်မကြီးက ခွင့်ပြုလိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



"ကြက်ကလေးက အီးကို ဘူ ဆိုပြီး အကျယ်ကြီးပေါက်ပစ်လိုက်တာ၊ စဥ့်အိုးကြီးပါ ကွဲထွက်သွားရောလေ ဖေဖေ ဟား ဟား ဟား"

သားက ဘူ ဆိုတဲ့ အသံကို သူ့အဘွားလုပ်ပြနေကျအတိုင်း အကျယ်ကြီးအော်ပစ်ကာ တဟားဟား ရယ်မောနေပြန်၏။

"ကဲ သား ထမင်းစားချိန်လည်းရောက်နေပြီ ဖေဖေတို့ အိမ်ဘက်ပြန်သွားကြရအောင်"

"ဟုတ်ကဲ့ ဖေဖေ၊ နောက်နေ့တွေ သားလာရင်လည်း တခြားပုံပြင်တွေ ပြောပြဦးနော် အန်တီကြီး"

သားက ကျွန်တော့်လက်ကိုတွဲလျက် ထွက်လာရင်းကနေ နောက်ပြန်လှည့်ပြီး လှမ်းအော်ပြောနေသေးသည်။ သားရဲ့အကျင့်ကောင်းလေးတစ်ခုက ငယ်စဥ်ကတည်းကပင် အားလုံးနဲ့လိုက်လျောညီထွေဖြစ်အောင် နေတတ်ခြင်းဖြစ်၏။ အဆင့်အတန်းခွဲပြီး ဆက်ဆံတတ်ခြင်းမျိုးလည်း သားမှာမတွေ့ရ။

ဒါကတော့ ကျွန်တော်နဲ့တော်ဝင်ဆီကရသည့် အကျင့်ကောင်းလေးလို့ ကျွန်တော်ကတော့ ယူဆသည်။ မျက်နှာချိုသော စကားတတ်သော သားကိုမြင်သည့်သူတိုင်းလိုလိုက ချစ်ခင်ကြတာ များသည်။ အဲဒီအတွက်လည်း ကျွန်တော် အမြဲတမ်းကျေနပ်ရပါသည်။ အတန်းထဲမှာ စာတော်ပြီး အပေါင်းအသင်းဝင်ဆန့်သော သားသည် ဆိုးဆိုးသွမ်းသွမ်း ရမ်းကားတတ်သည့်ကလေးတစ်ဦးဖြစ်မလာတာကိုတော့ ကျွန်တော့်ယောက္ခမကြီးကို ကျေးဇူးတင်ရမည်သာ ဖြစ်၏။

မိဘနှစ်ပါးစလုံး၏အုပ်ထိန်းမှုနှင့် ကင်းကွာနေသော သားကို ခုလို





လိမ္မာရေးခြားရှိအောင် ပျိုးထောင်ပေးနိုင်သော တော်ဝင့်မေမေသည် တော်ဝင်တုန်းကလည်း ပိုင်းကောင်းကျောက်ဖိ မိန်းကလေးတစ်ဦးဖြစ်လာစေရန် ထိုသို့ပင် ပြုစုမြေတောင်မြှောက်ပေးခဲ့ပုံရ၏။

ကျွန်တော် တွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာတော့ တော်ဝင်ဟာ အချောဆုံး အလှဆုံးဆိုတာတွေထက် မိန်းမပီပီသသ သိက္ခာရှိရှိ နေထိုင်နေသည့်နေရာမှာလည်း ကျွန်တော် လေးစားရလောက်အောင်ပင် ကိုယ့်ကိုကိုယ် ထိန်းသိမ်းနိုင်ခဲ့သူဖြစ်၏။ ကျွန်တော်နှင့်ချစ်သူဖြစ်ခဲ့သည့် နှစ်နှစ်တာကာလအတွင်းမှာ လက်ကလေးကိုင် ပခုံးကလေးဖက် ပါးလေးနမ်းလေးနမ်းခွင့်တစ်ခါတလေရတာကလွဲရင် ကျွန်တော့်မှာ ချစ်သူကို တစိမ့်စိမ့်အကြည့်များဖြင့် ထိုင်မြတ်နိုးနေခဲ့ရခြင်း ဖြစ်သည်။

ဒါကြောင့်လည်း ကျွန်တော်တို့နှစ်ယောက်ရဲ့ မင်္ဂလာဦးညလေးက သိပ်ကိုလန်းဆန်းအသက်ဝင်ပြီး ရင်ခုန်လှိုက်မောမှုတွေနဲ့ ပြည့်နှက်ခွင့်ရခဲ့တာပေါ့။ ဘာပဲပြောပြော ကျွန်တော့်အပေါ်မှာ ပေးဆပ်ခဲ့သည့် တော်ဝင့်ရဲ့ဘဝတစ်ခုလုံးကို ကျွန်တော် ခုချိန်ထိ တန်ဖိုးထားမြတ်နိုးနေမိဆဲဖြစ်သည်။

မဟာတန်းဆက်တက်ခွင့်ရပါလျက်နှင့် ကလေးသိပ်လိုချင်သော ကျွန်တော့်အတွက် သားလေးကိုယ်ဝန်ဆောင်ပေးခဲ့၏။ သူမ ရသင့်ရထိုက်တာတွေ တော်တော်များများကို စွန့်လွှတ်လျက် ကျွန်တော့်အတွက် ပေးဆပ်ခဲ့သည့်အရာတွေကသာ ပိုများပြားလွန်းသည့် အိမ်ထောင်ရှင်မကောင်းတစ်ယောက်အဖြစ် တော်ဝင် နိုင်နိုင်မာမာ ရပ်တည်နေပေးခဲ့ပါသည်။ တော်ဝင်ပေးဆပ်ခဲ့သမျှတွေထဲမှာ ကျွန်တော် တန်ဖိုးအထားရဆုံး အမြတ်နိုးရဆုံး



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ကတော့ သားကလေးပဲပေါ့။

သားက ကျွန်တော်တို့နှစ်ယောက်လုံးရဲ့ ရင်နှစ်သည်းချာလေး ဖြစ်သည်။ ကျွန်တော့်အတွက်တော့ တော်ဝင်မရှိတော့သည့်နောက်ပိုင်းမှာ တော်ဝင့်အစားပါ ပိုလို့တိုးချစ်နိုင်သော ရတနာလေးတစ်ပါး။ ဒီသားလေးကို ကောင်းကောင်းမွန်မွန်နှင့် ကြီးပြင်းသွားစေချင်တာကတော့ ကျွန်တော့်ရင်ထဲ က အကြီးမားဆုံးဆန္ဒပါပဲ။

■ ■ ■

"နှင် မပြန်သေးဘူးဆိုရင် ငါ့အိမ်မှာ တစ်ရက်လောက် ထမင်းလာ စားဦးလေ"

ကျွန်တော့် ဖိတ်ခေါ်မှုကို ရွှေပိုးက ချက်ချင်း မတုန့်ပြန်သေးဘဲ ခပ်ပြုံးပြုံးလုပ်နေ၏။ အတန်ကြာမှ

"ဘယ်သူချက်မှာလဲ"

"ငါနဲ့အတူနေတဲ့ တပည့်လေးပေါ့"

"ငါကတော့ နှင့်အမေချက်ပေးတဲ့ဟင်းတွေကို သိပ်သတိရတာပဲ ညီ"

"နှင်ကလည်းဟာ"

တကယ်တော့ ကျွန်တော်နဲ့နှင်ကလည်းဟာ ဆိုတဲ့စကားမှာ မေမေ့ ကို လွမ်းဆွတ်သတိရခြင်းတွေ အပြည့်အနက် ပါဝင်နေခဲ့တာ သေချာသည်။

လွန်ခဲ့တဲ့နှစ်နှစ်ကပဲ မေမေ ဆုံးသွားသည်။ တော်ဝင့်သေဆုံးမှု အတွက် ကျွန်တော် ဆွေးဆွေးမြည့်မြည့် ခံစားနေရတာကိုကြည့်ပြီး လေဖြတ်





ကာ အိပ်ရာထဲလဲနေသော မေမေကိုယ်တိုင်ပါ စိတ်ချုံးချုံးကျကာ ဆုံးပါး ခဲ့ရခြင်းဖြစ်၏။ သေချာပြန်စဉ်းစားကြည့်ရင်တော့ ကျွန်တော့်စိတ်နဲ့မေမေ ဆုံးပါးခဲ့ရတာဗို့ ကျွန်တော့်ပယောဂမကင်းဘူးလို့လည်း ပြောလို့ရပါသည်။

"ငါ့တပည့်လေးချက်တာလေး အတော်စားကောင်းတယ်၊ နှင် လာစားကြည့်လိုက်ပါ"

"နှင့်တပည့်လေးမဟုတ်ဘဲ နှင်ကိုယ်တိုင်ချက်တာဆိုရင်တော့ တစ်မျိုးပေါ့"

"နှင် ငါ့ကိုတမင်ရစ်နေတာမဟုတ်လား ရွှေပိုး"

"ဟား ဟား နှင်က ငါရစ်နေတယ်လို့ ထင်နေတာလား။ မဟုတ် ပါဘူးဟာ၊ ငါက အနှစ်တို့လက်ရာကို ငါ့အမေလက်ရာထက်တောင် ပိုကြိုက် ခဲ့တဲ့သူဆိုတော့ နှင်ချက်ရင်များ အနှစ်တို့နဲ့နည်းနည်းဆင်မလား တွေးမိလို့ပါ"

"နှင်မို့လို့ ပေါက်ပေါက်ရှာရှာ"

ရွှေပိုးစကားတို့ကြောင့် ကျွန်တော့်စိတ်များက ကျောင်းတက်နေစဉ် ကာလများဆီ ပြန်လည်ရောက်ရှိသွား၏။ မှတ်မှတ်ရရဆိုသလို တစ်ခါမှ မီးဖိုချောင်မဝင်ဖူးသည့် ကျွန်တော်က တော်ဝင့်အတွက် ကြက်ဥဝင်ကြော် ပေးဖြစ်ခဲ့သောနေ့။

အဲဒီနေ့က ကျွန်တော်တို့အိမ်ကို တော်ဝင် ရောက်ရှိနေခဲ့သည့် အကြောင်းကတော့ ကျွန်တော် အတင်းခေါ်ခဲ့လို့ပါ။ ရွှေပိုးနဲ့ကျွန်တော်တို့ နှစ်ယောက် စာတူတူကျက်မယ်လို့ ချိန်းဆိုထားသော အချိန်မှာပဲ တော်ဝင့်ကို ကျွန်တော် ခေါ်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဒါသားတို့မေဂျာက ဂျူနီယာလေ၊ တော်ဝင် တို့၊ သားတို့ သူငယ်ချင်းပဲပေါ့၊ အိမ်ကိုရောက်ဖူးတယ်ရှိအောင် အလည်ခေါ်လာခဲ့တာ"

တော်ဝင့်ကို မေမေနဲ့မိတ်ဆက်ပေးတော့ သူမ မျက်နှာလေးက မဝံ့မရဲလေးဖြစ်လျက် ခေါင်းလေးငုံ့နေသည်။ သဘောမနောကောင်းသည့် မေမေကတော့ တော်ဝင့်ကိုကြည့်ပြီး တပြုံးပြုံးလုပ်ကာ

"သမီးလေးက ချစ်စရာလေးပဲကွဲ့"

"ဒီနှစ် သားတို့မေဂျာရဲ့ကွင်းလေ မေမေရဲ့"

ကျွန်တော်က အလကားနေရင်း ကြားကနေ အမှတ်ဝင်ယူလိုက်သည်။ မေမေက မျက်ခုံးလေးပင့်တက်သွားရင်း

"ဖြစ်သင့်ပါတယ်ကွယ်၊ ဒီလောက်ချစ်စရာကောင်းတဲ့ သမီးလေးကို"

မေမေ့ချီးကျူးစကားကြောင့် တော်ဝင့်မျက်နှာလေး၊ ပန်းနုသွေး ပြေးလျက် ရှက်တက်တက်လေး ဖြစ်နေသည်။ ကျွန်တော်က အဲဒီ မျက်နှာလေးကို ငေးမောရင်း စိတ်ထဲမှာ ကြည်နူးနေမိ၏။ မေမေနဲ့တော်ဝင်တို့ တစ်ယောက်ကိုတစ်ယောက် ရင်းရင်းနှီးနှီး ဖြစ်သွားခဲ့ရင် အပျော်ရွှင်ရဆုံးလူက ကျွန်တော်ကိုယ်တိုင်ပဲ ဖြစ်မှာမဟုတ်လား။

"ကဲ သားရဲ့သူငယ်ချင်းဆိုတော့ အန်တီတို့အိမ်မှာ စိတ်ကြိုက် ဝင်ထွက်သွားလာနိုင်ပါတယ်ကွယ်၊ သားမှာက အပေါင်းအသင်းရှားတယ်လေ၊ ဘေးခြံက ရွှေပိုးလေးတောင် ငယ်ငယ်တည်းက သိကျွမ်းလာတဲ့သူမို့ ခုချိန်ထိ တတွဲတွဲရှိတာ"





"ဟုတ်ကဲ့ပါ အန်တီ၊ တော်ဝင့်ကိုလည်း အမြင်မတော်တာရှိရင် အန်တီ့သမီးတစ်ယောက်လိုမျိုး ဆူပါဆုံးမပါနော်"

"ကောင်းပါပြီကွယ်၊ ငါ့သမီးလေးကြည့်ရတာ ဆူစရာလိုမယ့် မိန်းကလေးမျိုးထဲကတော့ မဟုတ်လောက်ပါဘူး။ အန်တီ့အမြင်မှာ သိပ်လှပ ကျက်သရေရှိပြီး လိမ္မာရေးခြားရှိမယ်လို့ မြင်နေတယ်"

"ကျေးဇူးတင်ပါတယ် အန်တီ"

"ကဲ ကဲ ခဏနေရင် ရွှေပိုးလည်း ရောက်လာတော့မှာမဟုတ်လား။ သား ရေတွေဘာတွေချိုးပြီး အဝတ်အစားလဲထားလိုက်တော့လေ၊ မေမေလည်း ပစ္စည်းအဝင်အထွက်စာရင်းလေးတွေ စစ်နေတာ တန်းလန်းကြီး ဖြစ်နေတယ်"

"ဪ ဟုတ် မေမေ၊ ဒါဆိုလည်း မေမေ့အလုပ်တွေ ဆက်လုပ်လိုက်လေနော်၊ သားလည်း အပေါ်တက်တော့မယ်"

မေမေက သူမ အခန်းထဲ ပြန်ဝင်သွား၏။ ထိုအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ရွှေပိုး ရောက်လာခဲ့သည်။ ဧည့်ခန်းထဲမှာထိုင်နေသော တော်ဝင့်ကိုမြင်တော့ သူမ မျက်လုံးတွေ ပြူးသွား၏။

"တော်ဝင် ဘယ်လိုရောက်နေတာလဲ"

"ဘယ်လိုရောက်ရမှာလဲ၊ ငါအတင်းခေါ်လာတာပေါ့ဟ"

"နင်ကတော့လေ စာမေးပွဲက ဒီလောက်ကပ်နေတာကို ပိတ်ရက်မှာ သူများတကာ စာလုပ်ချိန်လေး ဘာလေး ပေးပါဦးလားဟယ်"

"တော်ဝင်က စာတွေအားလုံးနီးပါး ပိုင်နေပြီမဟုတ်လား။ မိရွှေပိုး

www.burmeseclassic.com



ကို ပြောပြလိုက်''

''ကျက်စရာလေးတွေတော့ ကျန်ပါသေးတယ်၊ ဒါပေမဲ့ သူ အတင်းခေါ်နေတော့လည်း အားနာတော့ လိုက်လာရတာပေါ့လို့''

''ဟော တွေ့လား ညီ၊ နင် သူများတကာကို အနှောင့်အယှက်ပေးနေတာ သိပ်သိသာသွားပြီ''

တော်ဝင်က နောက်တောက်တောက်လေး ပြောတော့ ကျွန်တော်မျက်မှောင်ကြီးကျုံ့ပြီး၊ မိန်းကလေးနှစ်ယောက်လုံးကို သိမ်းကျုံးကြည့်ပစ်လိုက်သည်။

''တော်ဝင်က ကျွန်တော့်ဘက်ကလား ရွှေပိုးဘက်ကလား အမှန်အတိုင်းပြောနော်''

''ဟယ် ကလေးကလားနဲ့''

ကျွန်တော့်ရဲ့သဘောထားသေးသိမ်သည့် မေးခွန်းကို တော်ဝင်ကလှကြီးဆန်စွာပင် ရယ်ရယ်မောမောလေးလုပ်လျက် လျှောချပစ်လိုက်၏။ ရွှေပိုးက ကျွန်တော့်ကို မျက်စောင်းကြီးတစ်ချက် လှမ်းထိုးသည်။

''နင် ဘယ်တုန်းက ဒီလောက်ထိ စိတ်ပုပ်သွားတာလဲဟင် ညီ၊ ငါ ထင်တောင်မထင်ထားဘူး''

''ဘေးကနေ မဟုတ်တာတွေ ဝင်မြှောက်ပေးနေတဲ့သူရှိသေးရှ်ငါလည်း စိတ်ပုပ်သင့်ရင် ပုပ်ရမှာပဲလေ၊ မတတ်နိုင်ဘူး''

ကျွန်တော် ခပ်တည်တည်နှင့်ပင် ရွှေပိုးကိုကြည့်ပြီး ပြောပစ်လိုက်သည်။ သူမ တော်တော်ဒေါပေါင်းသွားပုံရ၏။ နှုတ်ခမ်းကိုမဲ့၍လျက် တစ်ခုခု





ပြန်လည်ပြောရန် ပြင်နေဆဲမှာပင်

''လာ တော်ဝင် အပေါ်ထပ်သွားမယ်''

ချာခနဲ လှည့်ထွက်လာသော ကျွန်တော့်နောက်ကနေ တော်ဝင်မပါလာသေးဘဲ ရွှေပိုးကိုပါ ခေါ်နေသံကြားရ၏။ တအောင့်လောက်ကြာတော့မှပင် လှေကားပေါ်တက်လာသော တော်ဝင့်ခြေသံဖွဖွလေးနှင့် စိတ်ဆိုးမာန်ဆိုး တဒုန်းဒုန်းဆောင့်နင်းလျက် တက်လာသော ရွှေပိုးခြေသံတို့ကို ကျွန်တော်ကြားရတော့သည်။

ရေချိုးခန်းထဲမှာ ကျွန်တော် ရေချိုးနေတော့ မိန်းကလေးနှစ်ဦးဘာတွေပြောနေသည်မသိ စကားပြောသံရယ်မောလိုက်သံများကို ကျွန်တော်သဲ့သဲ့လေး ကြားနေရသည်။ ဘာပဲပြောပြော ရွှေပိုးနဲ့ကျွန်တော်နဲ့ဆိုတာအမြဲလိုလို တကျက်ကျက်ရန်ဖြစ်ရင်း နေထိုင်ကြီးပြင်းလာကြသည့် တကယ့်ငယ်သူငယ်ချင်းများမို့ ဘယ်လောက်ပဲစိတ်ဆိုးနေပါစေ အချိန်တန်တော့လည်းမနေနိုင်ဘဲ ပြန်ခေါ်ဖြစ်ကြတာချည်း။

ကျွန်တော့်အချစ်ဆုံးသူငယ်ချင်းနှင့် ကျွန်တော်ချစ်ရသော တော်ဝင်တို့ အဆင်ပြေပြေ ပေါင်းသင်းဆက်ဆံနိုင်သည်ဆိုလျှင် ကျွန်တော် ဝမ်းသာရမည်သာ ဖြစ်သည်။ တော်ဝင့်ကို စိတ်ဝင်စားနေမိသည့်အကြောင်း ရွှေပိုးကိုတောင် ကျွန်တော် ဖွင့်မပြောရသေးပါ။ ပြောလိုက်ရင် ဘယ်လိုစကားလုံးမျိုးတွေနဲ့ပြန်ပြီး ကျွန်တော့်ကိုနှိပ်ကွပ်တိုက်ခိုက်လေဦးမလဲ မသိ။

''ဗိုက်ဆာလိုက်တာဟာ၊ ငါတို့ဖို့ မုန့်တစ်ခုခုသွားမွှေပေးပါလားညီ''



www.burmeseclassic.com

www.burmeseclassic.com



တလုပ်နေရင်းတန်းလန်းနှင့် ရွှေပိုးက 'တစ်ခန်းထလာသည်၊ တကယ်ဆို သူမ ကျွန်တော့်ကို အဲဒီလိုမျိုး ဘယ်တုန်းကမှ မခိုင်းခဲ့ဖူး။ ဗိုက်ဆာတယ် စားချင်တယ်ဆိုရင် အိမ်နောက်ဖေးမှာ ဒါမှမဟုတ် ရေခဲသေတ္တာထဲမှာ သူမစိတ်ကြိုက် ရှာဖွေယူစားနေကျဖြစ်သည်။ ဒီနေ့မှ ထူးထူးဆန်းဆန်း တော်ဝင့်ရှေ့မှာ တမင်လုပ်ပြနေမှန်း ကျွန်တော် သဘောပေါက်လိုက်၏။

"ငါက ဘာလို့ ယူပေးရမှာတုန်း။ အရင်လည်း နင့်ဟာနင် ရှာစားနေကျပဲ၊ ဒီနေ့မှ အချိုးတွေတော်တော်ပြောင်းနေတယ် ဟုတ်လား ရွှေပိုး"

နင့်အကြွေ ငါသိတယ်နော်ဆိုသည့် သဘောမျိုး မျက်လုံးနှင့်စကားပြောလျက် ကျွန်တော် ခပ်တည်တည်တုံ့ပြန်လျှင် သူမက မျက်လုံးလေး တစ်ဖက်မှိတ်ပြသည်၊ နောက်တော့ ဆောင့်ကြီးအောင့်ကြီးလုပ်လျက် အောက်ထပ်ဆင်းသွား၏။

"တော်ဝင့်မှာ အဲဒီလို သူငယ်ချင်းမျိုး ဘယ်တုန်းကမှ မရှိခဲ့ဘူး သိလား။ တော်ဝင်ကိုယ်တိုင်ကလည်း ဘယ်သူနဲ့မှ သိပ်စကားမပြောဖြစ်ဘူးလေ၊ တစ်ယောက်တည်းနေဖြစ်တာက များတယ်"

"တော်ဝင်က အားကျနေတာလား"

"အင်း အားကျတယ်၊ အဲဒီလို သူငယ်ချင်းတစ်ယောက်ရှိထားတော့ ဘယ်တော့မဆို အဖော်ရတာပေါ့၊ အထီးကျန်နေစရာ မလိုဘူးလေ"

"ဘာလဲ တော်ဝင်က အခု အထီးကျန်နေလို့လား"

ကျွန်တော် စူးစူးစမ်းစမ်းမေးလျှင် တော်ဝင်က ခေါင်းလေးငုံ့လျက် ဟက်ခနဲ တစ်ချက်ရယ်သည်။



"အဲဒီလို သဘောမျိုးပြောတာ မဟုတ်ပါဘူး။ တော်ဝင် တွေးမိတာလေးကိုပြောပြတာပါ"

"အဲဒီလို သဘောမျိုးပြောတယ်ဆိုရင်တော့ တော်ဝင့်ကို ကျွန်တော်က စိတ်ဆိုးမှာ"

"ဟင် ဘာဖြစ်လို့တုန်း"

"ဘာဖြစ်ရမှာလဲ၊ အခုအချိန်မှာ တော်ဝင်က ကျွန်တော်တို့ရဲ့ သူငယ်ချင်းပဲလေ၊ တော်ဝင်ဖြစ်ချင်တာတွေအားလုံး ရင်ဖွင့်လို့ရတယ်၊ တိုင်ပင်လို့ရတယ်၊ အားကိုးလို့ရတယ်၊ တော်ဝင့်ကို အထီးကျန်တယ်လို့ မခံစားရစေချင်ဘူး"

"ကျေးဇူးတင်ပါတယ်ရှင်"

ကျွန်တော့်ကို စူးစူးနစ်နစ်လေး ငေးကြည့်လျက် သူမပြောတော့ ကျွန်တော့်ရင်ထဲ လှိုက်နေအောင် ကြည်နူးဝမ်းသာသွားမိသည်။ တစ်ယောက်မျက်ဝန်းများကို တစ်ယောက်ငေးစိုက်ကြည့်နေမိဆဲမှာပင် ကျွန်တော့်ဟန်းဖုန်းလေးက မက်ဆေ့တစ်စောင်ဝင်လာ၏။

စာကိုဖတ်ကြည့်ပြီး ကျွန်တော် မျက်မှောင်ကျုံ့လိုက်မိသည်။

ပြောစရာရှိတယ်၊ နင်တစ်ယောက်တည်း အောက်ဆင်းခဲ့ပါ တဲ့။ အောက်ထပ်မှာ စားစရာသောက်စရာတွေ မွှေနှောက်ရှာဖွေနေသော ရွှေပိုးထံမှ စာ။ သူမက စာတစ်တန်ပေတစ်တန်နဲ့ ဘာတွေများ ထွေထွေထူးထူး ပြောစရာပေါ်လာရတာပါလိမ့်။

"ခဏနော် တော်ဝင် ကျွန်တော် အောက်ထပ်ခဏဆင်းလိုက်ဦး

www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ဟုတ်"

အောက်ထပ်ရောက်တော့ ထမင်းစားပွဲမှာ အခန့်သားထိုင်ပြီး သီးမွှေးငှက်ပျောသီးတစ်လုံး ထိုင်စားနေသော ရွှေပိုးက ကျွန်တော့်ကို ခပ်တည်တည်နှင့်လက်ယပ်ခေါ်သည်။

"ကြီးကြီးကျယ်ကျယ်နဲ့ နင်က ဘာတွေပြောစရာရှိနေတာတုန်း ရွှေပိုး"

"နင်ဟာလေ တော်တော်ပိန်းတဲ့ကောင်ပါလား ညီ"

ကျွန်တော့်မျက်လုံးတွေ ပြူးခနဲဖြစ်သွားသည်။ သူမက ဘာကိုဆိုလိုတာလဲ။ ကျွန်တော့်ကို ပေါ်တင်ကြီး ဖွဲ့လိုက်တာတော့ သေချာသည်။

"နင် ဒီနေ့ ငါ့ကိုထည့်တာတွေ တော်တော်များနေပြီနော် ရွှေပိုး"

"ထည့်မှာပဲလေ နင်ကိုက ပိန်းလို့ပိန်းတယ်ပြောတာ၊ မကျေနပ်လည်း မတတ်နိုင်ဘူး"

"ဟာ ပြောနေရင်းတန်းလန်းနဲ့ကို နင်လွန်မလာနဲ့နော်"

"စိတ်မဆိုးပါနဲ့ဟာ ငါက ပြောသင့်တာကို ပြောမှာပါ၊ နင် နည်းနည်းတော့ သည်းခံပြီးနားထောင်လိုက်၊ ဟုတ်ပြီလား"

မျက်နှာက ချက်ချင်းပင် ပြုံးစိစိဖြစ်သွားပြီး ထိုင်နေရာကနေ ကျွန်တော့်နားသို့ ဖြည်းဖြည်းချင်း တိုးကပ်လာ၏။ ဘယ်သူတစ်ဦးတစ်ယောက်မှ အနားမှာမရှိပါဘဲ သူမက ကျွန်တော့်နားနားကပ်ကာ တိုးတိုးလေး ပြောသည်။





"တကယ်တော့ ခုနက တကယ်တမ်း ဗိုက်ဆာနေတာ ငါမဟုတ်ဘူးဟ"

"နင်မဟုတ်ဘူးဆို ဘယ်သူ ဟင် တော်ဝင်လား"

ကျွန်တော် ကြောင်တောင်တောင်နှင့် ပြန်မေးမိသည်။ ရွှေပိုးက ခုမှပင် ကောင်းခန်းရောက်သည့် မျက်နှာအမူအရာမျိုးနှင့် ခေါင်းကိုတဆတ်ဆတ်ညိတ်၏။

"ဗိုက်ဆာတယ်လို့တော့ တိုက်ရိုက်ပြောတာ မဟုတ်ဘူးပေါ့ဟာ၊ ကြက်ဥဟက်ဖရိုက်ကြော်လေးနဲ့ နွားနို့ပူပူလေးတစ်ခွက်လောက် ခုချိန်သောက်လိုက်ရရင် ဘယ်လောက်ကောင်းမလဲဆိုပြီး ပြောနေတာ"

"နင်တကယ်ပြောနေတာလား"

ကျွန်တော် မယုံသင်္ကာနှင့် ပြန်မေးမိသည်။

"နင် ငါ့ကိုမယုံရင် တော်ဝင့်ကို သွားမေးကြည့်လေ၊ ခုနက အဲဒါလေးတွေ စားချင်တယ်လို့ပြောနေတာ တကယ်လားဆိုပြီး"

"အာ အဲဒီလို သွားမေးတော့ သူက ရှက်ပြီးအားနာပြီး မဟုတ်ပါဘူးလို့ ဖြေမှာပေါ့ဟ"

"အေးလေ ငါပြောတာလည်း အဲဒါပဲပေါ့"

"အဲဒီတော့ ငါ သူ့အတွက် စားဖို့သောက်ဖို့ စီစဉ်ပြီး တစ်ခါတည်း ယူသွားလိုက်မယ်ဟာ"

"အေး ခုမှပဲ နင့်ဆုံးဖြတ်ချက် မှန်ကန်သွားတော့တယ်"

ရွှေပိုးက ကျွန်တော့်ပခုံးကို ဖြောင်းခနဲ တစ်ချက်ရိုက်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အားပေးသလိုပြောၵ၏။

"သူစားချင်တာလေးတွေသာ နင်ကွက်တိ ယူသွားပေးလိုက်ရင် နင့်ကို တကယ်ကျေးဇူးတင်နေမှာပဲ၊ ငါနည်းနည်းတော့ ရိပ်မိပါတယ်ဟာ၊ နင် သူ့ဆီက အမှတ်လိုချင်နေတာ မဟုတ်လား"

ငယ်ငယ်တည်းက ပေါင်းလာတဲ့ သူငယ်ချင်းတွေဆိုတော့လည်း ကျွန်တော် ဘယ်ခြေလှမ်းလှမ်းနေတယ်ဆိုတာ ရွှေပိုးရိပ်မိမယ်ဆိုလည်း ဆန်းတော့မဆန်းပါဘူးလေ။ ကျွန်တော် နည်းနည်းတော့ ရှက်သွားကာ သွားဖြဲလေးနှင့် ရယ်ပြလိုက်မိသည်။

"နင် သိနေတယ်ဆိုတော့လည်း ငါ့ကိုပူးပေါင်းပါဝင်ကူညီနိုင်တာ ပေါ့ဟာ ဟဲ ဟဲ"

"အေး အခုလည်း နင့်ကိုကူညီနေတာပဲလေ၊ အဲဒီတော့ ခုလို ကူညီရတဲ့အတွက် နင်လည်း ရှုပ်မပျက်အောင် ငါ့အတွက်ပါ ကြက်ဥပိုကြော်ပြီး နွားနို့တစ်ခွက်ပိုထည့်ခဲ့ ဟုတ်ပြီလား။ သူတစ်ယောက်တည်းအတွက် ယူသွားပေးရင် နင်ဘူးနေမှန်း သူ ရိပ်မိသွားလိမ့်မယ်"

"ဟဲ့ ကူညီတာတော့ ကူညီတာပေါ့၊ နင့်အပြောအဆိုတော့ နည်းနည်းဆင်ခြင်စမ်းပါဟ"

"ဘာဖြစ်လို့လဲ၊ နင့်ကို နာဘူးလို့ပြောမိလို့လား"

"တွေ့လား ပြောနေရင်းတန်းလန်းနဲ့ကို နင်က ပြောပြီ"

"အေးပါ အေးပါ မပြောတော့ပါဘူး။ နင့်ကိုနာဘူးလို့ ထပ်မပြောတော့ဘူး ဟုတ်ပြီလား"





သူမ လှျှာလေးတစ်လစ်ထုတ် ပြောင်ပြလျက် အပေါ်ထပ်သို့ တက်ပြေးသွားသည်။ တစ်ခါမှ အိမ်နောက်ဖေးမီးဖိုချောင်ကို ချက်ပြုတ်ဖို့ ရည်ရွယ်ချက်နှင့် မဝင်ခဲ့ဖူးသော ကျွန်တော့်မှာ အဲဒီနေ့တုန်းက မချောနှစ်ယောက်အတွက် ကြက်ဥကြော်လျက် နွားနို့ပါ အပူလုပ်ကာ သပ်သပ်ရပ်ရပ်လေး ယူသွားပေးခဲ့ရသည်။

တော်ဝင်က အားတုံ့အားနာ မျက်နှာလေးနှင့် ကုန်စင်အောင် စားသောက်ပြီးသော်လည်း အငြိမ်မနေသော ရွှေပိုးကတော့ အော်ကျယ်အော်ကျယ် လုပ်နေခဲ့၏။

"ငါ့တစ်သက်မှာ နင်ကြော်ပေးတဲ့ ကြက်ဥကြော်ထက်ကောင်းတာမျိုး တစ်ခါမှကို မစားခဲ့ဖူးဘူးဟေ့၊ တကယ်ကျေးဇူးတင်တယ် သိလားညီ"

မေမေ ချက်ပေးတာကို တစ်သက်လုံးကမှ အဆင်သင့်ထိုင်စားလာလျက် ကြက်ဥတစ်လုံးမပြုတ်ခဲ့ဖူးသော ကျွန်တော်က ကိုယ်တိုင်ကိုယ်ကျ ကြက်ဥကြော်လာသည်ဆိုတော့ သူမအတွက် လှောင်ပြောင်ချင်စရာ ဖြစ်နေတာတော့ ကျိန်းသေနေတယ်လေ။ အကြောင်းသိနေပေမယ့်လည်း ပေါ်တင်မတုံ့ပြန်ရဲ။ တော်ဝင့်ရှေ့မှာ မဟုတ်တာတစ်ခုခု ပြောလိုက်မှာကို စိုးရိမ်စိတ်နှင့် ဘယ်သူမှမမြင်အောင် တိတ်တိတ်လေး လက်သီးထောင်ပြလိုက်ရသည်။

အဲဒီနေ့နောက်ပိုင်းတော့ တော်ဝင်နှင့်အိမ်ထောင်ကျပြီး သားကို ကိုယ်ဝန်ဆောင်နေစဉ်အတွင်းမှာရော မွေးဖွားပြီးစမှာရော တော်ဝင်စားသောက်ဖို့အတွက် ကျွန်တော်ကိုယ်တိုင် မီးဖိုချောင်ဝင် ချက်ပြုတ်ပေးခဲ့ရတာအခါပေါင်း



www.burmeseclassic.com

www.burmeseclassic.com



များစွာ ရှိခဲ့ပါသည်။ ချက်တတ်ပြုတ်တတ်လွန်းလို့တော့ မဟုတ်ဘဲ တော်ဝင်ပင်ပန်းမှာကို မကြည့်ရက်သောကြောင့် ရမ်းသမ်းချက်ပြုတ်ပေးခဲ့သော နေ့ရက်များပင်။ ဒါကိုပဲ တော်ဝင့်မှာ အမြဲတမ်းလိုလို ကျေးဇူးတင်မဆုံး တစ်ဖွဖွ ထုတ်ပြောနေတတ်ခဲ့တာ။

"ဟဲ့ နင်တစ်ယောက်တည်း ပြုံးနေတာ တော်တော်ကြာပြီနော် ညီ"

ကျွန်တော့်ပခုံးလေးကို ခပ်ဖွဖွတစ်ချက်ပုတ်ပြီး ရွှေပိုးပြောမှပင် ကျွန်တော် လက်ရှိအချိန်တွေဆီ ပြန်လည်ရောက်ရှိလာ၏။ အတွေးထဲမှ တော်ဝင့်ပုံရိပ်လေးလည်း ပျောက်ကွယ်သွားသည်။ ပျော်ရွှင်ကြည်နူးခဲ့ရခြင်းတွေလည်း လေထဲမှာ အငွေ့ပျံလွင့်ထွက်သွားခဲ့ပြီ။

"ဘယ်လိုလဲ နင်ကိုယ်တိုင်ချက်ကျွေးမယ်ဆိုရင်တော့ ငါစားချင်သားဟ"

"အင်းလေ ငါကိုယ်တိုင်ချက်ဖို့က သိပ်တော့မခက်ပါဘူး။ ငါချက်ထားတာကို နင်စားနိုင်ဖို့ပဲလိုတာ"

ကျွန်တော်က ခပ်နောက်နောက်လေး ပြောလိုက်သည်။ သူမက ကျေနပ်သွားသလို လက်မလေးထောင်ပြ၏။

"ကြိုက်ပြီ ညီ၊ ဒီလိုဆို နင်ကြော်ပေးတဲ့ ကြက်ဥကြော် စားခဲ့ရပြီး နောက်ထပ်နှစ်ပေါင်း ဘယ်လောက်အကြာမှာ နင်ချက်ပေးတဲ့ ထမင်းနဲ့ ဟင်းကို ငါ စားရတာပါလိမ့်၊ အိမ်ရောက်မှ သေသေချာချာ ထိုင်တွက်ကြည့်ရမယ်"





"နင်ကတော့လေ ပေါက်ပေါက်ရှာရှာ"

"ဒါနဲ့ နင့်သားလေး ရောက်နေတယ်ဆို၊ ငါလည်း မတွေ့ရသေးပါလား"

"အေး ရောက်နေတယ်လေ၊ သားက ဒီမှာဆို သိပ်ပျော်တာဟ၊ တစ်နေကုန် ခြံထဲသွားပြီး အလုပ်သမားတွေနဲ့ စကားတွေပြောနေရော"

"ဟုတ်လား ဒါဆို နင့်သားက တော်တော်လည်နေပြီပဲ"

"အောင်မယ်လေး လည်ချက်ကတော့ ကမ်းကုန်ပဲဟေ့၊ ဒီနှစ်ဆို ဆယ်နှစ်ပြည့်ပြီလေ"

"အင်း ဘာလိုလိုနဲ့ တော်ဝင်ဆုံးတာတောင် သုံးနှစ်ကျော်တော့ မယ်နော်"

ရွှေပိုးက ရုတ်တရက်ကြီး ပြောချလိုက်တာမို့ ကျွန်တော်ပင် ကြောင်အမ်းသွားရသည်။ ရင်ထဲမှာလည်း လှိုက်ခနဲခါသွား၏။

ရွှေပိုးနဲ့ပြန်လည်ဆုံဆည်းဖြစ်ပြီးကတည်းက တော်ဝင့်အကြောင်းကို ကျွန်တော်တို့နှစ်ယောက် မတိုင်ပင်ထားပါဘဲ မပြောမိအောင် ရှောင်တိမ်းခဲ့မိသည်။

ကျွန်တော်ကိုယ်တိုင်လည်း ဒီအကြောင်းတွေကို ထုတ်မပြောချင်လောက်အောင် နာကျင်နေမိသောကြောင့် မပြောသလို ရွှေပိုးလည်း ကျွန်တော့်ခံစားချက်ကို နားလည်သောကြောင့် ထုတ်မပြောခဲ့ဘူးလို့ ကျွန်တော် ယူဆထားခဲ့သည်။ ခုတော့ သူမက ဆိုင်းမဆင့်ဗုံမဆင့်ဆိုသလို တော်ဝင်ဆုံးပါးသွားခဲ့သည့်အကြောင်းကို ပြောလာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင်တော့ ထိုစကားလမ်းကြောင်းပေါ်ကနေ ကျွန်တော် ရှောင် ရှားသွားချင်ပါသည်။

"သူ ဆုံးတော့ သားက ခြောက်နှစ်လောက်ရှိနေပြီပေါ့"

"ရွှေပိုး"

ဆက်မပြောရန် သူမကို ကျွန်တော် နှုတ်ပိတ်ပစ်လိုက်ချင်သည်။ ဒါပေမဲ့

"နင့်ကိုကြည့်ရတာ တော်ဝင့်နာမည်ကြားတာနဲ့ကို စိတ်တွေ မ တည်ငြိမ်နိုင်သေးဘူးနဲ့တူတယ်"

သူမက ကျွန်တော့်မျက်ဝန်းများထဲထိ စိုက်ကြည့်ရင်း တစ်ထစ်ချ စွဲချက်တင်လိုက်သည်။ ကျွန်တော် ချက်ချင်းပင် မျက်နှာလွှဲပစ်လိုက်၏။ မျက်လုံးအိမ်ထဲမှာ ဝေ့တက်လာသော မျက်ရည်စများကို ရွှေပိုးအား မမြင်စေ ချင်ပါ။

"တကယ်တော့ နင့်ဘဝကိုနင် ဒီထက်တိုးတက်အောင် ဖန်တီး ယူဖို့ အချိန်တန်နေပြီ ညီ၊ တကယ်ဆို အချိန်တန်တာထက် အချိန်လွန်နေ ပြီလို့တောင် ပြောလို့ရပါတယ်"

"နင် ငါ့ကို ဘာတွေပြောနေတာလဲ ရွှေပိုး"

"ငါပြောချင်တာကတော့ နင်ခုလိုမျိုး လေလွင့်နေတဲ့ပုံ မဖြစ်သင့် တော့ဘူးလို့ ငါထင်တယ်၊ အထူးသဖြင့် အရက်သမားလုံးလုံးဖြစ်နေတဲ့ နင့်ပုံစံပေါ့၊ ခြလုပ်ငန်းဆိုတာလည်း တကယ်တမ်းက နင်အုပ်ချုပ်နေတယ် ဆိုတဲ့နာမည်ပဲရှိတာ၊ တကယ်တမ်းက ဦးမြင့်တို့ မောင်လုံးတို့ကပဲ အဓိက





လိုက်ထိန်းသိမ်းပေးနေရတာလေ၊ အကယ်၍ သူတို့လို ဝန်ထမ်းကောင်းတွေ သာမရှိရင် နင်ဘယ်လိုလုပ်မလဲ၊ နင့်လုပ်ငန်းတွေ ခုလိုမျိုး ဆက်လက်လည် ပတ်နိုင်လိမ့်မယ်လို့ နင်ထင်နေတာလား"

သူမစကားတွေက ကျွန်တော့်အရှိက်တည့်တည့်ကို လက်သီးပြင်း ပြင်းနှင့် တစ်ချက်တည်း နင့်နေအောင် ထိုးလိုက်သလိုပါပဲ။ ကျွန်တော် ဘာမှပြန်မဖြေနိုင်။

"တကယ်သာ နင့်သားကိုချစ်တယ်ဆိုရင် သားရဲ့အနာဂတ်ကို လှပစေချင်တယ်ဆိုရင် ခုချိန်မှာ နင့်ကိုယ်နင် အကောင်းဆုံးဖြစ်အောင် ကြိုးစားသထက်ကြိုးစားနေရမှာ ညီရဲ့"

ကျွန်တော် သားကို တကယ်မချစ်ဘူးလို့ သူမ စွပ်စွဲနေတာလား။ ကျွန်တော့်ဘဝမှာ သားက အရေးကြီးဆုံးဆိုတဲ့ အမှန်တရားကို သူမ မသိသေးလို့သာ ဒီလိုမျိုး စွပ်စွဲတာ ဖြစ်ပါလိမ့်မည်။

"သားကို ငါမချစ်ဘူးလို့ နင်စွပ်စွဲနေတာလား ရွှေပိုး"

"ငါ စွပ်စွဲတယ် ဟုတ်လား။ ငါမစွပ်စွဲဘူး ညီ၊ နင့်ကိုယ်နင် ပြန် ဆန်းစစ်ဖို့တော့ လိုနေတာအမှန်ပဲ၊ ငါ အခုပြောတဲ့စကားတွေက မှန်လား မှန်လားဆိုတာ ဝေဖန်ပိုင်းခြားနိုင်တဲ့ အသိဉာဏ် နင့်မှာအပြည့်အဝရှိတာ ငါသိပါတယ်"

စကားလုံးတွေက ထိမိပြောင်မြောက်လှသောကြောင့် ကျွန်တော့် ခေါင်းကြီး တင်းနေအောင် စော့ပိတ်ထားမိသည်။ ကျွန်တော် လေလွင့်နေခဲ့ မိတာတော့ မှန်ပါရဲ့။ ဒါကြောင့်လည်း ကျွန်တော့်သားကို တော်ဝင့်မေမေထံ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကောင်းကောင်းမွန်မွန် ပြုစုပျိုးထောင်ပေးစေခဲ့ခြင်း ဖြစ်သည်။

ဒါဟာ သားကို ကျွန်တော် တကယ်မချစ်ဘူးဆိုတဲ့ သဘောမျိုး သက်ရောက်နေခဲ့ပြီလား။ အဲဒီ စွပ်စွဲချက်ကတော့ ပြင်းထန်လွန်းလှပါသည်။

"နင် အေးအေးဆေးဆေး စဉ်းစားပေါ့ဟာ၊ ခုတော့ ငါပြန်တော့မယ်၊ ထမင်းလာစားမယ့်နေ့မှပဲ သားကို ငါနဲ့သေချာမိတ်ဆက်ပေးလေနော်"

ကျွန်တော့်ကို ပြုံးပြုံးလေး နှုတ်ဆက်စကားပြောနေသော ရွှေပို့ကို ကျွန်တော် ပြန်မပြုံးပြနိုင်ဘဲ ခေါင်းသာညိတ်ပြလိုက်မိ၏။ သူမ ပြောတဲ့ စကားတွေက ကျွန်တော့်အတွက် တကယ့်ကို စဉ်းစားစရာကောင်းနေခဲ့ပြီလား။ ကျွန်တော့်ဘဝကို ဘယ်လိုတွေ ရှေ့ဆက်လျှောက်လှမ်းရမလဲ။

တော်ဝင်ရယ် မောင်တစ်ယောက်တည်း ဘာတွေဖြစ်နေတယ်ဆိုတာ မင်းမြင်နိုင်မလားကွာ။

■ ■ ■



## အခန်း (၇)

ရုပ်ရှင်လက်မှတ်က ကျွန်တော် ဝယ်ထားတာ နှစ်ယောက်တွဲ ထိုင်ရသော နောက်ဆုံးတန်းလက်မှတ်ဖြစ်သည်။ ဒါပေမဲ့ ခုတော့ တော်ဝင် လှပ်ချလာတာကိုလည်း ကြည့်ပါဦး။

"နင်က ငါ့ကိုထားခဲ့ပြီး နှစ်ယောက်တည်း ကြိတ်ပုန်းခုတ်ဖို့ လုပ် တယ်ပေါ့လေ၊ အဲဒီလိုလုပ်လို့ ဘယ်တုန်းကရလို့လဲ ညီရဲ့၊ တော်ဝင်တစ် ယောက်လုံး ငါ့ဘက်မှာရှိတယ် သိလား"

ဆရာမကြီးအသံထားနှင့် မျက်နှာကို ခပ်မော့မော့လုပ်ကာ ပြောနေ သော ရွှေပို့ကိုကြည့်ပြီး ကျွန်တော့်ပါးစပ်တွေ ဟားနေပြီ။ ဒါပေမဲ့ မတတ် နိုင်။ တော်ဝင်ရှေ့မှာဆိုတော့ ဆင်ခြင်နေရသည်။

"နင်လက်မှတ် ဝယ်ပြီးပြီလား"

"ဝယ်ပြီး အဲ မဝယ်ရသေးဘူးဟ"



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ကိုင်ထားသော လက်မှတ်ကို သူမတို့မြင်နိုင်ခင်မှာဘဲ ဘောင်းဘီနောက်ဘက်အိတ်ကပ်ထဲ အတင်းထိုးထည့်လိုက်ရ၏။ တကယ်တော့ တော်ဝင်ကြည့်ချင်နေသည့် ရုပ်ရှင်မို့ ကျွန်တော်က လိုက်ပြဖို့ ကတိခံထားခဲ့ခြင်းဖြစ်သည်။ နှစ်ယောက်တည်း ကြည်ကြည်နူးနူး ကြည့်ခွင့်ရမည့် အထင်နှင့် နှစ်ယောက်တွဲလက်မှတ်ကိုတောင် ကိုယ့်စိတ်ကူးနှင့်ကိုယ် ကြို ဖြတ်ထားခဲ့ကာမှ မိရွှေပိုးကို တော်ဝင်က အပါခေါ်ခဲ့ခြင်းဖြစ်၏။

ရည်းစားဖြစ်ပြီး ပထမဆုံးအကြိမ် ကြည့်ရသည့် ရုပ်ရှင်ကို သူငယ်ချင်းတစ်ယောက်က အလယ်တည့်တည့်မှာ ခွထိုင်ကာ ကြည့်ရလိမ့်မည်လို့ ကျွန်တော် ဘယ်တုန်းကမှ တွေးမထားခဲ့ဖူးတာ အမှန်။ ရုပ်ရှင်ပြနေသည့် အချိန်တစ်လျှောက်လုံး ကျွန်တော့်မျက်လုံးများက ရုပ်ရှင်ပိတ်ကားထက်မှာ မရှိဘဲ ရွှေပိုးသေးမှ တော်ဝင့်ထံသို့သာ ရောက်ရောက်နေသည်။ တော်ဝင်ကိုယ်တိုင်လည်း သူမ ကြည့်ချင်လှသည်ဆိုသော ရုပ်ရှင်ထက် ကျွန်တော့်ဆီသို့သာ စိတ်ရောက်နေတာ သေချာပါသည်။

တော်ဝင်ရယ် မင်းကတော့ လုပ်ချလိုက်ပြန်ပြီလို့သာ ကျွန်တော့်စိတ်ထဲကနေ မချိတင်ကဲ ရေရွတ်နေမိသည်။ ကျွန်တော်နဲ့နှစ်ယောက်တည်းတွဲပြီး ရုပ်ရှင်ကြည့်ရမှာကို တော်ဝင် မယုံကြည်လို့လား။ ဒါတောင် နှစ်ယောက်တွဲထိုင်ခုံလက်မှတ်ဝယ်ထားမှန်း တော်ဝင် သိတာမဟုတ်။ အဲဒါသာ သိသွားရင် ကျွန်တော့်ကို အခွင့်အရေးယူတတ်သည့်ကောင်အဖြစ် သူမ မြင်သွားမှာ သေချာ၏။ ကျွန်တော့်ရည်ရွယ်ချက်က တော်ဝင့်နှင့်အတူ လက်ချင်းလေး ဆုပ်ကိုင်လျက် ရင်ခွင်ထဲမှာ သူမကို ငြိမ်ငြိမ်သက်သက်လေး ဖက်ထားရင်း





ရုပ်ရှင်ကြည့်ချင်ခဲ့ရုံသက်သက်သာ ဖြစ်သည်။

ကျွန်တော်က လစ်ရင်လစ်သလို အခွင့်အရေးယူတတ်တဲ့ကောင် မဟုတ်ပါဘူး တော်ဝင်။ စိတ်ထဲမှာ တစ်ယောက်တည်းပြောရင်း စိတ်မကောင်းလည်း ဖြစ်နေမိသည်။

တော်ဝင့်ဘက်ကို လှမ်းကြည့်မိတော့ ကျွန်တော့်ကိုငေးကြည့်နေသော တော်ဝင့်အကြည့်များနှင့် တည့်တည့်ဆုံသည်။ အမှောင်ထဲမှာ မြင်နေရသော မျက်လုံးလေးတွေက အရည်လေးတွေလဲ့လျက် တောက်တောက်ပပ ရှိလွန်းနေ၏။ မျက်ဝန်းလေးတွေထဲမှာ ကျွန်တော့်ကို အားတုံ့အားနာဖြစ်လျက် တောင်းပန်တိုးလျှိုးမှုကို ကျွန်တော် သတိထားလိုက်မိသည်။ သူမရော ဘာတွေတွေးပြီး ဘာတွေများ ခံစားနေရလို့လဲ။

နှစ်ယောက်ကြားမှာ ညပ်ခြားထားသလို ထိုင်နေသော ရွှေပိုးတစ်ယောက်ကတော့ ခုံကို ခပ်လျှောလျှောထိုင်ရင်း အိပ်မောကျလျက်။

"ဟူး အိပ်လို့ကောင်းလိုက်တာဟာ"

"အဲဒီကားကို မကြိုက်ဘူးလားဟင်၊ တော်ဝင်က ကြိုက်တယ်ထင်လို့ ဝင်ခေါ်တာ၊ ခုတော့ အားနာစရာတွေ ဖြစ်ကုန်ပြီနော်"

ရွှေပိုးကို တော်ဝင်က တောင်းပန်သလိုလေး ပြောသည်။ ရွှေပိုးက မိန့်မိန့်ကြီးပြုံးလျက် ခေါင်းကို အဆက်မပြတ်ခါ၏။

"အဲဒီလို အချစ်အလွမ်းကားတွေ သိပ်မကြိုက်တာတော့ အမှန်ပဲ၊ နင်တို့နှစ်ယောက်တည်းဆို ပျင်းနေမှာစိုးလို့ ငါလိုက်လာပေးတာ၊ ရတယ် တော်ဝင် ဘာမှအားနာစရာမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကအပြန် စားသောက်ဆိုင်တစ်ခုမှာ ဝင်စားဖြစ်ကြတော့လည်း ကျွန်တော့်ဘေးကပ်လျက် ရွှေပိုးက ထိုင်လျက် လာချသမျှ ဟင်းတွေကို ကျွန်တော့်ပန်းကန်ထဲ ခပ်ခပ်ထည့်ပေးသည်။ စားသောက်ဆိုင်ကအထွက် ဘုရားပေါ်တက်ပြန်တော့လည်း တော်ဝင့်လက်ကိုရှိတ်တွဲလျက် ကျွန်တော့်ကို တစ်ယောက်တည်း နောက်မှာချန်ထားရစ်ခဲ့၏။ တော်ဝင်ကတော့ ကျွန်တော့်ကိုလည်ပြန်လေးလှည့်ကြည့်လှည့်ကြည့်နှင့် ရွှေပိုးခေါ်ရာနောက် ထပ်ကြပ်မကွာ လိုက်နေရရှာသည်။

ကျွန်တော် သဘောပေါက်လိုက်ပါပြီ။ ဒါ ရွှေပိုး တမင်သက်သက် ညစ်နေတာ။ ကျွန်တော့်ကို တော်ဝင်နဲ့နှစ်ယောက်တည်း ကြည်နူးချိန်မရအောင် လုပ်နေတာ။ စိတ်ထဲမှာ ဖြစ်ပေါ်လာသော ဒေါသတွေကို တော်ဝင် မသိအောင် ပြုံးပြုံးမျိုချနေရတာ အခါခါ။

နောက်ဆုံး တော်ဝင်တို့လမ်းထိပ်တည့်တည့်မှာ ကျွန်တော့်ကားလေး ထိုးရပ်လိုက်တော့ တော်ဝင်က ကျွန်တော်ရော ရွှေပိုးရောကို နှုတ်ဆက်ဆင်းသွားသည်။ ဒီတစ်ခါတော့ ကျွန်တော် မနေနိုင်တော့စွာပင် ကားပေါ်က ခပ်သွက်သွက်ဆင်းလိုက်ပြီး ကျောပေးလမ်းလျှောက်နေသည့် တော်ဝင့်လက်လေးတစ်ဖက်ကို ဖမ်းဆွဲထားလိုက်သည်။

ထိတ်လန့်သွားသော မျက်ဝန်းလေးများဖြင့် တော်ဝင် ကျွန်တော့်ကို ပြူးကြည့်နေ၏။

"တော်ဝင်"

"ဘာဖြစ်လို့လဲဟင်"





"မသိဘူးကွာ"

"ဟွန့် ဘယ်လိုကြီးလဲ"

"ဟုတ်တယ် အမှန်ကို ဝန်ခံရရင် ဒီနေ့ တော်ဝင့်ကိုမကျေနပ်ဘူး သိလား"

ကျွန်တော် မျက်နှာကိုရှုပ်ပြီး ပြောလိုက်သည်။ ကျွန်တော် ဆိုလိုသည့်သဘောကိုနားလည်သည့်ပုံစံနှင့် တော်ဝင်က ခေါင်းလေးငုံ့ပြီး တိုးတိုးလေးရယ်သည်။

"ဒါဆိုလည်း တော်ဝင် တောင်းပန်ပါတယ်နော်၊ ကျေနပ်တော့ ဟုတ်ပြီလား"

"တောင်းပန်လို့ ကျေနပ်လိုက်တယ်မှတ်၊ နောက်တစ်ခါဆို ဒီလိုပါးစပ်နဲ့ တောင်းပန်လို့မရဘူး သိလား"

"ဟင် ဘာနဲ့တောင်းပန်ရမှာလဲ ဒါဆို"

"နောက်တစ်ခါဆို ဟောဒီလို အာဘွားပေးမှ ကျေနပ်နိုင်မယ်"

"ဟယ် ဘာမှန်းလည်း မသိဘူး"

နှုတ်ခမ်းကိုစူပြီး ပြောလိုက်သော ကျွန်တော့်စကားကြောင့် တော်ဝင့်မျက်နှာလေး ပန်းဆီရောင်လွှမ်းသွားလျက် ကျွန်တော့်ကို ကျောခိုင်းကာ အပြေးကလေး ထွက်သွားသည်။ ချစ်သူရဲ့နောက်ကျောပိုင်းအလှဟာလည်း ကျွန်တော့်ကို စက္ကန့်ပိုင်းများစွာ ဖမ်းစားထားလိုက်တာ ရွှေပိုးက ကားဟွန်းကို အဆက်မပြတ် ဆောင့်တီးလျက် သတိပေးရသည်အထိ။

"နင့်မျက်လုံးကြီးလည်း ပြုတ်ထွက်ပြီး ပါသွားဦးမယ် ညီရယ်



www.burmeseclassic.com

www.burmeseclassic.com



နှင်းဟာက ဘူးကိုဘူးလွန်းတယ်''

''ဘာ နှင် ငါ့ကိုပြောပြန်ပြီလား''

ကားစက်နှိုးရန် ပြင်နေပြီးမှ ကျွန်တော့်လက်များကို ပြန်ရုပ်လိုက်ကာ ရွှေပိုးနှင့်မျက်နှာချင်းဆိုင်လိုက်သည်။

''အေးလေ နှင်းဟာကလည်း ကောင်မလေးတွေ မမြင်ဖူးတာကျနေတာပဲ၊ ငမ်းလိုက်တာ လွန်ရော''

''ဟဲ့ တော်ဝင်က ငါ့ချစ်သူလေ၊ ငါ့ချစ်သူ ငါငေးတာ ဘာဖြစ်တုံး။ နှင်က ကြားကနေ ဘာဝင်ဖြစ်နေတာလဲ''

''အောင်မယ်လေး ငါကပဲ ကြားကနေ ဖြစ်ရသေးတယ်၊ ကြားသုံးကြား မဝင်ကောင်းဘူးတဲ့၊ ကြောက်လွန်းလို့ အဲဒါမျိုးတွေဆို ငါက ဝေါ်ဝေါ်ရှောင်တယ်''

''ပါးစပ်ကတော့ ဘုရားဘုရားနော်၊ လက်ကတော့ ဂွားယားကားယားဆိုတာ နှင့်ကိုယ်နှင် သိတယ်မဟုတ်လား''

''အလိုတော် ရာရာစစ၊ ငါ့ကိုများ ပြောလိုက်တာ ကြည့်ဦး''

''နှင်ဒီနေ့တစ်နေ့လုံး ဘာတွေလုပ်ခဲ့တယ်ဆိုတာ ငါသိတယ်နော် ရွှေပိုး။ နှင်ဟာလေ တော်တော်အကျင့်ပုတ်တဲ့ဟာမ သိလား''

စိတ်ထဲမှာ မြူသိပ်လာရသော ဒေါသများကို ကျွန်တော်မွှင့်ထုတ်ဖို့ ဆုံးဖြတ်ပြီးသည့်နည်းတူ ရွှေပိုးကို ခပ်ရင့်ရင့်လေး ပြောပစ်လိုက်သည်။ သူမ မျက်နှာလေး ပျက်ကျသွား၏။ မတတ်နိုင်။ ညက တစ်ညလုံး တော်တော်နဲ့အိပ်မပျော်နိုင်ဘဲ ကျွန်တော် ယဉ်ခဲ့ရသည့်စိတ်ကူးလေးတွေအားလုံး





သူမကြောင့် ရစရာမရှိအောင် ပျက်စီးသွားခဲ့ပြီမဟုတ်လား။

ခုလိုမျိုး တော်ဝင်နဲ့ပိတ်ရက်ကလေးတွေ လွတ်လွတ်လပ်လပ်တွေ့ခွင့်ရဖို့ဆိုတာ ကျွန်တော့်အတွက်တော့ တကယ့်ကို မလွယ်ကူသည့်ကိစ္စပါ။ စာမေးပွဲပြီးလို့ ကျောင်းတွေပိတ်ထားချိန်မှာ တော်ဝင်က အိမ်မှာကျူရှင်သင်သည်လေ။ ဈေးကြီးပေးပြီး ကျူရှင်မတက်နိုင်သည့် ကလေးများကို အိမ်ခေါ်ပြီး အခမဲ့သင်ပေးခြင်း။ အဲဒီကြားထဲကမှ ကျွန်တော့်မှာ ကလေးတွေနဲ့အပြိုင် အချိန်လုပြီး တော်ဝင့်ကို တွေ့ခွင့်ရခြင်းဖြစ်သည်။

အဲဒီလို အခွင့်အရေးကိုမှ ဖျက်ဆီးရက်သော ရွှေပိုးကို ကျွန်တော် ဒီလောက်တော့ ပြောသင့်ပါသည်။

''နှင် ငါ့ကို အဲဒီလို ရင့်ရင့်သီးသီး မအော်သင့်ပါဘူး ညီရယ်''

ကျွန်တော် ထူးဆန်းသော မြင်ကွင်းတစ်ခုကို မြင်နေရသလို ရွှေပိုးကို ငေးကြည့်နေမိ၏။ သူမ မျက်ဝန်းမှာ မျက်ရည်လေးတွေ ဝေ့နေသည်။ ငယ်ငယ်တည်းက ပေါင်းလာခဲ့သော သူငယ်ချင်းမလေးက အငိုခက်သည်။ သူမရဲ့မျက်ရည်ဆိုတာ ကျွန်တော့်အတွက်တော့ မမှတ်မိတော့လောက်အောင် မြင်ကွင်းက ပျောက်ကွယ်နေခဲ့တာပါ။

ခုတော့ မျက်ရည်တွေဘာတွေတောင် ဝဲနေသည့် ရွှေပိုးကိုကြည့်ရင်း ကျွန်တော်တော်တော်များ လွန်သွားသလားလို့ အတွေးလေး ဝင်သည်။ ဟာ မဟုတ်သေးပါဘူး။ ဒီလောက်တော့ ပြောပေးမှ နောက်ဆို သူ့ဘူးအတွဲကြား သူမ ဝင်မနှောင့်ယှက်ရဲမှာ။

''ငါ ဒီကပဲ ပြန်မယ် ညီ''



www.burmeseclassic.com

ပါးပြင်ပေါ် ကျလာသည်ပါဖြစ်နေသော မျက်ရည်များကို သူမ ဖြတ်ခနဲ သုတ်ရှုပစ်လိုက်ရင်း တဖြိုင်နက်တည်းလိုလိုပင် ကားတံခါးဖွင့်ဆင်းသည်။ ကျွန်တော် မတားမြစ်မီ။ လမ်းမဘေးမှာရပ်ပြီး တက္ကစီငှားရန် ပြင်နေတာ ကျွန်တော် သတိထားမိသည်။ သူမ ဘယ်လိုအိမ်ပြန်မလဲ ကျွန်တော် မ တွေးတော့ဘဲ ကားလေးကို အရှိန်ဖြင့် မောင်းထွက်လိုက်ပါသည်။

■ ■ ■

## အခန်း (၈)

"ဒီနေ့ အိမ်ကို ညသည်လာမယ်ဆို ဖေဖေ"

သားက ကျွန်တော့်ကို မျက်လုံးလေး အဝိုင်းသားဖြင့် စူးစူးစမ်းစမ်း လာမေးသည်။ မောင်လုံး ပြောလိုက်တယ်နဲ့ တူပါရဲ့။

"ဟုတ်တယ် သားရဲ့၊ ဖေဖေ့ရဲ့အချစ်ဆုံး ငယ်သူငယ်ချင်း၊ အန်တီ ဝိုးလို့ သားက ခေါ်ရမယ်နော်"

"ဟုတ်ကဲ့ ဖေဖေ"

"ဟိုနေ့တည်းက သားနဲ့မိတ်ဆက်ပေးမလို့ကို ငါ့သားက တစ်နေ့ တစ်နေ့ မြို့ထဲမှာပဲ ပျော်နေတာကိုးကွ"

"သားက မြို့ထဲမှာ နေရတာကို ကြိုက်တယ်၊ ဦးဦးတွေ ဒေါ်ဒေါ် တွေ အသီးတွေရှုးတော့ သားလည်း ဝိုင်းရှုးပေးတာပေါ့"

www.burmeseclassic.com



သိပ်မမြင့်လှသော လိမ္မော်ပင်မှ အသီးများကို သားအရစ်နှင့် လှမ်းယူခွင့်ဖို့ အဆင်တပြေဖြစ်နေခဲ့မှာတော့ ကျွန်တော် ယုံကြည်ပါသည်။

"သား ကြီးလာရင် ဒီခြံကြီးမှာပဲ အလုပ်လုပ်မယ်နော် ဖေဖေ"

"ဟေ့ ငါ့သားက ဆရာဝန်ကြီးတို့ အင်ဂျင်နီယာကြီးတို့ စစ်ဗိုလ်ကြီးတို့ဖြစ်ချင်တာ မဟုတ်ဘူးလား"

"မဖြစ်ချင်ပါဘူး ဖေဖေရာ၊ ဆရာဝန်ဆိုရင်လည်း ဟိုကိုင်ဒီကိုင်နဲ့ လုပ်ရမှာတွေက ရွံစရာကြီး။ အင်ဂျင်နီယာကျတော့လည်း မဖြစ်မနေ အထပ်မြင့်တွေကို တက်ရတဲ့အခါမျိုးတွေကျ သားက အမြင့်ကြောက်တော့ အဆင်မပြေဘူး။ စစ်ဗိုလ်လည်း မလုပ်ချင်ပါဘူး ဖေဖေရာ၊ တော်ကြာ ဖေဖေ့ကို မပြုစုလိုက်ရဘဲ ရှေ့တန်းမှာ သားသေသွားရင် ဘယ့်နှယ်လုပ်မတုန်း"

ချက်ကျလက်ကျ ပြောနေသော သားစကားများကို နားထောင်ရင်း ကျွန်တော် အံ့ဩနေရသည်။ ကိုးနှစ်အရွယ်သားလေးက ခုလိုမျိုး သူ့အကျိုး သူ့အကြောင်းနဲ့ ဆီလျော်အောင် ပြောဆိုလျက် သူ မလုပ်ချင်တာတွေကို မလုပ်ချင်ပါဘူးလို့ ငြင်းဆန်တတ်နေပြီပဲ။

ဒီခေတ်ကလေးတွေကပဲ ဉာဏ်ရည်ထက်မြက်လွန်းနေတာလား။ သူတို့ ကြီးပြင်းရသော ပတ်ဝန်းကျင်နှင့်လူနေမှုပုံစံတွေကပဲ သိပ်ကိုခေတ်မီ တိုးတက်လွန်းနေတာလား ကျွန်တော် မဝေခွဲတတ်တော့ပါ။

"ဒါဆိုရင်ကွာ ခုနက သားပြောသွားတာတွေ မလုပ်ချင်တာရဲ့ အကြောင်းပြချက်တွေဆိုရင် ခြံအလုပ်တွေလုပ်ချင်တဲ့ အကြောင်းပြချက်ကိုလည်း ဖေဖေ့ကိုပြောပြဦးလေ သားရဲ့"





"ဟာ ဖေဖေကလည်း၊ အဲဒါက ရှင်းရှင်းလေး။ သားသာ ဒီခြံထဲမှာပဲ အလုပ်လုပ်ရင် သားကြိုက်တဲ့လိမ္မော်သီးတွေ အမြဲတမ်း စားနေရမှာပေါ့၊ ဒါကြောင့် သားက ခြံအလုပ်ပဲ လုပ်ချင်တာ"

"ဟေ ဟား ဟား ဟား ငါ့သားကတော့ကွာ ဟား ဟား"

သားအဖြေကို သဘောကျလွန်းစွာ ကျွန်တော် တဟားဟား အော်ရယ်လိုက်မိသည်။ သားကိုလည်း ဆွဲယူပွေ့ဖက်ထားရင်း ဆံပင်လေးများကို ဖွပစ်လိုက်မိ၏။ စကားကြီးစကားကျယ်တွေ ပြောနေခဲ့သော သားက နောက်ဆုံးကျတော့လည်း ကလေးလေးတစ်ယောက်သာ ဖြစ်သေးမှန်း ကျွန်တော် သဘောတကျ လက်ခံလိုက်ရပါသည်။

"ကဲ သား ဒီနေ့ ရေမိုးချိုး အဝတ်အစားလဲပြီးရင် ခြံထဲမသွားရဘူးနော်၊ ဖေဖေ့သူငယ်ချင်းနဲ့ သားကို မိတ်ဆက်ပေးမယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"သား ပျင်းနေရင် ဟိုမှာ ဖေဖေ့ဖုန်းထဲမှာ သားအတွက် ဂိမ်းတွေ ထည့်ပေးထားတယ်၊ အဲဒါ ဆော့ရင်ဆော့ ဒါမှမဟုတ် မောင်လုံးကိုခေါ်ပြီး ဆော့ ဟုတ်ပြီလား။ ဖေဖေ မီးဖိုချောင် ဝင်လိုက်ဦးမယ်"

ကျွန်တော် မီးဖိုချောင်ဝင်မည်ဆိုတော့ သားက မျက်လုံးလေး အပြူးသားနှင့် အထူးအဆန်းလုပ်ကြည့်နေသည်။

"ဆရာ မှာထားတာတွေအားလုံး မီးဖိုချောင်ထဲမှာ ကျွန်တော် အဆင်သင့်ပြင်ပေးထားပါတယ်"

"ကြော် အေး၊ မင်း သားနားမှာနေပြီး ကြည့်ထားကွာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ"

သိပ်တွေတွေထူးထူးတော့ မဟုတ်ပေမယ့် ကျွန်တော် စိတ်တွေ ရှည်နေည်းတော့ လှုပ်ရှားနေသည်။ မီးဖိုချောင်ဆိုတာ ကျွန်တော် မဆိုင်သလို နေခဲ့သည့်နှစ်တွေ မနည်းတော့။ ခုမှ မိရွှေပိုးရဲ့ဆန္ဒအတိုင်း ချက်ရပြုတ်ရ မယ်ဆိုတော့ လက်တွေက တုန်ချင်ချင်။ အဲဒီတစ်ယောက်ဟာလေ ခုချိန်ထိ လူကို ဒုက္ခပေးလိုက်ရမှ သူမ နေသာထိုင်သာ ရှိသည့်ပုံပါ။

"ဟယ် ဒါက ညီသားလေးနဲ့ တူတယ်"

"အန်တီက အန်တီပိုးလားဟင်"

ရွှေပိုးရဲ့ တအံ့တသြအသံနှင့်အတူ သားရဲ့မေးခွန်းပြန်ထုတ်လိုက် သံကိုပါ ကျွန်တော် ကြားလိုက်ရသည်။ နာရီကိုကြည့်လိုက်တော့ ဆယ့်တစ် နာရီ။ ကျွန်တော်လည်း ချက်လက်စ အရည်သောက်တစ်ခွက်နှင့် အသုပ် တစ်မျိုးလုပ်ရန်သာ ကျန်တော့သည်။

"အန်တီပိုး ဟုတ်လား"

"ဟုတ်တယ် ဖေဖေက ဒီနေ့ သူ့သူငယ်ချင်းတစ်ယောက် လာ မယ်တဲ့၊ သားက အဲဒီအန်တီကို အန်တီပိုးလို့ ခေါ်ရမယ်လို့ ဖေဖေက မှာ ထားတယ်"

"ဩော် အေးဟုတ်တာပေါ့၊ သားက တော်လိုက်တာ၊ ဖေဖေ့ စကားလည်း နားထောင်တယ်နဲ့တူတယ်နော်"

"နားထောင်ရတာပေါ့ အန်တီပိုးရဲ့၊ သားက ဖေဖေ့ကိုချစ်တာကိုး"

"ဒါဆို သားက ဖေဖေနဲ့မေမေ ဘယ်သူ့ကိုပိုချစ်လဲ ပြော"





သားကိုမေးလိုက်သော ရွှေပိုးရဲ့မေးခွန်းကြောင့် ဟင်းအိုးမွှေနေသော ကျွန်တော့်လက်များ ရပ်တန့်သွားသည်။ သားထံမှ ပြန်ဖြေသံ မကြားရ။ အဲဒီ တဒင်္ဂလေးဟာ နှစ်ပေါင်းမြောက်မြားစွာ ကြာမြင့်သွားသလို ကျွန်တော် ခံစားလိုက်ရ၏။

"ရွှေပိုး နင်ရောက်နေရင်လည်း ငါ့ကိုလာပိုင်းကူပေးဦးလေ"

ညှော်ခန်းဝကနေ ကျွန်တော် လှမ်းခေါ်လိုက်တော့ ရွှေပိုးက ကျွန် တော့်ကို မော့ကြည့်သည်။ ခါးစည်းဝတ်အေဖရွှန်နှင့် ဖွန်းရှည်တစ်ချောင်း လက်ကကိုင်ထားသော ကျွန်တော့်ကိုမြင်တော့ သူမ လှောင်ပြောင်ချင်သလို လိုလေး ရယ်ရင်း ကျွန်တော့်နားသို့ လျှောက်လာသည်။

သားက သူ ရပ်နေသော နေရာလေးမှာပဲ ကျွန်တော်တို့နှစ် ယောက်ကို ငေးကြည့်ရင်း ကျန်နေခဲ့၏။

"နင့်သားနဲ့ငါ့ကို နင်ကိုယ်တိုင် အထူးတလည် မိတ်ဆက်ပေးစရာ တောင်မလိုတော့ဘူး။ သားက ချစ်စရာလေးပဲဟ၊ မျက်နှာကတော့ တော်ဝင် နဲ့ချွတ်စွပ်ပဲနော်"

အသုပ်သုပ်ရန် ပြင်ထားသည့် ကြက်သွန်များကို သူမက လှီးချွတ် ရန် ဓားတစ်ချောင်းဆွဲယူလိုက်ရင်း သဘောတကျ ပြောသည်။ ဒါပေမဲ့ ကျွန်တော်ကတော့ သူမ စကားတွေအတွက် အဖြေပြန်မပေးနိုင်သေးဘဲ ဖြစ်နေ၏။ သားကို တော်ဝင်နဲ့ပတ်သက်ပြီး နာကျင်ခံစားရမှုစိုးရိမ်သောကြောင့် ကျွန်တော်တို့အားလုံး အမေနဲ့ပတ်သက်ပြီး ဘာမှမပြောမိအောင် ရှောင်ထား နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ရွှေပိုးတို့က ရောက်ရောက်ချင်းမှာပင် သားကို နှုတ်သွက်သော ကလေးကို ဆွဲ့အအောင်လုပ်ခဲ့ပြီ။ ဒါကို သူမသိအောင် ကျွန်တော် ဘယ်ကာစပြောရမလဲ။

"ဟဲ့ အဖုံးကို နည်းနည်းဟထားလေ၊ ဟိုမှာ ဝေကျတော့မယ်"

မီးဖိုရှေ့ရပ်ပြီး တွေဝေနက်နဲနေသော ကျွန်တော့်ကို သူမက သတိ ပေးရင်း သူမဘာသာပင် အဖုံးလေးကို အိုးပေါ်မှ လှစ်လိုက်သည်။

"ညီရေ ဟင်းချက်နေတုန်း အတွေးတွေ မများနဲ့ကွယ်၊ မီးဆိုတာ ဘယ်လိုမဆို အန္တရာယ်ရှိတယ်မဟုတ်"

ဟင်းရည်အိုးက ဆူကျက်နေပြီမို့ သူမက မီးခလုတ်ကိုလည်း ပိတ်လိုက်သည်၊ ရှေ့တည့်တည့်မှ အုတ်နံရံကို ငေးမိနေရင်းကနေ ကျွန်တော် သူမကို မျက်နှာချင်းတည့်တည့်ဆိုင်လိုက်၏။

"ရွှေပိုး နင့်ကိုငါ တစ်ခုတော့ ကြိုမှာထားချင်တယ်ဟာ"

"ဘာလဲ"

ကျွန်တော့်ရဲ့အတည်ပေါက်မျက်နှာကြောင့် သူမ မျက်လုံးများက လည်း လေးလေးနက်နက် ဖြစ်သွား၏။

"သားရှေ့မှာ တော်ဝင်နဲ့ပတ်သက်ပြီး ဘာတစ်ခုခုမှ မပြောမိပါစေနဲ့ဟာ၊ သားကို အဲဒီနေ့က အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး ပြန်မြင်ယောင်ခံစားရမှာမျိုး ငါ မဖြစ်စေချင်ဘူး"

"ငါ ခုနက မေးလိုက်တဲ့မေးခွန်းကို နင်ကြားသွားပြီး ဒီစကားပြောတာလား ညီ"





"သော်ရီးဟာ အဲဒီမေးခွန်းမျိုး ငါ မမေးခဲ့သင့်ဘူး။ နင်ပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ သားလေးမှာ အမေဆိုတာမျိုး ခံစားဖို့ ထိုက်တန်ပါတယ်ဟ"

သူမ စကားကို ကျွန်တော် ချက်ချင်း နားမလည်လိုက်။

"နင် ဘာကိုဆိုလိုတာလဲ ရွှေပိုး"

"သားရဲ့ရှေ့ဆက်ကြီးပြင်းမယ့်တစ်လျှောက်လုံးမှာ အမေတစ်ယောက်လောက် ရှိသင့်တယ်လို့ ငါပြောတာ"

"ဘာ ဘယ်လို နင်ဆိုလိုတာက"

"ရှင်းရှင်းလေးလေးဟာ နင့်ကိုနောက်ထပ် အိမ်ထောင်ပြုစေချင်နေတာ"

"ဟာ ရွှေပိုး နင်ငါ့ကို လာနောက်နေတာလား။ ငါက နောက်အိမ်ထောင်ပြုရမယ် ဟုတ်လား။ ခုချိန်ထိ ငါ့ရင်ထဲ နှလုံးသားထဲ ဦးနှောက်ထဲမှာ တော်ဝင်ကလွဲရင် တခြားဘယ်တစ်ယောက်မှ ထည့်လို့မရသေးဘူး။ ထည့်လို့ရဖို့ဆိုတာလည်း ဘယ်လိုမှ မဖြစ်နိုင်ဘူး။ နင် ငါ့ကို အဲဒီလိုစကားမျိုး နောက်ထပ်မပြောနဲ့တော့ဟာ"

"သားလေးက မိခင်တစ်ယောက်ရဲ့အငွေ့အသက်တွေနဲ့ ကြီးပြင်းရဖို့ မထိုက်တန်ဘူးလို့ နင်ထင်နေတာလား"

"ငါ မသိလို့ မေးပါရစေ ရွှေပိုး။ သားအပေါ်မှာ တော်ဝင်လို မိခင်မေတ္တာအပြည့်အဝနဲ့ ချစ်ခင်ပေးမယ့်သူ ဒီလောကကြီးမှာ ရှိနေလိမ့်ဦးမယ်လို့ နင်ထင်နေတာလား။ မိထွေးဆိုတာမျိုးက ဘယ်တော့မှ အမေရင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို ဖြစ်မလာနိုင်ဘူး။ သားအပေါ်မှာလည်း စစ်မှန်တဲ့အမြဲတဲ့ စောင့်ရှောက်မှုမျိုး ပေးနိုင်လိမ့်မယ်လို့ ငါမယုံဘူး''

ကျွန်တော့်ရဲ့တစ်ထစ်ချ စကားတွေအဆုံးမှာ ရွှေပိုးက သက်ပြင်းလေးချသည်။ ခေါင်းလေးကို ဖြည်းညင်းစွာခါ၏။ သုပ်လက်စ မြင်းခွာရွက်သုပ်ကို ဆက်သုပ်သည်။ ကျွန်တော်နှင့်ဆက်ပြောစရာ စကားမရှိတော့ဘူးဆိုတဲ့ သဘောမို့ ကျွန်တော်လည်း ပတ်ထားသော အဝေဖရွှန်ကို ချွတ်ချကာ ရေချိုးရန်ပြင်လိုက်၏။

ဟင်းတွေအားလုံးလည်း အဆင်သင့်ဖြစ်နေပြီပဲလေ။ သားက ဒီထက်နောက်ကျပြီးမှ ထမင်းစားရင် အဆာလွန်သွားပြီး ဘာမှသေသေချာချာ စားမဝင်တော့။

''ဖေဖေ ချက်တာက ဦးလုံးချက်တာလောက်လည်း မကောင်းဘူး''

ပုစွန်ဆီပြန်တစ်ကောင်ကို ခပ်စားရင်း သားက နှာခေါင်းလေးရှုံ့ပြီး ပြောသည်။ ကျွန်တော် မျက်လုံးများပြူးလျက် သားကိုငေးကြည့်နေမိ၏။ ရွှေပိုးကတစ်ဖက်သို့ မသိမသာလေးလှည့်ကာ ပြုံးသည်။

''ဒါဆို သားက ဖေ့ဖေ အပင်ပန်းခံချက်ထားတာတွေကို မစားချင်ဘူးပေါ့လေ''

''သားက မစားဘူးလို့ မပြောပါဘူး ဖေဖေရဲ့၊ ဦးလုံးက ဟင်းချက်ပိုကောင်းတယ်လို့ ပြောတာပါ၊ ဒါပေမဲ့လေ သားကတော့ ဦးလုံးထက် ဖေဖေချက်တာကို ပိုကြိုက်တာပါတယ်''





''ခွေးကောင်လေး ဖအေကို စကားလုံးလှလှလေးတွေနဲ့ လာချော့နေတယ်နော်''

စကားတတ်သော သားကြောင့် ကျွန်တော်တို့မှာ ထမင်းစားနေရင်း ရယ်မောနေရသေး၏။

''ဘယ်လိုလဲ ရွှေပိုး။ သားကတော့ အမှန်တရားတွေ ထုတ်ဖော်ကုန်ပြီ၊ နင်ကရော ဘာပြောချင်သေးလဲ''

ထမင်းကို ခေါင်းမဖော်တမ်း စားနေသည့် ရွှေပိုးဘက်လှည့်ပြီး ကျွန်တော် မေးခွန်းထုတ်လိုက်သည်။ ဒီနေ့ ကျွန်တော်ကိုယ်တိုင်ချက်တာကိုမှ စားချင်ပါတယ်ဆိုပြီး သူမက စတင်တောင်းဆိုခဲ့တာဆိုတော့ သူမရဲ့သဘောထားကိုလည်း မေးမှဖြစ်မည်လေ။

''ဖြေဦးလေ၊ ငါ့ရဲ့အထူးချည့်သည်တော်ကို စားဖို့မှုးကိုယ်တိုင် မေးနေတာ''

''ဖြေမှာပေါ့ဟ၊ ခဏနေဦး၊ ရေသောက်လိုက်ဦးမယ်၊ နင့်ဟင်းချည်က ငန်နေတာဆိုတော့ တစ်ဇွန်းသောက်လိုက် ရေလေးတစ်ခွက်သောက်လိုက်လုပ်မှ အဆင်ပြေမှာ''

''ဟာ သေရောကွာ၊ ငါ့ကိုထည့်လိုက်ပြန်ပြီ''

ကျွန်တော်က ကိုယ့်နဖူးကိုယ်ရိုက်လျက် ရေရွတ်လိုက်တော့ ရွှေပိုးနဲ့သားက သဘောတကျ ရယ်မောကာ တစ်ယောက်နဲ့တစ်ယောက် လက်ဝါးချင်းတောင် လှမ်းရိုက်လိုက်ကြသေးသည်။ ကျွန်တော့်ကိုနှိပ်ကွပ်ဖို့အတိုင်အဖောက်ညီညီ လုပ်ဆောင်နေကြသည်ဆိုတဲ့ သဘော။



www.burmeseclassic.com

www.burmeseclassic.com



"မရောက်ရင်လည်း မစားကြနဲ့ကွာ၊ လာ ငါ အပြင်ဆိုင်မှာ လိုက်ကျွေးမယ်"

ကျွန်တော်က ရွှေပိုးရှေ့မှ စားလက်စ ပန်းကန်ရော သားစားနေသည့်ပန်းကန်ကိုပါ လှမ်းယူသိမ်းဟန်ပြုတော့ နှစ်ဦးစလုံး အသည်းအသန် တားမြစ်ကြလျက်

"ဟဲ့ ငါက အငန်ကြိုက်ပါတယ်၊ ပန်းကန်သိမ်းမသွားပါနဲ့"

"သားကလည်း ဖေဖေချက်တာကို ပိုကြိုက်ပါတယ်ဆိုနေမှ"

ဒီလိုဆိုမှ ကျွန်တော့်မှာမိန့်မိန့်ကြီးပြုံးလျက် ပန်းကန်တွေ လှမ်းသိမ်းရန် ပြင်နေသော လက်ကိုရုတ်လိုက်သည်။

"ဟွန်း စိတ်ကြီးပဲ"

"ဟုတ်တယ် ဖေဖေက စိတ်ကြီးပဲ"

ရွှေပိုးစကားအတိုင်း သားက နောက်ကနေ လိုက်ပြောသည်။ တစ်ယောက်နဲ့တစ်ယောက် အပေးအယူမျှနေသော သူတို့နှစ်ယောက်ကို ကြည့်ပြီး ကျွန်တော့်ကိုယ်တိုင်လည်း ကြည်နူးနေမိ၏။ သားကိုကြည့်ရတာ ရွှေပိုးကိုခင်မင်နေပုံရသည်။ ကျွန်တော့်ရဲ့ငယ်သူငယ်ချင်းလို့ ပြောထားတော့ ခြံထဲက ဝန်ထမ်းတွေထက်တောင် ပိုလို့ခင်ခင်မင်မင် သံယောဇဉ်တွယ်ချင်နေသည့်ပုံ။

"ကဲ ဒီမှာ လိမ္မော်သီးတွေ လာပါပြီ"

ကျွန်တော်တို့သားအဖ ထိုင်နေသော ခြံထဲမှ စားပွဲဝိုင်းလေးဆီသို့ ရွှေပိုးက သပ်သပ်ရပ်ရပ် ညီညီညာညာ စီထည့်ထားသည့် လိမ္မော်သီးမှာလေး





များပါသော ပန်းကန်လေးကို မယူလာသည်။

"သားက ယိုစားချင်တာ ဖေဖေရဲ့"

"အချိုတွေကို လျှော့ပါ သားရယ်၊ တော်ကြာနေ သားရဲ့သွားလေးတွေ ဝါဝါထိန်ထိန်ကြီး ဖြစ်သွားရင် မလှတော့ဘဲနေမှာပေါ့"

"ဟွန် ဖေဖေပဲပြောတော့ ဖေဖေတို့ထုတ်တဲ့ ယိုတွေက သဘာဝ အချိုဓာတ်ကို အဓိကထားတယ်ဆိုပြီး တီဗွီမှာကြော်ငြာတာလေ၊ အခု သားကိုကျတော့ သွားပိုးစားမှာ စိုးရိမ်နေတာလား ဖေဖေ"

"နင့်သားက နင့်ထက်တစ်လကြီးနေတာတော့ သေချာသွားပြီ ညီရေ၊ နင် အရှုံးပေးလိုက်တော့"

"အောပါ ငါပဲ လက်မြှောက်ပါတယ်"

လက်နှစ်ဖက်ကို တကယ်မြှောက်ပြလျက် ကျွန်တော် ခပ်ရွှတ်ရွှတ် ပြောတော့ သားက တခစ်ခစ်ရယ်မောသည်။ စကားဝိုင်းလေးက စိုစိုပြည်ပြည် ဖြစ်နေတုန်းမှာပင် သားက တစ်စခန်းထလာ၏။

"အန်တီပိုးက ဖေဖေနဲ့ ဟိုးငယ်ငယ်တည်းက ခင်လာတယ်ဆိုတော့ အခု သားအရွယ်လောက်တည်းကပေါ့နော်"

"အင်းပေါ့ သားရဲ့၊ အန်တီတို့ မမွေးခင်တည်းက အန်တို့မိဘတွေနဲ့ သားဘိုးဘိုးဘွားဘွားတွေနဲ့က ရင်းနှီးခဲ့ကြတာ၊ အိမ်ချင်းကလည်း ကပ်လျက်ဆိုတော့ သားဖေဖေနဲ့အန်တီက အလိုလိုနေရင်းကို သူငယ်ချင်းတွေ ဖြစ်သွားကြရော"

"အဲဒီလိုဆို ပျော်စရာကြီးပေါ့နော်၊ ဖေဖေတွေ မေမေတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ သူငယ်ချင်းကလည်း ဘေးနားနီးနီးလေးမှာရှိတယ်ဆိုတော့ အန်တီနဲ့ ဖေဖေက ဘယ်ပျင်းမလဲနော် ပျော်စရာကြီး ဟီး ဟီး"

သွားလေးများပေါ်အောင် ရယ်မောလျက် ပြောလိုက်သော သား စကားကြောင့် ကျွန်တော်နဲ့ရွှေပိုး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။ သားကို ဘာစကားမှတော့ တုံ့ပြန်မပြောဖြစ်ခဲ့ပါ။

"သားဆိုရင် အိမ်နားမှာ သူငယ်ချင်းမရှိဘူး အန်တီရဲ့၊ ကျောင်းသွားမှ သူငယ်ချင်းတွေနဲ့ တွေ့ရတာ၊ စနေ တနင်္ဂနွေကျောင်းပိတ်ရင် သား သိပ်ပျင်းတာပဲ"

သူ့အကြောင်းတွေကို ခုလိုမျိုး သားရင်ဖွင့်တာ တစ်ခါမှ ကျွန်တော် မကြားခဲ့ဘူး။ ခုတော့ ဘာစိတ်ကူးပေါက်သည်မသိ၊ သားက ရွှေပိုးကို တိုင်တည်ကာ သူ့အကြောင်းသူ စိတ်လိုလက်ရ ပြောပြနေသည်။

"ဘွားဘွားက သားကို ချစ်တော့ချစ်ပါတယ်၊ ဒါပေမဲ့ သားဆော့ချင်တာတွေကျတော့ ဘွားဘွား လိုက်ဆော့မပေးဘူး အင်းလေ ဘွားဘွားက အသက်လည်းကြီးပြီကိုး"

လူကြီးလေးတစ်ယောက်လိုလည်း၊ တွေးတတ်နေသော သားကို ကျွန်တော် ချစ်ခင်ကြင်နာစွာ ပွေ့ဖက်ထားလိုက်မိသည်။

"အဲဒီတော့ သားက အခု ဒီမှာလာနေရတော့ ပျော်တယ်ပေါ့ ဟုတ်လား"

"ပျော်တာပေါ့ အန်တီရဲ့၊ ခြံထဲမှာဆိုလည်း သားနဲ့ကစားပေးတဲ့ သူတွေ အများကြီး။ သားကိုပုံပြင်တွေလည်း ပြောပြကြတယ်၊ ဦးလုံးကလည်း





သားကိုအလိုလိုက်တယ်လေ၊ ဒီမှာလာနေရတဲ့အချိန်တွေက သားအတွက် တော့ တကယ့်ကိုပျော်စရာပဲ"

ကျွန်တော် နည်းနည်းတော့ ထိတ်လန့်သွားမိသည်။ သားသည် ရန်ကုန်မှာ သူ့အဘွားနဲ့အတူ နေနေရတာကို မပျော်ပိုက်နိုင်ဘူး ဖြစ်နေတာလား။ သားတစ်ယောက်တည်း သိပ်အထီးကျန်နေခဲ့သလား။ ကျွန်တော့်မှာ တွေးစရာတွေတစ်ပုံတစ်ပင် ဖြစ်သွား၏။

"ဒီလိုဆို ဘွားဘွားနဲ့နေရတာကို သားက မပျော်ဘူးပေါ့ ဟုတ်လား။ ရန်ကုန်မှာ မနေချင်ဘူးပေါ့"

"မပျော်ဘူးလို့ မပြောပါဘူး ဖေဖေရဲ့၊ ရန်ကုန်မှာမနေချင်တာလည်း မဟုတ်ဘူး။ သားက ဒီခြံထဲမှာလာနေရရင် သူငယ်ချင်းတွေ အများကြီးရှိတော့ ပိုသဘောကျတယ်လို့ ပြောတာပါ"

ထိုနေ့က ရွှေပိုးကို သူ့ကားနားထိ ပြန်လိုက်ပို့တော့

"ငါပြောတဲ့ကိစ္စကို နှင်းသေချာစဉ်းစားပါ ညီရယ်၊ သားကို ပြည့်စုံတဲ့ မိသားစုလေးတစ်ခု ဖန်တီးပေးရမယ့်တာဝန်က နင့်မှာအပြည့်အဝရှိနေတယ်လို့ ငါထင်တယ်"

ဒီတစ်ခါတော့ ကျွန်တော် ဘာမှပြန်မပြောနိုင်ခဲ့ပါ။ သား ပြောပြခဲ့သော စကားများနှင့် ရွှေပိုး ဖြစ်စေချင်နေသည့်ကိစ္စ၊ ဒီနှစ်ခုကို ကျွန်တော် သေသေချာချာ စဉ်းစားကြည့်ဖို့တော့ သင့်နေပြီလားဆိုတဲ့ အတွေးတစ်ချက်က ခေါင်းထဲမှာ နေရာယူထားခဲ့ပြီ။

"ငါ အခြေအနေ ကြည့်လိုက်ပါဦးမယ် ရွှေပိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



နုတ်ဆက်ထွက်ခွာသွားသော ရွှေပိုးရဲ့ ကားလေးကို မျက်စိတစ်ဆုံး လိုက်ကြည့်ရင်း ကျွန်တော် ကျောက်ရုပ်တစ်ရုပ်လို မတ်မတ်ရပ် ကျန်ခဲ့သည်။ ကျွန်တော့်ဘဝမှာ အဖေစောစောစီးစီး ကွယ်လွန်သွားခဲ့တာကလွဲရင် ဘဝတစ်လျှောက်လုံး လိုလေသေးမရှိအောင် နေထိုင်ခဲ့ရတာ။ မေမေ့ရဲ့ နွေးထွေးတဲ့ ရင်ငွေ့အောက်မှာ အရွယ်ရောက် ကြီးပြင်းခဲ့ရတာ။

သားကတော့ ဒီလိုမဟုတ်ပါလား။ တော်ဝင့်ကို ဆုံးရှုံးလိုက်ရသည့် အပြင် အဖေဖြစ်တဲ့ ကျွန်တော်ကလည်း တစ်နယ်တစ်ကျေးမှာနေပြီး သား တစ်ယောက်တည်း အထီးကျန်ဆန်အောင် ပစ်ထားသလို ဖြစ်ခဲ့ရပြီ။

သားအတွက် ကျွန်တော့်ဘက်က ဘယ်လိုဖြည့်ဆည်းပေးမှုမျိုးတွေ လုပ်ပေးရမှာလဲ။ ကျွန်တော် ရင်လေးနေမိပါသည်။

■ ■ ■



အခန်း (၉)

"အဲဒီလောက်တော့ မလုပ်သင့်ပါဘူး။ တော်ဝင် အတင်းခေါ်လို့ သာ လိုက်လာရတာလေ"

"ဒါပေမဲ့ကွာ ချစ်သူရည်စားချင်း လွတ်လွတ်လပ်လပ်လေး တွေ့ခွင့် ရဖို့ ဒီလောက်အချိန်တွေ အကြာကြီးစောင့်ခဲ့ရပြီးမှ တကယ်တမ်းလည်း ရရော အနှောင့်ကဝင်တော့ စိတ်ဆိုးသွားတာပေါ့"

ရွှေပိုးကို အိမ်ထိမခေါ်သွားဘဲ လမ်းမှာတင် ချပစ်ထားခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်နဲ့တော်ဝင်တို့ အချေအတင် ဖြစ်နေကြခြင်း ဖြစ်သည်။ လူချင်းတွေ့ပြီး ပြောနေရခြင်းတော့မဟုတ်၊ ဖုန်းထဲကနေ လေလှိုင်း ပေါ်မှာ ဆုံဆည်းခွင့်ရခြင်း။

"ဘယ်လိုပဲဖြစ်ဖြစ် ဒီတစ်ခါတော့ လွှန်သွားတယ်ရှို့ တော်ဝင် ခံစားရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ တော်ဝင်ကလည်းကွာ ခု ဘယ်သူ့ကို အပြစ်လာတင်နေတာလဲ"

"ဟုတ်တယ်လေ တကယ်ဆို ကိုယ့်သူငယ်ချင်းအရင်းကြီးပဲဟာ အဲဒီလောက်ထိတော့ မလုပ်သင့်ဘူးပေါ့၊ အဲဒီနေ့က တော်ဝင် အိမ်ပြန်ရောက်ပြီး ဘယ်လောက်မှ မကြာဘူး မိုးတွေလည်း ရွာချလိုက်တာ၊ မိုးရေထဲမှာ မိန်းကလေးတစ်ယောက်တည်း ထားခဲ့သလို ဖြစ်သွားတယ်လေ"

"တော်ပြီကွာ တော်ဝင်ကလည်း ဒီကိုပဲ အပြစ်လာပုံချချင်နေတာ တကယ်ဆို ကိုယ့်ချစ်သူလေး၊ စိတ်ပြေရာပြေကြောင်း တစ်ခုခု တော်ဝင်စီစဉ်ပေးသင့်တာကို"

ကျွန်တော် ခပ်တည်တည်ပြောလျှင် တော်ဝင့်ဘက်က တစ်ချက်ငြိမ်ကျသွား၏။ ပံ့မှန်ဝင်ထွက်နေသော ညင်သာသည့် အသက်ရှူသံလေးကိုသာ ကျွန်တော် ကြားနေရသည်။

"ဘာလဲ တော်ဝင့်ကိုပါ စိတ်ပြန်ဆိုးနေတာလား"

ကျွန်တော် ဘာမှပြန်မဖြေ။ စက္ကန့်ပေါင်းများစွာ ကြာမြင့်သွားလောက်အောင် နှစ်ဦးသားဖုန်းတွေကို ကိုင်ထားလျက် ဒီတိုင်းကြီး ငြိမ်သက်နေမိသည်။

"မောင်"

ကြားလိုက်ရသည့် ခေါ်သံလေးကြောင့် ကျွန်တော့်ကိုယ်ထဲမှာ စီးဆင်းနေသော သွေးကြောတွေအားလုံး နွေးထွေးလိုက်ဖိုသွားသည်။ ရည်းစားဖြစ်ပြီးသည့် ခြောက်လကျော်ကာလအတွင်း ကျွန်တော့်ကို "မောင်"လို့





ခေါ်ဖို့ အကြိမ်ကြိမ်တောင်းဆိုခဲ့ဖူးပေမယ့် တော်ဝင်က ဘယ်တော့မှမခေါ်ခဲ့ရှက်လို့ဆိုသည့် အကြောင်းပြချက်လေးတစ်ခုတည်းနှင့် ရှောင်ရှားနေခဲ့သော ဒီနာမ်စားလေးကို ခုတော့ သူမ ခေါ်ပြီပေါ့။

"တော်ဝင် ဘယ်လိုခေါ်လိုက်တယ်"

သေသေချာချာ နားနဲ့ဆက်ဆက် ကြားလိုက်တာဆိုပေမယ့် ကျွန်တော် မယုံမရဲလေးနှင့် ပြန်မေးလိုက်မိသည်။ တော်ဝင့်ထံမှ ရယ်သံညှင်းညှင်းလေး ထွက်လာသည်။

"မောင့်ကို မောင်လို့ခေါ်လိုက်တာလေ၊ ဘာလဲ သဘောမကျလို့လား။ ဒါဆိုလည်း ရတယ်၊ မခေါ်တော့ဘူးပေါ့"

"ဟာ မဟုတ်ပါဘူး၊ တော်ဝင်ရဲ့၊ သဘောကျတာပေါ့၊ သိပ်သဘောကျတယ်၊ နောက်ဆို မောင့်ကိုမောင်လို့ပဲ အမြဲခေါ်နော်"

ကျွန်တော် အပျော်လွန်နေသော အသံဖြင့် ခပ်မြူးမြူးလေး ပြောလိုက်သည်။

"သားရေ မေမေ့ဆီ ခဏလာပါဦး"

ဖုန်းပြောနေရင်းတန်းလန်းနှင့် အောက်ထပ်မှ မေမေ့ခေါ်သံ ထွက်ပေါ်လာသောကြောင့် တော်ဝင်နဲ့စကားပြောနေခြင်းကို လက်စမသတ်ချင်ဘဲနှင့် လက်စသတ်လိုက်ရသည်။ ရင်ထဲက အပျော်တွေကတော့ အဆုံးမသတ်နိုင်သေး။ ထိုအပျော်များဖြင့်ပင် မေမေ့ရှေ့သို့ ကျွန်တော် အပြေးကလေး ရောက်သွားသည်။ မျက်နှာပေါ်က ဟက်ဟက်ပက်ပက် အပြုံးကို ဖျောက်ဖျက်ပစ်ဖို့ ကျွန်တော် သတိမရနိုင်သေး။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ကောင်လေး ဘာတွေပျော်နေတာလဲ"

"ပျော်စရာကိစ္စတစ်ခု ရှိနေလို့ပေါ့ မေမေရ"

"မပြောချင်ဘူးနော် သား၊ ဒီတစ်ခါတော့ သား နည်းနည်းလွန်သွားပြီ"

"ဟွန် ဘာကိုပြောတာလဲ မေမေ"

ဒီတစ်နေ့လုံးတော့ ကျွန်တော့်ကို လွန်သွားပြီလို့ စွပ်စွဲမယ့်သူတွေ ဝိုင်းဝိုင်းလည်နေခဲ့ပြီနဲ့ တူသည်။

"ပြီးခဲ့တဲ့ တနင်္ဂနွေတည်းက ရွှေပိုးလေး မိုးမိပြီး တော်တော်နေမကောင်းဖြစ်နေတာ သားခုထိ သွားမကြည့်ဘူး မဟုတ်လား"

"ရွှေပိုးက နေမကောင်းဖြစ်နေတယ် ဟုတ်လား မေမေ"

"အေးလေ၊ သားတို့နဲ့ရုပ်ရှင်ကြည့်ဖို့ ထွက်သွားပြီး အပြန်မှာမိုးမိတယ်တဲ့၊ အခု ဖျားနေတာ နှစ်ရက်တောင်ရှိပြီလေ၊ သား မသိဘူးလား"

ကျွန်တော် တကယ်မသိပါ။ ပြီးခဲ့တဲ့ တနင်္ဂနွေဆိုတော့ ကျွန်တော် သူမကို လမ်းပေါ်မှာ တစ်ယောက်တည်း ထားပစ်ခဲ့တဲ့နေ့။ အဲဒီနေ့ကသူမ တက္ကစီငှားပြီး အိမ်ပြန်ရောက်နေရမှာ မဟုတ်လား။ မိုးမိစရာ ဘာအကြောင်းရှိလို့လဲ။ ကျွန်တော့်ကို ဒုက္ခပေးချင်လို့ တမင်သက်သက်များ ဖျားချင်ယောင်ဆောင်နေတာလား။

ခေါင်းထဲမှာ အနုတ်လက္ခဏာအတွေးများသာ ပြည့်နက်နေရာယူသွား၏။ ကျွန်တော့်ကို အနိုင်ကျင့်ချင်လို့ ဖျားချင်ယောင်ဆောင်နေတာလည်း ဖြစ်နိုင်ချေများပါသည်။





"ဟဲ့ သားဘာတွေကြောင်ရုပ်နေတာလဲ၊ ရွှေပိုးလေး ဒီလောက်နေမကောင်းဖြစ်နေတာကို သားက သိတောင်မသိဘူးဆိုတော့ မေမေ့ကို မှန်မှန်ပြောစမ်း။ သားတို့နှစ်ယောက် တစ်ခုခုဖြစ်ထားတာလား"

"ဒီလိုပါပဲ မေမေရာ ထုံးစံအတိုင်း နေရာတကာလိုက် ကဖျက်ကယက်လုပ်လွန်းလို့ မှတ်လောက်အောင် အဆက်အသွယ်ဖြတ်ထားတာလေ၊ ခုလည်း ဖျားချင်ယောင်ဆောင်ပြီး ကျွန်တော်သူ့ကို ပြန်ခေါ်အောင်လုပ်နေတာ ဖြစ်မှာပေါ့"

"သား အဲဒီလိုတော့ မပြောနဲ့၊ ခုပဲ မစိုးနဲ့ အလုပ်ကိစ္စလေးတစ်ခုတိုင်ပင်စရာရှိလို့ ဟိုဘက်အိမ်ကူးသွားတော့မှ မေမေက ရွှေပိုးကို မတွေ့လို့ မေးလိုက်တာ၊ အိပ်ရာထဲမှာလဲ့နေတယ်တဲ့၊ ညကတောင် အဖျားက တစ်ရှောလေးရှိတယ်တဲ့၊ မေမေတောင် သမီးလေး ကြိုက်တတ်တာလေးတွေ ချက်ပေးမလား စဉ်းစားနေတာ၊ သားလည်း သွားကြည့်လိုက်ဦး"

"ဟုတ်ကဲ့ပါ မေမေ"

မေမေကိုယ်တိုင်တွေ့ခဲ့တာဆိုတော့ သူမ ဟန်ဆောင်နေတာ မဟုတ်ဘူးပေါ့။ တကယ်ပေါ့ အပြင်းဖျားနေတာလား။ ကျွန်တော့်ပယောဂမကင်းတဲ့ ကိစ္စတစ်ခုကြောင့် ရွှေပိုး နေမကောင်းဖြစ်သွားရတယ်ဆိုပြီး တွေးမိတော့လည်း ကျွန်တော့်နဂိုဓာတ်ခံ သနားတတ်သည့်စိတ်လေးက ကြွလာသည်။ သူငယ်ချင်းကို စိတ်ဆိုးပေမယ့် ဒီလိုဖြစ်နေတယ်ဆိုတော့လည်း မနေနိုင်မထိုင်နိုင်ဖြစ်လာ၏။

"သား ခုပဲ သွားကြည့်လိုက်မယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး သား။ ခြောက် ခဏလေးနေဦး။ မေမေ့မှာ ဟိုတလောက လက်ဆောင်ရထားတဲ့ ဂျင်စင်းဆေးရည်ရှိတယ်၊ အဲဒါလေး ယူသွားပေးပြီး ရွှေပိုးလေးကို တိုက်လိုက်ဦးနော် မစိုးကိုလည်း သေချာမှာလိုက် ကြားလား"

"ဟုတ်ကဲ့ မေမေ"

မေမေ ယူလာပေးသော ဂျင်စင်းအားဆေးရည်ထုပ်များကို လက်တစ်ဖက်ကဆွဲလျက် ကျွန်တော် ရွှေပိုးတို့ ခြံဘက်ရောက်လာခဲ့သည်။

"အန်တီစိုးရေ ဒီမှာ မေမေက ရွှေပိုးအတွက် အားဆေးရည်တွေ ပေးလိုက်တယ်"

"ခြောက် အေး သားလေး။ ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါဦး ကွယ်"

"ဒါနဲ့ ရွှေပိုးရော အန်တီစိုး"

"အခန်းထဲမှာ အိပ်နေတယ် သားရေ၊ ခုနတုန်းကတော့ ပေါင်မုန့်လေးနည်းနည်းစားပြီး ဆေးတိုက်ထားရတယ်၊ ဖျားခဲ့တဲ့ ကလေးက ဒီတစ်ခါ ဘယ်လိုဖြစ်တယ် မသိပါဘူးကွယ်၊ ခေါင်းကိုမထောင်နိုင်ဘူး ဖြစ်နေတာ"

"သား တက်ကြည့်လိုက်ဦးမယ်"

"အေး အေး သား သူငယ်ချင်းကတော့ အိပ်ပျော်နေမလား မသိဘူး"

"ဟုတ်၊ အိပ်ပျော်နေရင် သား မနိုးတော့ဘူး အန်တီ"

စေ့ပိတ်ထားသော သူမအခန်းတံခါးကို အသာလေးတွန်းဖွင့်ဝင်လိုက်တော့ ခုတင်ထက်မှာ စောင်ခြုံရင်း ကွေးကွေးလေး အိပ်ပျော်နေသည့်





ရွှေပိုးကို တွေ့လိုက်ရသည်။ ဖြူသောအသားအရေလေးက ပိုလို့တောင် ဖြူဖျော့ကျနေ၏။ နှုတ်ခမ်းရဲရဲလေးတွေကအစ အရောင်မရှိ ညှိုးနွမ်းနေသည်။

သူမ တကယ်ဖျားနေတာပဲ။ ကျွန်တော်က စိတ်ဆိုးဆိုးနှင့် ဖုန်းတောင်တစ်ခါချက်မဆက်ဘဲ ပစ်ထားတာ။ သူမဘာသာ အမြင်မှန်ရမှ ကျွန်တော့်ကို ပြန်လာခေါ်လိမ့်မယ်ဆိုပြီးလေ။

ခုတင်ဘေးက ကုလားထိုင်မှာ ကျွန်တော်ထိုင်ချလိုက်၏။ သူမကို မမိုတ်မသုန် ငေးစိုက်ကြည့်ရင်း ခေါင်းတခါခါ လုပ်နေမိသည်။ ကျွန်တော့်ကြောင့် ကျွန်တော့်သူငယ်ချင်း ခုလိုဖျားနာရတာဆိုတော့ စိတ်ထဲမှာ ဘယ်လိုမှမကောင်း။ တော်ဝင်ပြောသလို လွန်သွားတာ သေချာနေပြီပေါ့။

ဒီလိုဖြစ်စေဖို့ ကျွန်တော်နည်းနည်းမှ မရည်ရွယ်ခဲ့တာတော့ သေချာပါသည်။ ကားပေါ်ကနေ ဆင်းသွားခဲ့တာလည်း သူမ သဘောနှင့် သူမဟ်ဖြစ်၏။ ကျွန်တော့်အပြစ်က ကားပေါ်ကဆင်းသွားသော သူမကို ပြန်လိုက်မခေါ်မိသောအပြစ်။

"ဟူး"

သက်ပြင်းလေးတစ်ချက်ချလက် ကျွန်တော် ထိုင်ရာမှထလိုက်သည်။ ဖြစ်ချင်တော့ ကျွန်တော့်လက်တစ်ဖက်က သူမ စာကြည့်စားပွဲပေါ်မှာ ဆောင်ထားသော မှန်ဘောင်သွင်းဓာတ်ပုံလေးကို တိုက်ချလိုက်သလို ဖြစ်သွားပြီး ကြမ်းပြင်ပေါ်သို့ ဒုန်းခနဲ ကျသွားသည်။

မကွဲမအက်သွားသောကြောင့် ကျွန်တော်ခပ်မြန်မြန် ကောက်ယူ ပြန်တင်ထားရန် ကြိုးစားလိုက်၏။ ကျွန်တော့် လက်ထဲပါလာသော ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ပုံလေးက ကျွန်တော်တို့နှစ်ယောက် ငယ်ငယ်တုန်းက ရွှေပိုးတို့ခြံထဲမှာ ပြေးတမ်းလိုက်တမ်း ဆော့ကစားနေတာကို ရွှေပိုးဖေဖေ ရိုက်ပေးထားသော ဓာတ်ပုံလေး။ နှစ်ယောက်လုံး ပါးစပ်ကြီးများဖြဲကာ အော်ရယ်လျက် ကျွန်တော့်နောက်ကို သူမက အတင်းပြေးလိုက်နေပုံ။

ဒီပုံလေးနဲ့ တစ်ပုံစံတည်း ကျွန်တော့်မှာလည်း တစ်ပုံရှိပါသည်။ ဒါပေမဲ့ သူမလိုတော့ စာကြည့်စားပွဲပေါ်မှာ ထောင်ထားခြင်းမဟုတ်။ ကျွန်တော့်ငယ်ဘဝ အယ်လ်ဘမ်လေးထဲမှာ ထည့်သိမ်းဆည်းထားခြင်း ဖြစ်သည်။

ဓာတ်ပုံလေးကို နေသားတကျ ပြန်ထောင်ထားပေးခဲ့ပြီး ကျွန်တော်အခန်းထဲမှာ ပြန်ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။

"နင်ဘယ်တုန်းကရောက်နေတာလဲ ညီ"

"ဟင် နင်နိုးပြီလား"

မှေးစင်းသော မျက်ဝန်းများဖြင့် ကျွန်တော့်ကို ငေးကြည့်နေသော ရွှေပိုး။

"ဓာတ်ပုံပြုတ်ကျတဲ့ အသံက ဒီလောက်ကျယ်တာကို ငါမနိုးဘဲနေမလားဟ"

"ဟာ ဆောရီး။ ငါ လက်နဲ့တိုက်မိလိုက်တာ၊ နင်အိပ်နေတာကို အနှောင့်အယှက် မပေးချင်လို့ ခုပဲပြန်မလို့ လုပ်နေတာလေ"

"နင်တော်တော်နေနိုင်တယ်နော်"

သူမ ဘာကိုဆိုလိုပြီး ပြောတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါကြောင့်လည်း ခေါင်းကိုငုံ့ထားလိုက်ရင်း သူမကို တောင်းပန်စကားဆို





ဖြစ်သည်။

"နင်နေမကောင်းတာ ငါတကယ်မသိလို့ပါဟာ၊ တမင်လုပ်တာမဟုတ်ပါဘူး"

"အေးပါ ထားလိုက်ပါတော့"

"နင်ပြန်အိပ်လိုက်ဦးလေ၊ ငါနောက်မှ လာခဲ့မယ်"

"အေး နင်ရော တော်ဝင်နဲ့ အဆင်ပြေတယ် မဟုတ်လား"

"အေး ပြေတယ်"

"သိပါပြီ၊ အဲဒီမျက်နှာ မြင်လိုက်တည်းက ဟွန့်"

ရွှေပိုးက မျက်စောင်းဖျော့ဖျော့လေးထိုးရင် ပြောသည်။

တော်ဝင့်အကြောင်း ပြောလိုက်တာနှင့် ကျွန်တော့်မျက်နှာက အလိုလိုပြုံးစိစိ ဖြစ်သွားရတာတော့ ကျွန်တော့်ကိုယ်ကျွန်တော်ပင် သတိထားမိပါ၏။

"သူကလည်း နင့်ကိုလမ်းပေါ်မှာ ထားခဲ့လို့ဆိုပြီး ငါ့ကို အပြစ်တင်စိတ်ဆိုးနေတာလေ၊ ငါမနည်းချော့လိုက်ရတယ်"

"ငါ့ကြောင့် နင့်တို့ထပ်ပြီး တစ်ခုခုအဆင်မပြေဖြစ်သွားရတာ စိတ်မကောင်းပါဘူးဟာ"

"ရပါတယ်ဟာ၊ အခုဆို ငါ့ကို သူက မော်င်လို့တောင် ခေါ်နေပြီ၊ အဲဒါလည်း နင့်ကျေးဇူးပဲသိလား ရွှေပိုး"

"မဆီမဆိုင် နင့်ကို သူကမောင်လို့ခေါ်တာ ဘယ်က ငါ့ကျေးဇူးဖြစ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါ၊ အဲဒီအတိုင်းသာ မှတ်ထားလိုက်တော့၊ နင်လည်း ပြန်အိပ်လိုက်ဦး၊ ငါလည်း ညကျမှတစ်ခေါက် ထပ်လာခဲ့မယ်"

ရွှေပိုး အခန်းထဲကနေ ထွက်လာခဲ့တော့ ကျွန်တော့်ခြေလှမ်းတွေ တက်ကြွနေသည်။ သူငယ်ချင်းနဲ့လည်း ပြန်အဆင်ပြေခဲ့ပြီ၊ ချစ်သူဆီကလည်း ခေါ်စေချင်သည့် နာမ်စားလေးကို အသံချိုချိုလေးနဲ့ခေါ်တာ ကြားခွင့်ရခဲ့ပြီ၊ ဒီနေ့ကတော့ ကျွန်တော့်အဖို့ စိတ်ချမ်းသာစေခဲ့သော နေ့လေးတစ်နေ့ပါပဲ။

■ ■ ■



## အခန်း (၁၀)

သားလေးကို ပုံပြင်ပြောပြရှော့သိပ်ခဲ့ပြီး ခြေသံဖွဖွနင်းလျက် အခန်းပြင်သို့ ကျွန်တော်ထွက်ခဲ့လိုက်သည်။ မအိပ်သေးသော မောင်လုံးကို ဧည့်ခန်းထဲမှာ အဆင်သင့်တွေ့ရ၏။

"မင်းလည်း အိပ်ချင်အိပ်တော့လေ"

"ဆရာ ဘာများခိုင်းဦးမလဲလို့မေးဖို့ စောင့်နေတာပါ"

ကျွန်တော် တစ်ချက်တွေဝေစွာ စဉ်းစားလိုက်သည်။

"အေးကွာ ငါ့ကို ထုံးစံအတိုင်း ရေခဲပြင်ပေး၊ ဥကိုကြက်သွန်နဲ့ ရောကြော်ပေး၊ တခြားတော့ ထွေထွေထူးထူးတော့ မလုပ်နဲ့တော့၊ ပြီးရင် မင်းနားလို့ရပြီ"

"ဟုတ်ကဲ့ ဆရာ"

ဆယ့်ငါးမိနစ်အတွင်းမှာပင် ကျွန်တော့်အတွက် ပြင်ဆင်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



သော အရက်ဝိုင်းလေးက ထမင်းစားပွဲပေါ်မှာ အဆင်သင့်ဖြစ်နေပြီ။ မောင်လုံးက သူ့အခန်းထဲ သူဝင်အိပ်သွား၏။ အိမ်ထဲမှာ သက်ဝင်လှုပ်ရှားနေတာဆိုလို့ ကျွန်တော်တစ်ယောက်တည်း။ တစ်အိမ်လုံးကို အမှောင်ချထားပြီး ကျွန်တော်ရှိနေသော ထမင်းစားပွဲဝိုင်းလေးတစ်ဝိုက်သာ အိကြာကွေး မီးသီးလေးတစ်ခု ထွန်းထားသည်။

ရွှေ့ပိုးပြောသွားသော စကားများအရဆိုရင် သားအတွက် အမေတစ်ယောက် လိုကိုလိုအပ်နေသည်ပေါ့လေ။ သားအတွက် အဲဒီအမေဆိုတာကို ကျွန်တော် ဘယ်နားကနေ ဘယ်လိုသွားရှာရမတဲ့လဲ။ ကျွန်တော့်နှလုံးသားကတော့ တော်ဝင်ကလွဲရင် တခြားမိန်းကလေးတစ်ယောက်ကို ချစ်ခင်မြတ်နိုးဖို့ ဘယ်လိုမှမဖြစ်နိုင်တော့။ အဲဒါ သိပ်ကိုသေချာလွန်းနေသည့် အမှန်တရား။

အဲဒီလို အခြေအနေ အဲဒီလို နှလုံးသားတစ်ခုနှင့် နောက်ထပ်အိမ်ထောင်ထပ်ပြုဖို့ဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော်လည်း ဒုက္ခပေးရာရောက်မယ့်အပြင် မဆီမဆိုင် ကျွန်တော့်ကိုလက်ထပ်မိသော အမျိုးသမီးအတွက်လည်း စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရမည်မှာ သေချာနေသည်။

ပြီးတော့ သားကို မေတ္တာစစ်မေတ္တာမှန် ပေးနိုင်မည့် မိန်းမမျိုးကို ကျွန်တော် ဘယ်နေရာကနေ သွားရှာဖွေရမှာတဲ့လဲ။

တကယ်ဆို တော်ဝင်သာ ရှိနေခဲ့ရင် ကျွန်တော်တို့ မိသားစုဘဝလေးက သိပ်ကိုပျော်ရွှင် ကျေနပ်ဖွယ်ကောင်းပြီး ပြီးပြည့်စုံတဲ့ အခြေအနေလေးတစ်ခုကို ပိုင်ဆိုင်ခွင့်ရနေရမှာ။ ခုတော့ ဘယ်လိုယုတ်မာသည့် ကံတရား





က ကျွန်တော့်ဘဝထဲကနေ တော်ဝင့်ကို စောစီးစွာ ခေါ်ထုတ်သွားခဲ့သည်။

ကျွန်တော့်ဘဝတစ်ခုတည်းကတောင် မဟုတ်။ ဘာမှမသိတတ်နားမလည်သေးသည့် သားလေးရဲ့ဘဝထဲကနေပါ မိခင်တစ်ယောက်ကို ဆွဲထုတ်သွားခဲ့တာ။

ညက တဖြည်းဖြည်း နက်ရှိုင်းလာသလို ကျွန်တော့်အတွေးများကလည်း ပိုလို့နာကျင်နက်နဲလာသည်။ ညည်ခန်းထဲဆီမှ နာရီမြည်သံ ဆယ့်နှစ်ချက်ထွက်လာသည်။ ဘယ်နှခွက်မြောက်မှန်းမသိသော ဒီခါးသက် အရသာရှိသည့် အရည်တွေကို ကျွန်တော်မော့ချလိုက်ပြန်၏။

လူကဘယ်အချိန်မှ ဘယ်လိုမှောက်သွားသည်မသိ၊ မနက် ကျွန်တော့်ကို လာနှိုးသည့်သူဟာ သားလေးဖြစ်နေတော့မှပင် ကျွန်တော် ပြူးပြူးပျာပျာ ဖြစ်သွားရတော့၏။

မနက်ဆိုတာကလည်း၊ တကယ်တမ်းတော့ မိုးလင်းသေးသည့် မနက်တော့ မဟုတ်။ လေးနာရီခွဲကျော်ကျော်လောက်သာ ရှိသေးသည့် အနက်။ တစ်လောကလုံး မှောင်မဲလျက် ရှိသေးသည်။ စားပွဲပေါ်မှာ မျက်နှာမှောက်ကာ အိပ်ပျော်နေသည့် ကျွန်တော့်အင်္ကျီစကို ဆွဲကိုင်လှုပ်ရမ်းလျက် သားက နှိုးနေခြင်းဖြစ်သည်။

"ဖေဖေ ဘာလုပ်နေတာလဲဟင်"

"ဟင် ဖေဖေ ဖေဖေလား ဒီမှာ"

သားကို ကျွန်တော် ဘယ်လိုပြန်ဖြေရမှန်းမသိ၊ စကားတွေ ထစ်အကုန်သည်။ လိမ်လည်လျှောက်ပြောရအောင်ကလည်း၊ သားသည် မူကြို



www.burmeseclassic.com

www.burmeseclassic.com



အရွယ် သူငယ်နှစ်စားလေးတစ်ယောက် မဟုတ်တော့။ ကျွန်ုပ်ထက် အကြီးအကျယ် ခေါင်းစားသွား၏။

နာရီကို တစ်ချက်လှမ်းကြည့်လိုက်တော့ လေးနာရီခွဲပြီးဆယ်မိနစ်။

"နေပါဦး သားရဲ့၊ ခုမှ မနက်ငါးနာရီတောင် မထိုးသေးဘူး။ သားက အိပ်ရာထဲကနေ ဘယ်လိုလုပ် အပြင်ရောက်နေတာလဲ"

သားကို အာရုံလွှဲသည့်အနေနှင့် ကျွန်တော် မေးခွန်းပြန်မေးလိုက်သည်။ တကယ်ဆို ဒီအချိန်ဟာ သားအိပ်ပျော်နေသင့်တဲ့အချိန်တစ်ခု မဟုတ်လား။

"သား ရှူးရှူးပေါက်ချင်လို့ ထလာတာ ဖေဖေ"

"ဟေ ဟုတ်လား။ အခုရော ပေါက်ပြီးပြီလား"

သားက ခေါင်းခါရမ်းပြသည်။

"လာ လာ ဖေဖေလိုက်ပို့မယ်၊ မှောင်နေတော့ သား ဘယ်မြင်ရမလဲ"

သားကို လက်ဆွဲခေါ်လျက် နောက်ဖေးဘက်ဆီ သွားနေသော ကျွန်တော့်ခြေလှမ်းတွေက ဒီလောက်သေချာထိန်းထားတာတောင် ယိုင်နဲ့ချင်နေသည်။ သား သတိမထားမိပါစေနဲ့။

"ဖေဖေလည်း အိပ်ရာထဲမှာ သွားအိပ်နော်၊ ထမင်းစားပွဲပေါ်မှာ မအိပ်နဲ့တော့"

"အေး အေးပါကွ၊ ဖေဖေလည်း အခန်းထဲ ဝင်တော့မှာပါ"

သားက သူ့အိပ်ရာထဲ သူပြန်မဝင်ခင်မှာ ကျွန်တော့်ကို လူကြီး





လေးတစ်ယောက်လို အမှာတော်ပါးနေသေးသည်။ မျက်လုံးများကလည်း ထမင်းစားပွဲပေါ်မှ ကျွန်တော် သောက်လက်စ ပုလင်းတွေခွက်တွေဆီသို့ လှမ်းကြည့်နေ၏။ လူကြီးတစ်ယောက်ဖြစ်ပါလျက်နှင့် သားရှေ့မှာ ကျွန်တော် လိပ်ပြာမလုံတော့။

"သွားလေ သား။ ရတဲ့အချိန်လေး ပြန်အိပ်လိုက်ဦး"

အိပ်ရာထဲကို သား ပြန်ဝင်သွားတော့မှ ကျွန်တော် ရှုပ်ပွထားသော စားပွဲဝိုင်းကို မြန်မြန်လက်စသတ်သိမ်းဆည်းလိုက်၏။ မနက်မိုးစင်စင်လင်းမှ မောင်လုံး သိမ်းဆည်းတာကို စောင့်နေရင် သား ထပ်တွေ့သွားမှာကို ကျွန်တော် မလိုချင်တော့။ ခုတော့ လူကြီးလေးတစ်ယောက်လို တွေးခေါ်တတ်နေသော သား စိတ်ထဲမှာ ကျွန်တော်နဲ့ပတ်သက်ပြီး ဘယ်လိုအတွေးမျိုးတွေ ဝင်ရောက်နေရာယူသွားပြီလဲ မသိ။

ကျွန်တော်ကိုက ညံ့ဖျင်းလွန်းတာပါ။ သားရှိနေသည့် ရက်တွေမှာတောင် ဒီအရက်ကို အပြတ်ဖြတ်မထားနိုင်လောက်အောင် ကျွန်တော် ညံ့ဖျင်းခဲ့တာပါ။ ခုတော့ သားလေး မမြင်သင့်တာတွေ မြင်သွားခဲ့ရပြီ။ သူ့အဖေဟာ အရက်သောက်သည့် အရက်သမားတစ်ဦးအဖြစ် သားစိတ်ထဲမှာ စွဲထင်သွားလေပြီလား မသိ။

■ ■ ■

ကျွန်တော်တို့ နောက်ဆုံးနှစ်ကျောင်းတွေ ပြန်ဖွင့်ချိန်မှာ တော်ဝင်က ဒုတိယနှစ်တက်ရပြီ ဖြစ်သည်။ ပြီးခဲ့တဲ့စာသင်နှစ်ကုန်ဆုံးခါနီးလောက်တည်းက တော်ဝင်နဲ့ချစ်သူတွေဖြစ်ခဲ့တာဆိုပေမယ့် ကျွန်တော့်မှာ တော်ဝင့်ကို



www.burmeseclassic.com

www.burmeseclassic.com



လူကြားထဲ ပေါ်ပေါ်ထင်ထင် တွဲသွားတွဲလာလုပ်ခွင့် မရသေး။

ဒီနှစ်ကျောင်းတွေ ပြန်ဖွင့်ချိန်မှာတော့ တော်ဝင် ခွင့်ပြုချက်နှင့်ပင် ကျွန်တော်တို့နှစ်ယောက် လက်ချင်းတွဲလျက် ကျောင်းတွင်းကျောင်းပြင် ပြိုပြိုစင်အောင် လျှောက်လှမ်းခဲ့ကြသည်။ တစ်ယောက်အတန်းရှေ့မှာ တစ်ယောက်ရပ်လျက် စောင့်ဆိုင်းတတ်ခဲ့ပြီ။ တစ်ယောက်ကလည်း king ရုပ်ထားသည့်သူ နောက်တစ်ယောက်ကလည်း Queen ဖြစ်ထားသည့် အချောအလှလေး။ ရှုပ်ရှုပ်ယှက်ယှက် ဘာသတင်းမှ မထွက်ခဲ့ဖူးသော သူတို့နှစ်ယောက်က ချစ်သူရည်းစားများအဖြစ် တွဲသွားတွဲလာဖြစ်နေသောအခါ အားလုံးက အားကျနှစ်သက်သော မျက်ဝန်းများဖြင့် ငေးမောခြင်းကို ခံခဲ့ရသည်။

ဆရာတွေ ဆရာမတွေကအစ ကျွန်တော်တို့အတွဲကို အလွန်လိုက်ဖက်ညီသည်ဟု ထုတ်ဖော်ချီးကျူးရသည်အထိ တော်ဝင်နဲ့ကျွန်တော် တပူးတွဲတွဲ ရှိခဲ့ကြခြင်း ဖြစ်သည်။

တစ်ခုတော့ ကျွန်တော် လစ်ဟာခဲ့တာပေါ့လေ။ အရင်တုန်းက ဘယ်သွားသွား ဘာလုပ်လုပ် အတူတကွရှိခဲ့သော ရွှေပိုးနှင့်တော့ တော်ဝင့်လောက် တတွဲတွဲမလုပ်နိုင်တော့ပါ။ ရွှေပိုးကိုယ်တိုင်ကလည်း အရင်လို ကန့်လန့်တိုက် အရွဲ့တိုက်တာမျိုးတွေ မလုပ်တော့ဘဲ အေးအေးဆေးဆေး ဖြစ်နေသောကြောင့် ကျွန်တော်တို့နှစ်ယောက် ပိုလို့ အနေနီးစပ်ခဲ့သည်။

ခုဆို တော်ဝင့်လက်ကလေးကိုင် ပခုံးလေးဖက်ခွင့်ရရုံသာမက နီထွေးသော နှုတ်ခမ်းဖူးဖူးလေးကိုလည်း ရံဖန်ရံခါဆိုသလို ကျွန်တော် နမ်းရှိုက်





ခွင့်ရနေခဲ့ပြီ။ ကျွန်တော်တို့နှစ်ယောက်ရဲ့ ချစ်ခြင်းတရားကို ဘယ်သူကမှ ဘယ်တော့မှ ဝင်နှောင့်ယှက်လို့မရတော့ဘူးလို့ နှစ်ယောက်သား မိုးမမြင် လေမမြင် ပျော်ရွှင်ခဲ့ကြရသော အချိန်ကာလများပင်ဖြစ်၏။

"နောက်တစ်ပတ် စနေနေ့ကျရင် ဖေဖေ့မွေးနေ့ပါတီရှိတယ်နော်၊ နှင်းမေ့မနေနဲ့ဦး"

ဒီနေ့တော့ ကျွန်တော်တို့နှစ်ယောက်တည်းမဟုတ်ဘဲ ရွှေပိုးကပါ ကန်တင်းမှာ လာထိုင်၏။ အထက်ပါစကားကိုလည်း ရွှေပိုးက ပြောလိုက်ခြင်း။

"အန်ကယ့်မွေးနေ့ကို ငါက မေ့ပါ့မလား"

"အေးပါ နှင်းမမေ့ဘူးဆိုတာ ငါသိပါတယ်၊ ခြော် တော်ဝင်ပါ လိုက်ခဲ့ရမှာနော်"

"တော်ဝင်ပါ လိုက်ရမယ် ဟုတ်လား"

"အင်းပေါ့၊ ဟိုတစ်ခါက တော်ဝင်လည်း အိမ်လာလည်ဖူးတာပဲ ဟာကို၊ တော်ဝင့်ကို မိန်းကလေးဆန်ဆန်ချစ်စရာလေးမို့ အိမ်က မှတ်မှတ်ရရ ဖြစ်နေကြတာပါ"

"အေးပေါ့ ငါ့ချစ်သူလေးက ဣန္ဒြေသိက္ခာနဲ့ ပြည့်စုံတဲ့ မိုင်းကောင်းကျောက်ဖိလေးဆိုတော့ အားလုံးရဲ့မျက်လုံးတွေထဲမှာ မှတ်မိနေကြမှာပေါ့၊ နှင့်လို ကျားကျားလျားလျား မိန်းမသားမှ မဟုတ်တာ"

ရွှေပိုးကို မစမနောက်ရတာ ကြာနေပြီမို့ ကျွန်တော်က သင်္ဘာည တည်နှင့် အငေါ်ဝင်တူးလိုက်၏။ ကျွန်တော့်စကားအဆုံးမှာ စားတော့ဝါးတော့မလို မီးဝင်းဝင်းတောက်နေသော မျက်ဝန်းများဖြင့် ကျွန်တော့်ကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည့် ရွှေပိုးအကြည့်များနှင့် ရင်ဆိုင်လိုက်ရသည်။

"နင် ငါ့ကို ဘယ်လိုပြောလိုက်တယ် ညီ"

"ဟဲ ဟဲ အမှန်တွေကိုပြောတော့ နင် အနာပေါ်တုတ်ကျပြန်ပြီ မဟုတ်လား"

"နင်တော့နော် နာချင်နေပြီနဲ့တူတယ်"

ကျွန်တော့်ကို လက်သီးဆုပ်လေးနှင့် ရွယ်လျက် သူမ မျက်စောင်းတခဲခဲပြောသည်။ ကျွန်တော်တို့နှစ်ယောက် အဲဒီလိုမျိုး ရန်မဖြစ်ရတာတောင် အတော်ကြာခဲ့ပြီ ဖြစ်သည်။ ဟိုတစ်ခါ သူမ အပြင်းဖျားပြီးတည်းကပေါ့။

"ဒီပန်းစည်းလေးကို ဟိုဝိုင်းက အစ်ကိုက ပေးခိုင်းလိုက်လို့ပါ"

ကျွန်တော်တို့သုံးယောက်ထိုင်နေသော စားပွဲဝိုင်းဆီသို့ နှင်းဆီပန်းအနီရောင်ပန်းစည်းကြီးကိုင်လျက် ရောက်လာသော စားပွဲထိုးလေး။ ကျွန်တော်တို့သုံးယောက်လုံး ကြောင်တောင်တောင် ဖြစ်သွားကြသည်။

"ဘယ်သူက ဘယ်သူ့ကို ပေးခိုင်းလိုက်တာလဲ"

ကျွန်တော်ကပင် ဝင်မေးလိုက်တော့ စားပွဲထိုးလေးက ရွှေပိုးကို လက်ညှိုးတည့်တည့်ထိုးလျက်

"ဒီအစ်မကို ပေးခိုင်းလိုက်တာပါ"

"ဘုရား"

စားပွဲထိုးလေး စကားအဆုံးမှာ ရွှေပိုးက ဘုရားတ၏။ ကျွန်တော်ကတော့ မျက်လုံးတွေ ပြူးခနဲ ဖြစ်သွားရသည်။ ရွှေပိုးကို ဘယ်လိုသကောင့်သားကများ နှင်းဆီပန်းစည်းကြီး ပေးခိုင်းလိုက်တာပါလိမ့်။





"ဘယ်သူ ပေးခိုင်းတာလဲ"

ဒါကတော့ ရွှေပိုး ကိုယ်တိုင်မေးလိုက်ခြင်း။ စားပွဲထိုးလေးက ကျွန်တော့်နောက်တစ်ဖက် တစ်ဝိုင်းကျော်မှာ တစ်ကိုယ်တည်းထိုင်နေသော ချောချောမောမော ယောကျ်ားတစ်ယောက်ကို လက်ညှိုးထိုးပြသည်။ ရွှေပိုး လှမ်းကြည့်တော့ ဟားရည်ပေါ်သကာဆမ်းထားသော အပြုံးမျိုးဖြင့် လှလှပပကြီး ပြုံးပြ၏။ ပြီးတော့ စားပွဲထိုးလေးစကားကို ထောက်ခံသည့်သဘောလား မသိ ခေါင်းလည်း တစ်ချက်ဆတ်ပြသည်။

လှည့်ကြည့်မိသော ရွှေပိုး ခေါင်းလေး ချာခနဲ ရှေ့ပြန်လှည့်လာသည်။

"ဘယ်သူကြီးတုန်း"

"ဘယ်သိမလဲဟ"

"ဟဲ့ အဲဒါ ဘယ်သူတုန်း"

စားပွဲထိုးလေးကိုမေးတော့လည်း ခေါင်းကုတ်၏။

"ကျွန်တော်လည်း မသိဘူးလေ၊ သူက ပန်းစည်းကြီး ကျွန်တော့်လက်ထဲထိုးပေးပြီး ဒီကအကျႌအဖြူရောင်နဲ့အစ်မကို ပေးပေးပါဆိုလို့ ကျွန်တော်က ကူညီတာပါ"

"ဩော် အေး ကောင်းတယ်နော်၊ တော်ကြာ ဗုံးပါလာရင်တောင် နင်တရားခံဖြစ်နိုင်တယ် သိလား။ သူများတကာ ပြောတိုင်း လွယ်လွယ်ကူကူ လုပ်ပေးလိုက်တာပဲလားဟင် ကောင်လေး"

စားပွဲထိုးကလေးကို ရွှေပိုးက ခပ်တည်တည်နှင့် ဟောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားလှသော စကားလုံးတွေကြောင့် ကောင်လေး လန့်ဖျပ်သွားပုံရ၏။ နောက်ဘက်ကိုပင် ခြေတစ်လှမ်းဆုတ်သွားသည်။

"ဟာ အစ်မကလည်း အဲဒီလိုတော့ မခြောက်ပါနဲ့ဗျ။ ဗုံးတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး"

"နင် တာဝန်ယူလား ကဲ"

"ကဲပါ ရွှေပိုးရယ် ကြားလူကို ရစ်မနေပါနဲ့တော့၊ အဲဒီဟာကြီးကို ယူထားမှာလား။ ဘာလုပ်မှာလဲ၊ သူလည်း တခြားဝိုင်းတွေ စားပွဲထိုးရဦးမှာပေါ့၊ နင်ကိုက ရစ်တယ်"

"ဟဲ့ ဒီလောက်တော့ မေးရမြန်းရမှာပေါ့၊ ဘယ်ကလူမှန်းမသိ ဘာရည်ရွယ်ချက်မှန်းမသိ"

"ဘယ်ကလူဆိုတာတော့ နင့်လိုပဲ ငါလည်းမသိဘူး။ ဒါပေမဲ့ ဘာရည်ရွယ်ချက်လဲဆိုတာတော့ ငါသိပါတယ်"

ကျွန်တော် စပ်ဖြီးဖြီးနှင့်ပြောတော့ ရွှေပိုးက နှုတ်ခမ်းကိုက်လျက် လက်သီးရွယ်ပြန်သည်။

"ပြန်ပေးလိုက် ငါက လက်မခံနိုင်ဘူးလို့ ပြောတယ်လို့"

စိတ်ရှုပ်နေသော မျက်နှာပေးနှင့် စားပွဲထိုးလေးအနားမှ ထွက်သွားသည်။ တစ်ဖက်စားပွဲဆီသို့ သွားကာ ခေါင်းတကုတ်ကုတ်နှင့် ပြန်ပြောပြနေ၏။ ဟိုကျောင်းသားက စားပွဲထိုးလေး၊ လက်ထဲမှ ပန်းစည်းကိုပြန်ယူလိုက်ပြီး ကျွန်တော်တို့စားပွဲဘက်လျှောက်လာနေကြောင်း တည့်တည့်ကြီးမြင်နေရသည့်တော်ဝင်က ကျွန်တော့်ဘေးကပ်လျက် တစ်ခုချင်းအစီရင်ခံနေသည်။





"လာနေပြီနော် မောင်၊ မျက်နှာကလည်း ပြုံးနေတာပဲ"

တော်ဝင်ရဲ့နောက်ဆုံးအကြိမ် သတိပေးစကားအဆုံးမှာပင် ကျွန်တော်တို့တည့်တည့်သို့ သူ ရောက်ရှိလာ၏။ တစ်ဝိုင်းတည်းထိုင်နေသော သုံးယောက်လုံးကို သိမ်းကျုံးရယ်ပြလိုက်သော်လည်း သူ့နောက်ဆုံးအကြည့်များကတော့ ရွှေပိုးထံမှာ ရပ်တန့်သွားသည်။

"ကျွန်တော့်နာမည် ဖိုးတိမ်ယံပါ"

"ဩော် ဟုတ်ကဲ့ဗျ၊ ကျွန်တော်တို့ ဘာများကူညီပေးရမလဲ မသိဘူး"

တကယ်တမ်း သူ ကြည့်ပြောနေတာက ရွှေပိုးကိုဆိုပေမယ့် မိရွှေပိုးက မျက်နှာကြီးတစ်ဖက်သို့ လွှဲထားသောကြောင့် ကျွန်တော်ကပင် လူမှုရေးအရ ပြုံးပြုံးချိုချိုလုပ်ကာ စကားပြန်ပြောရတော့သည်။

"ဒီကတစ်ယောက်ကို ကျွန်တော့်ရဲ့လက်ဆောင်လေး ပေးချင်လို့ပါ"

"ဩော် အင်း သူ့ကိုလား"

ကျွန်တော့်မှာ မသိချင်ယောင်ဆောင်ကာ ရွှေပိုးကို လက်ညှိုးထိုးပြလျက် ပြန်မေးလိုက်သည်။ ဟိုတစ်ယောက်ကတော့ အုံးလွဲနေသလား ဆင်ရလောက်အောင်ပင် တစ်ဖက်သို့ လှည့်နေလိုက်တာ ပြတ်ပြတ်သားသား။

"ဟုတ်ပါတယ်ဗျာ၊ ပြီးတော့ ကျွန်တော်က ဒီကသုံးယောက်လုံးနဲ့လည်း မိတ်ဆွေတွေ ဖြစ်ချင်ပါတယ်၊ ကျွန်တော် ဒီဝိုင်းမှာ ထိုင်လို့ရမလား ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ရပါတယ်"

နေရာလွတ်က တော်ဝင့်ဘေးမှာရှိနေတာမို့ ကျွန်တော် နည်းနည်းတော့ မျက်လုံးပြူးသွားသည်။ လူကလည်း ချက်ချင်းပင် ထိုင်ရာမှထလျက် တော်ဝင့်ဘေးကပ်လျက်ခုံသို့ ရွေ့ခနဲ ရောက်သွား၏။ လွတ်သွားသော ကျွန်တော့်နေရာက ရွှေပိုးဘေးမှာ။ ရုတ်တရက်မို့ သူ့အလိုလိုဖြစ်သွားခဲ့သော အဖြစ်အပျက်အဆုံးမှာ ထိုလူက အော်တိုမစ်တစ်ဆိုသလိုပင် ရွှေပိုးဘေးနား၌ ထိုင်ခွင့်ရသွားတော့၏။

ကျွန်တော့်ကို ပြူးကြည့်နေသော ရွှေပိုးမျက်လုံးများက မီးတွေတောင် ထွက်လာတော့မလား ထင်ရသည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

"ကျွန်တော့်နာမည်က ညီအားမာန်၊ ဒါက ကျွန်တော့်ချစ်သူ တော်ဝင်ပါ၊ ဟိုဘက်ကတော့"

"ကျွန်တော် ဒီကသုံးယောက်လုံးရဲ့နာမည်တွေကို သိပြီးသားပါဗျ တစ်ခုတော့ ကြိုတောင်းပန်ပါရစေဗျာ၊ ကျွန်တော်က မြန်မာပြည်မှာ ကြီးပြင်းလာတာမဟုတ်တော့ အပြောအဆိုအနေအထိုင် နည်းနည်းပွင့်လင်းသွားရင် ခွင့်လွှတ်စေချင်ပါတယ်"

"ဪ ဟုတ်ကဲ့"

"ကျွန်တော့်မိဘတွေက ဒီက မရွှေပိုးရဲ့ဖေဖေနဲ့ လုပ်ငန်းချင်းပါတနာတွေပါ၊ လွန်ခဲ့တဲ့တစ်နှစ်တုန်းက ကျွန်တော်တို့ကုမ္ပဏီလုပ်ငန်းခွဲဖွင့်ပွဲမှာ မရွှေပိုးက သူ့ဖေဖေနဲ့အတူ ပွဲတက်လာခဲ့ပါတယ်၊ အဲဒီတည်းက





ကျွန်တော်က တစ်ဖက်သတ် စွဲလမ်းခဲ့ရတာပါ"

ဟိုက်ရှားပါး။

စိတ်ထဲကနေ ကျွန်တော် အော်ပစ်လိုက်သည်။ ရွှေပိုးကိုယ်တိုင်ပင် ဒီလူရဲ့ ဝဲ့တိုးကြီးပြောချပစ်လိုက်မှုအတွက် မျက်လုံးများပြူးသွား၏။ မျက်နှာလည်း ဆတ်ခနဲ လှည့်လာသည်။ ဒါကိုပင် ဒီလူကလည်း ကောင်းကောင်းကြီး အခွင့်အရေးယူကာ မိမိရရ ပြုံးပြလိုက်နိုင်၏။

"မရွှေပိုး ကျွန်တော့်ကို မှတ်မိမယ် မထင်ပါဘူး။ ကျွန်တော်က ဦးမိုးမြင့်ရဲ့တစ်ဦးတည်းသောသားပါ၊ Rosey Company ဆိုရင်တော့ မှတ်မိမယ်ထင်ပါတယ်"

ရွှေပိုးကို တည့်တည့်ကြည့်ပြီး ပြောနေပေမယ့် မိရွှေပိုးက ဘာမှ ပြန်မပြောဘဲ တစ်ဖက်သို့လှည့်သွားပြန်သည်။ ကျွန်တော်က ကြားထဲက အားနာရပြန်၏။ သဘောမကျရင်လည်း သဘောမကျကြောင်း ယဉ်ယဉ်ကျေးကျေး ပြောပြလို့ရနေတာကို ဒီရွှေပိုးတို့ကတော့ လုပ်လိုက်ရင်ဖွတ်။

"ဟိုမှာ ကျောင်းကမပြီးသေးတော့ အခမ်းအနားပြီးတာနဲ့ မြန်မာပြည်ကို ပြန်ခွဲခွာခဲ့ရပြီး ဟိုမှာကျောင်းဆက်တက်ခဲ့တာ၊ အခု အားလုံးပြီးစီးလို့ မြန်မာပြည် ပြန်ရောက်ရောက်ချင်းပဲ ရွှေပိုးရှိတဲ့နေရာကို ကျွန်တော် လိုက်လာခဲ့တာပါ"

သေချာတာကတော့ သူဟာ ကျွန်တော်တို့လို ဒီကျောင်းက ကျောင်းသားတစ်ယောက်မဟုတ်ဘူးဆိုတာပါပဲ။ အဲဒါကြောင့်လည်း သူ့ကို ကျွန်တော်တို့တွေ မျက်မှန်းတန်းမိခြင်း မရှိတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ရွှေပိုး နင့်ကိုခင်မင်လို့ လာမိတ်ဆက်တဲ့လူတစ်ယောက်ကို နင် စကားလေးဘာလေး နည်းနည်းပါးပါးတော့ ပြန်ပြောဦးလေဟာ"

နောက်ဆုံးတော့ ကျွန်တော်ပင် ကြားထဲက မနေနိုင်မထိုင်နိုင်စွာ ဝင်ပို့ရတော့၏။ ရွှေပိုးက ဟိုလူ့ကိုမကြည့်သေးဘဲ ကျွန်တော့်ကို အရင်ကြည့်သည်။ မကျေနပ်သည့်အကြည့်မျှား။

"ကျွန်တော့်နာမည် မိုးတိမ်ယံပါခင်ဗျာ"

ဒီတစ်ခါတော့ ရွှေပိုးနှင့်မျက်နှာချင်းဆိုင်တည့်တည့်ကြည့်ပြီး ထိုလူ မိတ်ဆက်ခွင့်ရသွားသည်။ ရွှေပိုးက ခေါင်းညိတ်အသိအမှတ်ပြု၏။ ကျွန်တော့်မှာ ဘာမှလည်းမဆိုင်ပါဘဲ ကြားထဲကနေပြီး ရွှေပိုးတစ်ခုခု ရိုင်းရိုင်းစိုင်းစိုင်း တုံ့ပြန်လိုက်မှာကို စိုးရိမ်နေမိသေးသည်။

"ဒီပန်းစည်းလေးကို မရွှေပိုးကို လက်ဆောင်ပေးဖို့ ရည်စူးပြီး ကျွန်တော် ဝယ်လာခဲ့တာပါ၊ နှင်းဆီပန်းနှစ်သက်မယ်လို့ ယုံကြည်ပါတယ်၊ လက်ခံပေးပါနော်"

သူ့လက်ထဲမှာ ကိုင်ထားသော ပန်းစည်းကြီးကို ရွှေပိုးလက်ထဲ အတင်းထိုးထည့်ပေးသည်။ ကြီးမားလွန်းသော ပန်းစည်းကြီး မျက်စိရှေ့တည့်တည့် တိုးဝင်လာချိန်မှာ ရွှေပိုး ရှောင်ချိန်မရလိုက်ဘဲ ဖမ်းယူထားလိုက်ရတော့၏။

"ကျွန်တော်က မရွှေပိုးကို စိတ်ဝင်စားနေမိတယ်လို့ ပြောခဲ့ပါတယ်နော်"

"ရော် ခက်တော့တာပဲ၊ ဘာဖြစ်လို့ အဲဒါပဲ ထပ်ထပ်ပြောနေတာ





တုန်း"

ရွှေပိုးက ခပ်ငေါက်ငေါက်ပြောသည်။ ဒါကိုတောင် ကိုယ့်လူက သဘောတကျနှင့် ပြုံးရယ်လိုက်ရင်း

"ကျွန်တော် မရွှေပိုးကို သဘောကျခဲ့တာလည်း အဲဒီလိုမျိုး ပွင့်ပွင့်လင်းလင်း ပေါ်ပေါ်ဒိုင်းဒိုင်းပြောတတ်တဲ့ မဟုတ်မခံ အကျင့်လေး ကြောင့်ပါ"

"ဒီမှာ ရှင့်ဘာသာ ဘယ်လိုကြောင့် သဘောကျကျ လောလော ဆယ်တော့ ကျွန်မကိုမရွှေပိုး မရွှေပိုးဆိုပြီး ရှေ့က မ တစ်ခေါ်နေတာကြီးကို ရပ်တန်းကရပ်ပေးပါ"

"ဘာဖြစ်လို့လဲဗျ၊ ကျွန်တော်က ယဉ်ယဉ်ကျေးကျေးလေး သုံးနှုန်းတဲ့ သဘောပါ"

"ကျွန်မနာမည်က ရှေ့က အဲဒီ မ ဆိုတာကြီး တပ်ခေါ်လိုက်ရင် တောဆန်သွားသလိုပဲမို့ မကြိုက်ဘူး။ မခေါ်နဲ့"

ထိုလူက ရွှေပိုးရဲ့အကြောင်းပြချက်ကြောင့် မျက်ခုံးတွေပင့်တက်သွားပြီး ပါးစပ်ကနေလည်း 'မရွှေပိုး မရွှေပိုး၊ မရွှေပိုး မရွှေပိုး' တစ်လှည့်ဆီ တိုးတိုးလေး ရွတ်ကြည့်နေ၏။ ရွှေပိုးမျက်နှာကိုကြည့်မိတော့ အီးမှန်ထားသလို ရှုံ့မဲ့နေပြီ။ ကျွန်တော်ကတော့ ကြားကနေ ရယ်ချင်စိတ်ကို မနည်းအောင့်အီးထားရ၏။

ငယ်ငယ်တည်းက ရွှေပိုးတစ်ယောက် သူမ နာမည်ကို ရှေ့က မ တပ်ခေါ်တာ မကြိုက်မှန်း ကျွန်တော့်အသိဆုံး။ စာအုပ်တွေမှာ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ထိုးရင်လည်း ဘယ်တုန်းကမှ မ ဆိုတာ မတပ်ခဲ့။ ရွှေပိုး ဆိုပြီး နှစ်လုံးတည်း ရေးထိုးနေကျ။ ခုတော့ မိုးတိမ်ယံဆိုတဲ့လူလုပ်မှ သူမ ကောင်းကောင်းဒေါပွနေပြီမှန်း ကျွန်တော် သိနေ၏။

"ကဲပါဗျာ သူ မကြိုက်ရင် မခေါ်နဲ့ပေါ့၊ တစ်လုံးလျော့သွားတော့ အာညောင်းတောင် သက်သာသေးတယ်လေ"

ကျွန်တော်က ပြောင်ပြောင်နောက်နောက်လေး ဝင်ပြောလိုက်မှပင် မိုးတိမ်ယံရဲ့ခပ်တိုးတိုးရေရွတ်ကြည့်နေမှု ပြီးဆုံးသွားခဲ့တော့သည်။

"မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ ကျွန်တော် ဒီပိုင်းကို ဒကာခံပါရစေ၊ နောက်တစ်ခေါက် အပြင်မှာတွေ့တော့မှ ဒီထက်အများကြီး ပိုကောင်းတဲ့ဆိုင်မျိုးမှာ ဧည့်ခံပါ့မယ်နော်"

ကျွန်တော် မအောင့်နိုင်တော့တဲ့ ခွိခနဲ ရယ်လိုက်မိတော့ ဘေးနားမှာ တစ်ချိန်လုံး ငြိမ်ငြိမ်လေးထိုင်နေသည့် တော်ဝင်က ခုံအောက်ကနေ ပေါင်ကိုခပ်ဖွဖွ လိမ်ဆွဲသည်။

"ဒီလိုဆို ရှင့်ကို ကျွန်မတို့က အပြင်မှာပါ ထပ်တွေ့နေရဦးမှာပေါ့"

ရွှေပိုးက တမင်လုပ်ယူထားသော မျက်နှာပေးမျိုးနှင့် မျက်လုံးကြီးပြူးလျက် မိုးတိမ်ယံမျက်နှာကို တည့်တည့်ကြီးစိုက်ကြည့်ပြီး မေးသည်။ ဒါကိုလည်း သူက ပြုံးပြုံးလေးသာ ခေါင်းညိတ်ပြ၏။

ရွှေပိုးအကြောင်းကို တော်တော်လေး သိထားပြီး နားလည်ခွင့်လွှတ်ပေးနိုင်စွမ်းလည်း တော်တော်မြင့်မားသော ယောကျ်ားတစ်ယောက်တော့





ကံတရားက မျက်စိရှေ့သို့ ပို့ပေးလိုက်ပြီမှန်း ကျွန်တော် သဘောပေါက်လိုက်၏။ ရုပ်ရည်အားဖြင့်လည်း ယောကျ်ားပီသသည်။ စိတ်ဓာတ်ကလည်း ရွှေပိုးကို ကောင်းကောင်းကြီး စိတ်ရှည်သည်းခံနိုင်မည့်ပုံ။

ပထမဆုံးတွေ့သည့်အချိန်မှာပဲ ကျွန်တော်ကတော့ မိုးတိမ်ယံကို အမှတ်တွေအများကြီးပေးထားလိုက်မိ၏။ နောက်ပိုင်း ဆုံတွေ့ဖြစ်ကြရင် ဘာတွေဆက်ဖြစ်လာမယ်ဆိုတာကတော့ ကျွန်တော်လည်း မခန့်မှန်းတတ်။

"ရှင်က အလုပ်မရှိဘူးလား"

"ဗျာ"

ကောက်ကာငင်ကာ ထမေးလိုက်သော ရွှေပိုးမေးခွန်းကြောင့် မိုးတိမ်ယံ ကြောင်တောင်တောင် ဖြစ်သွားသည်။ နောက်မှ

"လောလောဆယ်တော့ ဖေဖေ့လုပ်ငန်းထဲမှာပဲ ကျွန်တော် ဝင်ကူညီနေပါတယ်၊ နောက်ပိုင်း လုပ်ငန်းကို တော်တော်ကျွမ်းကျင်လာတော့မှ ကျွန်တော် ဝါသနာပါတဲ့ စီးပွားရေးတစ်ခုခု သီးသန့်လုပ်ဖို့ စဉ်းစားထားပါတယ်ဗျ"

"ကျွန်မက အဲဒီရေရှည်လုပ်မယ့်အလုပ်ကို မေးတာမဟုတ်ဘူး။ လောလောဆယ် အခုလက်ရှိအချိန်မှာ ရှင် ဘာမှလုပ်စရာမရှိဘူးလားလို့ မေးတာ"

"ဗြဲဟ်"

တကယ်တော့ သူ့ကိုပထုတ်ချင်လို့ စကားခေါ်နေခြင်း။ ဒါကို မရိပ်မိသားသား ရှင်းပြနေသည့် မိုးတိမ်ယံကို ကျွန်တော် ဘေးနားသွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေပိုးတို့လုပ်လိုက်ရင် အဲဒီလိုတွေချည်းပဲလေ။

"ခဏာနေရင် ဖေဖေ ခိုင်းထားတဲ့ကိစ္စလေးတစ်ခု ချိန်းထားတာ ရှိပါတယ်၊ ကျွန်တော် ပြန်တော့မှာပါ"

"အင်း အဆင်ပြေတာပေါ့၊ ကျွန်မတို့လည်း အတန်းချိန်ကပ်နေတာနဲ့"

"ကျွန်တော် ဒီမှာ စားထားတာတွေ ရှင်းသွားလိုက်ပါ့မယ်"

"ဟာ နေပါစေဗျာ၊ ကိုမိုးတိမ်ယံ သွားစရာရှိတာ သွားပါ"

"အပန်းမကြီးပါဘူးဗျာ၊ ကျွန်တော့်ကြောင့်နဲ့ သူငယ်ချင်းတွေရဲ့ စကားဝိုင်းလေး ပျက်သွားခဲ့ရရင် ကျွန်တော် စိတ်မကောင်းပါဘူးနော်"

ကျွန်တော် တားနေသည့်ကြားကပင် စားပွဲထိုးလေးကို လှမ်းခေါ်လိုက်ပြီး ကျသင့်ငွေကို ရှင်းလိုက်၏။ တစ်ထောင်တန်သုံးရွက် ပိုထုတ်ပေးပြီး 'မင်းယူထားလိုက်'လို့ ခပ်တိုးတိုး ပြောလိုက်သံလည်း ကြားရ၏။ ခုနက သူ့ကိုယ်စား ပန်းစည်းပို့ပေးခဲ့သော ကောင်လေးကို မုန့်ဖိုးပေးခြင်း ဖြစ်လိမ့်မည်။ လောလောဆယ် ဒီအခြေအနေလေး အတောအတွင်းမှာ ကျွန်တော် အကဲခတ်လို့ရသလောက်ကတော့ မိုးတိမ်ယံဆိုတဲ့လူကို အပြစ်ပြောစရာမတွေ့ရှိသေးပါ။

နောက်မှ ရွှေပိုးကို သေသေချာချာ အချိန်ယူလေ့လာဖို့ အကြံပေးရဦးမည်။

"သွားမယ်ဟေ့ အတန်းချိန်က တော်တော်တောင် ကပ်နေပြီ"

ဟိုလူထွက်သွားတာနှင့် ရွှေပိုးက အတန်းတက်ရန် ပြင်တော့





သည်။

"ပုံစံကြည့်ရတာတော့ မဆိုးဘူးနော်၊ နင်စဉ်းစားသင့်တယ် ရွှေပိုး"

"အောင်မာ နင့်ကို ခုနတည်းက ငါကြည့်နေတာနော်၊ ခုမှ မြင်ဖူးတဲ့လူကို တစ်ခါတည်း ဘက်လိုက်နေလိုက်တာ ပြောကိုမပြောချင်ဘူး"

"ဟဲ့ လူပုံက အေးအေးဆေးဆေးလေးဖို့ ငါက နင့်အတွက် စဉ်းစားပြီး ကောင်းကောင်းမွန်မွန် ဆက်ဆံပေးတာလေ"

"မလိုဘူး ငါ့သူ့ကို စဉ်းစားမှာလည်း မဟုတ်ဘူး"

"နင် အဲဒီလိုကြီးတော့ ယတိပြတ်မပြောနဲ့လေ၊ အချိန်ယူပါဦးဟ"

"အို မယူပါဘူး။ အာရုံနောက်မခံနိုင်ဘူး။ တော်ပြီ တော်ပြီ နင်တို့ဘာသာ အေးအေးလိုက်ခဲ့တော့၊ ငါ ရှေ့ကသွားနှင့်တော့မယ်"

ကျွန်တော် အရောက်ပို့နေမှန်းသိသောကြောင့် ခြေလှမ်းကို အမြေးတစ်ပိုင်းလှမ်းကာ ရွှေပိုး ရှောင်ထွက်သွား၏။

"တော်ဝင်ရော ဘယ်လိုမြင်လဲ"

"မဆိုးပါဘူး မောင်ရဲ့"

ကျွန်တော်က မှတ်ချက်တွေ အများကြီးနှင့် စကားတွေ အများကြီး ပြောနေသလောက် ကျွန်တော့်ချစ်သူမှတ်ချက်ကတော့ ထိုမျှသာ။

အင်းလေ ဒါလည်း ကောင်းတာပဲ။ ကျွန်တော်ကလွဲရင် တခြားယောကျ်ားတစ်ယောက်ကို မှတ်ချက်တွေအများကြီးပေးပြီး ပြန်ဖြေနေရင်လည်း နေရင်းထိုင်ရင်း ကျွန်တော် သဝန်တိုနေမိဦးမှာလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အဲဒီနေ့က ရွှေပိုးတို့ခြံထဲမှာ ရောင်စုံမီး အလှအပများဖြင့် ခမ်းခမ်းနားနား လင်းထိန်နေခဲ့သည်။ ဝုန်းဝုန်းဒိုင်းဒိုင်း ဆူညံသော ဂီတသံမျိုးအစား ငြိမ့်ညောင်းသည့် စန္ဒရားလက်သံတီးလုံးလေးက သူမတို့ခြံတစ်ခုလုံးအပြင် ကျွန်တော်တို့ခြံဘက်ကိုပါ လွင့်ပျံ့လာ၏။

တော်ဝင့်ကို ဖုန်းလှမ်းဆက်ကြည့်တော့ သိပ်မကြာခင်ရောက်တော့မယ်ဆိုသော အဖြေကို ရထားတာမို့ ကျွန်တော်က ကိုယ့်ခြံဝမှာပဲ ရပ်စောင့်နေလိုက်၏။ မေမေကတော့ ဟိုးအစောကြီးထဲက ရွှေပိုးတို့ခြံဘက်ကို ရောက်ရှိနေပြီ။ လုပ်ငန်းတူစီးပွားတူ မိတ်ဆွေတွေလည်း အများအပြား လာကြသည့်ပွဲမို့ တံစက်ခြိဆီ မေမေ စောစောကူးသွားခြင်း ဖြစ်သည်။

"ဟဲ့ နင်တို့ မလာသေးဘူးလား"

တော်ဝင့်ကိုစောင့်နေတုန်း ရွှေပိုးဆီက ဖုန်းဝင်လာသောကြောင့်





ကောက်ကိုင်လိုက်သော အသည်းအသန်အသံနှင့် ရွှေပိုးက ခပ်အောင့်အောင့်မေးသည်။ သူမ ဘာတွေဖြစ်နေပြန်ပြီလဲ။

"လာတော့မယ်လေ၊ ဒီမှာ တော်ဝင်ရောက်တော့မယ်ဆိုလို့ ငါ ခြံဝထွက်စောင့်နေတာ"

"အေးဟာ လာမှာဖြင့်လည်း မြန်မြန်လာ"

"ဘာဖြစ်လို့တုန်း နင့်အသံနားထောင်ရတာလည်း စိတ်ပျက်လက်ပျက်နဲ့"

"အေးပေါ့ ဟိုနေ့က မိုးဝင်းမိယံဆိုတဲ့လူ အခု ငါ့နားရောက်နေပြန်ပြီ"

"ဟေ ဟုတ်လား"

"အင်း ဖေဖေက သူတို့သားအဖကို ဖိတ်ထားတာလေ"

"လူကြီးချင်းကလည်း အစတည်းက ရင်းနှီးနေတာဆိုတော့ ကောင်းတာပေါ့ ရွှေပိုးရဲ့၊ ငါပြောတဲ့စကားကို ဒီတစ်ခါ နားထောင်လိုက်စမ်းပါ၊ နင် အတွေးမများစမ်းပါနဲ့"

"ဒီမှာ ညီ နင် မြန်မြန်လာမှာလား၊ ဒါမှမဟုတ် ငါ့ကိုအပိုတွေဆက်ပြောနေမှာလား"

သူမအသံက ဒေါသဖြစ်နေမှန်း သိသာနေပြီ။ ဒီနေ့တော့ သူမ ပေပေမွေးနေ့ပွဲလေး မပျက်စီးစေချင်သည့် စေတနာဖြင့် ကျွန်တော် ရယ်မောမော တောင်းပန်လိုက်ပါသည်။

မကြာခင်မှာ တော်ဝင်ရောက်လာလို့ ကျွန်တော်တို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရွှေပိုးတို့ခြံထဲရောက်ချိန်မှာ ခြံထောင့်တစ်နေရာ အုတ်ခုံဝိုင်းလေး၌ ငုတ်တုတ် ထိုင်နေသော မိရွှေပိုးကို အခန့်သားတွေ့ရသည်။

"ဟဲ့ နှင်ပြောတော့ နှင့်လူကြီး နှင့်ဘေးနားရောက်နေတယ်ဆို ခု ဘယ်မှာတုန်း"

"နှင့်နောက်မှာ"

မျက်လုံးကြီးပြူးပြီး ကျွန်တော့်နောက်ဘက်ကို မျက်စပစ်ပြလျက် အံကြိတ်သံဖြင့် ရွှေပိုး ခပ်အုပ်အုပ် ပြောသည်။ ကျွန်တော် ချက်ချင်းပင် နောက်လှည့်ကြည့်လိုက်တော့ စီးကရက်ခွက်လေးကို လက်ကကိုင်ထားလျက် ရပ်နေသည့် မိုးတိမ်ယံ။

"သြော် ကိုညီအားမာန်တို့ ရောက်လာပြီကိုး"

"ဟုတ်ကဲ့၊ ကိုမိုးတိမ်ယံက ရောက်နေတာ ကြာနေပြီနဲ့တူတယ်"

"ဟုတ်တယ်ဗျ၊ မေမေက အေးအေးဆေးဆေး သွားဖို့လုပ်နေတာ ကျွန်တော်က ရွှေပိုးနဲ့စကားပြောဖို့အချိန်ပိုရအောင် စောစောသွားမယ်ဆိုပြီး အတင်းဆွဲခေါ်လာတာလေ"

"သြော်"

"ကိုအားမာန် သောက်တတ်လားဗျ"

လက်ထဲမှ စီးကရက်ခွက်ကို မြှောက်ပြလျက် ကျွန်တော့်ကိုမေးသည်။ ကျွန်တော် ချက်ချင်းပင် ခေါင်းခါပစ်လိုက်၏။ မေမေ့အုပ်ချုပ်မှုအောက်မှာ ကြီးပြင်းလာခဲ့ရသော ကျွန်တော်သည် ယမကာအနွယ်ဝင်ဆို ဝိုင်တို့ ဘီယာ တို့တောင် အနံ့မခံချင်လောက်အောင် မုန်းတီးသူ ဖြစ်သည်။





တခြားအပြင်းစားတွေဆို ပိုလို့သာ ဆိုးတော့၏။ ခုတော့ မိုးတိမ်ယံ က စီးကရက်သောက်ဖို့ ကျွန်တော့်ကို လာကမ်းလှမ်းနေသည်။ ကျွန်တော် ယဉ်ယဉ်ကျေးကျေးလေး ခေါင်းခါငြင်းရုံမှအပ မတတ်နိုင်ပါ။

"ကျွန်တော် မသောက်တတ်လို့ပါ"

"အိုး သိပ်ကောင်းပါတယ်၊ ကျွန်တော်က ဟိုနိုင်ငံတွေမှာ အနေ များတော့ အနည်းအကျဉ်းသောက်ဖြစ်တယ်ဗျ၊ ယောကျာ်းလေးနှစ်ယောက် ရှိတာ ကျွန်တော်တစ်ယောက်တည်း သောက်နေတော့ အားနာမိတယ်ဗျာ၊ ခွင့်လွှတ်ပါနော်"

"ရပါတယ်ဗျ၊ မူးရူးရမ်းကားနေတာမဟုတ်ရင် ကျွန်တော်တို့က အေးဆေးပါ"

မိုးတိမ်ယံကိုယ်တိုင်လည်း ထိုတစ်ခွက်သာသောက်ပြီး နောက်ထပ် မသောက်တော့။ ကျွန်တော်တို့နဲ့ တွေ့ရာလေးပါးပြောလိုက် ရွှေပိုးကို တစိမ့်စိမ့်ကြည့်လိုက်ဖြင့်သာ အချိန်တွေက ကုန်မှန်းမသိ ကုန်ဆုံးသွားခဲ့၏။

ဘာပဲပြောပြော အဲဒီညကစပြီး မိုးတိမ်ယံအပေါ်မှာ ရွှေပိုးက အရင်လို မလိုတမာ မဆက်ဆံတော့ဘဲ ပြေပြေလည်လည် စကားပြောလာ သည့်အတွက်တော့ ကျွန်တော် ကျေနပ်မိပါသည်။ ကျွန်တော်တို့နှစ်ယောက် တတွဲတွဲနှင့် ငယ်ငယ်တည်းက ပေါင်းဖက်လာခဲ့ပြီး တော်ဝင်နှင့်ချစ်သူလေး ဖြစ်ခဲ့တော့မှ ရွှေပိုးကို တစ်ယောက်တည်း ပစ်ထားသလိုဖြစ်ဖြစ်နေရသည့် အချိန်တွေများနေခဲ့ပြီ။ အဲဒီအတွက် ရွှေပိုးကိုလည်း သင့်တော်သည့် လူ တစ်ယောက်နှင့် အဆင်တပြေလေး ဖြစ်စေချင်သည့်ဆန္ဒက ကျွန်တော့်ထံ



www.burmeseclassic.com

www.burmeseclassic.com



မှာ အပြည့်အဝ ရှိနေသည်။

ခိုးတိမ်ယံဟာ ရွှေပိုးအတွက် စိတ်ချမ်းသာမှုတွေကိုပဲ ဆောင်ကျဉ်းပေးနိုင်မယ့် လူတစ်ဦးဖြစ်ခဲ့ရင်တော့ အကောင်းဆုံးပါပဲ။

■ ■ ■

"သားကို အန်တီပိုးအိမ် လိုက်ပို့ပါလား ဖေဖေ"

"ဟော ဘာစိတ်ကူးပေါက်လို့လဲ သားရဲ့"

မနက်စာစားနေတုန်း သားက ထူးထူးဆန်းဆန်း တောင်းဆိုလာသည်။

"ကြာပြီ မတွေ့တာလည်း ကြာပြီလေ၊ သား သတိရလို့"

"သားက အန်တီပိုးကို တော်တော်ခင်နေပြီလား"

"ခင်တာပေါ့၊ အိမ်မှာ ထမင်းလာစားတဲ့နေ့ကဆို သားနဲ့တူတူ ဗီဒီယိုဂိမ်းလည်း ဆော့ပေးတယ်၊ သားကိုလည်း ရယ်စရာတွေပြောပြတယ်"

သားက အပေါင်းအသင်းမက်သော ကလေးတစ်ယောက်လား။ ကျောင်းမှာဆိုရင်တော့ သူ့ဘာသာတစ်ယောက်တည်း အေးအေးဆေးဆေး နေတတ်တာကများတယ်လို့ အမေ ပြောဖူးသည်။ သား မက်မောလိုချင်နေတာဟာ သူငယ်ချင်းအပေါင်းအသင်းမဟုတ်ဘဲ ဒီထက်ကြီးမားတဲ့ သံယောဇဉ်နှောင်တွယ်မှုတစ်ခုခုများလား။

"လိုက်ပို့မှာလားဟင် ဖေဖေ၊ ဒါမှမဟုတ် အန်တီပိုး ဖုန်းနံပါတ် သားကိုပေးလေ၊ သားကိုယ်တိုင်ဖုန်းဆက်ပြီး သားတို့အိမ်လာလည်ဖို့ ဖိတ်လိုက်မယ်"





အင်း ရွှေပိုးနဲ့မတွေ့ဖြစ်တာတောင် လေးငါးရက် ရှိနေပြီပဲ။ သူမ ရန်ကုန်တော့ မပြန်လောက်သေးပါ။ ရန်ကုန်မပြန်ခင် ကျွန်တော်တို့နဲ့ ထပ်တွေ့ဆုံဖို့ ကတိပေးထားတာပဲလေ။

"သားကို ဖုန်းနံပါတ် ပေးနော် ဖေဖေ"

"တီဗွီခုံဘေးက စင်ပေါ်မှာ ဖေဖေ့ဖုန်းရှိတယ်၊ အဲဒါ သား သွားယူလိုက်နော်"

သားက ချက်ချင်းပင် အပြေးကလေးသွားယူပြီး ဖုန်းယူလာ၏။ ရွှေပိုးနံပါတ်ကို ကျွန်တော်က နှိပ်ပေးသည်။ ပြီးတော့ သားလက်ထဲ ထည့်ပေးလိုက်၏။

"ဟယ်လို အန်တီပိုးလား"

တစ်ဖက်မှ ဖုန်းကိုင်လိုက်သည်ထင်၏။ သားမျက်နှာလေးက အပြုံးလေးတွေ ဝေဆာသွားလျက် ဝမ်းသာအားရ မေးသည်။

"သားလေ အိမ်မှာ တစ်ယောက်တည်း ပျင်းလို့၊ အဲဒါ အန်တီပိုးအိမ်ကို လာလည်လို့ရမလားဟင်"

တကယ့်ကို မျက်နှာငယ်လေးနှင့် သား ပြောနေခြင်းဖြစ်၏။

"ခြံထဲလည်း ဒီနေ့ မသွားချင်ဘူး။ အန်တီပိုးကိုပဲ သတိတွေရနေတာ"

ကျွန်တော် သားပြောနေတဲ့စကားတွေကို သဘောကျစွာ ရယ်မောလိုက်မိသည်။ သားကတော့လေ သူတကယ်ခင်မင်ပြီဆို အဲဒီနှ တကယ့်မလွှယ်ကြောဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ဒါဆို ဖေဖေ့ကို လိုက်ပို့နိုင်းလိုက်မယ်နော် အန်တီပို။ သား ခဏနေရင် လာမယ်နော်၊ သားကိုစောင့်နေနော်"

ဝမ်းပန်းတသာ ဖြစ်နေသော မျက်နှာပေးမျိုးနှင့် ပြောဆိုပြီးစီးသွားသော ဖုန်းကို ကျွန်တော့်လက်ထဲ ပြန်လာထိုးထည့်ပေးသည်။

"ဘယ်လိုလဲ သား။ မင်းအန်တီပိုးက ဘာတွေပြောတုန်း"

"လာလို့ရတယ်တဲ့ ဖေဖေ၊ ဖေဖေ့ကို လိုက်ပို့နိုင်းပေါ့တဲ့"

"ဒါဆို ဖေဖေက လိုက်ပို့ရမယ်ပေါ့"

"ဟုတ်၊ လိုက်ပို့မယ် မဟုတ်လားဟင်"

"သားကို လိုက်ပို့ရုံပဲ ပို့နိုင်မှာနော်၊ ဖေဖေက ဒီနေ့ခြံထဲမှာ ဦးလုံ၊ နဲ့အတူ လုပ်စရာလေးတွေ ရှိတယ်"

"ရပါတယ် ဖေဖေရဲ့၊ အန်တီပိုး ရှိနေတာပဲဟာကို၊ သားကို စိတ်ချနော်"

သူက တစ်ဖန်ပြန်ပြီး ကျွန်တော့်ကို စိတ်ချဖို့ မှာကြားနေလိုက်သေးသည်။ ကောင်းတော့လည်း ကောင်းပါတယ်၊ ရွှေပိုး ဒီမှာ တိုက်တိုက်ဆိုင်ဆိုင် ရှိနေတော့ သားလည်း အပျင်းပြေတာပေါ့။

မနက်စာ စားသောက်ပြီးတာနှင့် သားအဖနှစ်ယောက် ရွှေပိုးတို့အိမ်ဘက် ကားလေးနှင့်ထွက်လာခဲ့သည်။ ဟိုးတစ်ညလာလည်တုန်းက ကားမယူလာသည့်ရွှေပိုးကို အိမ်အပြန်လိုက်ပို့ဖူးသောကြောင့် သူမအိမ်ကို ကျွန်တော် မှတ်မိနေပါပြီ။ ခြံထဲကို ချိုးကွေ့ဝင်လိုက်သည်နှင့် ပန်းပင်လေးများဘေးမှာ အလုပ်များနေသော ရွှေပိုးကို တွေ့လိုက်ရသည်။





"ဟော သားတို့ ရောက်လာပြီလား။ မြန်လိုက်တာနော်"

"ပြောမနေနဲ့တော့၊ ဒီနေ့ ဘာစိတ်ကူးပေါက်တယ် မသိဘူး မနက်စောစောစီးစီး နင့်ဆီသွားချင်တယ်ဆိုပြီး ပြောနေတာနဲ့ ဖုန်းဆက်ပေးရတော့တာလေ"

"ခြော် ကောင်းပါတယ်ဟယ်၊ ငါလည်း အိမ်မှာတစ်ယောက်တည်း ပျင်းနေတာ၊ နင့်ဆီလာရင်လည်း တော်ကြာ နင်အလုပ်မအားတာတွေ ဘာတွေနဲ့ တိုးနေမှာစိုးလို့ ငါက မလာဖြစ်တာ၊ ခုလို သားလေး ရောက်လာတော့ ငါလည်း အပျင်းပြေတာပေါ့"

လက်တစ်ဖက်က သားပခုံးကို လှမ်းဖက်လိုက်ရင်း ရွှေပိုးက ပြုံးရွှင်စွာ ပြောသည်။

"ငါကတော့ ပြန်သွားရမှာဟ၊ မောင်လုံးနဲ့လုပ်ရမှာလေးတွေ နည်းနည်းရှိတယ်"

"ဟယ် နင်ကလည်း ချက်ချင်းကြီးလား။ ထမင်းစားသွားဦးလေ"

"မစားတော့ဘူးဟာ၊ ညနေ အလုပ်တွေရှင်းတော့မှပဲ သားကို လာကြိုမယ်နော်"

"အေး အေး ဒါဆိုလည်း ပြီးရော"

ကျွန်တော် ပြန်ထွက်လာတော့ နှစ်ဦးသားက လက်လေးတွေပြလျက် အနောက်မှာ ဝေးကျန်ခဲ့သည်။ ဖြတ်ခနဲဆိုသလို ကျွန်တော့်အသိအာရုံများက တော်ဝင့်ဆီ ရောက်သွား၏။ တကယ်ဆို ကျွန်တော်က အလုပ်သွား၊ တော်ဝင်နဲ့သားက အိမ်ရှေ့ထွက် နှုတ်ဆက်လက်ပြီ။ ပျော်ရွှင်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ မိသားစုဘဝလေးတစ်ခု ပိုင်ဆိုင်နေရမယ့်အချိန်။

နောက်ကြည့်မှန်ထဲက မြင်နေရသော ရွှေပိုးနေရာမှာ တော်ဝင့်ကို အစားထိုးကြည့်နေမိရင်း ကျွန်တော့်နှုတ်ခမ်းများ ကြည်နူးမှုကြောင့် ပြုံးနေသည်။

အချိန်တွေကို နောက်ပြန်လှည့်လို့ရသည့် စက်တစ်လုံးသာရှိခဲ့ရင် တော်ဝင့်ကို ဘယ်လိုနည်းနဲ့မဆို ပြန်လည်ရှင်သန်လာအောင် လုပ်ချင်မိပါရဲ့ ကွယ်။ ကျွန်တော့်မိသားစုလေးကို ပြည့်ပြည့်စုံစုံ ပျော်ပျော်ရွှင်ရွှင်နဲ့ အတူနေထိုင်ခွင့်လေး ပြန်လည်ရချင်မိ၏။

မဖြစ်နိုင်တာတွေကို စိတ်ကူးယဉ်နေမိသော ကျွန်တော်က အရူးတစ်ယောက်နဲ့ တူနေမှာတော့ သိပါရဲ့လေ။

■ ■ ■

ထင်ထားတာထက်ပိုပြီး စောစောစီးစီး ပြီးစီးသွားသော အလုပ်တွေကြောင့် ညနေမစောင်းခင်မှာပင် ရွှေပိုးတို့ခြံကို ကျွန်တော် သွားလိုက်၏။ ခြံထဲက စားပွဲဝိုင်းလေးမှာ မှိုင်တွေသော မျက်နှာလေးနှင့် ထိုင်နေသည့် သားကို ကျွန်တော် အထိတ်တလန့် တွေ့လိုက်ရသည်။

"သားမျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲ"

သားက ကျွန်တော့်ကို မျက်လုံးတစ်ချက်လှန်ကြည့်ရုံသာရှိပြီး စကားမပြော။ ခေါင်းလေးပြန်ငုံ့သွားသည်။ ကျွန်တော် ပိုလို့ရင်ထိတ်သွား၏။

"ရွှေပိုး သားဘာဖြစ်တာလဲ"

"တစ်မနက်လုံးရော နေ့လယ်တစ်ခင်းလုံးရော ငါနဲ့ ဆော့နေတာ





အကောင်းဟ။ ညနေရောက်မှ ဒီလိုမှိုင်ကျသွားတာ၊ ငါလည်း မေးတာ မဖြေဘူး"

"သား ဘာဖြစ်သွားတာလဲ၊ ဖေဖေ့ကို ပြောပြလေ"

သားက မဖြေ။ သားသည် လိမ္မာရေးခြားရှိသော်လည်း ခေါင်းမာတတ်သော ကလေးတစ်ယောက်ဖြစ်ကြောင်း ကျွန်တော် သိပါသည်။ ဒါကြောင့် ရွှေပိုးကိုသာ

"ထမင်းတွေ ဘာတွေရော"

"ကောင်းကောင်းကိုစားတယ်၊ ငါနဲ့ခြံထဲမှာ အပင်တွေရေလောင်းရင်းနဲ့တောင် ဆော့လိုက်ကြသေးတယ်၊ ဂိမ်းဆော့နေတုန်းကလည်း အကောင်း"

ဒီလို ရုတ်တရက်ကြီး သား ပြောင်းလဲသွားရသည့်အကြောင်းရင်းတစ်ခုခုတော့ ရှိနေတာ သေချာပါပြီ။ ရွှေပိုးလည်း လုံးဝသိပုံမပေါ်။ ဒီတော့ ဘာယက်ရှင်ကို မရမက မေးရတော့မည်။ ကျွန်တော် သက်ပြင်းတစ်ချက်ချလျက် စိတ်ကိုရှည်သည်ထက်ရှည်အောင် ဆွဲဆန့်လိုက်သည်။ သားမျက်နှာကို လက်နှင့်ပင့်မော့လျက် မျက်လုံးချင်းတည့်တည့်ဆိုင်ကြည့်လိုက်၏။

"သား ဘာဖြစ်လို့လဲဆိုတာ ဖေဖေ့ကိုပြောပြလေ"

ဒီလောက်နဲ့တော့ သား ဖြေမှာမဟုတ်မှန်း ကျွန်တော် သိပါသည်။

"သားဖြစ်ချင်တာကို ဖေဖေ့ကို ပြောပြမှ ဖေဖေက လုပ်ပေးလို့ရမှာပေါ့၊ ပါးစပ်ကြီးပိတ်ထားရင် သားဘာဖြစ်ချင်မှန်း ဖေဖေ မသိနိုင်ဘူး။ အဲဒီတော့ ဘာမှလည်း လုပ်ပေးလို့ရမှာမဟုတ်ဘူး။ သား ဘာဖြစ်လို့လဲဆိုတာ တစ်ခုခုပြောမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်၊ ဖေဖေ့ကိုစိတ်ပူအောင် မလုပ်ပါနဲ့ သားရယ်၊ သားက လိမ္မာတဲ့ ကလေးတစ်ယောက်ပါ''

သားရဲ့လက်လေးတစ်ဖက်ကို ကျွန်တော် လှမ်းယူဆုပ်ကိုင်လျက် ညင်သာနွေးထွေးစွာပြောတော့ မျက်လုံးလေးတွေ နည်းနည်းအရောင်လက်လာ၏။

''ဖေဖေ''

''ပြော သား။ သား ဘာဖြစ်ချင်တာလဲ''

သားက ချက်ချင်းတော့ မပြောသေးဘဲ ငြိမ်သက်နေပြီးမှ

''ဒီည အန်တီပိုးနဲ့တူတူ သားအိပ်ချင်တယ်''

''ဟော''

''ဟောတော့''

ကျွန်တော်ရော ရွှေပိုးပါ ရယ်ရခက် ငိုရခက် ဖြစ်သွား၏။ သား ဒီလောက်ထိ မျက်နှာပျက်လျက် မှိုင်တွေနေတာက ကျွန်တော်နဲ့အတူ အိမ်ပြန်မလိုက်ချင်လို့ပေါ့။ ရွှေပိုးနဲ့တူတူ နေချင်သေးလို့ပေါ့။

''ဘာဖြစ်လို့လဲ သားရဲ့၊ အိမ်မှာလည်း ဦးလုံးက သားကြိုက်တတ်တဲ့ ဟင်းတွေချက်ပေးထားတယ်လေ''

''အန်တီပိုးကို သားချစ်လို့ တစ်ညလောက် တူတူအိပ်လို့ မရဘူးလားဟင် ဖေဖေ''

သားက ခွင့်မပြုရင် ကျိုကျတော့မည့်မျက်နှာပေးမျိုးအဖြစ် ပြောင်းလဲလာ၏။ ကျွန်တော့်မှာ မထင်မှတ်ထားသော တောင်းဆိုမှုကြောင့် ဘာ





ပြောလို့ ပြောရမှန်းမသိ။ ရွှေပိုးကိုလည်း အားနာမိသည်။

''ကဲပါ ညီရယ် ငါ ခေါ်သိပ်ထားလိုက်ပါ့မယ်''

''ဖြစ်ပါ့မလား''

''အောင်မယ် ဖြစ်ပါ့မလားဆိုတာ ဘာကိုမေးတာတုန်း၊ ငါ့ကိုများ မယုံသင်္ကာနဲ့''

အရေးထဲမှ ဒေါ်ရွှေပိုးက ရန်လာထောင်နေသေးသည်။

''နင့်ကို မယုံသင်္ကာဖြစ်တာ မဟုတ်ပါဘူးဟာ၊ သားက ညဆို ပုံပြင်ပြောပြမှ အိပ်ပျော်တာ၊ ပြီးတော့ ညသန်းခေါင်တွေဘာတွေလည်း ရှူးရှူးထပေါက်တတ်တော့ နင်အိပ်ရေးပျက်မှာစိုးလို့ဟ''

''အောင်မယ်လေးဟယ် ဒီလောက်ကတော့ ငါ့အတွက် ဘာမှ မဖြစ်ဘူး။ နင် စိတ်ချလက်ချသာ ထားခဲ့၊ ဒီလောက်မှ စိတ်မချရင်လည်း နင်ပါအိပ်သွား''

ထိုစကားကို ပြောပြီးမှ သူမ ချက်ချင်းပင် ခေါင်းလေးငုံ့သွားသည်။ ကျွန်တော်လည်း မသိချင်ယောင်ဆောင်ကာ မျက်နှာလွှဲလိုက်၏။ တကယ် ဆို ဟိုးအရင်အချိန်တွေတုန်းကသာ ဒီစကားကို ပြောခဲ့ရင် ကျွန်တော်တို့ နှစ်ယောက်အတွက် ခုလိုတွေဖြစ်ဖို့ မလိုသော်လည်း ခုတော့ ဘယ်လို ဆုံဆော်မှုတစ်ခုက ရှက်သလိုလို ရွံ့သလိုလို ခံစားချက်ကြီးကို ကျွန်တော်တို့ကြား ထည့်ပေးလိုက်သည်မသိ။

''ဟား ဖေဖေပါ သားတို့နဲ့တူတူအိပ်ရင် ပျော်စရာကြီး''

''သား ဖေဖေကတော့ သားတို့နဲ့တူတူ မအိပ်နိုင်ဘူးလေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟွန် တကယ်ဆို ဖေဖေပါ အိပ်ရမှာ"

သားရဲ့စောဒကတက်နေသော စကားလုံးများက ကျွန်တော်တို့နှစ်ယောက်က အနေအထိုင်ရခက်စေသောကြောင့် ကျွန်တော်ကပင် စကားစမြန်မြန်ဖြတ်ရန် ကြိုးစားလိုက်သည်။

"ကဲ ဒီတစ်ညတော့ သား အန်တီပိုးနဲ့ အိပ်ချင်ရင်အိပ်ပေါ့၊ မနက်ကျရင်တော့ ဖေဖေ့ဆီ ပြန်လာရမှာနော်"

"ဟုတ်ကဲ့ပါ ဖေဖေ၊ ဟီး ဟီး ပျော်စရာကြီး"

သားရဲ့ညှိုးနွမ်းနေသောမျက်နှာလေးက ချက်ချင်းပင် အရောင်ပြောင်းလျက် ဝင်းပမြူးတူးနေသည်။ မောင်လုံးကို ဖုန်းလှမ်းဆက်လျက် သားအတွက် ညဝတ်ဖို့ အဝတ်အစားများ ယူလာခိုင်းရသည်။

"ကဲ သား တစ်နေ့လုံးဆော့ထားတာဆိုတော့ ရေလေးဘာလေး ချိုးလိုက်ဦး"

"ဟုတ်ကဲ့ ဖေဖေ"

"လာ အန်တီ ချိုးပေးမယ်"

"ဟာ သားဘာသာ ချိုးတတ်ပါတယ် ရွှေပိုးရဲ့၊ နင်ကလည်း အားနာစရာကြီး"

"ဘာမှအားနာမနေနဲ့၊ ငါ့ရေချိုးခန်းက အုတ်ကန်ကမြင့်တော့ သားအရပ်နဲ့မှီမှာမဟုတ်ဘူး။ အဲဒီတော့ လူကြီးတစ်ယောက်ချိုးပေးမှကို ဖြစ်မှာ"

ရေချိုးခန်းထဲမှာ တစ်ယောက်နဲ့တစ်ယောက် ကျီစယ်ရင်း ရေပက်





စနောက်နေပုံရသော နှစ်ယောက်သား အသံတွေကို ဧည့်ခန်းထဲမှာထိုင်နေရင်းကပင် ကျွန်တော် အတိုင်းသားကြားနေရသည်။ သားအသံကို နားထောင်ရတာ ရွှေပိုးနဲ့အတူတူရှိနေရခြင်းကို တကယ်ပင် ကျေနပ်ပျော်ရွှင်နေပုံရ၏။

ရွှေပိုးကိုကြည့်ရတာလည်း သားက ဂျီကျလျက် တွယ်ကပ်နေခြင်းကို စိတ်အလိုမကျဖြစ်ပုံမရ။ သူတို့နှစ်ယောက်ကိုကြည့်ရတာ ကျွန်တော့်အတွက် ကြည်နူးမှုလေးတစ်မျိုးကို ခံစားရစေသည်။

ရေချိုးပြီးတော့လည်း သားကို တစ်ကိုယ်လုံး ပေါင်ဒါလိမ်းပေးခြင်း၊ အဝတ်အစားလဲလှယ်ပေးခြင်း အမှုများအားလုံးကို ရွှေပိုးကသာ နိုင်ခံလုပ်ကိုင်သွားသည်။

"ညစာတော့ ဒီမှာပဲ တစ်ခါတည်း စားသွားနော်"

ဒီတစ်ခါတော့ ကျွန်တော် မငြင်းတော့ဘဲ ဝင်စားဖြစ်၏။ ကျွန်တော့်အကြိုက် ပဲပုပ်ထောင်းကြော် ပါဝင်နေသောကြောင့် တကယ့်ဟင်းကြီးများကိုတောင် မနှိုက်ဖြစ်ဘဲ ထိုတစ်မျိုးတည်းနှင့်ပင် တော်တော်လေး စားမြိန်ခဲ့သည်။ အရေးထဲမှ ထမင်းခွံ့ကျွေးရမယ်ဆိုပြီး ဇွတ်တရွတ်ဂျီကျသော သားတော်မောင်ကြောင့် ရွှေပိုးခမျာ သူမဘာသာ ထမင်းအေးအေးဆေးဆေး စားနိုင်ဘဲ တစ်ဖက်က သားကိုခွံ့ကျွေးနေရသေး၏။

ကျွန်တော့်မှာ မျက်နှာလည်းပူလျက် အားလည်းနာလှပြီ။

"သားရယ် မင်းကတော့လေ ဒီနေ့မှ ဂျီတိုက်လိုက်တာ ပွန်ပါ သွားကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် ရွှေပိုးက ကျွန်တော့်ကို မျက်စောင်းကြီး ထိုးကြည့်သည်။

"ကလေးကို အဲဒီလို မပြောပါနဲ့ ညီ၊ ကလေးဆိုတာလည်း သူ့သဘာဝအလျောက် လိုက်လျောပေးရမယ့် ခံယူထိုက်တဲ့ကြင်နာမှုလေးတွေ ရှိတာပဲ၊ အမြဲတမ်းမဟုတ်တောင် ခုလို တစ်ခါတလေလေး လုပ်ပေးရတာကို ငါလည်း အပန်းမကြီးဘူး၊ သားလည်း ကျေနပ်ပျော်ရွှင်ရတယ်ဆိုရင် ဘာဖြစ်သေးတုန်း၊ 'ဘယ်သူ့ဘယ်သူမှ အကျိုးမယုတ်တဲ့ကိစ္စပဲလေ"

"ကောင်းရောဟေ့၊ နင်လုပ်မှပဲ ငါ့မှာ လူဆိုးကြီးလုံးလုံးကို ဖြစ်ရောနော်"

"မဖြစ်ချင်ရင် ငြိမ်ငြိမ်လေး ထိုင်နေ၊ သားနဲ့ငါ နှစ်ဦးနှစ်ဖက်သဘောတူလို့ လုပ်နေတာကို နင်ဘာမှဝင်မစွက်ဖက်နဲ့ ဟုတ်ပြီလား"

ရွှေပိုးက ဆရာမကြီးအထာနှင့် ခပ်နောက်နောက်ပြောသည်၊ သားက ကျွန်တော်တို့နှစ်ယောက်ကိုကြည့်ပြီး သဘောတကျ ပြုံးနေ၏။

"ဘယ်လိုလဲ ညီ၊ ငါပြောတာကို နင် လက်ခံပြီလား"

တီဗွီရှေ့ထိုင် ဂိမ်းဆော့နေသော သားကို ထားခဲ့ပြီး ကျွန်တော်တို့ နှစ်ယောက် ခြံထဲဆင်းလာခဲ့သည်။ နှင်းဆီပန်းလေးတွေ စီစီရီရီ စိုက်ပျိုးထားသော ပန်းခန်းပိစိကွေးလေးက လရောင်အောက်မှာ လှပဝင့်ကြွားနေ၏။

"ငါမပြောတတ်တော့ပါဘူး ရွှေပိုးရယ်"

"မပြောတတ်ဘူးဆိုတာ နင့်ကိုယ်နင် လိမ်နေတာပါ ညီရယ်၊ တကယ်ဆို သားအတွက်လိုအပ်တာ မိခင်တစ်ဦးလို ဂရုစိုက်ကြင်နာနိုင်မယ့်





မေတ္တာတရားပဲ၊ ဒီလိုပြောလို့ တော်ဝင့်အမေကို ငါက ဂရုစိုက်မှုမပေးနိုင်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူးနော်၊ မတူဘူးပေါ့ဟာ၊ ငါပြောချင်တာကို နင်သဘောပေါက်မှာပါ"

"ဟူး နင်ပြောတုန်းက ဒီတိုင်း တွေးကြည့်ရုံသက်သက်လောက်ပဲ တွေးကြည့်ခဲ့တဲ့အဆင့်မှာတောင် ငါ တော်ဝင့်ကို သတိရလို့ ရှူးမတတ်ဘဲ၊ ခုလို သားလိုအပ်နေတဲ့မေတ္တာတရားက ဘာဆိုတာကို သေချာသဘောပေါက်လိုက်တဲ့အချိန်မှာ စိတ်ညစ်မိတယ်၊ ငါ့ကိုယ်ငါပါ တော်ဝင်မဟုတ်တဲ့ တခြားမိန်းမတစ်ယောက်ကို လက်ထပ်ဖို့ဆိုတာ ငါ့အတွက် ခုချိန်ထိ ခက်ခဲနေတုန်းပဲလေ"

"နင့်စိတ်ခံစားမှုက သိပ်ပြင်းထန်နေတော့လည်း ငါ ဘယ်လိုပြောရမယ် မသိတော့ပါဘူး"

ကျွန်တော်တို့နှစ်ယောက်ကြားက ခဏတာ တိတ်ဆိတ်သွား၏။ မျက်စိရှေ့တည့်တည့်မှာ မြင်နေရသော နှင်းဆီပန်းပင်လေးတွေကြောင့် ကျွန်တော့်အတွေးထဲ လူတစ်ယောက်က ဖျတ်ခနဲ ရောက်လာသည်။

"မိုးတိမ်ယံကို ဘာဖြစ်လို့ အဲဒီလောက်ထိ နင်ငြင်းပစ်ခဲ့ရတာလဲ"

မထင်မှတ်ထားသော မေးခွန်းဖြစ်နေလို့လား မသိ၊ သူမ့ မျက်ခုံးလေးတွေ ပင့်တက်သွား၏။ နောက်တော့ ဟက်ခနဲ ရယ်သည်။

"မချစ်လို့ပေါ့ဟ"

"နင်တို့ လက်ထပ်ပွဲတောင် စီစဉ်ခဲ့သေးတာပဲလေ"

"အေး ဟုတ်တယ်၊ သူ့ရဲ့ ငါ့အပေါ် နားလည်ပေးနိုင်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



သည်းခံခွင့်လွှတ်ပေးနိုင်တာတွေကတော့ တကယ့်ကို ပြိုင်ပဲ့ရှားပါပဲ၊ ဒါပေမဲ့ သေချာပြန်စဉ်းစားကြည့်တဲ့အချိန်မှာ ငါသူ့ကို တစ်သက်လုံးချစ်သွားဖို့ မဖြစ်နိုင်ဘူးလို့ ငါသိနေခဲ့တယ်''

"နှင့်ကိုယ်နှင် ဘာဖြစ်လို့ အဲဒီလောက် သေချာနေခဲ့တာလဲ ရွှေပိုး''

ကျွန်တော် စိုက်ကြည့်နေမိသော သူမ မျက်ဝန်းတွေမှာ အရောင်တစ်မျိုး လက်ဖြာနေ၏။ အဲဒီလို မျက်ဝန်းမျိုးကို သူမနဲ့ ရင်းနှီးပတ်သက်လာခဲ့သည့် သက်တမ်းတစ်လျှောက်လုံး ကျွန်တော် တစ်ခါမှ မမြင်မတွေ့ခဲ့ဖူးပါ။

"ငါ့မှာ တခြားလုပ်ရမယ့်အလုပ်တွေ ရှိနေသေးလို့ပေါ့၊ သူ့ထက် အရေးတကြီးလုပ်ရမယ့် တခြားအလုပ်တွေ''

"ကြီးကြီးကျယ်ကျယ်ဟာ၊ ဘာအလုပ်တွေမို့လို့ နှင့်အပေါ် ဒီလောက်ကောင်းတဲ့လူတစ်ယောက်ကို နှင် စွန့်လွှတ်ခဲ့တာလဲ''

"ဒါတွေ နှင်မသိပါဘူး ညီရာ၊ နှင်ကတော့ တော်ဝင်နဲ့ပျော်ရွှင်နေတဲ့အချိန် ငါ့မှာတစ်ယောက်တည်း''

သူမအသံက ဘာကြောင့်များ တိုးတိတ်သိမ်ဝင်သွားခဲ့တာလဲ။

ကျွန်တော် သေသေချာချာ မှတ်မိနေပါသည်။ သားလေးကို ကိုယ်ဝန်စရှိစဉ်မှာ မိုးတိမ်ယံနဲ့ ရွှေပိုးတို့ရဲ့မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပဖို့ အားလုံးစီစဉ်ပြီးခဲ့တာ။ အဲဒီလို စီစဉ်ထားတဲ့နေ့မှာပဲ ရုတ်တရက်ဆိုသလို ရွှေပိုး ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည်။

အားလုံးသည် အရှက်တကွဲဖြစ်ခဲ့ရသလို မိုးတိမ်ယံဆိုတာလည်း





လူရှေ့သူရှေ့မှာပင် မရှက်မကြောက်နိုင်တော့စွာ ငိုကြီးချက်မ ဖြစ်ခဲ့ရသော အဓိက်အတန့်များ။ အဲဒီအတွက် သူမတို့အိမ်ဘက်မှာတော့ ရွှေပိုး ဘယ်လိုဖြေရှင်းချက်တွေနဲ့ ဘယ်လိုပြီးဆုံးစေခဲ့သလဲ မသိပေမယ့် မိုးတိမ်ယံတစ်ယောက်ကတော့ လုပ်လက်စလုပ်ငန်းများကို ညီဖြစ်သူကို လွှဲပေးခဲ့ကာ နိုင်ငံခြား ထွက်သွားခဲ့သည်။

"နှင် ဘာဖြစ်လို့ တစ်ယောက်တည်းဖြစ်ရမှာလဲ၊ နှင့်ဘေးနားမှာ အမြဲတမ်း နားလည်ဖြည့်ဆည်းပေးနေတဲ့ မိုးတိမ်ယံတစ်ယောက်လုံး ရှိနေခဲ့တာလေ''

"တော်ပြီဟာ ငါ အဲဒီအကြောင်းတွေ လုံးဝမပြောချင်ဘူး''

တူတူထိုင်နေရာကနေ ဆတ်ခနဲ ထရပ်လျက် သူမ ယတိပြတ်ပြောသည်၊ လေသံက မာကြောလှသောကြောင့် ကျွန်တော်ပင် လန့်သွားမိသည်။ တစ်ခါတလေ ရွှေပိုးက အဲဒီလိုပဲ၊ ငယ်ငယ်ကလိုပေါ့၊ လုပ်ချင်ရင်လည်း မဖြစ်ဖြစ်အောင်လုပ်သလို မလုပ်ချင်တော့ဘူးဆိုရင်လည်း ဘယ်လိုနိုင်းနိုင်း မလုပ်၊ မဟုတ်မခံစိတ်လေးနှင့် ဆတ်ဆတ်ကြဲ သူငယ်ချင်းလေးပဲလေ။

"တော်တော်တောင် မှောင်နေပြီ''

ကျွန်တော့်ကို ယဉ်ယဉ်ကျေးကျေးလေး နှင်နေပြီမှန်း သိလိုက်သောကြောင့် ကျွန်တော် ချက်ချင်းပင် နေရာမှထရပ်လိုက်သည်။

"သားကိုစိတ်ချမယ်နော်''

ကားစက်နှိုးနေရင်းတန်းလန်းနှင့် ကျွန်တော့်မှာ ကျန်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ပါးစပ်ကမဖြေ။ ခေါင်းကိုသာ နှစ်ချက်သုံးချက် ဆင့်ညိတ်ပြ၏။

"ကားကို သတိထားမောင်းနော်"

"ငါ အမြဲတမ်း ကားကိုသတိထားမောင်းပါတယ်"

"ကိုယ်က ဘယ်လောက်ပဲ သတိထားပေမယ့် တစ်ဖက်လူက သတိမထားရင်လည်း ကိုယ်ခံစားရနိုင်တာပဲလေ"

သူမစကားက ကျွန်တော့်အချက်ကို ထိထိပြန်သည်။ တော်ဝင် သေဆုံးခဲ့ရသောမြင်ကွင်းက ကျွန်တော့်အာရုံထဲ ဖြတ်ခနဲ ဝင်ရောက်လာသော ကြောင့် မျက်လုံးများကို စုံမှိတ်ပစ်လျက် ခေါင်းကို အားရပါးရ ခါရမ်းပစ် လိုက်သည်။

"ဘာဖြစ်တာလဲ ညီ"

"ဘာမှမဟုတ်ပါဘူး"

တုန်ယင်ချင်နေသော လက်များကို သတိထားထိန်းလျက် ကျွန် တော့်ကားလေးကို အိမ်အပြန်လမ်းပေါ် ဦးတည်လိုက်သည်။ ကျွန်တော့် အတွက်တော့ ထိုထိတ်လန့်တုန်လှုပ်ဖွယ် အဖြစ်အပျက်များဟာ မနေ့တစ်နေ့ ကလိုပါပဲလေ။

■ ■ ■



## အခန်း (၁၂)

"ဒီတစ်ခေါက် ဒီဇင်ဘာကျောင်းပိတ်ရင် တော်ဝင်တို့သုံးယောက် ခရီးလေးတစ်ခုလောက် တူတူသွားရအောင်နော် မောင်"

သူငယ်တန်းတက်နေပြီဖြစ်သော သားနှင့် စနေ တနင်္ဂနွေပိတ်ရက် များကလွဲရင် ကျွန်တော်တို့လင်မယား ပြည့်ပြည့်ဝဝ အချိန်ကုန်ဆုံးခွင့်မရ။ မနက်မိုးလင်းရင် ကျောင်းသွား၊ ကျောင်းကပြန်လာရင် ရေမိုးချိုး ထမင်းကျွေး ပြီးတာနှင့် အိမ်စာတွေလုပ်၊ ပြီးရင် မနက်ကျောင်းတက်ရမှာမို့ စောစောစီးစီး အိပ်ရာဝင်နိုင်။ ဒီလိုနဲ့ပဲ တစ်အိမ်တည်းနေသော သားနှင့်ကျွန်တော့်မှာ စကားလွတ်လွတ်လပ်လပ် ပြောချိန်ပင် မရခဲ့။

ခုလိုမျိုးလေး တော်ဝင် ပြောလာတော့ ကျွန်တော်ကိုယ်တိုင်လည်း သဘောကျသွားသည်။ ဒီအစီအစဉ်ကို ကျွန်တော် ဘာဖြစ်လို့များ မတွေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိတာလဲ။ ခုဆို ကျောင်းပိတ်ရက်တွေလည်း ရောက်တော့မည်။ တော်ဝင်ရယ် သားရယ် ကျွန်တော်ရယ် အတူတကွ ပျော်ပျော်ရွှင်ရွှင် ရှိနေနိုင်မည့် အချိန်လေးတွေ ဖန်တီးလို့ရပြီ။ တစ်သက်တာအတွက် အမှတ်တရလေးတွေ ပုံဖော်ခွင့်ရမည်။

ဘယ်ကိုသွားမယ်တွေဘာတွေ မဆုံးဖြတ်ရသေးခင်မှာပဲ ကျွန်တော့်အတွေးနှင့်ကျွန်တော် ကြည်နူးနေမိပြီဖြစ်၏။

"တော်ဝင်က ဘယ်ကိုသွားချင်လဲ"

"မောင် သွားချင်တဲ့ဆီ သွားကြမယ်လေ"

"မောင်ကတော့ အေးချမ်းတဲ့နေရာလေးတွေ သွားချင်တယ်၊ ရာသီဥတု အုံ့အုံ့မှိုင်းမှိုင်းလေးနဲ့လေ"

"ကောင်းတာပေါ့ မောင်ရဲ့၊ တောင်ပေါ်ဒေသလေးတွေဆို ဆောင်းတွင်းသိပ်လှမှာပဲ"

"အိုကေ ဒါဆို မောင် အစီအစဉ်ဆွဲလိုက်တော့မယ်"

"ဆွဲလိုက်တော့ မောင်၊ သားလေးတို့ကျောင်းတွေလည်း နောက်သုံးရက်လောက်ဆို ပိတ်တော့မှာ"

"ကောင်းပါပြီကွာ၊ ကိုယ်တို့သုံးယောက်ရဲ့ ပထမဆုံးခရီးလေးဆိုတော့ ကင်မရာအကောင်းစားတစ်လုံး ဝယ်ပြီး အမှတ်တရဓာတ်ပုံတွေလည်း အများကြီးရိုက်ရမယ်"

"မောင့်သဘောပါရှင်"

"မောင့်မိန်းမလေးကို အဲဒီလို အကြိုက်ကောင်းလေးတွေထွက်လို့ချစ်ရတာ"





ကျွန်တော့်ဘေးမှာ လဲလျောင်းနေသော တော်ဝင့်နဖူးလေးကို ကျွန်တော်က ဖြတ်ခနဲ နမ်းလိုက်ပြီး ရင်ခွင်ထဲထွေးပွေ့ထားလိုက်၏။ ဘယ်တော့မှ ရိုးအီသွားမှာမဟုတ်သည့် သင်းပျံ့သော ကိုယ်သင်းနံ့လေးက ကျွန်တော့်ရဲ့အာရုံခံအင်္ဂါများမှတစ်ဆင့် တစ်ကိုယ်လုံးကို လွှမ်းခြုံနေအောင် ဆွဲဆောင်သည်။

ကျွန်တော့်ရဲ့ညအိပ်ရာဝင်ပုံပြင်လေးဟာ အလှနတ်ဘုရားမလေးရဲ့ နွေးထွေးလိုက်လျောမှုတွေအောက်မှာ သာသာယာယာ ငြိမ့်ငြိမ့်ညောင်းညောင်း။

■ ■ ■

ဒီနေ့တော့ ကျွန်တော်တို့မိသားစု သုံးယောက်လုံး တက်ကြွပျော်ရွှင်နေကြ၏။ အစီအစဉ်ဆွဲထားခဲ့သည့် ခရီးစဉ်လေးကို ဒီကနေ့မှာ စတင်တော့မည် ဖြစ်သည်။

"ဟိုးအဝေးကြီးကို သွားရမှာပေါ့နော်၊ ဟုတ်လား မေမေ"

"ဒါပေါ့ သားလေးရဲ့၊ သားလေးမရောက်ဖူးတဲ့နေရာတွေကို မေမေနဲ့ဖေဖေက ခေါ်သွားမှာ"

"ဟေး ပျော်တယ်ဟေ့ ပျော်တယ်"

ကားပေါ်မတင်ရသေးခင် စုပြုံချထားသည့် အထုပ်အပိုးများကို ပတ်ပတ်လည်လှည့်ပြေးလျက် သားက လက်ခုပ်လက်ဝါးများပင် တီးနေလိုက်သေးသည်။

"သားတော့ တော်တော်ပျော်နေပုံရတယ် မောင်ရေ"

"ဒါပေါ့ကွာ မောင်တို့ လူကြီးတွေတောင် ပျော်ကြသေးတာပဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ ခရီးမထွက်ဖူးတဲ့သားဆို ပိုလို့တောင် ပျော်နေဦးမှာပေါ့"

ခရီးသွားအိတ်စ်ပရက်စ်ကားများဖြင့် မသွားဘဲ ကျွန်တော်ကိုယ်တိုင် ကားမောင်းပြီး သုံးယောက်တည်း ပျော်ပါးလွတ်လပ်စွာ သွားနိုင်အောင် စီစဉ်ထားသည့် ခရီးလေး။ ရန်ကုန်မြို့ကနေ စထွက်လိုက်သည်နှင့် မြို့ပြရဲ့ အငွေ့အသက်တို့ကနေ ကင်းလွတ်လျက် လန်းဆန်းသော လေကိုရှူရှိုက် ခွင့်ရသည်။

သားကတော့ အသင့်ပါလာသော မုန့်တွေကိုစားလိုက်၊ ပြင်ပရှုခင်း တွေကိုငေးမောလိုက် လက်ညှိုးတထိုးထိုး မေးလိုက်၊ မောသွားလျှင် အိပ်ပျော် သွားလိုက်ဖြင့် ခရီးစဉ်တစ်လျှောက် လိုက်ပါလာသည်။

"မောင် အိပ်ချင်ရင် တော်ဝင်တစ်လှည့် မောင်းပေးမယ်လေ"

"ရတယ် တော်ဝင်၊ မောင် မအိပ်ချင်ပါဘူး။ တော်ဝင်သာ အေး အေးလူလူလိုက်ခဲ့ ဟုတ်ပြီလား"

ကျွန်တော်နဲ့ အိမ်ထောင်ကျပြီးတော့မှ တော်ဝင့်ဖို့ ကားသက်သက် တစ်စီး ဝယ်ပေးထားခဲ့တာမို့ ကျွန်တော်ကိုယ်တိုင်ပင် ကားမောင်းလည်း သင်ပေးထားခဲ့သည်။ ဒါပေမဲ့ ဒီလိုခရီးမျိုးမှာတော့ တော်ဝင့်ကို မောင်းနိုင်းပြီး ကျွန်တော်က ဘေးကနေအိပ်လိုက်ဖို့ ဘယ်လိုမှမဖြစ်နိုင်ပါ။

သားက နောက်ခုံပေါ်မှာ လဲလျောင်းအိပ်လျက် တော်ဝင်က ကျွန်တော့်ဘေးမှာ ခုံကိုမှီလျှောအိပ်လျက် ကျွန်တော်ကတော့ ညဘက်မို့ ကားကိုပိုမိုသတိထားမောင်းလျက်နှင့် ခရီးဆက်လာခဲ့ကြသည်။ လမ်းအသစ် က မမောင်းဘဲ သဘာဝရှုခင်းများကို ပိုမိုမြင်တွေ့ခံစားနိုင်စေရန် ကျွန်တော်က





အရင်လမ်းဟောင်းကို ရွေးမောင်းခဲ့ခြင်းဖြစ်၏။

နေထွက်ကာစလေးမှာပဲ တော်ဝင်နိုးလာခဲ့သည်။

"ခဏဖြစ်ဖြစ် နားလိုက်ပါလားမောင်ရယ်၊ တစ်လမ်းလုံး မောင်း လာရတာဆိုတော့ မောင် တော်တော်ပင်ပန်းနေမှာ"

"ဒီနေရာကြီးတော့ မနားချင်သေးဘူး။ မိနစ်နှစ်ဆယ်လောက် ထပ်မောင်းလိုက်ရင် သိပ်လှတဲ့ရှုခင်းရှိတဲ့ နေရာလေးရှိတယ်၊ အဲဒီကျမှ ရပ်မယ်၊ ခဏတဖြုတ်လည်း နားရင်း မောင်တို့တွေ ဓာတ်ပုံလည်း ရိုက်လို့ရ တာပေါ့"

"အင်း ဒီလိုဆိုလည်း ကောင်းသားပဲ မောင်"

နှစ်ဦးသဘောတူညီချက်နှင့်အတူ ကျွန်တော် ကားကိုစပ်မြန်မြန် လေး အရှိန်တင်မောင်းလိုက်၏။

ဒီဘက်လမ်းက ကားလည်းပိုရှင်းသောကြောင့် တကယ်ဆို ကျွန် တော့်စိတ်ကြိုက် အရှိန်တင်မောင်းရင်တောင် ရပါရဲ့ ဒါပေမဲ့ ခုထိအိပ်ပျော် နေသော သားလေးနိုးသွားမှာ စိုးတာကတစ်ကြောင်း၊ တော်ဝင်ကလည်း ကားကို သိပ်အရှိန်မြှင့်မောင်းတာ မကြိုက်သောကြောင့် ကျွန်တော် ပုံမှန် လေးပဲ မောင်းနှင်ခဲ့ခြင်းဖြစ်၏။

"မောင်ရေ ဟိုမှာကြည့်စမ်း၊ လယ်ကွင်းတွေရယ် သစ်ပင်တန်းတွေ ရယ် ဟိုးနောက်ခံမှာက တောင်တန်းကြီး သိပ်လှတာပဲ"

လမ်းချိုးတစ်ခုကို ကွေ့လိုက်သည်နှင့် ဘွားခနဲပေါ်လာသော လှပ သည့်မြင်ကွင်းကြောင့် တော်ဝင် လက်ညှိုးလေးထိုးကာ ပြောသည်။ သတိ



www.burmeseclassic.com

www.burmeseclassic.com



လက်လွတ်ဖြစ်ကာ အော်လိုက်မိသောကြောင့် နောက်ခန်းမှာ အိပ်နေသော သားလေးပင် နိုးသွားရ၏။

"ဟယ် မေမေ့အသံကြောင့် သား နိုးသွားတယ်နဲ့တူတယ်၊ သား၊ အိပ်ချင်ပြန်အိပ်လေ"

"အိပ်တော့ဘူး မေမေ သားအိပ်ရေးဝပြီ"

ကျွန်တော်က စတီယာရင်ကို လက်တစ်ဖက်က ထိန်းကိုင်လျက် ကျန်လက်တစ်ဖက်ဖြင့် သားဆံပင်လေးများကို သပ်ဖွပစ်လိုက်သည်။

"မောင် ပြောတာလည်း ဒီနေရာပဲလေ တော်ဝင်ရဲ့"

ကားကို လမ်းဘေးချရပ်လျက် ကျွန်တော်ပြောလိုက်တော့ တော်ဝင်က အံ့သြသွားသလို သားလေးကလည်း ကားရပ်ပြီဆိုတာနှင့် အောက်ပြေးဆင်းတော့၏။

"သားရေ အရမ်းပြေးမနေနဲ့လေ"

တော်ဝင်က လှမ်းအော်သတိပေးရင်း သားလက်လေးကို ဖမ်းဆွဲထားလိုက်၏။

ဒီနေရာလေးက ရှုခင်းလှသည်မို့ ကျွန်တော့်လိုမျိုးပဲ သွားရင်းလာရင်း ကားရပ်ကာ ဓါတ်ပုံရိုက်နေသည့် တခြားမော်တော်ယာဉ်တွေလည်း ရှိနေသည်။

ကျွန်တော်လည်း အသင့်ပါလာသော ကင်မရာကို ပြင်ဆင်လျက် လှပသည့် ရှုခင်းလေးတွေကို ဆက်တိုက်ရိုက်ယူလိုက်၏။

"တော်ဝင်က လာ ဒီနားလေးမှာ သားလေးနဲ့ထိုင်လိုက်၊ မောင်





ရိုက်ပေးမယ်"

ကျွန်တော်က တတ်သလောက်မှတ်သလောက်နှင့် ပိုစ်တွေလုပ်ခိုင်းပြီး သူတို့သားအမိကို ပုံတွေရိုက်ကူးပေးလိုက်သည်။

"ဒီတစ်ခါ တော်ဝင်တစ်ယောက်တည်း ရိုက်ဦးလေ"

"အင်း ကောင်းသားပဲ"

စိမ်းညို့နေသည့် တောင်တန်းကြီးကို နောက်ခံထားလျက် တော်ဝင်က ခပ်ချွဲချွဲကလေးရပ်သည်။ လည်ပင်းမှာ ရစ်သိုင်းထားသော ပန်းနုရောင်ပဝါလေးက လေတဖြတ်ဖြတ်အတိုက်မှာ တလွင့်လွင့်ဖြစ်လျက် ကင်မရာထဲမှဖြတ်ကာ မြင်နေရသော မြင်ကွင်းလေးက သိပ်လှပလွန်းသည်။

"ဟာ ဟိုမှာ နွားကြီးတွေ နွားကြီးတွေ"

ကျွန်တော် ဘယ်လိုမှ ထင်မှတ်မထားချိန်မှာပဲ ဖြစ်ပျက်သွားတာတွေက မြန်ဆန်လွန်းလှ၏။

လမ်းရဲ့တစ်ဖက်က အုပ်စုဖွဲ့သွားနေသော နွားသုံးလေးကောင်ကို လှမ်းမြင်လိုက်ရသော သားက အထူးအဆန်းဖြစ်ကာ ထိုတစ်ဖက်ကားလမ်းဘက်သို့ လှစ်ခနဲ ပြေးသွားခြင်းဖြစ်သည်။

"ဟယ် သား သား မပြေးနဲ့လေ မပြေးနဲ့"

ကင်မရာမြင်ကွင်းထဲကနေ တော်ဝင် ပြေးထွက်သွားလျက် သားနောက်ကို အမီလိုက်သည်။ အဲဒီအချိန်မှာပဲ တစ်ဖက်မှ အရှိန်ပြင်းစွာ မောင်းနှင်လာသော ကားတစ်စီးက တော်ဝင့်ဆီတည့်တည့် မောင်းဝင်လာ၏။

ကျွန်တော့်မျက်လုံးတွေ ပြာဝေသွားသည်။ တော်ဝင်ကိုယ်တိုင်လည်း ကြောင်အမ်းထိတ်လန့်သွားပုံရကာ လမ်းလယ်ခေါင်မှာ ငြိမ်ရပ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး သူမထံ တိုးဝင်လာသော ကားကို မျက်လုံးအပြူးသားနှင့် ငေး ကြည့်နေဆဲမှာပင်။

သိပ်ကိုမြန်ဆန်လွန်းကာ မထင်မှတ်ထားသော အဖြစ်အပျက်၊ တော်ဝင် စိတ်ပူပန်နေခဲ့သော သားက တစ်ဖက်ကားလမ်းကို ချောချောမွေ့ မွေ့ ရောက်သွားသော်လည်း တော်ဝင်ကတော့ ထိုနေရာလေးမှာပဲ ကျွန် တော်တို့ သားအဖထံမှ တစ်သက်တာ ထွက်သွားခဲ့ခြင်းဖြစ်သည်။

ကျွန်တော့် မျက်စိရှေ့တည့်တည့်မှာ ဘယ်လိုမှ မယုံနိုင်စရာ ဖြစ်ပျက်သွားတာမို့ ကျွန်တော့်အသက်ရှူသံများပင် ရပ်တန့်ခဲ့ရသည်။ သွေး များပေကျံနေသော တော်ဝင့်ကိုပွေ့မလျက် ကျွန်တော် အရူးတစ်ယောက်လို သွေးရူးသွေးတန်း အော်ခေါ်နေမိ၏။

သို့သော် အဲဒီနေ့ အဲဒီအချိန်မှစကာ ကျွန်တော့်ခေါ်သံများကို တော်ဝင် မကြားနိုင်တော့။ ပြန်လည်းမထူးနိုင်တော့။ ကမ္ဘာလောကကြီးတစ် ခုလုံးနှင့် ကျွန်တော်တို့အားလုံးကို တစ်ချက်လေးတောင် အဖက်လုပ် နှုတ် ဆက်ဖော်မရဘဲ တော်ဝင် ထားရစ်ခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်ကိုယ်တိုင်လည်း စိတ်တွေကယောက်ကယက် ဖြစ်မိ သည်ထိ နာကျင်ထိရှခဲ့ရသော ထိုအဖြစ်အပျက်သည် ကျွန်တော့်ဘဝ တစ်ခုလုံးကို ချောက်ချားနေစေခဲ့သည်။ တိုက်ခဲ့သည့် ကားသမားကို အမှုစစ် ထောင်ချတော့လည်း ကျွန်တော်မသွားနိုင်ခဲ့။ စိတ်ဓာတ်များ ပျက်ပြားကာ အခန်းတံခါးပိတ် နေခဲ့သောနေ့ရက်များ။

■ ■ ■



## အခန်း (၁၃)

"တော်တော်မှ ပျော်ခဲ့ရဲ့လား သား"

"ပျော်တယ် ဖေဖေရေ့ အန်တီပိုးက သိပ်ချစ်ဖို့ကောင်းတာပဲ"

ရွှေပိုးက သားကိုမနက်စာတွေ ဘာတွေကျွေးမွေးပြီးတော့မှ သူမ ကိုယ်တိုင် လိုက်ပို့သွားခြင်းဖြစ်သည်။

"ညက ရှူးရှူးဘယ်နှစ်ခါထပေါက်လိုက်လဲ"

"နှစ်ခါတည်းပါ ဖေဖေရဲ့ ဟီး"

သားက လက်လေးနှစ်ချောင်းထောင်ပြလျက် ဝင့်ဖြီးဖြီး ဖြေသည်။

"ကဲ သား၊ အိမ်ထဲမှာပဲ နေဦးနော်၊ ဖေဖေ ခြံထဲသွားလိုက်ဦးမယ်"

"အိမ်မှာနေရတာ ပျင်းစရာကြီး၊ သားလည်း ခြံထဲလိုက်မယ် သေး"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ပါနဲ့လား သားရယ်၊ ဒီနေ့ မေမေက တစ်ခြိလုံးက အပင်တွေလိုက်စစ်မလို့"

"ရတယ် သား မပင်ပန်းပါဘူး မေမေရဲ့၊ အိမ်ထဲမှာ ကျန်ခဲ့ရင် သားတစ်ယောက်တည်း မနေချင်လို့ပါ"

ထုံးစံအတိုင်း အတင်းဖွတ်တရွတ် ဂျိုကျိုးပြင်နေသော သားကြောင့် ကျွန်တော့်မှာ ဘာမှမတတ်နိုင်ဘဲ ခေါ်ခဲ့ရတော့သည်။ ကျွန်တော်သွားသည့်နောက် တကောက်ကောက်လိုက်လျက် တစ်ချက်လေးမှပင် မညည်းညူဘဲ နေနိုင်သောသားကို ချီးကျူးစရာတော့ ကောင်း၏။

ကျွန်တော်တောင် ခြေထောက်ညောင်းလာလို့ အရိပ်တစ်နေရာမှာ ထိုင်လိုက်ရပေမယ့် သားက ဟိုပြေးဒီပြေးနှင့် တက်ကြွနေတုန်း။

"သား ခဏလာထိုင်ဦးကွာ၊ ခြေထောက်မညောင်းတဲ့အတိုင်းပဲ"

ထိုအခါမှ ကျွန်တော့်ဘေးတွင် ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်ရင်း

"အန်တီပိုးပါပါရင် ပိုပျော်ဖို့ကောင်းမှာနော် မေမေ"

"ဟေ ဘာဆိုင်လို့လဲ သားရဲ့"

သားရဲ့ပခုံးလေးကို ကြင်နာစွာပွေ့ဖက်လျက် ကျွန်တော်မေးသည်။

"အန်တီပိုးနားမှာ နေရရင် သား ပျော်တယ် မေမေ၊ အန်တီပိုးက သားကို သိပ်ဂရုစိုက်တာပဲ"

တစ်ခုခုဆက်ပြောရန် ပြင်ပြီးတော့မှ သားက တွေတွေငေးငေးလေး ဖြစ်သွားသည်။ သား ဘာလို့ ဆက်မပြောတော့တာလဲ။

"ဆက်ပြောလေ သားရဲ့"





ဒါတောင် တော်တော်နှင့်မပြောသေး။ ဘေးချင်းယှဉ်ထိုင်နေသော ကျွန်တော့်မျက်နှာကို အသေအချာ မော့ကြည့်နေသေး၏။ ပြီးမှ

"မေမေ့လိုပဲ လို့"

"သား"

တစ်လုံးချင်း ပီပီသသ ပြောလိုက်သော သား၏ စကားအဆုံးမှာ သားရဲ့မျက်နှာကို အံ့သြတကြီးနှင့် ကျွန်တော် ပြန်ကြည့်နေမိသည်။

ရွှေပိုးကို သားက သူ့မေမေ တော်ဝင်လိုပဲလို့ ပြောလိုက်တာပဲ။ အခုလောက်ထိ ရွှေပိုးကို သတိရတမ်းတနေတာ သားရဲ့မသိစိတ်တွေက တော်ဝင်အဖြစ်နဲ့များ ရွှေပိုးကို ခံစားမိနေလို့လား။ သားအတွက် တကယ်ပဲ မိခင်မေတ္တာလိုမျိုး ပေးနိုင်မည့် အမျိုးသမီးတစ်ဦး လိုအပ်နေခဲ့ပြီလား။

"သား မေမေ့ကို မချစ်တော့တာ မဟုတ်ပါဘူး မေမေ၊ မေမေ့ကို သား ချစ်ပါတယ်နော်"

"သြော် သားရယ်"

သူ ပြောလိုက်သော စကားက အမှားအယွင်းတစ်ခု ဖြစ်သွားတယ် ဆိုပြီး သား တွေးမိသွားသလား မသိ။ ကျွန်တော့်ကိုမျက်နှာငယ်လေးနှင့် အယူခံဝင်နေပြန်သည်။ ကျွန်တော့်ရင်ထဲမှာ နင့်နေအောင် ဝမ်းနည်းနာကျင်သွားရ၏။

သားပါးစပ်က ထုတ်မပြောခဲ့သောကြောင့် အမေဆိုတာကို သား စိတ်ထဲမှာ သိပ်ပြီးမှတ်မှတ်ထင်ထင် ဖြစ်မနေဘူးလို့ ကျွန်တော် မှတ်ယူထားခဲ့တာလေ။ ခုတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ထိုညက ကျွန်တော်တစ်ယောက်တည်း ညဉ့်နက်သည်ထိ သောက်နေမိသည်။ အပြင်ဆိုင်မှာ ဖြစ်၏။ အိမ်မှာသောက်မိလို့ ဟိုတစ်ခါကလို သားတွေ့မှာမျိုး ကျွန်တော်ထပ်မဖြစ်ချင်တော့ပါ။

သား အိပ်ပျော်သွားသော ညကိုးနာရီကျော်လောက်တည်းက ကျွန်တော် ထွက်လာခဲ့တာ ခုဆို ညဆယ့်နှစ်နာရီကျော်ခဲ့ပြီ၊ ကျွန်တော့်ကိုယ်ထဲ စီးဝင်နေသော ပြင်းရှမှုးယစ်စေသည့် အရည်ပမာဏလည်း တစ်ရစ်ရစ်နှင့် တိုးပွားနေကာ ဦးခေါင်းတစ်ခုလုံးလည်း ချာချာလည်နေခဲ့ပြီ။

ကျွန်တော် စိတ်ညစ်သည်။ ကျွန်တော် ဘာကိုစိတ်ညစ်နေတယ်ဆိုတာလည်း အတိအကျ မပြောနိုင်ဘဲ စိတ်ဓာတ်ကျရင်း ညစ်နေခြင်းဖြစ်၏။ သားအတွက်လည်း ညစ်သည်။ ကိုယ့်အတွက်ကိုယ်လည်း ညစ်သည်။ စောစောစီးစီးထွက်ခွာသွားသော တော်ဝင့်ကို တမ်းတရင်း ညစ်သည်။

ဆိုင်ထဲမှာတောင် လူတော်တော်ရှင်းနေပြီ။ ဒါပေမဲ့ ကျွန်တော်ကတော့ တစ်ခွက်ပြီးတစ်ခွက် ဆက်သောက်နေမိဆဲဖြစ်၏။ ခေါင်းက ချာချာလည်ရုံတင်မက စားပွဲပေါ်မှာ ထောင်မရအောင် မှောက်သွားသည်ထိ ကျွန်တော် အဆက်မပြတ် သောက်မိသည်။

''ဆရာ အတော်များနေပြီဗျ''

စားပွဲထိုးလေးတစ်ယောက် အနားမှာလာရပ်ပြီး ပြောတာ ဖြစ်မည်။ မျက်လုံးကို အားယူဖွင့်ကြည့်မိတော့ နှစ်ထပ်သုံးထပ် ဖြစ်နေသည့် ဝိုးတဝါးပုံရိပ်များ။ ခေါင်းကတော့ ဘယ်လိုမှ မထောင်နိုင်။

''ရတယ် ရတယ်၊ ကိုယ်ဘာမှမဖြစ်ဘူး ညီလေး''





ပြောတော့ ပြောလိုက်တာပဲ၊ မပီဝိုးတဝါးဖြစ်နေသော စကားသံများကို ထိုစားပွဲထိုးလေး နားလည်ပါ့မလားမသိ။

''ကိုယ့်ကို နောက်ထပ်ချပေးပါဦးကွာ''

''ဆရာ တော်တော်များနေလို့ပါဗျာ၊ တော်ကြာ အိမ်မပြန်နိုင်ဖြစ်မယ်ဗျ''

''ရပါတယ်ဆိုကွာ၊ မင်းတို့ တော်တော်စကားများ''

စကားဆုံးအောင်ပင် အားယူမပြောနိုင်တော့ဘဲ ကျွန်တော် ငြိမ်သက်သွား၏။ လှုပ်ရှားလေးလောက်တောင် မလှုပ်ချင်တော့အောင် ကျွန်တော် မူးယစ်နေပြီ။ အားယူဖွင့်ကြည့်ထားရသော မျက်လုံးများကို မှိတ်လိုက်တော့ ကျွန်တော့်ကမ္ဘာလေး မှောင်အတိကျသွား၏။

■ ■ ■

ခေါင်းတစ်ခုလုံး ထုရိုက်ထားသလို နာကျင်နေသည်။ လည်ချောင်းတစ်လျှောက်လုံး ခြောက်သွေ့နေသောကြောင့် ရေသောက်ချင်နေ၏။ ကိုက်ခဲနေသော နားထင်နှစ်ဖက်ကို လက်နှင့်ဖိကိုင်လျက် ကျွန်တော် မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်လိုက်၏။

ဟာ ဒါ ဘယ်နေရာကြီးတုန်း။

ကျွန်တော် မြင်နေရတာ အခန်းကျယ်ကြီးတစ်ခု။ လူ့ခါးလောက်ကနေ မျက်နှာကြက်ထိ ရှည်လျားသော ပြတင်းပေါက်များကို ခန်းဆီးအပြာရောင်များ တပ်ဆင်ထားသည်။ ဘာပစ္စည်းမှမတင်ထားသော မှန်တင်ခုံတစ်ခုက ကျွန်တော်ရှိနေသော ကျွန်းခုတင်ခြေရင်းမှာ။ ဘေးပတ်ပတ်လည်မှာက

www.burmeseclassic.com

www.burmeseclassic.com



နံရံကပ်ဗီရိုကြီးများ။

ကျွန်တော် ဘယ်ကိုရောက်နေတာလဲ။

စဉ်းစားလို့ရသလောက် ညကအပြင်ထွက်ပြီး အရက်သောက်ဖြစ်သည်။ စားပွဲထိုးကောင်လေးက ကျွန်တော့်ကိုထပ်မသောက်တော့ရန် သတိပေးစကားပြောနေခဲ့တာ ကျွန်တော့်မှတ်ဉာဏ်၏နောက်ဆုံးအပိုင်းပင် ဖြစ်၏။

အခုမနက် ကျွန်တော် နိုးထလာချိန်မှာ အရာအားလုံးဟာ အဆန်းကြီးတွေ ဖြစ်လို့နေသည်။ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ကြည့်မိတော့လည်း ကိုယ်ပေါ်မှာ အင်္ကျီမရှိဘဲ ကြမ်းပြင်ပေါ်မှာလုံးထွေးလျက်သားလေ။ အောက်ပိုင်းကတော့ ညကဝတ်ထားခဲ့သည့် ဂျင်းဘောင်းဘီတိုအတိုင်း။

ခုတင်ပေါ်ကဆင်းလျက် အခန်းပြင်ထွက်ရန် အင်္ကျီကိုကောက်ယူဝတ်လိုက်သည်။ ကျွန်တော် ထိုင်ခဲ့သောဆိုင်နှင့်ဒီနေရာ ဘယ်လိုပတ်သက်နေပါလိမ့်။

ကျွန်တော် အခန်းတံခါးကို အထဲမှ ဆွဲဖွင့်ရန် ပြင်လိုက်စဉ်မှာပဲ အပြင်က တစ်ယောက်ယောက်က တံခါးကိုတွန်းဖွင့်ဝင်လာခဲ့သည်။

"နိုးနေပြီလား ညီ"

"ဟာ် ရွှေပိုး"

ကိုက်နေသောခေါင်းတောင် ဘယ်နားရောက်သွားသည်မသိ။ ကျွန်တော့်အာရုံတွေ နောက်ကျိသွားသည်။ ဘယ်လိုဖြစ်လို့ ရွှေပိုးက ကျွန်တော့်မျက်စိရှေ့တည့်တည့်ကို ရောက်နေရတာလဲ။

"နင်က ဘယ်လိုဖြစ်လို့"





ကျွန်တော့်မေးခွန်းမဆုံးခင်မှာပင် ရွှေပိုးက မျက်စောင်းကြီးထိုးလျက် ကျွန်တော့်ကို တွန်းလိုက်ပြီး အခန်းထဲဝင်လာသည်။ သူမ လက်ထဲမှာလည်း အအေးတစ်ခွက်။ ခုတင်ဘေးမှာရှိသော စားပွဲပုလေးပေါ်သို့ ထိုအအေးခွက်ကို တင်လိုက်ပြီး

"နင့်အတွက် ပျားသံပုရာရည် ဖျော်လာတယ်၊ အဲဒါလေး သောက်လိုက်၊ ခေါင်းကိုက်တာ သက်သာသွားအောင်"

"ငါအခု ဘယ်ရောက်နေတာလဲ"

"ဟင် နင်ဘာမှမမှတ်မိတော့ဘူးလား ညီ"

ကျွန်တော့်မေးခွန်းကို သူမက မျက်လုံးကြီးခါးကြီးထောက်လျက်ဖြေသည်။

"အေး ငါတကယ် ဘာမှမမှတ်မိဘူး"

"ကောင်းတယ် သိလား။ သိပ်ကောင်းတယ် ညကသာ နင်ခွေးလိုနွားလို မူးနေတဲ့အချိန် ပါသမျှနိုက်ယူသွားရင်တောင် နင်သိလိုက်မယ်မထင်ဘူး"

ကျွန်တော် သူမကို မမေးနေတော့ဘဲ ခန်းဆီးအပြာရောင်များဖြင့်ကာရံထားသော ပြတင်းပေါက်ကနေ အပြင်ဘက်ကို လှမ်းကြည့်လိုက်ရာ ကျွန်တော် ထပ်မံအံ့သြရပြန်ပါသည်။

"ငါအခု နင့်အိမ်ရောက်နေတာလားဟင်"

"အောင်မယ်လေး ကိုယ်တော်ချောရယ် ငါ့တစ်ယောက်လုံး မြင်နေတာတောင် နင်က ငါ့အိမ်ရောက်နေမှန်းကို ခုမှ သိရသတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးဟာ၊ ဘာတွေဘယ်လိုဖြစ်ကုန်တာလဲ၊ ငါ နားမလည်နိုင်တော့ဘူး"

"ဒီလောက် မှုးရူးနေအောင် သောက်ထားမှတော့ ဘာကိုနားလည်နိုင်တော့မလဲ၊ ဟင်း မပြောချင်ဘူးနော်"

ပြောမနာဆိုမနာ သူငယ်ချင်းတွေဆိုတော့လည်း သူမ ပြောသမျှ ကျွန်တော့်မှာ ဘာမှပြန်မပြောနိုင်ဘဲ ငြိမ်ခံနေရသည်။ ဒီတစ်ခါက ကျွန်တော် မှားနေခဲ့တာ သေချာနေသည်မဟုတ်လား။

မပြောချင်ဘူးဆိုပေမယ့်လည်း ညက အဖြစ်အပျက်ကို သူမက လုံးစေ့ပတ်စေ့ ပြန်ပြောပြပါသည်။

"နင်မူးပြီးမှောက်သွားတော့ ဘယ်လုပ်လို့လုပ်ရမှန်းမသိတာနဲ့ နင့်ဖုန်းကို စားပွဲထိုးကောင်လေးက ယူကြည့်တယ်တဲ့၊ နင်နောက်ဆုံးခေါ်ထားတဲ့ နံပါတ်က ငါ့နံပါတ်ဖြစ်နေတော့ သူတို့က ငါ့ဆီကို လှမ်းဆက်ကြတာ"

သူမ ဘယ်နေ့ရန်ကုန်ပြန်မလဲ မေးခဲ့တဲ့ ညဦးပိုင်းတုန်းက ဖုန်းဆက်သွယ်မှုဟာ နောက်ဆုံးဖြစ်ခဲ့တယ်ပေါ့။

"ငါလည်း ငါ့ဒရိုင်ဘာလေး ခေါ်ပြီး လိုက်လာရတာပေါ့၊ အပြန်ကျ နင့်ကားကို သူမောင်းယူလာပေးတာ၊ သူပဲ နင့်ကိုဒီအခန်းထဲထိရောက်အောင် တွဲပို့ပေးခဲ့တာ"

"ဟူး ဆောရီးဟာ ကျေးဇူးလည်းတင်တယ် ရှေ့ပိုးရယ်၊ ဒါပေမဲ့ နင်ကလည်းဟာ အလကားဒုက္ခရှာလို့ အိမ်ဖုန်းကိုလှမ်းဆက်ပြီး မောင်လုံးကို သွားခေါ်နိုင်းလိုက်လည်း ပြီးနေတာပဲ၊ ဒါမှမဟုတ် နင်လာခေါ်ပြီး ငါ့အိမ်





ပြန်ပို့လည်း ရတာပဲလေ"

"ဪ နင်ပြောတော့ လွယ်တယ်နော်၊ နင့်အိမ်ဖုန်းကို လှမ်းဆက်တော့ သားနိုးသွားရင် ဘယ်လိုလုပ်မလဲ၊ မနိုးဘူးပဲထား နင့်ကိုမောင်လုံး လာခေါ်နေတုန်း သားကို အိမ်မှာတစ်ယောက်တည်းထားခဲ့ရမှာ၊ ငါလာခေါ်ပြီး နင့်အိမ်ပြန်လိုက်ပို့တော့ရော နင်ဒီလောက်မူးရူးပြီး ကိုယ့်ကိုယ်ကိုယ်တောင် မသယ်နိုင်ဘဲ ပါးစပ်ကလည်း ဘာတွေပြောလို့ပြောမှန်းမသိ ပလုံးပထွေးတွေ အော်ဟစ်နေတာ သား၊ မနိုးသွားနိုင်ဘူးလား။ နင့်ပုံကိုသာ သားတွေ့သွားရင် ဘယ်လိုဖြစ်မလဲ နင်စဉ်းစားလေ၊ ဒီတော့ ငါတွေးလို့ရသမျှ အကောင်းဆုံး အကြံက ငါ့အိမ်ခေါ်လာလိုက်တာပဲ"

"အေးပါဟာ နင် တော်ပါတယ်"

"ဘာလဲ ရွဲ့တာလား"

"ဟာ မဟုတ်ပါဘူး၊ ငါ တကယ်ချီးကျူးတာပါဟ၊ သားအတွက်ကို နင်ထည့်စဉ်းစားပေးတာ ကျေးဇူးလည်းတင်မိတယ်"

ကျွန်တော့်ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ပြောလိုက်သောစကားပါ။ သူမှ ယုံမယုံတော့ မသိ။

"အခု ဘယ်နှစ်နာရီတောင် ထိုးနေပြီလဲ"

"ဆယ်နာရီကျော်နေပြီ"

"ဟာ ဒါဆို သားလည်း နိုးနေပြီပေါ့၊ ငါမရှိရင် ဒုက္ခပဲ မောင်လုံးလည်း စိတ်ပူနေလောက်ပြီ"

"ဘာမှဖြစ်မနေနဲ့၊ ငါ ခြောက်နာရီလောက်တုန်းက အိမ်က ဒရိုင်

www.burmeseclassic.com

www.burmeseclassic.com



ဘာလေးကိုလွှတ်ပြီး နင့်မောင်လုံးကို အကျိုးသင့်အကြောင်းသင့် သွားပြောနိုင်းထားတယ်၊ သားကိုလည်း ကြည့်ကျက်ပြောထားဖို့ တစ်ခါတည်း မှာလိုက်ပြီးသား"

"ထပ်ကျေးဇူးတင်ရပြန်ပြီပေါ့"

"တင်ချင်တင် မတင်ချင်နေ၊ လောလောဆယ် နင့်တစ်ကိုယ်လုံး အရက်နံ့တွေနဲ့ နံပောင်နေတာ ရေအရင်ချိုးလိုက်ဦး။ ပြီးရင် အောက်ထပ်မှာ ငါ မနက်စာပြင်ပေးထားတယ် လာစား"

သူမ အခန်းပြင် ပြန်ထွက်သွားသည်။ စားပွဲပုလေးပေါ် တင်ပေးထားခဲ့သော ပျားသံပုရာရည်ကို ကျွန်တော် တစ်ကျိုက်တည်း မော့သောက်ချလိုက်ပြီး အသင့်တွဲလျက်ပါသော ရေချိုးခန်းထဲ ဝင်လိုက်၏။ အေးစိမ့်နေသော ရေကိုစိတ်ရှိလက်ရှိ ချိုးပစ်လိုက်မှ ကျွန်တော့်တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးသွား၏။

ရေချိုးခန်းထဲကထွက်တော့ ပုဆိုးတစ်ထည်နဲ့ ရှပ်လက်တိုလေးတစ်ထည် ခေါက်လျက်သား။ ဒီအဝတ်အစားတွေ ရွှေပိုး ဘယ်ကရပါလိမ့်။ ဝတ်ပြီးသားတွေတော့ မဖြစ်နိုင်။ အနံ့အသက်က အသစ်စက်စက် အနံ့အသက်မျိုး။

ထမင်းစားပွဲမှာ ပေါင်မုန့်မီးကင်၊ ကြက်ဥဟက်ဖ်ဖရိုက်ကြော်နှင့် လိမ္မော်သီးဖျော်ရည်တစ်ခွက်က အသင့်အနေအထားဖြင့် ကျွန်တော့်ကို စောင့်နေသည်။ ဗိုက်ထဲက အသံမြည်အောင် ဆာလောင်နေသည်မို့ ကျွန်တော် အကုန်ကုန်အောင် စားသောက်ပစ်လိုက်၏။





အားလုံးပြီးစီးတော့မှ ရွှေပိုး အနားရောက်လာပြီး

"ဘယ်လိုလဲ ကိုယ်တော်၊ ကားကို ကိုယ်တိုင်မောင်းနိုင်ရဲ့လား။ ငါလိုက်ပို့ပေးရမလား"

"အာ နင်ကလည်း မောင်းနိုင်ပါတယ်ဟ၊ ငါမမူးတော့ပါဘူး။ ဒါနဲ့ ဆိုင်မှာပိုက်ဆံရှင်းတော့"

"ဘာမှမပူနဲ့ ငါထုတ်မရှင်းခဲ့ပါဘူး။ နင့်ပိုက်ဆံအိတ်ထဲကနေပဲ ရှင်းပေးခဲ့တာ၊ စိတ်ချလက်ချနေ"

"အေးပါ မေးမယ့်သာ မေးရတာပါ၊ ဒါမျိုးကတော့ နင့်ကိုငါ စိတ်ချပြီးသားပါ"

ကျွန်တော်က ခပ်ရွှဲရွှဲဖြေတော့ သူမက စိတ်မဆိုးသည့်အပြင် တဟားဟား အော်ရယ်လိုက်သေး၏။

အဲဒီကအပြန် ကားမောင်းနေသည့်တစ်လျှောက်လုံး ကျွန်တော့်အတွေးများထဲမှာ ရွှေပိုးကသာ နေရာယူထားခဲ့သည်။ သူမက သားအပေါ်မှာလည်း လိုက်တွေးပေး စိတ်ပူပေးတတ်ပြီး ကျွန်တော့်အကြောင်းကိုလည်း အတွင်းသိအစင်းသိ။

တကယ်တမ်းသာ သားအတွက် မိခင်မေတ္တာမျိုး ပေးဆပ်နိုင်မည့် အမျိုးသမီးတစ်ဦးလိုအပ်နေသည်ဆိုလျှင်။

■ ■ ■

နောက်ဆုံးတော့ ကျွန်တော် ဖွင့်ဟတိုင်ပင်မိသူဟာ ကျွန်တော်နှင့် အနီးကပ်ဆုံးနေပေးခဲ့သူ မောင်လုံး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ ဒေါ်ရွှေပိုးကို ဆရာ့အတွက် သင့်တော်တဲ့ လူတစ်ယောက်လို့ မြင်မိတယ်၊ ဆရာ့အတွက်တင်မကပါဘူးလေ၊ သား အတွက်ရောပေါ့"

"မင်း ငါ့ကို လိုက်ဖော်လိုလိုပ်နေတာတော့ မဟုတ်ပါဘူးနော် မောင်လုံး"

"ဟာ ဆရာကလည်း မဟုတ်ရပါဘူး။ ဆရာတို့သားအဖအတွက် ကျွန်တော်က ဖော်လိုလုပ်တဲ့အကြံမျိုး ပေးပါ့မလားဗျာ"

မောင်လုံး အကြောက်အကန် ငြင်းသည်။ ကျွန်တော်က ခပ်ပြုံး ပြုံးသာ လုပ်နေမိသည်။ ငါ့သားလေးအတွက် အသင့်တော်ဆုံးမိထွေးဟာ နင်ပါပဲလို့ ရွှေပိုးကို သွားပြောရမည်လား။ ကျွန်တော့်ကို ပါးရိုက်လွှတ်ရင် လွှတ်နေမှာ၊ ဒီမိန်းကလေးက ပြောလို့ရတာမဟုတ်။

ဒါပေမဲ့လည်း လောလောဆယ် အနေအထားအရ အဘက်ဘက် က သင့်တော်သည့်သူမှာ သူမတစ်ယောက်သာရှိသည်။ ပြီးတော့ ကျွန်တော် သာ တကယ်တမ်း သူမကို ဒီအကြောင်းတွေ ဖွင့်ပြောရမည်ဆိုလျှင် ဒီနေ့ ဒီရက်မှာ ပြောမှရမည်ဖြစ်၏။ မနက်ဖြန်ဆို သူမ ရန်ကုန်ပြန်တော့မည်။ ပြီးတော့ အနားယူထားရာကနေ သူမ လုပ်ငန်းခွင်ထဲကို ပြန်ဝင်တော့မည်။ နိုင်ငံခြားခရီးစဉ်တွေလည်း သွားစရာရှိသေးသည်လို့ ကျွန်တော့်ကို ဟိုတစ်နေ့ က ဖုန်းထဲမှာ ပြောထားသေး၏။

ဒီလိုသာဆို ကျွန်တော့်မှာ အချိန်သိပ်မရှိတော့။ ဘယ်လိုလုပ်ရ မလဲ။ စဉ်းစားရင်းစဉ်းစားရင်းနှင့် ခေါင်းသာခြောက်သွားပြီ။ သင့်တော်သော





အဖြေတစ်ခုက ထွက်မလာ။ အဆိုးဆုံးကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ် စကားလုံးနဲ့ အစချီကာ သူမကိုပြောရမှန်းပင် ကျွန်တော် မတွေးတတ်။

ခက်တော့နေပါပြီ။

လွန်ခဲ့တဲ့ သုံးရက်လောက်ကပဲ သူမ အိမ်မှာ အရက်တွေမူးရူးပြီး လူမှန်းသူမှန်းမသိဖြစ်ကာ ညအိပ်ခဲ့ရသော ကျွန်တော်က ခုတော့ သူမကို လက်ထပ်ချင်ပါတယ်လို့ သွားပြောရင် ကျွန်တော့်ကို သူမ ပြောနေကျ စကားလုံးများဖြင့် အကြီးအကျယ်နှိပ်ကွပ်မှာကတော့ ကျိန်းသေနေသည် ဟူ၏။

■ ■ ■

အကြံအိုက်နေသော ကျွန်တော့်အတွက် အခွင့်အရေးဟုပင် ဆို ရမလားမသိ၊ သူမ ဖျားနေသည်ဆိုသော သတင်းကို ထိုနေ့ညနေမှာပင် ကျွန်တော် ရရှိလိုက်သည်။ တခြားသူက လာပေးသော သတင်းတော့ မဟုတ်၊ ဘာလုပ်လို့ လုပ်ရမှန်းမသိစွာ သူမထံ ဖုန်းခေါ်မိစဉ် သူမကိုယ်တိုင် ပြောသော သတင်းဖြစ်၏။

"အေးဟာ မနက်ဖြန် ရန်ကုန်ပြန်ဆင်းပါမယ်ဆိုနေမှ ငါက ဖျား နေတယ် အဟွတ် ဟွတ်"

"ဟင် ဘယ်လိုဖြစ်တာလဲ"

"အေး မနေ့ကဟာ ညနေစောင်းမှ ခေါင်းလျှော်လိုက်မိပြီး ညသည်း က ဖျားတော့တာပဲ"

"နင် ဆေးခန်းမသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ရာထဲကတောင် မထနိုင်ဘူး"

သူမ ဖျားနေတာကို ကျွန်တော်က အခွင့်အရေးတစ်ရပ်လို့ တွေးမိသွားတာ မကောင်းမှန်းတော့ သိပါရဲ့။ ဒါပေမဲ့ ရန်ကုန်ပြန်ဖို့ ချက်ချင်း မဖြစ်နိုင်တော့ဘူးဆိုတော့ ဘယ်လိုမဆို ကျွန်တော့်အတွက် အချိန်ပိုရတာ ပေါ့လို့ ကိုယ့်ဘာသာကိုယ်ယက် အတွေးမျိုးတော့ ဝင်မိတာ ဝန်ခံပါ၏။

"ငါလာခဲ့မယ် ရွှေပိုး"

"နင် အလုပ်ပျက်ပါ့မယ်ဟာ"

"ရတယ် ညနေပဲစောင်းနေပြီ၊ ဘာမှလုပ်စရာ မရှိတော့ပါဘူး"

ချက်ချင်းဆိုသလိုပင် သူမ အိမ်လေးကို ကျွန်တော် ရောက်ရှိသွားသည်။ ထမင်းချက်မိန်းမကြီးက သူမအခန်းရှေ့ထိ ကျွန်တော့်ကို လိုက်ပို့ပေး၏။

အခန်းတံခါးက စေ့ရုံသာ စေ့ထားတာမို့ ကျွန်တော် အသာလေး တွန်းဖွင့်ဝင်သွားလိုက်သည်။ ခုတင်ထက်မှာ မျက်လုံးများမှိတ်လျက် လဲလျောင်းနေသော ရွှေပိုးကိုတွေ့ရ၏။ သူမ မှိန်းနေတာ ဖျက်သွားမှာစိုးသောကြောင့် ကျွန်တော် ခြေသံဖွဖွပဲနင်းကာ ခုတင်ဘေးမှာ စာရေးစားပွဲလေးတွင် ဝင်ထိုင်လိုက်သည်။

သန့်ရှင်းသပ်ရပ်သော သူမအခန်းလေးထဲမှာ ဘာမီးရောင်မှ မရှိတဲ့ ဝင်လုဆဲဆဲ နေမင်း၏ဖျော့တော့သော အလင်းမှိန်မှိန်သာ ပြတင်းပေါက်များကို ကျော်လွှန်ကျရောက်နေသည်။ ဟိုဟိုဒီဒီ မျက်စိဝေ့ဝဲကြည့်မိရင်း စားပွဲပေါ်မှာ ထောင်ထားသော ဓာတ်ပုံလေးကို သတိထားမိသွား၏။





မှတ်မှတ်ရရ အဲဒီဓာတ်ပုံလေးပဲပေါ့။ ရန်ကုန်အိမ်က သူမ အခန်းရဲ့ စာကြည့်စားပွဲလေးပေါ်မှာ ရှိနေခဲ့တာ။ ကျွန်တော်တို့ငယ်စဉ်က စိမ်ပြေးလိုက်တမ်း ကစားနေစဉ် သူမဖေဖေ ရိုက်ကူးပေးထားသောပုံ။ ခုချိန်ထိ သူမ အိပ်ခန်းရဲ့စားပွဲလေးပေါ်မှာ ဒီဓာတ်ပုံလေးနေရာယူနိုင်နေသေးတာတော့ ကျွန်တော် အံ့ဩတကြီး ဖြစ်မိသည်။ ရန်ဖြစ်လိုက် ပြန်တည့်လိုက်နှင့် နှစ်ပေါင်းမြောက်မြားစွာ အတူတကွ ကြီးပြင်းရှင်သန်လာခဲ့သော သူငယ်ချင်းမလေး။

အဲဒီ-သူငယ်ချင်းလေးကို ခုတော့ ကျွန်တော်က လက်ထပ်ခွင့်ရဖို့ တောင်းဆိုရတော့မည်။ သူမ လက်ခံမခံလည်း မသေချာ၊ မသေချာဆိုတာထက် မဖြစ်နိုင်သောအရာတစ်ခုကို ကျွန်တော် ကြိုးစားကြည့်ဖို့ ဆုံးဖြတ်လိုက်မိသည်ဆိုရင် ပိုမှန်ကန်လေမလားမသိ။

သားအတွက်လည်း သင့်တော်သော ကျွန်တော့်အကြောင်းကိုလည်း ငယ်ငယ်တည်းက ခုချိန်ထိ ခရေစေ့တွင်းကျသိသော တော်ဝင်နဲ့ ပတ်သက်ရင် ကျွန်တော် ဘယ်လိုခံစားနေရဆဲဆိုသည့် ကျွန်တော့်ရင်တွင်း အဖြစ်အပျက်များကိုလည်း ဂဃနဏ သိသော၊ အဲဒီလို မိန်းကလေးမျိုးဆိုတာ ကျွန်တော့်ပတ်ဝန်းကျင်မှာ ရွှေပိုးကလွဲလို့ ဘယ်လိုနည်းနဲ့မှ တခြားတစ်ယောက် ထပ်မရှိနိုင်တော့ဘူးလေ။

တော်ဝင်သာ သိနိုင်မြင်နိုင်ခဲ့မယ်ဆိုရင်လည်း ကျွန်တော့်ဆုံးဖြတ်ချက်ကို နားလည်လက်ခံပေးနိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်နေမိသည်။

"ဟင် နင်ဘယ်တုန်းကရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အတွေးကောင်းနေဆဲအချိန်မှာ သူမထံမှ စကားသံတိုးတိုးလေး ထွက်လာ၏။

"ဟာ ငါ့ကြောင့် နှင်းနိုးသွားတာလား"

"နှင့်ကြောင့်နိုးရအောင် စားပွဲပေါ်တင်ထားတဲ့ ဓာတ်ပုံကို နှင်က လက်နဲ့တိုက်ချနေတာမှ မဟုတ်တာ"

သူမစကားကြောင့် ခုနက လေးလံနေသော အတွေးများပင် ပျောက်ကွယ်ကာ ကျွန်တော် သဘောတကျရယ်မောလိုက်မိသည်။

"လာ ဆေးခန်းသွားရအောင် ငါလိုက်ပို့မယ်"

"မသွားချင်ပါဘူးဟာ၊ အိမ်မှာရှိတဲ့ ဆေးလေး နည်းနည်းပါးပါး သောက်ထားတယ်၊ ခဏအနားယူလိုက်ရင် ကောင်းသွားမှာပေါ့"

"အနိတ်စိုး အနားမှာမရှိတာနဲ့ နှင်လည်း သိပ်ပေါ့တယ်နော် ရွှေပိုး"

"အောင်မာ နှင်ကများ ဆရာကြီးလေသံနဲ့၊ မေမေမရှိလို့ ပေါ့တာ မဟုတ်ပါဘူး။ ငါကိုက ဖြစ်သလိုနေတတ်တာ နှင်သိရဲ့သားနဲ့"

"လောလောဆယ်တော့ ငါတစ်ယောက်လုံး အနားမှာရှိနေရဲ့သားနဲ့ နှင့်ကိုပေါ့ခွင့်မပေးနိုင်ဘူး။ ဆေးခန်းသွားမယ် ထ"

"ငါတကယ် မထချင်ဘူးဆို၊ တစ်ကိုယ်လုံး ကိုက်ခဲနေတာဟ"

ကလေးတစ်ယောက်လို နှုတ်ခမ်းလေးစူလျက် သူမ ဆိုသည်။

"နှင်ပိုဆိုးမှာစိုးလို့ ငါကပြောနေတာ"

"ငါသဘောပေါက်ပါတယ်၊ ဒီနေ့တော့ မှောင်လည်းမှောင်နေပြီ၊





အပြင်မထွက်ချင်တော့ဘူး။ မနက်ဖြန်မနက် အဖျားမကျတော့မှ နှင် လိုက်ပို့ချင်သပဆို ပို့ ဟုတ်ပြီလား"

သူမက ပေပေတေတေနေဖို့ ဆုံးဖြတ်ထားပြီးပုံ။

နေမကောင်းသည့်လူကို ဆိုင်းမဆင့်ဗုံမဆင့် လက်ထပ်ခွင့်တောင်းရမှာတော့ သိပ်မမှန်ကန်မှန်းသိပေမယ့် ခုချိန်မှာ မပြောလျှင် နောက်ဆို ဒီထပ်ပိုမိုကောင်းမွန်သည့် အခွင့်အရေးမျိုး ကျွန်တော် ရတော့မည်မထင်။

"နှင်ပြန်အိပ်တော့မလား ရွှေပိုး"

"ဟင့်အင်း ငါမအိပ်ချင်ပါဘူး။ ဒီတိုင်းပဲ လှဲနေချင်တာ၊ နှင်ပြန်ချင်ပြန်တော့လေ"

သူမက ကျွန်တော့်ကိုပြန်ဖို့ ပြောနေသည်။ ကျွန်တော်က ကျွန်တော်ပြောချင်နေသော စကားကိုတောင် ဘာဆိုဘာမှ အစမချီရသေး။

"ဟဲ့ ငါပြောနေတာ ကြားလား"

"ကြားပါတယ်ဟ တကယ်တော့ ငါ နှင့်ကိုပြောစရာရှိလို့"

ကိုယ့်ကိုကိုယ် ရဲစိတ်သွင်းလိုက်ရင်း ကျွန်တော် မျက်နှာကို တည်တည်ထားလိုက်သည်။ ရင်ထဲမှာတော့ နှလုံးသားက အဆမတန် ခုန်လှုပ်နေ၏။ ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် ချစ်ခင်ကြည်နူးမှုဖြင့် တသိမ့်သိမ့်ခုန်လှုပ်နေခြင်းမျိုးမဟုတ်ဘဲ သူမရဲ့တုံ့ပြန်မှုက ဆိုးဆိုးရွားရွား တစ်ခုခုဖြစ်နေမှာကို တွေးမိပြီး စိုးရိမ်စိတ်ဖြင့် တဒိန်းဒိန်းခုန်လှုပ်နေခြင်းသာ ဖြစ်သည်။

"ထူးထူးဆန်းဆန်းပါလား ဘာပြောမလို့တုန်း"

"ငါပြောရင် နှင် လန့်မသွားနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မှာ တကယ့်ကို အထူးအဆန်းတွေ လုပ်နေတာပါလား ဟင်၊ ပြောစမ်း ငါ မလန့်အောင်ကိုယ့်ဘာသာ ထိန်းထားမယ်"

သူမက ပြောင်ပြောင်နောက်နောက်လေးပင် ပြောနေသေးပြန်၏။ နောက်ဆုံးအနေနှင့် အသက်ကို ဝဝတစ်ချက်ရှူသွင်းလိုက်သည်။

"နှင့်ကိုငါ လက်ထပ်ချင်တယ်"

"ဟေ"

လှဲအိပ်နေသော သူမ ငေါက်ခနဲ ထထိုင်လျက်သား။ မျက်လုံးကလည်း ပြူးကျယ်ဝိုင်းစက်လျက် ကျွန်တော့်ကို အကြောင်သား ကြည့်နေသည်။

ပြောလိုက်ပြီ။ ကျွန်တော် ပြောပြီးခဲ့ပြီ။ ရှေ့ဆက်ပြီး မျက်လုံးစုံမှိတ် ဆက်ပြောဖို့သာ ရှိတော့သည်။ ကျွန်တော် မျှော်လင့်ထားသလို ပါးရိုက်တော့ မခံရသေးဘူး မဟုတ်လား။

"နင် လန့်သွားမယ်ဆိုတာ ငါသိပြီးသားပါ။ ဒါပေမဲ့ ငါ နောက်နေတာ မဟုတ်ဘူး ရွှေပိုး။ နှင့်ကိုတကယ်လက်ထပ်ချင်တာ"

"မနောက်စမ်းပါနဲ့ ညီရယ် ဟား ဟား ဟား နင်တော်တော်ရယ်ရတဲ့ကောင်"

တဟားဟား အော်ရယ်နေသော သူမက ခုနက မျှားနာလို့ အိပ်နေရသည့် ရွှေပိုးနှင့်တောင် မတူတော့။

"ငါနောက်နေတာ မဟုတ်ဘူး။ ငါအတည်ပြောနေတာ"

ကျွန်တော်ပြောသော စကားကို သူမ နားမထောင်။ အဆက်





မပြတ် ရယ်သံများကသာ အခန်းလေးထဲမှာ ပျံ့လွင့်နေသည်။

"ရွှေပိုး နင် အဲဒီလောက်ထိ မရယ်နဲ့ဟာ၊ နှင့်ကိုငါ ငါ့ဘဝနဲ့ထပ်ပြီး အတည်ပြောနေတာ"

မရ။ ကျွန်တော့်ကို စကားပြောနေသည်လို့တောင် သူမ မထင်တော့ဘူးနဲ့တူသည်။ ကျွန်တော့်မျက်နှာကို လက်ညှိုးနှင့်ထိုးလိုက် ရယ်လိုက် မောလိုက်ဖြင့် သူမတစ်ယောက်တည်း ဟားတိုက်နေသည်။

ရုတ်တရက်ဆိုသလို ကျွန်တော် ဒေါသထွက်သွားပြီး ခုတင်ပေါ်မှာ ငုတ်တုတ်ကလေး ခြေဆင်းထိုင်နေသည့် သူမ ပခုံးလေးနှစ်ဖက်ကို ဖမ်းဆုပ်ကိုင်ပစ်လိုက်မိသည်။ အင်နှင့်အားနှင့် ဆုပ်ကိုင်ထားခြင်းမို့ သူမ လန့်ဖျပ်သွားကာ ရယ်မောသံလေးများလည်း တိတ်ဆိတ်သွား၏။

"နင် နင်"

"နင် ငါ့ကို လှောင်နေတာလား ရွှေပိုး"

သေးသွယ်သော သူမပခုံးလေးက ကျွန်တော့်လက်များကြားမှာ မလှုးသာမလွန့်သာ။ ကျွန်တော်က ပိုလို့တင်းကျပ်အောင်တောင် ဖိညှစ်ပစ်လိုက်မိသေး၏။

"နာတယ် အ နာတယ်ဆို"

"နင် ငါ့ကို ဘာလို့လှောင်တာလဲ"

"နင်ပြောတာကြီးက ရယ်ချင်စရာကြီးလေ အား"

နာကျင်သောကြောင့် သူမ မျက်နှာလေး ရှုံ့မဲ့နေသည်။

"ငါ နှင့်ကိုအတည်ပြောနေတာဟ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒေါသတွေရော စိတ်လှုပ်ရှားတာတွေရော ပေါင်းစပ်ကာ အံကြိတ်ကြိတ်လျက် ပြောလိုက်သည်။

"ဒါဆိုရင်လည်း နင့်လက်ကြီးကို အံရင်လွှတ်ဟာ၊ ငါတော်တော်နာနေပြီ ညီ"

ငိုမဲ့မဲ့လေး ပြောနေသည့် ရွှေပိုးမျက်နှာလေးက ကျွန်တော့်မျက်လုံးထဲမှာ သနားစရာလေး ဖြစ်သွားပြန်သည်။ ကျွန်တော့်လက်များကို ချက်ချင်းပင် ဖြေလျော့ပေးလိုက်မိ၏။ အတော်နာကျင်သွားပုံနှင့် သူမက ပခုံးလေးနှစ်ဖက်ကို လက်များဖြင့် ခပ်ဖွဖွဆုပ်နယ်နေသည်။

ကျွန်တော် သက်ပြင်းကြီးချလျက် ခုနက ထိုင်ခုံလေးမှာပဲ ခြေပစ်လက်ပစ် ပြန်ထိုင်ချလိုက်သည်။ ကျွန်တော့်အပြုအမူတွေ တော်တော်လွန်သွားမှန်းလည်း ကိုယ့်ကိုကိုယ် သိလိုက်သည်။ လက်ထပ်ခွင့်တောင်းသည့်လူတစ်ယောက်က သူလက်ထပ်ခွင့်တောင်းသည့် မိန်းကလေး နာကျင်သွားအောင် လုပ်လိုက်မိပြီဆိုမှတော့

"ငါ တောင်းပန်ပါတယ် ရွှေပိုး"

သူမ ကျွန်တော့်ကို ယဲ့ယဲ့လေး ပြုံးပြသည်။ လှောင်ပြုံးလည်း မဟုတ်။ မဲ့ပြုံးလည်း မဟုတ်။ ပျော်ရွှင်သည့်အပြုံးလည်း မဟုတ်။ မရှိတင်ကဲပြုံးလိုက်သော အပြုံးသေးသေးလေးတစ်ခုသာ ဖြစ်သည်။

"နင်ဘာ့တွေဖြစ်နေတာလဲ ညီ"

"ခုနက နင့်ကိုနာကျင်အောင် လုပ်မိတဲ့အပြုအမူအတွက် ငါတောင်းပန်ပါတယ်ဟာ"





"အင်း၊ ပြီးတော့ရော"

လက်ထပ်ဖို့အကြောင်း ဆက်ပြောဖို့ ကျွန်တော် ပြောမထွက်တော့။ သူမကို အားနာနေမိသည်။

"ဘာဖြစ်လို့ မပြောတော့တာလဲ၊ ခုနကတော့ နင် ငါ့ကို အတည်ပြောနေတာဆို"

ငုံ့ထားသော ကျွန်တော့်မျက်နှာကို အတင်းမရမက လိုက်ငုံ့ကြည့်လျက် သူမ မေးနေပြန်သည်။ ခုနက အတည်ပြောနေတုန်းကတော့ တဟားဟားနှင့် အဆက်မပြတ် လှောင်ရယ်နေသော သူမက ခုတော့လည်း၊

"ဟိတ် ငါအတည်မေးနေတုန်း နင်အတည်ဖြေနော်၊ မဟုတ်ရင် ငါ တကယ် နားမထောင်ပေးတော့ဘူး"

ဒါတော့ ကျွန်တော် နည်းနည်းပြုံးသွားပါသည်။ ကျွန်တော့်ရှေ့တည့်တည့်မှာ ရှိနေသော သူမမျက်နှာလေးကို အနီးကပ် သေချာစိုက်ကြည့်လျက် ကျွန်တော် အားပြန်တင်းလိုက်သည်။

"နင့်ကိုငါ လက်ထပ်ချင်တယ် ရွှေပိုး"

ဒီတစ်ခါတော့ သူမ အံ့ဩသွားဟန်လည်းမပြတော့၊ ရယ်လည်း မရယ်တော့။ ကျွန်တော့်ကိုသာ ခပ်တည်တည်လေး ပြန်စိုက်ကြည့်နေသည်။ တစ်သက်လုံးမှာ ပထမဆုံးအနေနဲ့ တစ်ယောက်ကိုတစ်ယောက် နက်နက်ရှိုင်းရှိုင်း ငေးကြည့်မိခဲ့ကြသော အခိုက်အတန့်လေးလည်း ဖြစ်၏။

"ငါ နားလည်ပါတယ်"

"နင်နားလည်တယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် နှင် ဒီစကားကို ဘာဖြစ်လို့ ပြောတယ်ဆိုတာကို ငါ နားလည်တယ်လို့"

သူမက နားလည်တယ်ဆိုမှတော့ ကျွန်တော် ရှည်ရှည်ဝေးဝေးတွေ ရှင်းပြနေဖို့ မလိုတော့ဘူးပေါ့။ ဒါပေမဲ့ သူမပေးမည့် အဖြေတစ်ခုကိုတော့ ကျွန်တော် ရင်တထိတ်ထိတ် စောင့်မျှော်နေမိသည်။

"နင့်ဘဝကို အသိဆုံးနဲ့ သားအတွက် အကောင်းဆုံးအဖော်က ငါလို့ နင်ထင်နေတယ် မဟုတ်လား"

"ငါထင်တာမဟုတ်ဘူး၊ ရွှေပိုး ငါသေသေချာချာ စဉ်းစားကြည့်ခဲ့ပြီးမှ နင့်ကို ဒီစကားပြောခဲ့တာပါ၊ ပေါ့ပေါ့ပျက်ပျက်တော့ မဟုတ်ဘူးနော်"

"ငါ သဘောပေါက်ပါတယ်၊ နင့်ရင်ထဲမှာ တော်ဝင့်ကို နည်းနည်းမှ မမေ့နိုင်သေးဘဲနဲ့ နင် မမေ့နိုင်သေးတာကိုလည်း သိနေတဲ့ငါ့ကို လွယ်လွယ်ကူကူနဲ့တော့ နင် လက်ထပ်ခွင့်တောင်းတာမဟုတ်ဘူးဆိုတာ သဘောပေါက်ပါတယ်"

"နင့်ကိုလွယ်လွယ်ကူကူ သဘောမျိုးလည်း ငါ မတွေးပါဘူး ရွှေပိုး၊ အဲဒါ ငါ့သစ္စာအမှန်ပါ၊ နင်သာ ငါ့လက်ထပ်ခွင့်ကို လက်ခံခဲ့ရင် နင် စိတ်မပြောင်းသရွေ့ နင့်တစ်ယောက်တည်းကိုပဲ သစ္စာရှိရှိ ပေါင်းမှာပါ"

"နင့်စိတ်ကို ငါယုံပါတယ်"

"ကျေးဇူးတင်ပါတယ်ဟာ"

ကျွန်တော့်ကိုယ့်ကျွန်တော်ပင် မယုံနိုင်လောက်အောင် အံ့သြပျော်ရွှင်ခဲ့ရတဲ့ အချိန်လေးပါ။ ထင်ထားခဲ့သလို ဆိုးရွားသည့် တုန့်ပြန်မှုတွေ





မရှိခဲ့ဘဲ ကျွန်တော့်သဘောဆန္ဒကို နားလည်ပေးခဲ့သည့် ရွှေပိုးကိုလည်း တကယ့်ကိုရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိခြင်း ဖြစ်၏။

■ ■ ■

ကြီးကျယ်ခမ်းနားသည့် လက်ထပ်ပွဲတစ်ခုကို ကျင်းပဖို့ သဘောတူခဲ့ပြီးမှ သတို့သားကို မချစ်လို့ဆိုသည့် အကြောင်းပြချက်တစ်ခုတည်းဖြင့် ရက်ရက်စက်စက် ဖျက်ပစ်ခဲ့သော မိန်းကလေးက ကျွန်တော့်ကိုကျတော့ သူမနှင့်တစ်သက်တာလုံး လက်တွဲပေါင်းဖက်ဖို့ သဘောတူညီချက်ပေးခဲ့တာ ဘယ်လောက်တောင်များ အံ့သြစရာကောင်းခဲ့ပါသလဲ။

အန်တီစိုးတို့ကလည်း သမီးဖြစ်သူနဲ့ လက်ထပ်မယ့်သူဟာ ကျွန်တော်ဖြစ်နေခဲ့တဲ့ တစ်ချက်တည်းနဲ့ပင် ကျွန်တော်နဲ့ရွှေပိုးတို့ လက်ထပ်ပွဲလေး အကျဉ်းချုံးဖြစ်ခဲ့သည်။ တကယ်တော့ အကျဉ်းချုံးသော ပြုလုပ်ဖို့ကိုလည်း ရွှေပိုးက ဟိုတယ်ကြီးမှာဆင်နွှဲရမည့် လက်ထပ်ပွဲကို ဖျက်ဆီးခဲ့သော သူမက ကျွန်တော်နှင့်တရားရုံးတက် လက်မှတ်ထိုးကာ အိမ်မှာဘုန်းကြီးဆွမ်းကပ်တာလောက်နဲ့တင် အိမ်ထောင်တစ်ခုကို စတင်ရန် လမ်းဖွင့်ခဲ့သည်။

ကျွန်တော်တို့နှစ်ယောက် လက်ထပ်သည့်နေ့မှာ အပျော်ဆုံးသူကို ပြပါဆိုရင်တော့ သားတော်မောင်ကိုသာ လက်ညှိုးထိုးရမည်ဖြစ်သည်။ တစ်နေ့လုံး တပြုံးပြုံးဖြင့် ကျွန်တော်တို့နားကမခွာ။ လူကြီးတွေကို ကန်တော့ကြတော့ ကျွန်တော့်ဘက်က မိဘနေရာမှာ တော်ဝင့်မေမေကို ထိုင်နိုင်းခဲ့သည်။

ကျွန်တော့်သဘောထားကို ပွင့်ပွင့်လင်းလင်း ရှင်းပြထားခဲ့ပြီး တစ်ဦးတည်းသော မြေးလေးကလည်း ရွှေပိုးကို အလွန်ချစ်ခင် သံယောဇဉ်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မှန်း သိသွားသောကြောင့် ခုလို လက်ထပ်မည့်ဆုံးဖြတ်ချက်ကို ဝမ်းပန်းတသာ ပင် သဘောတူပေးခဲ့ခြင်းဖြစ်၏။

အဲဒီအတွက် ကျွန်တော့်မှာ တော်ဝင့်မေမေကို ကျေးဇူးတင်ရပြန် သည်။ သားကို ကျွန်တော်တို့နှင့်အတူ ထားလို့ရပြီဆိုသည့် စိတ်ချသွားမှု တစ်ခုနှင့်အတူ သူမလည်း သီလရှင်ဝတ်ရန် ဆုံးဖြတ်ထားကြောင်း ကျွန်တော့် ကို ဖွင့်ဟလာ၏။ တကယ်ဆို ဒီလို မှန်မြတ်တဲ့ဆုံးဖြတ်ချက်ကို ကျွန်တော် စောစောစီးစီးတည်းက ခွင့်ပြုပေးခဲ့သင့်တာပါ။ မြေးဆိုတဲ့ လောကီအပူမီး တစ်ခုကို ကျွန်တော် ပွေ့ပိုက်နိုင်းထားသလို ဖြစ်နေခဲ့ရသည့်နှစ်တွေလည်း များခဲ့ပြီ။

"အန်တီ့ကို သမီး အနူးအညွတ် တောင်းပန်ပါတယ်"

"အို ဘာဆိုင်လို့လဲကွယ့် သမီးလေးရဲ့"

ရွှေပိုးက ခံစားချက်များ ပြည့်နှက်နေသော မျက်နှာငယ်လေးနှင့် ပြောလျက် တော်ဝင့်မေမေ တစ်ယောက်တည်းကို သီးသန့်သက်သက် ထိုင်ကန်တော့ပြန်သည်။ သူမ အပြုအမူကြောင့် ကျွန်တော်ပင် တအံ့တဩ ဖြစ်သွားမိ၏။

"သမီးပြုခဲ့တဲ့ အပြုအမူတိုင်း ကိစ္စရပ်တိုင်းအတွက် တကယ့်ကို စိတ်ရင်းနဲ့တောင်းပန်ပါတယ်ရှင်"

ပြောနေရင်းနှင့် မျက်ရည်များ ကျဆင်းလာသော ရွှေပိုးကိုကြည့် ပြီး ကျွန်တော် ဒီတိုင်းမနေနိုင်တော့ ကျုံ့ကျုံ့လေး လက်အုပ်ချီထိုင်နေသည့် သူမကို အသာအယာပွေ့ယူမတ်တပ်ရပ်စေလိုက်သည်။





"ဘယ်လိုဖြစ်တာလဲ ရွှေပိုးရဲ့"

"ငါ တော်ဝင့်ကို အားနာလို့ပါ ညီ"

ကျွန်တော် ဘာပြောလို့ပြောရမှန်းမသိ။

"မလိုပါဘူး သမီးလေးရွှေပိုးရယ်၊ တော်ဝင်လေးက သူ့အတွက် ရေစက်ကုန်ဆုံးချိန်ရောက်လို့ အန်တီတို့ရော သူ့သားရော ယောကျ်ားရောကို ထားခဲ့ရတာလေ၊ သမီးနဲ့သားမှာ ရေစက်ပါလာလို့ ဟိုးငယ်ငယ်တည်းက အတူတူကြီးပြင်းဆုံတွေ့ခဲ့ကြတယ်၊ အခု နဖူးစာရွာလည်လို့ ပေါင်းဖက်ခွင့် ရတယ်လို့ပဲ တွေးပါ"

ကျွန်တော်ကတော့ သူမ ပခုံးလေးကို တစ်ချက်ဖွဖွဖျစ်ညှစ်လျက် အားပေးတာကလွဲလို့ ဘယ်လိုစကားလုံးမျိုးနဲ့ နှစ်သိမ့်ရမယ်မှန်းမသိခဲ့။

ထိုနေ့မှစကာ ရွှေပိုးက သူမ မိဘတွေရဲ့ခြံဘက်မှာမနေဘဲ ခြံစောင့် နှင့်သာ ပစ်ထားရသော ကျွန်တော့်ခြံဘက်ကို အတူလိုက်နေ၏။ မနက်က မင်္ဂလာဦးဆွမ်းကျွေးပြီး၊ လာတဲ့ဧည့်သည်တွေ နှုတ်ဆက်၊ အိမ်သားတွေနဲ့ လည်း တွေရာလေးပါးတွေပြောကြနှင့် ကျွန်တော်တို့ခြံဘက်ကို ကူးလာချိန် မှာ ညနေစောင်းနေခဲ့ပြီ။

ရွှေပိုးမေမေက လိမ္မာရေးခြားရှိပြီး စကားလည်းသိပ်တတ်သည့် ကျွန်တော့်သားကို သူတို့အိမ်မှာ တစ်ညပေးသိပ်ရန် တောင်းဆိုသောကြောင့် ခုတော့ အိမ်ကြီးထဲမှာ ကျွန်တော်တို့နှစ်ယောက်တည်း။ အင်းလေ အန်တီတို့ က သားကိုခေါ်ထားရသည့်အကြောင်းရင်းတွေထဲမှာ ကျွန်တော်တို့နှစ် ယောက်ကို လွတ်လွတ်လပ်လပ်နေထိုင်စေချင်သည့် ဆန္ဒလည်း ပါချင်ပါနေ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့။

ဒီမိကာအလုပ်သမားတွေနှင့် အနီတီစိုးကိုယ်တိုင် ပြင်ဆင်ပေးထားသော ကျွန်တော်တို့နှစ်ယောက်အိပ်ခန်းက သားနားလှပလွန်းနေသည်။ ပန်းနုရောင်လှလှလေးများဖြင့် တန်ဆာဆင်ထားသော အခန်းလေး။ အခန်းအပြင်အဆင်ကိုကြည့်ပြီး ကျွန်တော်ပင် ရင်ခုန်နေမိ၏။

ဒီဘက်အိမ်ရောက်သည်နှင့် ရွှေပိုးက ရေချိုးခန်းထဲ တန်းဝင်သည်။ ကိုယ်လက်သန့်စင်ပြီး အိပ်နေရင်း အင်္ကျီဂါဝန်လေးဖြင့် သူမက ခုတင်ထက်မှာ ငုတ်တုတ်ထိုင်နေ၏။ ကျွန်တော် ရေချိုးခန်းထဲ မဝင်ခင်တည်းက အဲဒီအတိုင်းထိုင်နေလိုက်တာ ရေချိုးခန်းထဲက ပြန်ထွက်လာချိန်ထိ သူမ မလှုပ်မယှက် ကျောက်ရုပ်တစ်ရုပ်ပမာ။ ကျွန်တော်ပင် မသက်မသာဖြစ်စွာနှင့် သူမနားခေါင်းပေါက်နား လက်ညှိုးသွားထိုး၍ကြည့်မိသေးသည်။

"ဩော် တော်သေးတာပေါ့ အသက်ရှူသားပဲ"

"နင်နော် ငါ့ကိုလာနောက်နေတယ် ဟုတ်လား"

"ဩော် စကားလည်းပြောသားပဲ၊ ဒါဆိုရင်တော့ ကျောက်ရုပ်မဖြစ်ပါဘူး"

စကားပြောနေသော်လည်း ကျွန်တော်သာ အဝတ်အစားများ လဲပြီးသွားသည်။ သူမ နေရာမရွေ့။

"ရွှေပိုးရေ နင်ဘာလုပ်နေတာလဲ"

"ငါထိုင်နေတာ နင်မမြင်ဘူးလား"

နှုတ်ခမ်းလေးတစ်ခုသာ လှုပ်ရှားမှုရှိသော သူမ ဘေးကပ်လျက်





တွင် ကျွန်တော် ခွေ့ခနဲ ဝင်ထိုင်လိုက်သည်။ သူမ မျက်နှာလေးကို စူးစမ်းသလို စိုက်ကြည့်မိသည်။

"နင်တစ်ခုခုဖြစ်နေတာ မဟုတ်လား"

ဘာမှပြန်မဖြေ။ ဒါပေမဲ့ သူမ ဘယ်ဘက်ရင်အုံဆီမှ တဒိန်းဒိန်းခုန်လှုပ်နေသည့်အသံက ကျွန်တော်ပင် အတိုင်းသားကြားနေရသည်။ ဟား ကျွန်တော်သိပြီ။ သူမ ဘာဖြစ်နေတာလဲဆိုတာကို။

"နင် ရင်ခုန်နေတာလား"

ချက်ချင်းဆိုသလို မျက်နှာလေး ပန်းနုရောင်သမ်းသွားလျက် ကျွန်တော့်ကို မျက်လုံးလေးအဝိုင်းသားဖြင့်ကြည့်သည်။ သေချာတာပေါ့။ သူမ ကျွန်တော့်ကို ရှက်နေခဲ့တာပဲ။ ကြောက်ရွံ့ရင်ခုန်နေခဲ့တာပဲ။ အင်းလေ ဒါဟာ ကျွန်တော့်အတွက် ပထမဆုံးမင်္ဂလာမဟုတ်တော့ပေမယ့် သူမအတွက်တော့ ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် ပိုင်ဆိုင်ရသော မင်္ဂလာဦးလေး။ အပျိုစင်မိန်းကလေးတိုင်း တန်ဖိုးထားမြတ်နိုးကြသည့် အချိန်အခိုက်အတန့်ကလေး။

ကျွန်တော့်ကိုဆို တစ်သက်လုံး တကျက်ကျက်ရန်ဖြစ်လျက် အမြဲတမ်းပြန့်ပြန့်ရန်ထောင်နေကျ ရွှေပိုးက ခုလိုကျတော့လည်း ကျွန်တော့်မျက်လုံးထဲမှာ အထူးအဆန်းလေး ဖြစ်နေ၏။ ကျွန်တော့်ရဲ့သတို့သမီးတစ်ယောက်အနေနှင့် ဘယ်လိုမှ မတွေးခဲ့မိသော မိန်းကလေးက ခုတော့ ကျွန်တော့်နှင့်အတူ အိပ်ရာတစ်ခုထက်မှာ အတူတကွ ရှိနေခဲ့ပြီ။

ကျွန်တော် ဘာလုပ်ရမလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

လောလောဆယ်တော့ ခြံလုပ်ငန်းများအားလုံးကို မောင်လုံးရဲ့ ဒုတိယဝန်ခံ ဦးမြင့်ရယ်နဲ့ လွှဲအပ်ထားခဲ့ကာ ရန်ကုန်မှာသာ ကျွန်တော် နေဖြစ်သည်။ သားလေးရယ် ရွှေပိုးရယ်နှင့် သာယာသော မိသားစုလေးတစ်ခုကို အခြေခိုင်ခိုင်ထူထောင်ချင်သောဆန္ဒဖြင့် ကျွန်တော် တက်ကြွနေပါသည်။

"မေမေပိုးက သားကို ဒီနေ့ စက်ဘီးလေးလိုက်ဝယ်ပေးမယ်တဲ့ အဖေ"

ဝမ်းသာအားရ ဖြစ်နေသော သားက ကျွန်တော့်အင်္ကျီစကို ဆွဲကိုင်လှုပ်ရမ်းလျက် ပြောသည်။ အန်တီပိုးလို့ ခေါ်ဝေါ်နေရာကနေ မေမေပိုးဆိုသည့် နာမ်စားကိုလည်း သူ့ဘာသာ ပြောင်းလဲသုံးနှုန်းလိုက်ခြင်းဖြစ်၏။ ခုလိုမျိုး သားလေး ဝမ်းသာပျော်ရွှင်နေတာ တစ်ခုတည်းနှင့်ပင် ကျွန်တော့် ဝိုးဖြတ်ချက် မှန်ကန်ခဲ့ကြောင်း သက်သေပြနေခြင်းဖြစ်၏။





"သားက စက်ဘီးလည်း မစီးတတ်ဘဲနဲ့"

"အဲဒါလည်း မေမေပိုးက သင်ပေးမယ် ပြောတယ်"

"ဟုတ်တယ် ညီရဲ့၊ သားကို စက်ဘီးစီးလေးဘာလေး သင်ပေးထားရမှာပေါ့၊ ကလေးက ခုတော့ စက်ဘီးလည်းမစီးတတ် ရေလည်းမကူးတတ်နဲ့"

အနားကိုရောက်လာသော ရွှေပိုးစကားကြောင့် ကျွန်တော် ကျေနပ်သွားမိ၏။ ဟုတ်တော့လည်း ဟုတ်သည်။ သားက ကိုယ်လက်လှုပ်ရှားအားကစားမှုတွေနဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက် မတတ်။ တော်ဝင့်မေမေက သားကို အိမ်ထဲမှာ ပိုးမွေးသလို မွေးမြူခဲ့သောကြောင့် သားလေးက အသားအရေ ဖြူဖြူဝင်းဝင်းနှင့် စာတော်လိမ္မာသော ကလေးတစ်ယောက်သာ ဖြစ်လာခဲ့ပြီး တကယ့်တကယ်တမ်းကျတော့ ခွန်အားစိုက်ထုတ်ရသည့် နေရာမျိုးမှာ ဘာဆိုဘာမှမသိ။

"ယောက်ျားလေးတစ်ယောက်ဆိုတာ အိမ်ထဲမှာပဲ မွေးမြူထားနေလို့ မဖြစ်ဘူးလေ၊ သူ့ကိုခုတည်းက ကျန်တာလေးတွေလည်း သင်ပေးထားမှ ကြီးလာတော့ အဆင်ပြေမှာပေါ့၊ ရှင်တောင် ငယ်ငယ်တုန်းက ဆော့လိုက်တာ ကမ်းကုန်နေတာကို"

လက်ထပ်ပြီးနောက်ပိုင်း ကျွန်တော့်ကိုရွှေပိုးက နင်တွေငါတွေနဲ့ မပြောတော့တဲ့ ရှင်နဲ့ကျွန်မ ဖြစ်လာသည်။ ကျွန်တော့်အပေါ်မှာလည်း လင်ယောက်ျားတစ်ယောက်လို ဂရုတစိုက် ပြုစုနေထိုင်၏။ ကျွန်တော် အံ့သြတကြီး ခံယူရသော ပြုစုမှုများပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပုပ်ကြီးတယ်လို့ ကျွန်တော် သိထားသည့် ရွှေပိုးက ခုတော့ ကျွန်တော့်ထက်အရင် အစောကြီးနိုးကာ မနက်စာစားဖို့ ပြင်ဆင်ပြီးစီးမှ ကျွန်တော်တို့သားအဖကိုထစေသည်။ သူမကိုယ်တိုင် ချက်ပြုတ်ထားသော ထမင်းဟင်းများက တစ်နေ့တစ်မျိုး မရိုးရအောင် ကျွန်တော့်ကို ခံတွင်းမြိန်စေ၏။ အိမ်တွင်းသန့်ရှင်းရေးအလှအပ အားလုံးလည်း သူမလက်ရာများ။

မိန်းမမဆန်ဘူးလို့ ကျွန်တော်ထင်ထားခဲ့သော မိန်းကလေးတစ်ယောက်က ကျွန်တော့်ဇနီးဖြစ်လာချိန်မှာ အိမ်ထောင်ရှင်မကောင်းပီသစွာဖြင့် ပြုမူနေထိုင်တာမြင်ရတော့ အထူးအဆန်းတစ်ခု ဖြစ်ခဲ့သလို သူမရဲ့တာဝန်ကျေပွန်မှုအတွက်ကိုလည်း ကျေးဇူးတင်ရသည်။

သားလေးနှင့်လည်း အချိန်ပြည့် အဖော်ပြုပေးကာ လိုက်လျောညီထွေနေနိုင်လွန်းသည်။ သားက ကျွန်တော့်ကိုတောင် သိပ်မကပ်တော့ဘဲ မေမေပိုးမှ မေမေပိုးဖြစ်လို့နေ၏။ နောက်နှစ်စတက်ရမည့် အတန်းအတွက်လည်း စာတွေတူတူလုပ်ကြသည်။ အားလပ်ချိန်မှာ ခြံထဲ၌ စက်ဘီးစီးသင်ရင်း ရေကူးသင်တန်းကိုလည်း သူမကိုယ်တိုင် အကြိုအပို့လုပ်၏။ ကျွန်တော့်အတွက်နေရာတောင် မရှိလောက်အောင်ကို ရွှေပိုးက အကွက်စေ့လုပ်ဆောင်နိုင်ခြင်း ဖြစ်သည်။

"မင်း၊ တစ်နေ့တစ်နေ့ မပင်ပန်းဘူးလားဟင် ရွှေပိုး"

ညဝတ်အင်္ကျီလှလှလေးဖြင့် သန့်သန့်စင်စင်လေး ကျွန်တော့်နားလာကပ်သော ရွှေပိုးကို ကျွန်တော် ပွေ့ဖက်ရင်းပြောလိုက်တော့

"ဘာကို ပင်ပန်းရမှာလဲဟင်"





"မနက်မိုးလင်းတည်းက အိမ်နောက်ဖေးလည်း မင်းပဲ၊ အိမ်တွင်းအိမ်ပြင်အားလုံး မင်းလက်မင်းခြေ ဖြစ်နေတာကိုတောင် သားအတွက်သီးသန့်လည်း အချိန်ပေးနိုင်သေးတယ်၊ ညအိပ်ရာဝင်ခါနီးတော့လည်း မင်းအလုပ်စာရင်းတွေ ထိုင်လုပ်ရပြန်ရော"

"ဒါတောင် ကျွန်မ အလုပ်တွေအားလုံးကို မန်နေဂျာလေးနဲ့ပဲ လွှဲပေးထားလို့၊ အဲဒီအလုပ်တွေလုပ်နေရင်တော့ ရှင်တို့သားအဖကို ဘယ်အချိန်တွေပေးနိုင်ပါ့မလဲ"

"အဲဒီအတွက် ငါ တကယ်ကျေးဇူးတင်ပါတယ်ဟာ"

"အဲဒီလို ပြောပေးတော့ ကျွန်မ လုပ်ပေးရကျိုးနပ်တာပေါ့လေ"

"နင် စိတ်မဆိုးဘူးဆို ငါတစ်ခုပြောကြည့်မယ်"

"အင်း ပြော"

ကျွန်တော့်လက်မောင်းကို ခေါင်းအုံးအိပ်နေရင်းကနေ ဘယ်ဘက်ရင်အုံကို တစ်ချက်ဖွဖွနမ်းရှိုက်လိုက်ရင်း သူမတိုးတိုးဆိုသည်။

"မင်းကို မိန်းမမဆန်ဘူးလို့ ငါ အမြဲထင်ထားတာ၊ ပြီးတော့ အိမ်မှုကိစ္စတွေကိုလည်း မင်းလုပ်တတ်မှာ မဟုတ်ဘူးလို့ ထင်တာ"

"အောင်မာ လူကိုများ အထင်သေးလို့၊ အိမ်ကနေထွက်ခဲ့ပြီး ကိုယ့်ဘာသာသင်သင်နေတည်းက ကိုယ့်လက်ကိုယ့်ခြေ လုပ်လာတာပါနော်၊ ရွှေပိုး မလုပ်တတ်တာ ဘာတစ်ခုမှမရှိသလောက်ပါပဲ"

"အဲဒီအတွက်လည်း ငါ ကျေးဇူးတင်ရတာပေါ့၊ တကယ်တော့ မင်းကို လက်ထပ်ဖို့ ရွေးချယ်လိုက်တယ်ဆိုတာ အဓိက သားအတွက်ပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မင်းရဲ့ဇနီးဝတ္တရားကျေပွန်လွန်းတာတွေက ငါ့ကို တကယ်အထင်ကြီး မိသွားစေတယ်''

''အဲဒီလို ချီးကျူးတာလည်း ကျေးဇူးတင်ပါတယ်ရှင်''

သူမ ပြောင်ပြောင်နောက်နောက်လေး ပြော၏။ ပွေ့ဖက်ထားမှုကို ကျွန်တော် ပိုမိုတင်းကျပ်နေအောင် အားနှင့်ဖျစ်ညှစ်ပစ်လိုက်သည်။

''အား နာတယ် ရှင်နော်''

မျက်စောင်းလေးချီလျက် သူမ ပြောသည်။ ဆံပင်တွေ စုသိမ်း ထားသောကြောင့် ပြောင်ပြောင်တင်းတင်းလေး ဖြစ်နေသည့် သူမနဖူးလေးကို ကျွန်တော် ငုံ့နမ်းလိုက်၏။

''ကျွန်မ ရှင့်ကိုတစ်ခုလောက် မေးလို့ရမလား''

အသံက မဝံ့မရဲ။

''မေးလေ ဘာမေးမလို့လဲ''

''ရှင်ဖြေနိုင်မယ် မထင်ပါဘူးလေ''

''မေးကြည့်ပေါ့၊ မင်းက မေးတောင်မမေးရသေးဘူး''

ခဏတာ ငြိမ်သက်သွားသော အချိန်လေးမှာ သူမက အသက်ကို ပြင်းပြင်းတစ်ချက်ရှူသွင်းသည်။ ပြီးမှ ခပ်တိုးတိုးလေး မေး၏။

''ရှင့်ရင်ထဲမှာ တော်ဝင်တစ်ယောက်ပဲ ရှိနေတုန်းပဲလားဟင်''

ဒီမေးခွန်းဖြစ်နေလိမ့်မယ်လို့ ကျွန်တော် ထင်မထားမိ။ ဖြေစရာ စကားမရှိသည့်မို့ ကျွန်တော် ငြိမ်ငြိမ်လေး နှုတ်ပိတ်နေမိသည်။

''တွေ့လား ရှင်ဖြေနိုင်မှာမဟုတ်ပါဘူးလို့ ကျွန်မပြောသားပဲ''





ရယ်ရယ်မောမော လျှောချပစ်လိုက်သော သူမ စကားသံလေး တိခနဲ ပြတ်ကျသွားလျက် ချက်ချင်းပင် တစ်ဖက်လှည့်အိပ်ပစ်လိုက်တာ ကျွန်တော့်ရဲ့အပြစ်များလား။ တော်ဝင်ဟာ ကျွန်တော့်အတွက် ဘယ်တော့မှ မေ့ဖျောက်ပစ်လို့ရမှာမဟုတ်သည့် မိန်းမတစ်ယောက်ဆိုတာ အမြဲတမ်း မှန်ကန်နေတဲ့အဖြေတစ်ခုပဲလေ။

ရွှေပိုးအပေါ်မှာ ကျွန်တော် လွန်နေမှန်းတော့ သိပေမယ့် ကျွန်တော့် စိတ်ထဲကနေ တော်ဝင့်ကို ဖျောက်ဖျက်ပစ်လို့မရ။

''နင် ငါ့ကိုစိတ်ဆိုးသွားတာလား''

တစ်ဖက်လှည့်အိပ်နေသော သူမပခုံးလေးကို အသာဖက်လျက် ကျွန်တော် တစ်ခုခုပြောရန် ကြိုးစားလိုက်၏။

''စိတ်မဆိုးပါဘူး''

''နင်သိပါတယ်၊ ငါ တော်ဝင့်ကို မေ့လို့မရဘူး''

''ကျွန်မကလည်း တော်ဝင့်ကို မေ့ရမယ်လို့ မဆိုလိုပါဘူးလေ''

''ငါ''

''တော်ပြီကွာ မပြောနဲ့တော့၊ ကျွန်မအိပ်ချင်ပြီ''

ရွှေပိုးအတွက် မမျှတသလို ဖြစ်နေခဲ့သော ကျွန်တော့်စိတ်ခံစား ချက်များကို ဘယ်လိုနည်းနဲ့ ပြုပြင်ယူရမှာလဲ။ ဇနီးမယားတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်လွန်းသည့် သူမကို ကျွန်တော့်ရင်ထဲမှာ နေရာတစ်ခု ထည့် ဆောက်ပေးခဲ့သင့်ပါရဲ့လေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"ရေကူးသင်တန်းက သုံးနာရီဆိုပြီးမှာ၊ ကျွန်မကလည်း တိုက်တိုက်ဆိုင်ဆိုင် အလုပ်အစည်းအဝေးလေးတစ်ခု တက်ရမယ်၊ သားကို ရှင် သွားကြိုပေးမလားဟင်"

သဘာဝအသီးအနှံများဖြင့်သာ ပြုလုပ်ထားသော အစားအသောက်များ ရောင်းချသည့် ဆိုင်လေးတစ်ခု ရန်ကုန်မှာ ဖွင့်နိုင်ရန် ကျွန်တော် ကြိုးစားနေဆဲကာလမှာ အိမ်မှာသိပ်မကပ်ဖြစ်ခဲ့တဲ့ အချိန်တွေက များနေသည်။ ကျွန်တော်ကိုယ်တိုင် ဟိုဟာဒီဟာလေးကအစ လိုက်လုပ်လိုက်ရမှ ကျေနပ်တာမို့ သားနဲ့ပတ်သက်တဲ့ ဝေယျာဝစ္စသေးသေးလေးကအစ ရွှေပိုးကသာ အဓိက တာဝန်ယူထား၏။

ခုလိုမျိုး သူမ အလုပ်ကိစ္စပေါ်လာသည့်အချိန်များမှာလည်း ကျွန်တော်က တစ်လှည့်ကူညီရမှာပေါ့။ ကိုယ့်သားကိစ္စ ကိုယ်လုပ်တာပဲ ဘာမှလည်း ငြင်းနေစရာမရှိ။

"အင်းပါ သွားကြိုလိုက်မယ်နော်"

"ဒါဆို ကျွန်မ သွားတော့မယ်"

ကျွန်တော့်ကို နှုတ်ဆက်ထွက်ခွာသွားသော သူမပုံစံက အလောသုံးဆယ်နိုင်နေသည်။ မျက်နှာကလည်း သိပ်မကောင်း။ စိုးရိမ်ပူပန်နေသလိုလို ထိတ်လန့်တုန်လှုပ်နေသလိုလို။ ကျွန်တော်ကပဲ စိတ်ထင်နေမိတာလား မသိ။ သူမမျက်နှာက ပုံမှန်မဟုတ်တာတော့ သေချာသည်။

အလုပ်ထဲမှာပဲ တစ်ခုခုအခက်ကြုံနေရလို့လား။ သူမက အဝတ်အစားဒီဇိုင်းပညာရှင်များ ငှားရမ်းကာ ကိုယ်ပိုင်တံဆိပ်တစ်ခုနှင့် အမျိုးသမီး





အဝတ်အထည်တွေ ရောင်းချနိုင်ဖို့ ကြိုးစားနေသည့်သူ။ သူမအလုပ်နှင့်ပတ်သက်လာရင်တော့ ကျွန်တော့်ကို သိပ်ဖွင့်ဟတိုင်ပင်ခြင်းမရှိပေမယ့် ဘာအခက်အခဲရှိနေပါတယ်ဆိုသော သတင်းစကားမျိုးပင် ကျွန်တော် မကြားခဲ့ရဖူး။ ခုရော သူမ ဖြစ်နေတာ အလုပ်ကိစ္စမှ ဟုတ်ရဲ့လား။ တခြားစိတ်ပူပန်စရာ တစ်ခုခုများ ရှိနေလေသလား။။

အန်တီစိုးကို မေးကြည့်ရင် သိနိုင်မည်ထင်သည်။

"ရွှေပိုး ဘာတွေဖြစ်နေတာလဲဟင်၊ အမေ သိလား"

ကိုယ့်ယောက္ခမဖြစ်နေပြီဆိုတော့လည်း အရင်လို အန်တီစိုးလို့ ခေါ်လို့မဖြစ်တော့တာမို့ အမေဆိုသည့်အခေါ်အဝေါ်လေးကို ပြောင်းလဲသုံးနှုန်းလိုက်သည်။ အိမ်ထောင်သက် နှစ်လပြည့်ခါနီးပြီဆိုတော့ အမေဆိုတာကို နှုတ်ကျိုးနေခဲ့ပါပြီ။

"သမီးလေး ဘာတွေဖြစ်နေတာလဲလို့ သားက အမေ့ကိုလာမေးတယ် ဟုတ်လား"

"ဟုတ်တယ် အမေ၊ ဒီနေ့ သူ့မျက်နှာကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ"

"အမေ သိသလောက်တော့ ဘာမှမဖြစ်ပါဘူးကွယ်၊ သူ့မှာ တစ်နေ့တစ်နေ့ မင်းက သူ့ကိုဘယ်လောက်ချစ်ခင်ပေးတယ်ဆိုတာတွေပဲ အမေ့ကို လာလာပြောပြနေတာ"

"ဗျာ"

ကျွန်တော်ပင် ကြောင်တောင်တောင် ဖြစ်သွားရသည်။ ရွှေပိုးက



www.burmeseclassic.com

www.burmeseclassic.com



သူမကို အမေ့ကို ဘာတွေဘယ်လိုလာပြောထားပါလိမ့်။

"တကယ်ဆို သမီးလေးက သားအပေါ်မှာ ငယ်ငယ်တည်းက သံယောဇဉ်ကြီးပါတယ်ကွယ်၊ မောင်မိုးတိမ်ယံနဲ့လက်ထပ်ဖို့လုပ်ခဲ့မိတာက လည်း၊ အန်တီတို့မိဘတွေက တိုက်တွန်းလွန်းလို့ပါ၊ အဲဒီအတွက်လည်း သမီးအပေါ်မှာ အန်တီတို့ ဘာအပြစ်မှမတင်ချင်ပါဘူး။ မောင်မိုးတိမ်ယံကို အားနာမိတာတော့ ရှိတာပေါ့လေ"

"ဟုတ်ကဲ့ ကျွန်တော်လည်း ငယ်သံယောဇဉ်နဲ့မို့ ဒီအိမ်ထောင် ရေးလေးကို အကောင်းဆုံးတည်ဆောက်မှာပါ အမေ၊ ရွှေပိုးကလည်းမယား ဝတ္တရား သိပ်ကျေပွန်ပါတယ်"

"အင်း အဲဒီအတွက်တော့ အမေလည်း ဝမ်းသာတယ်၊ မောင်မိုး တိမ်ကို မချစ်လို့ လက်မထပ်နိုင်ဘူးဆိုပြီး နောက်ဆုံးအချိန်ထိ ငြင်းဆန်ခဲ့တဲ့ သမီးက သားကိုကျတော့ လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့တာကို အမေသိပ်အံ့သြ ခဲ့ရတယ်၊ အိမ်ထောင်ကျပြီးတဲ့နောက်မှာလည်း သူ့တာဝန်တွေအားလုံးကို တစ်ချက်လေးမှ မညည်းဘဲ လုပ်ပေးတယ်ဆိုတော့ အမေ့အတွက် ဂုဏ်ယူ စရာပေါ့ သားရယ်"

"တကယ်တော့ ကျွန်တော်ကသာ တာဝန်မကျေခဲ့တာပါဗျာ"

"အို ကိုယ့်ကိုကိုယ် ဒီလိုမပြောပါနဲ့လေ၊ သမီးကလည်း သားနဲ့ ပတ်သက်ပြီး သူ့ရွေးချယ်မှု မှန်ကန်တယ်ဆိုတဲ့အကြောင်းပဲ အမေတို့ကို လာလာကြွားနေတာ၊ အိမ်ထောင်သည်ဘဝနဲ့ ခုလိုမျိုး တစ်ယောက်နဲ့တစ် ယောက် ချစ်ချစ်ခင်ခင်နဲ့ နေနိုင်တာလည်း မင်္ဂလာပဲကွဲ့"





ကျွန်တော် မချိတင်ကဲ အပြုံးလေးဖြင့်သာ နားထောင်နေခဲ့ရပေ မယ့် ကိုယ့်ကိုကိုယ်တော့ ရှက်ရွံ့နေမိသည်။ ကျွန်တော်က ရွှေပိုးကို ချစ် ပါတယ်လို့ တစ်ခါမှ မပြောခဲ့ဖူးတာကို အန်တီစိုး သိပုံမရ။ ရွှေပိုးကလည်း ကျွန်တော့်ကိုချစ်ပါတယ်လို့ ဘယ်တုန်းကမှ မပြောခဲ့ဖူးတာပဲလေ။

ကျွန်တော်တို့လင်မယားနှစ်ယောက်ကြားမှာ အချစ်နဲ့ပတ်သက်ပြီး ဘယ်လိုစကားလုံးမျိုးမှ မဖွင့်ဟခဲ့ဖူးမှန်းသိသွားခဲ့ရင် အံ့သြကုန်ကြတော့မယ် ထင်ပါရဲ့။

■ ■ ■

"ဟာ ဒီနေ့ ဖေဖေ လာကြိုတာပဲ"

သင်တန်းက ထွက်လာသည်နှင့် သားက ဝမ်းသာအားရ ပြောရင်း ကားတံခါးဖွင့်ဝင်ထိုင်သည်။

"ဟုတ်တယ် မင်းမေမေပိုးက ဒီနေ့ အလုပ်ကိစ္စတစ်ခု ရှိနေလို့ ဖေဖေကိုယ်တိုင်လာကြိုတာ"

"ဒါဆို ဖေဖေ လာကြိုတဲ့အထိမ်းအမှတ်နဲ့ သားတို့ တစ်ခုခုသွား စားရအောင်လေ"

"အောင်မာ လူလည်လေး မိုက်ဆာရင်ဆာတယ်ပေါ့၊ အလကား ဘာအထိမ်းအမှတ် ညာအထိမ်းအမှတ်လုပ်နေသေးတယ်"

"ဟဲ ဟဲ ဖေဖေကလည်း သားက ဖေဖေလာကြိုလို့ ပျော်သွား တာပါဗျ"

"ကောင်းပါပြီကွာ၊ သား ဘာစားချင်လဲ ပြော"

www.burmeseclassic.com

www.burmeseclassic.com



သားစားချင်သည့်ရေခဲမုန့်ဆိုင်က ဒဂုံစင်တာမှာမို့ ကျွန်တော့် ကားလေးကို မြေနီကုန်းဘက်ကို ဦးတည်လိုက်သည်။ ရန်ကုန်မြို့ရဲ့လမ်းမတွေက နွေဘက်ဆို တိုးမရအောင် ကားကျပ်တတ်သည့်ထုံးစံအတိုင်း ကျွန်တော့် ကားလေးလည်း ဖြည်းဖြည်းချင်းသာ ရွေ့နေရ၏။

"ဟင် ဟိုမှာ မေမေပိုး မဟုတ်လား"

ကားပြတင်းပေါက်ကနေ အပြင်ကို ငေးမောရင်း လိုက်လာသော သားက မှန်ချပ်များဖြင့် ကာရံထားသည့် စားသောက်ဆိုင်တစ်ခုရဲ့အတွင်းထဲကို လက်ညှိုးထိုးပြရင်း ပြောသည်။ ကားတွေပိတ်နေတုန်းမို့ ထိုမြင်ကွင်းကို သေသေချာချာ ကြည့်နိုင်သည့်အခွင့်အရေး ကျွန်တော် ရလိုက်သည်။

ရွှေပိုးက ယောကျ်ားတစ်ဦးနှင့်မျက်နှာချင်းဆိုင်ထိုင်ကာ စကားပြောဆိုနေခြင်း။ အမျိုးသားရဲ့မျက်နှာကို မှန်ချပ်မှာ ကာထားသော အလှစတစ်ကာများက ကွယ်နေသောကြောင့် ကျွန်တော် သေချာမမြင်ရ၊ ရွှေပိုးတစ်ယောက်ကိုသာ ကွက်ကွက်ကွင်းကွင်း အသေအချာမြင်နေရသည်။ သူမ မျက်နှာက ကျွန်တော် စိတ်ထင့်နေခဲ့သလိုမျိုးပါပဲ။ အပျက်ပျက်အယွင်းယွင်းဖြစ်လျက် တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေတာ။

သူမ စကားတွေပြောနေသည်။ နောက်တော့ ပေါင်ပေါ်တင်ထားသော လက်ကိုင်အိတ်ကိုဖွင့်လျက် ပိုက်ဆံအထပ်လိုက်ထုတ်ယူကာ ထုတ်ပေးလိုက်ခြင်း။ စားပွဲပေါ်တင်လိုက်သော ထိုငွေအထပ်ကို တစ်ဖက်မှ အမျိုးသားက ချက်ချင်းပင် လှမ်းယူလိုက်သည်။

"တီ တီ တီ"





"မောင်းလို့ရပြီ ဖေဖေ"

စိတ်အာရုံတွေအားလုံးက ရွှေပိုးထံမှာသာ ရောက်ရှိနေသောကြောင့် ကျွန်တော့်ရှေ့မှာ ပိတ်မိနေသော ကားတွေထွက်သွားကြကုန်တာ ကျွန်တော် မသိလိုက်။ နောက်ကားတွေက ဟွန်းအဆက်မပြတ် တတီတီ တီးတော့မှပင် ကျွန်တော် အသိပြန်ဝင်လာ၏။

ဆိုင်ထဲကနေ ဟိုအမျိုးသားထွက်လာတာကို ကျွန်တော် စောင့်ကြည့်ချင်ပေမယ့် ဘယ်လိုမှ ဆက်လက်ရပ်ထားလို့မရတဲ့ အနေအထားမို့ မောင်းထွက်ခဲ့သည်။ စိတ်ထဲမှာတော့ တစ်လမ်းလုံး တထင့်ထင့်။ သူမ မျက်နှာအပြောင်းအလဲကို တွေ့ပြီးတောင် စိတ်ပူနေခဲ့မိသည့် ကျွန်တော်က ခုလိုမျိုး ဘာမှန်းမသိသည့် အဖြစ်အပျက်တစ်ခုကို ထပ်ဆင့်မြင်လိုက်ရပြီးသည့်နောက်မှာ တွေးစရာတွေ တသီတတန်းကြီး ဖြစ်လာခဲ့တော့သည်။

ကျွန်တော့်ကိုပြောတော့ အလုပ်ကိစ္စ အစည်းအဝေးဆိုပြီး ခုတော့ ယောကျ်ားတစ်ယောက်နှင့်အတူ စားသောက်ဆိုင်တစ်ခုထဲ ရောက်နေသည်။ ပြီးတော့ မျက်နှာကလည်း အိမ်ကထွက်သွားစဉ်ကအတိုင်း တစ်စက်မှ မကောင်း။ ပိုက်ဆံတွေလည်း အထပ်လိုက်ထုတ်ပေးလိုက်သေးသည်။

သူမ ဘာတွေလုပ်နေတာလဲ။ ဘာတွေဖြစ်နေတာလဲ။ စိုးရိမ်ပူပန်မှုများနှင့်အတူ ကျွန်တော့်သိချင်စိတ်တွေကလည်း တဖွားဖွား။

သားစားချင်သော ရေခဲမုန့်ဆိုင်ရောက်တော့တောင် ကျွန်တော့်မှာ မှာယူငွေရှင်းပေးရုံကလွဲရင် သားနှင့်ရယ်ရယ်မောမော စကားမပြောနိုင်ခဲ့။ ပါးနပ်သော သားကလည်း ကျွန်တော် တစ်ခုခုဖြစ်သွားမှန်း ရိပ်မိသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဘာစကားမှ မလာခဲ့ပါ။ ရေခဲမုန့်ကိုသာ ငြိမ်ငြိမ်လေး ထိုင်စားနေသည်။

"သား ထပ်ယူဦးမလား"

"တော်ပြီ ဖေဖေ၊ အချိုတွေအများကြီး မစားရဘူးလေ"

"အင်း ငါ့သားက လိမ္မာတယ်ကွာ"

အိမ်အပြန်လမ်းတစ်လျှောက်လုံး သူ့ဖုန်းလေးကိုထုတ်ပြီး ဂိမ်းကစားရင်း သားလိုက်ပါလာသည်။ ခုနက ရွှေပိုးကိုမြင်လိုက်သောကိစ္စနဲ့ ပတ်သက်ပြီး ဘာမှမပြော။

"သားကို ဖေဖေ တစ်ခုမှာချင်တယ်"

"ဟုတ်ကဲ့ ဖေဖေ"

"ဒီနေ့ မေမေပိုးကို ဖေဖေတို့သားအဖ အပြင်မှာတွေ့ခဲ့တာ အိမ်ရောက်ရင် မေမေပိုးကို ပြန်မပြောရဘူးနော်"

သားက မျက်မှောင်လေးကျုံ့လျက် ကျွန်တော့်ကိုကြည့်နေသေးသည်။ ပြီးမှ ခေါင်းလေးတစ်ချက်ညိတ်လျက်

"သား မပြောပါဘူး ဖေဖေ"

အိမ်ကို အရင်ရောက်နှင့်နေသော ရွှေပိုးက ခုမှပြန်ရောက်သော ကျွန်တော်တို့သားအဖကို အပြုံးချိုချိုလေးဖြင့် ဆီးကြိုနေ၏။ အပြင်မသွားခင်တုန်းက မျက်နှာလိုမျိုး မဟုတ်တော့။ ခုနက စားသောက်ဆိုင်ထဲမှာ ထိုင်စကားပြောနေသော မျက်နှာမျိုးလည်းမဟုတ်တော့။ ကျွန်တော်ပင် အံ့ဩမိသွားသည်။





"ပြန်လာကြပြီလား မေမေ့ကိုထားခဲ့ပြီး ဘယ်ကိုဝင်နေကြတာလဲ၊ မှန်မှန်ပြောနော် ဟင်း ဟင်း"

သားကို မျက်စောင်းနုနုလေးထိုးကြည့်ရင်း ရွှေပိုးက စနောက်သည်။

"တကယ်ဆို လွန်ခဲ့တဲ့ တစ်နာရီကျော်လောက်တည်းက ပြန်ရောက်သင့်တာ"

"သား ရေခဲမုန့်စားချင်တယ်ဆိုလို့ ဖေဖေ လိုက်ကျွေးနေတာပါ မေမေပိုးရဲ့"

"ကြည့်စမ်း ဒီသားအဖက မေမေပိုးတစ်ယောက်တည်းကိုချန်ခဲ့ပြီး ပျော်ခဲ့ကြတယ်ပေါ့လေ"

သားက ဘာမှပြန်မပြော။ ကျွန်တော့်ကိုမသိမသာလေး တစ်ချက်လှမ်းကြည့်၏။

"မင်းရော အလုပ်ကိစ္စက ဘယ်အချိန်ပြီးသွားတာလဲ"

"ပြန်ရောက်နေတာ ကြာပြီလေ၊ ရှင်တို့သားအဖတော့ တစ်ခုခုဝင်စားနေမယ်ဆိုတာ တွေးမိသားပဲ"

သူမ မျက်လုံးများကို ကျွန်တော်စိုက်ကြည့်လိုက်တော့ အကြည့်များကို မသိမသာ ရှောင်လွှဲသွားရင်း

"ကဲ သား ရေမိုးချိုးလိုက်ဦးနော်၊ ပြီးရင် ခဏနားလိုက်၊ ညနေကျမှ စာလုပ်ကြတာပေါ့"

သားက ကျွန်တော်တို့နားမှ ထွက်ခွာသွားသည်။

တကယ်ဆို ကျွန်တော် သူမကို ပြန်ထောက်ပြလိုက်ချင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်ချိန်ဟာ ကျွန်တော်တို့သားအဖနဲ့ သူမ ရှေ့ဆင့်နောက်ဆင့်ပဲ ဖြစ်မှာပါ။ ပြန်ရောက်နေတာ ကြာပြီဆိုသောစကားသည် ဘယ်လိုမှ မဖြစ်နိုင်။ ဒါပေမဲ့ ကျွန်တော် ဒီအတိုင်းလေးသာ ငြိမ်သက်နားထောင်နေလိုက်ပါသည်။

■ ■ ■

ထိုနေ့နောက်ပိုင်းမှာ ရွှေပိုးကို ကျွန်တော် အရင်ကထက် ပိုစောင့်ကြည့်နေခဲ့ပေမယ့် ဘာမှထူးထူးခြားခြား ထပ်မတွေ့ရတော့ပဲ အရင်လိုပင် ကျွန်တော်နဲ့သားအပေါ် ဂရုတစိုက်ဆက်ဆံခြင်းမျိုးသာ ရှိခဲ့၏။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာတော့ ထိုနေ့အဖြစ်အပျက်သည် မှတ်မှတ်ထင်ထင် ဖြစ်နေခဲ့ပြီ။

ယောကျ်ားတစ်ယောက်နှင့် ကျွန်တော်မသိအောင် အပြင်မှာတွေ့ဆုံကြပြီး သူမက ငွေအထပ်လိုက်ထုတ်ပေးနေသောမြင်ကွင်းသည် ကျွန်တော့်စိတ်ထဲမှာ ဖျောက်ဖျက်ပစ်လို့မရခဲ့။

ကျွန်တော့်နောက်ကွယ်မှာ တခြားယောကျ်ားတစ်ယောက်ယောက်နဲ့ ပတ်သက်နေခဲ့တာလား။ ဘယ်လိုပတ်သက်မှုမျိုးလဲ။ ကျွန်တော် သိချင်စိတ်တွေက တစ်နေ့တခြား ပိုပိုပြင်းထန်လာပေမယ့် ကျွန်တော် ထုတ်မပြောခဲ့ပါ။ စိတ်ထဲမှာကတော့ ကျွန်တော့်နောက်ကွယ်မှာ သူမ ဖုန်းပြောနေရင်တောင် ကျွန်တော် မသင်္ကာတော့၊ အဲဒါ တော်တော်ခံစားရခက်သော အနေအထားတစ်ခုသာ ဖြစ်သည်။

အိမ်ထောင်ရေးနဲ့ပတ်သက်ရင် အတိမ်းအစောင်းမခံချင်သော ကျွန်





တော့်စိတ်အတိုင်း သူမကိုလည်း ဖြစ်စေချင်သည်။ ကျွန်တော်တို့ ခန့်တည်ထားသော မိသားစုလေးကို ဘယ်လိုနည်းနဲ့မှ အပျက်မခံနိုင်ပါ။ ကျွန်တော်ကိုယ်တိုင်လည်း ဖောက်ဖျက်မိမှာမဟုတ်သလို ရွှေပိုးကိုလည်း ထိုအတိုင်းသာ ဖြစ်စေချင်၏။

"ဆရာ ဒီနေ့ ကန်ထရိုက်နဲ့ စာချုပ်ချုပ်ရမယ်နော်"

တစ်ယောက်တည်း တွေတွေဝေးဝေးဖြင့် ထိုင်နေသော ကျွန်တော့်ကို မောင်လုံးက သတိပေးသည်။ ရန်ကုန်မှာဆိုင်ဖွင့်မည့်ကိစ္စများအတွက် အကူအညီရရန် မောင်လုံးကို မြို့ထဲကနေ လှမ်းခေါ်ထားခဲ့ခြင်းဖြစ်သည်။ သူရှိနေတော့ ကျွန်တော်တစ်ကိုယ်တည်း လှုပ်ရှားနေရတာတွေ အနည်းအကျဉ်း သက်သာသွား၏။

"အေး ငါသိပါတယ်ကွာ"

"ဆရာ့ကိုကြည့်ရတာ မှိုင်နေလို့ပါ၊ ဘာလဲ ဆရာ ပြန်သောက်ချင်နေပြီနဲ့တူတယ်"

"ဟာ မဟုတ်ပါဘူးကွာ၊ ငါ့မှာ တခြားစိတ်ညစ်စရာလေး ရှိနေတယ် မောင်လုံး"

မောင်လုံးနဲ့ကတော့ အရာရာဖွင့်ပြောပြတိုင်ပင်နေကျမို့ ဒီတစ်ခေါက်ကိစ္စကိုလည်း ကျွန်တော် ဖြစ်နေတာတွေကို တိုင်ပင်ကြည့်ဖို့ စိတ်ကူးမိသည်။

"ဒီတစ်ခေါက် ဆရာချခဲ့တဲ့ ဆုံးဖြတ်ချက်တွေကို ကျွန်တော် တကယ်လေးစားပါတယ်၊ အရက်လည်းဖြတ်လိုက်တဲ့အပြင် မိသားစုလေးတစ်ခုပါ ထူထောင်နိုင်ခဲ့တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ငါလည်း ဒီအတွက် မှန်ကန်ခဲ့တယ်ဆိုပြီး ကိုယ့်ကိုကိုယ် ဂုဏ်ယူခဲ့တာပါ ဒါပေမဲ့"

"ဘာတွေဖြစ်လို့လဲ ဆရာ"

ကျွန်တော့်မျက်နှာ အနေအထားကိုကြည့်ပြီး မောင်လုံးက စိုးရိမ်ကြီးစွာ မေးလာသည်။

"ရွှေပိုးက တခြားယောကျ်ားတစ်ယောက်နဲ့ ငါမသိအောင် တိတ်တိတ်လေး ဆက်သွယ်နေတယ်လို့ ထင်နေတယ်"

"ဗျာ ဟာ မဖြစ်နိုင်ပါဘူး ဆရာရယ်"

"အေး ငါလည်း မဖြစ်စေချင်ပါဘူး။ အစုတည်ဆောက်ထားတဲ့ မိသားစုလေးကို ငါအပျက်စီးမခံချင်ဘူး။ ဒါပေမဲ့ ငါကိုယ်တိုင် မျက်လုံးနဲ့ တည့်တည့်မြင်ခဲ့ရတာတွေလည်း ရှိနေတယ်လေ"

အတွင်းသိအစင်းသိဖြစ်နေပြီမို့ ဖြစ်ကြောင်းကုန်စင်အား အတိုချုံးကာ ပြောပြလိုက်တော့ မောင်လုံးကလည်း ခေါင်းတညိတ်ညိတ်လုပ်ကာ ဂရုတစိုက် နားထောင်ပေးပါသည်။

"ဆရာ တစ်မျိုးထင်မယ်ဆိုလည်း ထင်ချင်စရာတော့ ဖြစ်သွားတာပေါ့လေ၊ ဒါပေမဲ့ သေသေချာချာ သိရတာလည်းမဟုတ်တဲ့နဲ့တော့ ဒီလောက်ထိ အတွေးမခေါင်ပါနဲ့ဦး ဆရာရယ်၊ အလုပ်ကိစ္စတစ်ခုခုကြောင့်လည်း ဖြစ်ချင် ဖြစ်မှာပါ"

"မသိတော့ဘူးကွာ အဲဒီလို တွေ့ခဲ့ရပြီးတည်းက ငါ့စိတ်ထဲမှာ နေမထိထိုင်မသာ ဖြစ်နေတာ၊ သူ့ကို တခြားယောကျ်ားတစ်ယောက်ယောက်





နဲ့ မြင်လိုက်ရတာ ငါ့အတွက် တကယ့်ကိုတစ်မျိုးကြီး"

"ကျွန်တော် ထင်တာပြောရရင်တော့ ဆရာ သဝန်တိုနေတာ ဖြစ်မှာပါ"

"ဟေ ငါက သဝန်တိုနေတာ၊ အာ မင်းကလည်း ပြောရော့မယ်၊ အဲဒီလို မပြောစမ်းပါနဲ့"

လက်ကားကား ခြေကားကားနှင့် ကျွန်တော် ငြင်းတော့ မောင်လုံးက ရယ်မောလျက်

"ဆရာရယ် ဘာဖြစ်လို့ ဒီလောက်ငြင်းနေတာတုန်း။ ဆရာက ကိုယ့်မိန်းမကိုယ် သဝန်တိုတယ်ဆိုတော့ရော ဘာဖြစ်တုန်း။ ဘယ်သူက ဘာပြောမှာမို့တုန်းဗျ။ ကိုယ့်မိန်းမကိုယ် အူတိုတာ ဖြစ်သင့်ပါတယ်"

"ဟာ မင်းတော့ ပြောလေဆိုးလေပါလား။ မောင်လုံးရာ တော်ပြီ တော်ပြီ တချုပ်ချုပ်ဖို့ လိုအပ်တာတွေပြင်ဆင်ပြီး ငါ့ကိုစောင့်နေ၊ ငါ ရေမိုးချိုး ပြီးတာနဲ့ ဆင်းခဲ့မယ်"

မောင်လုံး ရှေ့ကနေ ခပ်မြန်မြန် ထွက်ခဲ့လိုက်သည်။ မဟုတ်ရင် သူ ပြောတဲ့စကားလုံးတွေကြောင့် ကျွန်တော်မျက်နှာပူနေမိ၏။

ရေမိုးချိုး အဝတ်အစားလဲပြီးစမှာပင် ရွှေပိုးနဲ့သားလေး ပြန်ရောက်လာသည်။ ဒီနေ့က သားတို့ကျောင်းတွေ ပထမဆုံးပြန်ဖွင့်သည့်နေ့။ သားကို ကျောင်းကြိုပြီး ပြန်လာသော ရွှေပိုးမျက်နှာက မရွှင်မလန်း ဖြစ်နေသည်။

"မျက်နှာလည်းမကောင်းပါလား၊ ဘာဖြစ်လာလို့လဲ ရွှေပိုး"

"ရင်ထဲမှာ တစ်မျိုးကြီးပဲ နေလို့မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်များဖြင့် သူမ နဖူးလေးကို ကျွန်တော် စမ်းကြည့်မိသည်။ ကိုယ်တော့မပူပါ။

"ကိုယ်မပူပါဘူးဟာ၊ ဘယ်လိုဖြစ်လို့လဲ"

"မနက်တည်းက အဲဒီလို ဖြစ်နေတာ၊ အီလည်လည်ကြီးနဲ့"

"ဒီလိုဆို ငါတို့ ဆေးခန်းသွားမှ ဖြစ်မှာပေါ့"

"အဲဒီလောက်တော့ မလိုပါဘူး။ နည်းနည်းနားလိုက်ရင် ကောင်းသွားမှာပါ"

ဆေးခန်းသွားဖို့ဆို ငယ်ငယ်တည်းက ပေတေနေတတ်သော ရွှေပိုး အကြောင်း ကျွန်တော် သိနေပြီးသားမို့ ဒီတစ်ခါတော့ ခွင့်မပြုနိုင်တော့ပါ။

"လောလောဆယ်တော့ ငါ ကန်ထရိုက်နဲ့စာချုပ်လက်မှတ်ထိုးဖို့ ရှိလို့ မဖြစ်မနေ သွားရမယ်၊ သိပ်တော့ ကြာမယ်မထင်ဘူး။ နင် အဆင်သင့် လုပ်ထားလိုက်လေ၊ ငါပြန်လာရင် ဆေးခန်းလိုက်ပို့ပေးမယ်"

"မသွားပါဘူးဆိုနေမှပဲ"

"မသွားလို့မရဘူး။ ရောဂါကို မွေးမထားစမ်းပါနဲ့ ရွှေပိုးရယ်၊ ကု သင့်တဲ့အချိန်မှာ မကုလိုက်ရင် မကုနိုင်တော့တဲ့အနေအထားဘစ်ခုကို ရောက် သွားလိမ့်မယ်၊ နင်သာမရှိရင် ငါတို့သားအဖ ဘယ်လိုနေမလဲ"

ဒါကတော့ ကျွန်တော့်ရင်ထဲက စကားအမှန်ပါ။ ခုချိန်မှာ ရွှေပိုး အားမှာရှိနေခဲ့လို့ ကျွန်တော်တို့ဘဝလေးတွေ ပြန်လည်စိုပြေခဲ့ရတာမဟုတ် လား။

"ရှင့်ဆီက အဲဒီစကားကြားရတာနဲ့တင် ကျွန်မ ကျေနပ်နေပါပြီ"





"ကဲ အဲဒီလိုဆို ငါ့စကားကိုနားထောင်၊ အဆင်သင့်လုပ်ထား။ ဟုတ်ပြီလား၊ ဖုန်းဆက်လိုက်မယ်"

ခေါင်းလေး ဖွဖွညိတ်ပြသော သူမရဲ့နဖူးပြင်ကို တစ်ချက်နမ်းကာ ကျွန်တော် နှုတ်ဆက်လိုက်သည်။ ကျွန်တော့်ရဲ့ဒီမိသားစုလေးကိုတော့ ဘယ် လိုနည်းနဲ့မှ မပြိုကွဲရအောင် ကျွန်တော် အစွမ်းကုန်ကြိုးစားချင်ပါသည်။

■ ■ ■

"ကိုယ်ဝန်က တစ်လခွဲလောက်တောင် ရှိနေပါပြီ"

"ဟာ"

ဆရာဝန်ရဲ့စမ်းသပ်စစ်ဆေးမှုတွေအပြီး ထွက်လာသော အဖြေ စကားကြောင့် ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ရင်ထဲမှာ တစ်မျိုးကြီး။ ဘယ်လိုမှထင်မထားသောကိစ္စ။ ဝမ်းသာမှု အံ့သြမှုများနှင့်အတူ ဘောချင်းယှဉ်ထိုင်နေသော ရွှေပိုးရဲ့လက်ကလေးတစ်ဖက်ကို ဆွဲယူဖျစ်ညှစ် ထားမိ၏။

"ငါ ဘာပြောလို့ ပြောရမှန်းတောင် မသိဘူး ရွှေပိုးရယ်"

ကားမောင်းနေရင်းတန်းလန်းနှင့် ကျွန်တော် စိတ်လှုပ်ရှားစွာ ပြော မိသည်။ ရွှေပိုး မျက်နှာလေးကို လှမ်းကြည့်တော့ သူမကိုယ်တိုင်လည်း ဝမ်းသာပီတိများဖြင့် တသိမ့်သိမ့်ဖြစ်နေပုံရသည်။

"နင့်ကို တကယ်ကျေးဇူးတင်ပါတယ်"

"ဘာအတွက်လဲ ညီရဲ့"

"ငါ့အတွက် မိသားစုလေးတစ်ခုကို ပြည့်စုံသထက်ပြည့်စုံအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးပေးနေခဲ့လို့ပေါ့"

"ကျွန်မကတော့ ဝမ်းသာပေမယ့် စိုးရိမ်စိတ်လေးလည်း ရှိနေမိတယ်"

ရာခိုင်နှုန်းပြည့် ကြည်နူးနေသော ကျွန်တော့်ခံစားမှုများက ရွှေပိုးစကားကြောင့် တစ်မျိုးကြီးဖြစ်သွားရသည်။

"ငါတို့နှစ်ယောက်ရဲ့ရင်သွေးလေးရလာမယ့်ကိစ္စကို နင်က ဘာတွေ စိုးရိမ်နေတာလဲ ရွှေပိုး။ ပွင့်ပွင့်လင်းလင်းပြောရရင် ငါတော့ နင့်စကားကို မကြိုက်ဘူး။ ဒါ အပြည့်အဝ ပျော်ရမယ့်ကိစ္စပါ၊ စိုးရိမ်စရာ ဘာတွေများ ရှိနေလို့လဲ"

သူမ သက်ပြင်းလေး ဖြည်းညင်းစွာ ချသည်။

"သားလေးအတွက် အချိန်တွေ ပြည့်ပြည့်ဝဝ မပေးနိုင်တော့မှာ ငါစိုးရိမ်နေတာပါ"

"ဪ ရွှေပိုးရယ်"

သူမရဲ့စိုးရိမ်ပူပန်မှုက ကျွန်တော် ထင်မထားသော အကြောင်းတရားဖြစ်နေတော့ ကျွန်တော့်မှာ စကားလုံးရှာရခက်သွားသည်။ သားလေးအပေါ်မှာ ကျွန်တော် ထင်ထားတာထက် အဆပေါင်းများစွာပိုပြီးမေတ္တာထားပေးသော ရွှေပိုးကိုလည်း။။

ကားကို လမ်းလေးတစ်နေရာမှာ ထိုးရပ်ပစ်လိုက်သည်။ ရွှေပိုးက ကြောင်တောင်တောင်နှင့် ကျွန်တော့်ကိုလှမ်းကြည့်၏။ သူမ မျက်နှာလေးကို တရှိုက်မက်မက် ငေးမောလိုက်ရင်း လက်လေးနှစ်ဖက်ကို ဆွဲယူလျက်





ကျွန်တော့်လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားလိုက်သည်။

"နင့်ကိုငါ ချစ်တယ် ရွှေပိုး"

"ဟင်"

နုတ်ခမ်းလွှာလေးနှစ်ခု ခပ်ဟဟပွင့်အာသွားလျက် မျက်ဝန်းမှာလည်း အံ့သြမယုံနိုင်ရိပ်တွေ တရှုပ်ရှုပ်ဖြတ်သန်းနေသော သူမ မျက်နှာလေးက ကျွန်တော့်မျက်လုံးများထဲမှာ ကြည့်ကောင်းနေပါသည်။

"ငါ တကယ်ပြောတာပါ"

"ဘယ်လိုအကြောင်းကြောင့်ပဲ ဒီစကားကို ပြောခဲ့တာဖြစ်ပါစေ၊ ကျွန်မ ကျေးဇူးတင်ပါတယ်"

"ငါမှားခဲ့တာပါဟာ၊ နင့်ရဲ့ပေးဆပ်မှုတွေကို ငါ့ဘက်က ရယူမှုတွေပဲ ရှိခဲ့တယ်၊ နင့်ကိုကျတော့ ဘာတစ်ခုမှ ပြန်မပေးဆပ်နိုင်ခဲ့ဘူးလေ"

"အဲဒီလို မပြောပါနဲ့၊ ခုချိန်မှာ ကျွန်မတို့နှစ်ယောက်က လင်မယားဆိုတဲ့ခေါင်းစဉ်အောက်မှာ အတူတကွရှိနေကြတာပါ၊ ကျွန်မကိုရှင်ပိုင်သလို ရှင့်ကိုလည်း ကျွန်မပိုင်တယ်လေ၊ အဲဒါ ရှင်ပြန်ပေးဆပ်ထားတာပဲပေါ့"

"အဲဒီလို နားလည်ပေးမှုတွေအတွက်လည်း ထပ်ပြီးကျေးဇူးတင်ပါတယ်"

"မလိုပါဘူး ကျွန်မ လိုချင်တာတစ်ခုကို ပိုင်ဆိုင်ခွင့်ရဖို့ ကျွန်မဘက်က ပြန်ပေးဆပ်ခဲ့တာပါ၊ ကျေကျေနပ်နပ်နဲ့ပေါ့"

ဒီစကားကိုတော့ ကျွန်တော် နားမလည်နိုင်ခဲ့။

"ရှင် သဘောမပေါက်ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဗိုး"

"ချစ်တယ်ဆိုတဲ့ စကားကို ရှင့်ပါးစပ်က ခုလိုထုတ်ပြောပေးခဲ့ အတွက် အတိုင်းမသိ ဝမ်းသာပါတယ်၊ ပြီးတော့ ကျွန်မခံစားချက်လေးကို လည်း တစ်ခါတည်း ထုတ်ပြောပြဖို့ ဆုံးဖြတ်လိုက်တယ်"

"ပိုတောင်ရှုပ်သွားပြီကွာ"

"ဘယ်လိုဖြစ်နေတာလဲလို့ ရှင်းပြမယ်လေ နားထောင်၊ တကယ် တော့ ရှင့်ကို ကျွန်မ ချစ်ခဲ့ရတာ သိပ်ကြာနေပါပြီ"

"ဘာရယ် ဘယ်လို"

ဒီနေ့ကြားရသမျှထဲမှာ ကျွန်တော့်အတွက် အံ့သြကုန်နိုင်ဖွယ်မဆုံး သည့် စကားပါပဲ။ ရွှေပိုးက ကျွန်တော့်ကိုချစ်နေခဲ့တာ ကြာလှပြီဆိုပါလား။ ဒါဟာ ဘယ်လိုဖြစ်နိုင်မှာလဲ။

"ရှင်မယုံဘူး ဟုတ်၊ ဖြစ်သင့်ပါတယ်လေ၊ ကျွန်မကလည်း သိပ် ကိုလျှို့ဝှက်ခဲ့တာကိုး။ အပွင့်လင်းဆုံးဝန်ခံရရင် ဘဝမှာအချစ်ဦးကလည်း ညီအားမာန်ပဲ၊ အချစ်ဆုံးကလည်း ညီအားမာန်ပဲ၊ ဒါပေမဲ့ သူငယ်ချင်းတစ် ယောက်အဖြစ် ရပ်တည်ပေးနိုင်ခဲ့တာက ကျွန်မအတွက် အများဆုံးရတဲ့ အခွင့်အရေးပဲလေ၊ ဒီထက်ပိုခွင့် ဘယ်တုန်းကမှ မရခဲ့ဘူး"

"ရွှေပိုး"

သူမ နှုတ်ဖျားကနေ ထွက်ကျနေတဲ့ စကားလုံးတွေဟာ တကယ် အမှန်အကန်တွေဆိုရင် ကျွန်တော်သိပ်ကို ညံ့ဖျင်းခဲ့တာ သေချာပါသည်။ အနားမှာ အမြဲတမ်း တတွဲတွဲရှိနေခဲ့သော မိန်းကလေးတစ်ယောက်က





ကျွန်တော့်ကို တိတ်တိတ်လေး ချစ်နေခဲ့တာကိုတောင် မရိပ်မိခဲ့သည်ထိ ကျွန်တော် တုံးအနေခဲ့တာပါလား။

"ကိုယ့်ကိုကိုယ် အပြစ်တင်နေတာလား ညီ၊ မတင်ပါနဲ့လေ၊ ကျွန်မကိုယ်တိုင်ကလည်း ရှင် နည်းနည်းမှ မရိပ်မိရအောင်ပဲ နေခဲ့တာကိုး ဘယ်တုန်းကမှ ရှင့်ကိုမျက်နှာသာပေးပြီး ချိုချိုသာသာ မဆက်ဆံခဲ့ဘူးလေ၊ အမြဲတမ်း ဘုကလန့်တိုက်နေတဲ့ မိန်းမတစ်ယောက်က ကိုယ့်ကိုသဘောကျ နေတယ်လို့ ဘယ်သူမှ တွေးမိမှာမဟုတ်ပါဘူး"

"ငါ တကယ်မသိခဲ့ဘူး၊ ဆောရီးပါ ရွှေပိုးရယ်"

ဆောရီးပြောဖို့ လိုလားမလိုလားလည်း ကျွန်တော်မသိ။ ဒါပေမဲ့ ပြောလိုက်မိသည်။ ပြီးဆုံးခဲ့သောအချိန်တွေအတွက်ရော ကျွန်တော်ကိုယ် တိုင်တောင်မသိခဲ့သော အချစ်တစ်ခုအတွက် ကျွန်တော် ဆောရီးဆိုတာက လွဲရင် ဘာပြောရမှန်းမသိ။

"ဆောရီးလုပ်မနေနဲ့တော့၊ အိမ်မှာ သားတစ်ယောက်တည်း ထား ခဲ့ရတာ၊ အိမ်ကိုသာ မြန်မြန်မောင်း ဟုတ်ပြီလား"

ဘာတွေပဲပြောပြောပါ၊ ဒီနေ့လေးကတော့ ကျွန်တော့်အတွက် စိတ်ချမ်းသာခဲ့ရသော နေ့ရက်များထဲမှာ မှတ်မှတ်ထင်ထင် ဖြစ်နေတော့မည့် နေ့ရွှဲလေးတစ်ခုအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါပြီ။

■ ■ ■

မနက်ဖြန် သားလေးရဲ့ဆယ်နှစ်ပြည့်မွေးနေ့။ ကျွန်တော်တို့တွေ အားလုံး လှုပ်ရှားတက်ကြွနေကြသည်။ သိပ်ကြီးကြီးမားမားပါတီပွဲကြီးလုပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ သားချစ်ခင်သည့် သူငယ်ချင်းအနည်းအကျဉ်းနှင့် ကျွန်တော်တို့ အိမ်သားများသာ။

"ပိုးရယ် မင်းမပင်ပန်းဘူးလားကွာ၊ ဗိုက်ကလည်း ထွက်နေပြီ၊ နားနားနေနေ နေပါတော့လား"

ကရုဏာဒေါသောလေးနှင့် ကျွန်တော် ပြောတော့ သူမက နဖူးမှ စိမ့်နေသော ချွေးစလေးများကို လက်ဖမိုးဖြင့် သုတ်ဖယ်လိုက်ရင်း

"မပင်ပန်းပါဘူးကွယ်၊ သားလေးက ကျွန်မလက်ရာကိုမှ သူ့သူငယ်ချင်းတွေကို ကြွားချင်တာလို့ ပြောတယ်မဟုတ်လား"

"အဲဒီ သားတစ်ယောက်ကလည်းလေ မင်းကိုဆို သိပ်နိုင်တာပဲ၊ အပြင်ကနေ မှာလိုက်ရင် ဘယ်သူမှ ပင်ပန်းနေစရာ မလိုတော့တာကို"

"ကျွန်မကိုယ်တိုင်က သားမွေးနေ့မှာ မှတ်မှတ်ရရ ချက်ကျွေးချင်နေတဲ့စိတ်ကို ရှင်အသိအမှတ်မပြုချင်တာလား ပြော"

နှုတ်ခမ်းလေးစူကာ ရွှေပိုး ပြောလာတော့လည်း ကျွန်တော်ကပင် လက်မြှောက်အရှုံးပေးရတော့၏။ တစ်ဖက်က ဖွန်းကိုင်ထားလျက် ခါးလေး ထောက်ရပ်နေသည့် သူမဗိုက်စူကာစလေးကို ကျွန်တော် ငုံနမ်းလိုက်သည်။

"ဟယ် ဟိုမှာ မေမေတို့လည်း ရှိနေတာကို ညီနော်"

"ဘာဖြစ်တုန်း ကိုယ့်မိန်းမကိုယ် ချစ်တာပဲ၊ အမေမြင်ရင် ငါ့သမက်လေး တော်လိုက်တာဆိုပြီးတောင် ချီးကျူးဦးမှာကို"

"အင်းပါ တော်တော်အပြောကောင်းတယ်နော်၊ သွားတော့ အိမ်ရှေ့မှာ ကိုယ့်ဘာသာ အေးအေးဆေးဆေးနေပါကွာ၊ ကျွန်မဘေးမှာ ရှင်ရှိနေတာ





သိပ်အလုပ်ပျက်တာပဲ"

"ဟုတ်ပါပြီ၊ စိတ်မဆိုးလိုက်ပါနဲ့နော်၊ မိန်းကလေးမွေးမယ့်မျက်နှာ ချောချောလေး ပျက်သွားပါဦးမယ်"

စနောက်နောက်လေးပြောရင်း ကျွန်တော် အိမ်ရှေ့ဘက် ပြန်ထွက်ခဲ့သည်။ လေးလထဲရောက်နေပြီဖြစ်သော ရွှေပိုးကိုယ်ဝန်က ဗိုက်ကလေး အနည်းငယ်စူတူတူလေး ဖြစ်နေပြီ။ သားလေးတစ်ယောက်ရှိပြီးသားမို့ ကျွန်တော်ကတော့ သမီးလေးသာ ထပ်လိုချင်နေမိသည်။ အင်းလေ ဘာလေးပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သားတူညီမျှ ချစ်မှာပါပဲ။ သားလေးပဲလာလာ သမီးလေးပဲလာလာ။

အလုပ်ကလေးတွေ လက်စသတ်စရာရှိနေသည်မို့ အိပ်ခန်းထဲသို့သာ တန်းပြန်လာခဲ့လိုက်သည်။ အောက်ထပ်မှာ အန်တီစိုးတို့လင်မယားရော သားလေးနဲ့မောင်လုံးရော ဆော့ကစားနေတာ ဆူညံနေသောကြောင့် ကျွန်တော့်ဘာသာ အိပ်ခန်းထဲဝင်ပြီး အလုပ်လုပ်မှပဲ ဖြစ်တော့မှာလေ။

လက်ပ်တော့လေးတစ်လုံးနှင့် ကျွန်တော် အလုပ်ရှုပ်နေခိုက် စာကြည့်စားပွဲပေါ် တင်ထားသော ရွှေပိုး ဖုန်းလေးက အသံမြည်လာသည်။ ကျွန်တော် တစ်ချက်တော့ လှမ်းကြည့်လိုက်ပေမယ့် မကိုင်ဖြစ်ပါ။ သူမရော ကျွန်တော်ရော အဲဒီစည်းလေးတစ်ခုတော့ ထားသည်။ ကိုယ်စီကိုယ်စီက ကိုယ့်အလုပ်တွေနဲ့ကိုယ်မို့ ဝင်ရောက်မစွက်ဖက်လိုခြင်းလည်း ဖြစ်၏။

ဖုန်းသံက ကြာရှည်စွာ မြည်နေပြီးမှ ရပ်တန့်သွားသည်။ သို့သော် သိပ်မကြာလိုက်ပါ။ ထပ်မြည်လာပြန်၏။ သုံးခါမြောက်မြည်လာပြီး ရပ်တန့်



www.burmeseclassic.com

www.burmeseclassic.com



သွားချိန်မှာ ကျွန်တော် ဖုန်းလေးကို လှမ်းယူလိုက်သည်။ နံပါတ်က ရေးမှတ်ထားခြင်းမဟုတ်ဘဲ အစိမ်းဖြစ်နေသောကြောင့် ဘယ်သူ့မှန်းတော့ ကျွန်တော် မသိပါ။

ဒီလောက်ခေါ်နေမှတော့ အရေးကြီးကိစ္စတစ်ခုခုကြောင့်ပဲ ဖြစ်လိမ့်မည်ဟူသော အတွေးဖြင့် နောက်ထပ်တစ်ခါမြည်လာရင် ရွှေပိုး ကိုင်နိုင်အောင် မီးဖိုချောင်ထဲ ယူသွားပေးရန် အခန်းထဲမှ ထွက်ခဲ့လိုက်သည်။ သို့သော် လမ်းတစ်ဝက်မှာပင် မက်ဆေ့တစ်စောင် ဝင်လာခဲ့၏။

ကိုယ်ပိုင်နံပါတ်ဖြင့် ဖုန်းကို ပိတ်ထားခြင်းမဟုတ်သောကြောင့် ဝင်လာသောမက်ဆေ့ချ်တစ်ပိုင်းတစ်စကို ကျွန်တော် မြင်ခွင့်ရလိုက်သည်။

"ခင်ဗျား ဖုန်းမကိုင်ဘူးပေါ့ ဟုတ်လား" ဆိုသည့်စကား။ ထိုတစ်စွန်းတစ်စလေးကို ဖတ်ခွင့်ရလိုက်ချိန်မှာ စာတစ်စောင်လုံးကို ဖတ်ချင်စိတ်ပေါက်သွားခဲ့တာ ကျွန်တော် လွန်သွားတယ်ဆိုရင်လည်းမတတ်နိုင်ပါ။ ကျွန်တော့်လက်များကတော့ ထိုစာလေးကို ဖတ်ခွင့်ရရန် ကြိုးစားလိုက်ပြီး ဖြစ်သည်။

"ခင်ဗျား ဖုန်းမကိုင်ဘူးပေါ့ ဟုတ်လား။ ဒီလိုဆို အားလုံးသိအောင် ကျွန်တော် ဖွင့်ပြောလိုက်ရုံပဲပေါ့။ အဲဒီလို မဖြစ်စေချင်ရင် နောက်တစ်နေ့ မကျူးခင်မှာ ကျွန်တော့်ကို ပြန်ဆက်သွယ်ပေးပါ"

စာလေးဆုံးသွားသော်လည်း ကျွန်တော် ထပ်ခါထပ်ခါပြန်ပြန်ဖတ်နေမိသည်။ ဒီစာက ဘာလဲ။ ဘယ်သူ့ဆီက လာသောစာလဲ။ ဖုန်းနံပါတ်ကိုတော့ ကျွန်တော့်မှတ်ဉာဏ်ထဲမှာ အသေရိုက်မှတ်ထားလိုက်သည်။ စာ





အသွားအလာအရ လုပ်ငန်းကိစ္စတစ်ခုခုမဟုတ်တာတော့ ကျိန်းသေပါသည်။

ခြေလှမ်းများကိုလည်း အိပ်ခန်းဆီသို့သာ နောက်ပြန်လှည့်လိုက်သည်။ ဖုန်းလေးကို စားကြည့်စားပွဲပေါ်မှာ ပထမရှိနေသည့်အတိုင်း လက်ရာမပျက် ပြန်ထားလိုက်၏။

မအိပ်ခင်မှာ ဖုန်းကိုပြန်စစ်ပြီးမှအိပ်ရာဝင်နေကျဖြစ်သောကြောင့် လွှဲချော်သွားသည့် ဖုန်းခေါ်ဆိုမှုများနှင့်အတူ ဒီစာလေးကိုလည်း သူမတွေ့မှာပါ။ အဲဒီအခါကျရင်သာ ဘယ်လိုတုံ့ပြန်မလဲဆိုတာကို ကျွန်တော် သတိထားစောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

■ ■ ■

"ရှင် အိပ်ပျော်နေပြီလို့ ကျွန်မက ထင်နေတာ"

"မအိပ်သေးပါဘူးကွာ၊ လက်ကျန်စာရင်းလေးတွေ ဒီနေ့ လက်စသတ်ဖို့ လုပ်နေတာ၊ မင်းရော မီးဖိုချောင်ထဲက အလုပ်တွေ ပြီးပြီလား"

"ပြီးသွားပြီ၊ မေမေတို့လည်း ခုလေးတင်ပဲ ဟိုဘက်ပြန်ကူးသွားပြီ"

"သားရော"

"သားကိုလည်း ခြေလက်ဆေးကြောပေးပြီး အိပ်ရာထဲ ပို့ပေးခဲ့ပါပြီရှင်"

သူမကိုယ်တိုင်လည်း ရေချိုးခန်းထဲမှာ ကိုယ်လက်သန့်စင်ပြီးမှ ကျွန်တော့်ဘေး ခုတင်ပေါ်တက်လာရင်း ကပ်လျက်ရှိနေသော စားကြည့်စားပွဲပေါ်မှ ဖုန်းလေးကို လှမ်းယူလိုက်၏။

သူမ အခန်းထဲဝင်လာတည်းက အပြုအမူများအားလုံးကို မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်ထောက်ကြည့်နေသော ကျွန်တော့်မှာ ဖုန်းကိုလှမ်းယူလိုက်သည်နှင့် ရင်ထဲမှာလည်း ဒိတ်ခနဲ ခုန်သွားရသည်။ ပုံမှန်အနေအထားတစ်ခုနှင့် ဖုန်းကိုကြည့်နေရင်းကနေ တဖြည်းဖြည်းချင်း ပြောင်းလဲလာသော မျက်နှာအမူအရာကို ကျွန်တော် အနီးကပ်မြင်နေရ၏။ ထိတ်လန့်တုန်လှုပ်သလို မျက်လုံးများ ပြူးလာပြီး ဖုန်းကိုင်ထားသော လက်ချောင်းလေးများလည်း တဆတ်ဆတ်တုန်ယင်လာသည်။

နောက်တော့ ဖြတ်ခနဲဆိုသလို ကျွန်တော့်ဘက်လှည့်ကြည့်လိုက်သော မျက်ဝန်းများ။ သတိကြီးကြီးထားနေမိသော ကျွန်တော်ကလည်း သူမကို ငေးကြည့်နေမိသော မျက်ဝန်းများကို ချက်ချင်းတိမ်းရှောင်နိုင်လိုက်သည်။

ခုတင်ပေါ်ကနေ ချက်ချင်းပြန်ဆင်းလျက် တစ်နေရာရာသွားဖို့ သူမ ပြင်သည်။ လက်ထဲမှာတော့ ဖုန်းကို ဆုပ်ကိုင်လျက်သား။

"ဘယ်သွားဦးမလဲ ပိုးရဲ့"

ဘာမှမဖြစ်သလို လှမ်းမေးလိုက်သော ကျွန်တော့်မျက်နှာထား အောက်မှာ သူမရဲ့သိသိသာသာ ပျက်ယွင်းနေသော မျက်နှာကို ဟန်ဆောင်ဖုံးဖိလိုက်ရင်း

"နောက်ဖေးမှာ မီးဖိုသေချာပိတ်ခဲ့ရဲ့လား မသေချာလို့ ဟို သွားပြန်စစ်မလို့ပါ"

"ဪ အင်း မီးကိုမပေါ့နဲ့ ပိုးရေ့ အမှိုက်ကစ ပြဿဒ်မီးလောင်တတ်တာလည်း၊ သတိထားဦး"





ကျွန်တော့်မျက်စိရှေ့ကနေ ခပ်သုတ်သုတ်ထွက်သွားသည့် သူမနောက်ကို မိနစ်နည်းနည်းလောက်အကြာမှာ ကျွန်တော် အသာလေး လိုက်သွားလိုက်သည်။

မီးဖိုခန်းထဲမှာ မီးလင်းနေတာ တွေ့ရ၏။ ခြေသံကိုဖွဖွလေးနင်းလျက် နောက်ဖေးမီးဖိုချောင် အပေါက်ဝ နံရံဘေးမှာ ကျွန်တော် ကွယ်ရပ်နေလိုက်၏။

"နင့်ကိုငါ ဘယ်လောက်ထိ လိုက်ပေးနေရဦးမှာလဲ၊ တန်ရာတန်ကြေးထက်ကို အများကြီးကျော်နေခဲ့ပြီ သိလား"

ဒေါသသံတစ်ဝက် တုန်ယင်နေသော အသံကို ထိန်းသိမ်းနေရခြင်းတစ်ဝက်နှင့် ရွှေပိုးအသံက ဂနာမငြိမ် ဖြစ်နေသည်။ ကျွန်တော်ကတော့ တစ်စထက်တစ်စ ပိုပိုပြီးသိချင်စိတ်တွေ ဖြစ်နေ၏။

"နင်ကြိုက်တာလုပ်လို့ရတယ်၊ ငါကြောက်မယ်များ ထင်နေလား"

သေချာပြီ၊ သူမကိုတစ်ဖက်လူက အကြီးအကျယ် ခြိမ်းခြောက်တာခံနေရပြီ။ အဖြစ်အပျက်တစ်ခုကို လက်ကိုင်ထားပြီး ငွေညှစ်နေပုံရ၏။

ကျွန်တော့်မျက်လုံးများထဲမှာ မြင်ကွင်းတစ်ခုကို ပြန်မြင်ယောင်လာသည်။ မှန်ချပ်များဖြင့် ကာရံထားသည့် စားသောက်ဆိုင်တစ်ခုထဲကမြင်ကွင်း။ အဲဒီအဖြစ်အပျက်နဲ့ အခုဖုန်းဆက်သွယ်မှု ပတ်သက်ကို ပတ်သက်လိမ့်မည်လို့ ကျွန်တော် တစ်ထစ်ချ ခံစားနေရသည်။

ဖုန်းပြောဆိုတာ ပြီးစီးသွားပြီနှင့်တူ၏။ ရေခဲသေတ္တာဖွင့်ပြီး ရေထည့်သောက်နေသည့် လှုပ်ရှားသံများကို ကျွန်တော် ကြားရသည်။ ခြေသံကို



www.burmeseclassic.com

www.burmeseclassic.com



အညင်သာခုံနှင်းလျက် အခန်းထဲ ပြန်ဝင်ခဲ့လိုက်သည်။ ခုတင်ပေါ်တက်ကာ လက်ပ်တော့တစ်လုံးနှင့် အလုပ်ရှုပ်ချင်ယောင် ဆက်ဆောင်နေလိုက်သည်။

တစ်မိနစ်လောက်ပဲခြားမည် ရွှေပိုးလည်း အခန်းထဲ ပြန်ဝင်လာခဲ့၏။ မျက်နှာပေါ်မှာ မပီပြင်သော အပြုံးတစ်ခုကို တပ်ဆင်လျက် ကျွန်တော့်ကိုကြည့်သည်။

"ဘာဖြစ်လို့ ကြာနေတာလဲ ပိုး"

"မိုက်နည်းနည်းဆာလာလို့လေ ညနေက လိုးထည့်ထားတဲ့ ပန်းသီးလေး ထိုင်စားနေတာ ညီရဲ့"

ခုလောက်ထိ ကျွန်တော့်ကို လိမ်လည်နေတယ်ဆိုတည်းက ကျွန်တော်မသိစေချင်သောကိစ္စကြီးတစ်ခုကို ရွှေပိုး လုပ်ထားတာတော့ ကျိန်းသေနေပါပြီ။ တခြားအကြောင်းကိစ္စတစ်ခုခုသာဆိုရင် ခုလို ငွေညှစ်ခံရသည့် အကြောင်းရင်းကို ကျွန်တော့်ကို ဖွင့်ဟတိုင်ပင်လျက် အကူအညီတောင်းခံသင့်သည်မဟုတ်လား။

ခုတော့ သူမက ကျွန်တော်သိသွားမှာကို နည်းနည်းမှ မလိုလားပုံနှင့် ဖုံးကွယ်လျှို့ဝှက်နေခြင်း ဖြစ်သည်။ ဒီတော့လည်း လူတွေရဲ့ထုံးစံအတိုင်း မသိစေချင်တာဆို ပိုသိချင်လာကြတာပဲလေ။ သူမ ဖုံးကွယ်ထားတာ ဘယ်လိုအကြောင်းကိစ္စလဲဆိုတာကို စုံစမ်းရမည့်တာဝန်တစ်ရပ်အား ကိုယ့်ကိုကိုယ်ပဲ ပေးအပ်လိုက်ပါသည်။

■ ■ ■

ကျွန်တော့်ခေါင်းထဲမှာ အလွတ်မှတ်မိနေသော ဖုန်းနံပါတ်တစ်ခု





ကိုနှိပ်ဖို့ ကြိုးစားနေတာ အကြိမ်မနည်းတော့။ သားရဲ့သူငယ်ချင်းလေးတွေနဲ့ ကလေးမိဘများ တဖွဲဖွဲရောက်လာလျက် မွေးနေ့ပွဲလေး ပျော်ပျော်ပါးပါး ဆင်နွှဲနေသောကြောင့်သာ ကျွန်တော့်စိတ်ကို ထိန်းထားရခြင်းဖြစ်သည်။

"ဟေး ဘာလုပ်နေတာလဲ၊ ဟိုမှာ မွေးနေ့ကိတ်လှီးဖို့ ရှင့်ကိုစောင့်နေကြတာ"

မနေ့ညတည်းက ကျွန်တော့်စိတ်တွေ မလန်းမဆန်းဖြစ်နေသည်။ ဒီတစ်နေ့လုံးလည်း မွေးနေ့ပွဲလေးမှာ ကျွန်တော်ရှိနေပေမယ့် စိတ်များကတော့ အဝေးကိုလွင့်လွင့်သွားနေ၏။ ခုတောင် ရွှေပိုး လှမ်းခေါ်လို့သာ ကျွန်တော့်အသိစိတ်က လက်ရှိအချိန်ဆီ ပြန်ရောက်လာရခြင်း။

"ဆောရီးကွာ ငါ နည်းနည်းအတွေးလွန်သွားတယ်"

ကျွန်တော့်မျက်နှာကို စူးစမ်းသလို ကြည့်နေသည့် ရွှေပိုးကို မသိချင်ယောင်ဆောင်ကာ သားလေးတို့နှင့်အတူ ပျော်ပျော်ပါးပါး မွေးနေ့ကိတ်လှီးကြသည်။ ကိတ်မုန့်ပထမဆုံးတစ်ဇွန်းကို ကျွန်တော့်ကိုခွံ့ကျွေးပြီးမှ ရွှေပိုးကို သားက ခွံ့သည်။ ပြီးတော့ ရွှေပိုးမိဘတွေ၊ သူ့သူငယ်ချင်းတွေ တစ်လှည့်စီ လိုက်ခွံ့ရင်း သားပျော်နေသည်။

သားလေး ပျော်နေတာမြင်ရတော့လည်း ညစ်ညူးနေသည့် ကျွန်တော့်စိတ်တွေ အနည်းငယ်ပြန်လည်လန်းဆန်းလာ၏။

"ဖေဖေ သားကို ဘာမွေးနေ့လက်ဆောင် ပေးမှာလဲ"

"သား လိုချင်တဲ့ဟာလေးပေါ့"

"ဘာလဲ ဖေဖေ ဟာ သားသိပြီ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်စဉ်းစားဟန်ပြုလျက် သားက လက်ခုပ်လက်ဝါးတီးကာ ထခုန်သည်။

"လက်ဝ်တော့လား ဖေဖေ"

"ဟုတ်ပဗျာ"

"ဟာ ဖေဖေ့ကို သား အရမ်းချစ်တယ် သိလား"

သားအခန်းထဲမှာရှိနေသော ကွန်ပျူတာက ဟောင်းနေပြီမို့ ကျွန်တော်က နောက်ဆုံးပေါ် ခရီးဆောင်ကွန်ပျူတာလေး ဝယ်ပေးခဲ့ခြင်းဖြစ်၏။ ကွန်ပျူတာနှင့်ပန်းချီဆွဲရတာ ဝါသနာပါသော သားအတွက် ကျွန်တော့်လက်ဆောင်က သဘောကျစရာကောင်းမှာ ယုံကြည်ပြီးသားပါ။

"မေမေပိုးဆီကရော ဘာလက်ဆောင်မှ မတောင်းတော့ဘူးလား သားရဲ့"

ရွှေပိုးက ကျွန်တော်တို့သားအဖနား ရောက်လာကာ ဝင်ပြောသည်။ သားက ချက်ချင်းပင် ခေါင်းခါရမ်းလိုက်ရင်း

"ဟင့်အင်း မေမေပိုးဆီက သား ရပြီးသားလေ"

"အလိုတော် ကာယကံရှင်တောင် မသိလိုက်ရဘဲ ဘာတွေများ ရသွားတာတုန်း သားရဲ့"

"မေမေပိုးဗိုက်ထဲက ညီမလေးလေ၊ အဲဒါ သားအတွက် မွေးနေ့လက်ဆောင်ပေါ့"

အဲထဲက ကလေးဟာ ယောကျ်ားလေးလား။ မိန်းကလေးလား မသိရသေးပေမယ့် သားကတော့ သူလိုချင်နေသော ညီမလေးတစ်ယောက်





ဖြစ်ဖို့ အမြဲဆုတောင်းနေတတ်သည်။ ခုလည်း ကြည့်လေ ဘာလေးမှန်း မသိရသေးသောကလေးကို ညီမလေးဆိုပြီး သူ့ဘာသာ သတ်မှတ်ပစ်လိုက်တာ။

သားအဖြေကို ကြားသည့်သူတွေကတော့ သဘောတကျ ရယ်ကြ၏။ ရွှေပိုးကိုယ်တိုင်လည်း တပြုံးပြုံး။ ကျွန်တော့်မှာသာ သူမ လွယ်ပိုးထားရသော ကိုယ်ဝန်ကိုကြည့်လိုက် ညက ဖုန်းပြောနေသော စကားသံများကိုကြားယောင်လိုက်ဖြင့် ခေါင်းတစ်ခုလုံး ထူပူလေးလံသွားသည်။

ထိုအချိန်မှာပဲ ကျွန်တော့်မျက်လုံးများထဲ ဖြတ်ခနဲ မြင်လိုက်ရသည့် ပုံရိပ်တစ်ခု။ အိမ်တံခါးမကြီးဘက်ကို မျက်နှာမူကာ ရပ်နေမိသော ကျွန်တော့်အတွက် ခြံပေါက်ဝကိုလည်း လှမ်းမြင်နေရသည်။ အလှမ်းဝေးလို့ မျက်နှာကို မမြင်ရပေမယ့် လူတစ်ယောက် ကျွန်တော်တို့ခြံပေါက်နားမှာရပ်လျက် အိမ်ထဲကို လှမ်းကြည့်နေခြင်း။ အကွာအဝေးကြောင့်ရော မျက်နှာကွယ်ကာ ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းထားခြင်းကြောင့်ရော ပုံရိပ်ကမသဲကွဲ။

ယောကျ်ားတစ်ယောက်ဆိုတာတော့ သေချာသည်။ ဝတ်ဆင်ထားသော ဂျာကင်အနက်နှင့်ဂျင်းဘောင်းဘီ၊ လမ်းလျှောက်ပုံ ခပ်ကုပ်ကုပ်နှင့် ပိန်ပိန်သွယ်သွယ် ထိုလူက ဘာသဘောနှင့် ကျွန်တော်တို့ခြံဝမှာ ရစ်သီရစ်သီလုပ်နေပါသလဲ။ ခြံစောင့်ကြီးကရော ဘယ်ရောက်နေသလဲ။

"ဘာတွေကြည့်နေတာလဲဟင် ညီ"

ခြံပေါက်ဝဘက်ကိုသာ တစိုက်မတ်မတ် ငေးကြည့်နေမိသော ကျွန်တော့်ကို ရွှေပိုးက သတိထားမိသွားသည်။ ကျွန်တော့်နံဘေးမှာ လာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်လျက် ကျွန်တော်ငေးကြည့်နေသော နေရာသို့ သူမပါ လိုက်ကြည့်သည်။ ကျွန်တော် သူမကို သတိထားကြည့်မိချိန်မှာ အမူအရာတွေ ပျက်ယွင်းနေခဲ့ပြီ။

အိမ်ပေါက်ဝမှာ ကျွန်တော်နှင့်ယှဉ်ရပ်နေရင်းမှ သူမအတွင်းသို့ လှည့်ထွက်သွားသည်။ သေချာပါပြီ။ အခုခြံရှေ့မှာ ရှိနေသူဟာ သူမနှင့် ညဘက်တုန်းက ဖုန်းပြောခဲ့သည့်တစ်ယောက်သာ ဖြစ်ရမည်။ ရွှေပိုးကို ငွေညှစ်အကျပ်ကိုင်နေသော ယောကျ်ားဟာ အခု ကျွန်တော့်မျက်စိရှေ့တည့်တည့်မှာ ရှိနေခဲ့ပြီပေါ့။

ကျွန်တော် ဘာကိုမှ သတိမထားမိတော့ဘဲ ခြေလှမ်းများကို ခြံရှေ့ဆီသို့သာ ဦးတည်လိုက်၏။ ခြံရှေ့ဆီကနေ ကျွန်တော့်ကို ပြန်ကြည့်နေသူမှာ ဦးထုပ်ဆောင်းထားသည့်အပြင် နေကာမျက်မှန်အနက်ရောင်ကိုပါ တပ်ဆင်ထားသောကြောင့် သူ့မျက်နှာကို သေချာမြင်ရရန် ဘယ်လိုမှ မလွယ်ကူပါ။

ကျွန်တော့်ခြေလှမ်းများကို အရှိန်မြှင့်တင်လိုက်ချိန်မှာပဲ ထိုလူ နောက်ပြန်လှည့် ခပ်သုတ်သုတ် ထွက်သွား၏။ ကျွန်တော် ပြေးလိုက်သော်လည်း မမီတော့ပါ။ တက္ကစီတစ်စီးပေါ်သို့ ပြေးတက်ထွက်ခွာသွားတော့သည်။

"သား ဘာဖြစ်လို့လဲ"

"ဟာ ဦးလေး ဘယ်ရောက်နေတာလဲဗျာ"

ခုမှ ကျွန်တော့်နားရောက်လာသော ခြံစောင့်ကြီးကို အမောတကော မေးလိုက်သည်။

"အိမ်သာခဏသွားတက်တာပါ သားရယ်၊ ဘာဖြစ်လို့လဲ"





"ခြံရှေ့ကို လူစိမ်းတစ်ယောက် လာကပ်လို့ဗျ၊ အိမ်ထဲကိုလည်း ကြည့်ကြည့်နေတယ်၊ ကျွန်တော် နည်းနည်းမှမသင်္ကာဘူး။ ဖြစ်နိုင်ရင် ဦးလေးလည်းမသင်္ကာစရာတစ်ခုတွေ့တာနဲ့ ကျွန်တော့်ကိုချက်ချင်းအကြောင်းကြားပေးပါ"

"အေးပါ သားရယ်၊ ဦးလေး အလွတ်မပေးပါဘူး"

ကျွန်တော် စိတ်မတင်မကျဖြစ်စွာနှင့်ပင် အိမ်ဘက်ပြန်လှည့်ခဲ့ရသည်။ ဧည့်ခန်းထဲမှာ ရွှေပိုး မရှိတော့။ ကလေးတွေ အော်ဟစ်ဆော့ကစားနေသော အသံများဖြင့် ဆူညံနေသော အောက်ထပ်ကိုစွန့်ခွာလျက် ကျွန်တော် အိပ်ခန်းဆီ အပြေးတစ်ပိုင်းတက်ခဲ့သည်၊ ရွှေပိုး ဘာလုပ်နေမယ်ဆိုတာ ကျွန်တော် သိချင်လွန်းနေပြီ။

"နင် အတင့်ရဲလှချည်လား"

အခန်းဝအရောက်မှာပဲ ကြားလိုက်ရသော ရွှေပိုးအသံ။ ထိုလူနဲ့ သူမ ဖုန်းပြောနေပြန်ပြီပေါ့။ အနေအထားကို ဆက်စပ်တွေးကြည့်တာနဲ့တင် ခုနက ခြံရှေ့ကို လာချောင်းသောလူဟာ ရွှေပိုးနှင့်ဖုန်းအဆက်အသွယ်လုပ်နေသူမှန်း ရာနှုန်းပြည့်သေချာနေခဲ့ပြီ။

"ကောင်းပြီလေ၊ နင်လိုချင်သလောက် ငါပေးမယ်၊ အရင်တစ်ခါက ဆိုင်ကိုပဲ နေ့လယ်တစ်နာရီလောက် အရောက်လာခဲ့ပါ၊ အေး ငါ့အိမ်ရှေ့လာပြီး ခုလိုထပ်လုပ်လို့ကတော့ နင်လည်း ကြိုက်တာသာလုပ်၊ ငါလည်း နင့်ကိုဘာမှထပ်မပေးနိုင်တော့ဘူးဆိုတာ မြဲမြဲမှတ်ထားလိုက်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

အကာအကွယ်ကောင်းသော နေရာတစ်ခုမှာ ကားကိုပါကင်သေချာထိုးထားပြီး ကျွန်တော် ထိုင်စောင့်နေခဲ့တာ နေ့လယ်ဆယ့်နှစ်နာရီမခွဲခင်တည်းက ဖြစ်သည်။ ကျွန်တော့်နေရာကနေကြည့်ရင် ဆိုင်အပေါက်ဝအဝင်အထွက်ကို ကောင်းကောင်းမြင်နေရ၏။

သူတို့ချိန်းထားသော အရင်တစ်ခါကဆိုင်ဆိုတာ ကျွန်တော် တစ်ခါတွေ့ဖူးခဲ့သည့် ဆိုင်ပင်ဖြစ်ရမည်လို့လည်း သေချာနေခဲ့သည်။ ဒါကြောင့်လည်း ခုလိုမျိုး ကြိုကြိုတင်တင် လာစောင့်နေခြင်းပင်ဖြစ်သည်။ ကားပေါ်မှာ အဲကွန်းဖွင့်လျက် ထိုင်နေခြင်းဖြစ်သော်လည်း ကျွန်တော့်တစ်ကိုယ်လုံး ချွေးစီးတွေပျံနေသည်။ ရင်ထဲမှ နှလုံးသားက အပြင်ကိုပေါက်ထွက်တော့မလိုခံစားရ၏။

ရွှေပိုးက ကျွန်တော် မသိအောင် ဖိနပ်ထောင်ရေးဖောက်ပြန်မှုတစ်ခု





ကျူးလွန်နေခဲ့တာလား။ ဒီအဖြစ်ဆိုးကသွဲ့ရင် ဘယ်လိုကိစ္စမျိုးကိုမှ ကျွန်တော် မသိအောင် သူမ ဖုံးကွယ်ထားစရာ မလိုဘဲ။ သူမနှင့်အတူ ထူထောင်ခဲ့သည့် အိမ်ထောင်ရေးလေးတစ်ခုကို ကျွန်တော်ကတော့ ဂုဏ်ယူဝင့်ကြွားစွာနှင့် အမြဲတစေ ကျေးဇူးတွေတင်နေမိခဲ့သည်။

သူမကတော့ ကျွန်တော့်နောက်ကွယ်မှာ တခြားယောကျ်ားတစ်ယောက်နှင့်။ အတွေးတွေနှင့် ပူလောင်လာကာ ဒေါသတွေ အလိပ်လိုက်ကြွတက်လာ၏။

ကျွန်တော် စောင့်ကြည့်နေဆဲမှာပင် တစ်နာရီထိုးဖို့ ဆယ်မိနစ်အလို၌ ဆိုင်ထဲသို့ ရွှေပိုး ဝင်သွားသည်။ ပြီးခဲ့တဲ့ တစ်ပတ်ကမှ ကျွန်တော်ကိုယ်တိုင် ရွေးချယ်ဝယ်ယူပေးထားသော ဇိုက်ဖုံးအကျီအဲ်ဝါနုရောင်လေးကိုဝတ်ဆင်လျက် ခြေလှမ်းများကလည်း သွက်လက်မြန်ဆန်နေသည်။

ဒီတစ်ခါတော့ မှန်ချပ်များနှင့်ကပ်လျက် နေရာမှာမထိုင်ဘဲ အတွင်းဘက်မှာနေရာယူပုံရသည်။ ဆိုင်ပြင်ကနေ ကျွန်တော် မမြင်နိုင်တော့။ နောက်ထပ် ဆယ်မိနစ်လောက် ထပ်စောင့်လိုက်ပြီးချိန်မှာ မနေ့က ခြံရှေ့မှာ လာချောင်းနေသူလည်း ဆိုင်ထဲသို့ ဝင်သွားခဲ့သည်။ မနေ့က ဝတ်ဆင်ထားသလိုပင် အနက်ရောင်ဂျာကင် ဂျင်းဘောင်းဘီခပ်စုတ်စုတ်နှင့် ဦးထုပ်ကိုဆောင်းနေကာမျက်မှန်တပ်လျက် ရုပ်ရှင်ဆန်ဆန် ရုပ်ဖျက်ထားခြင်း။

မိုးစက်လေးတွေ ခပ်ဖွားဖွားကျလာရာကနေ တဖြည်းဖြည်းသည်းလာသည်။ ဆိုင်ရှေ့မြင်ကွင်းကို သိပ်မသဲကွဲတော့။ ဟိုလူဝင်သွားပြီး နောက်



www.burmeseclassic.com

www.burmeseclassic.com



သုံးမိနစ်လောက်ထိ ကျွန်တော် ကားထဲမှာ ဆက်ထိုင်နေလိုက်သေးသည်။ ပြီးမှ တုန်ယင်နေသော စိတ်ကို ထိန်းချုပ်လျက် ကားပေါ်မှဆင်း၏။

အေးစက်သော မိုးရေစက်များက ကျွန်တော့်တစ်ကိုယ်လုံးကို လာ ရိုက်ခတ်သည်။ ဒါပေမဲ့ ကျွန်တော်အေးမသွားပါ။ ရင်ထဲက ပူလောင်မှုက ဘာနဲ့မှနှိုင်းမရ။ ဆိုင်တံစက်မြိတ်အောက်သို့ အပြေးတစ်ပိုင်း ဝင်လိုက်၏။ ဆိုင်ထဲမှာ ရောက်နှင့်နေသော လူနှစ်ယောက်ကိုရင်ဆိုင်ရန် ကျွန်တော့်မှာ ဘာပြင်ဆင်မှုမှမရှိ၊ တကယ်တော့ ဘာတွေဖြစ်နေတယ်ဆိုတာလည်း ကျွန်တော် သေချာမသိပါ။

ကျွန်တော့်နောက်ကွယ်မှာ မဟုတ်တာတစ်ခုခု ရွှေပိုး လုပ်နေသည် ဆိုသည့် အချက်ကလွဲရင် အဓိကအမှန်တရားကို ကျွန်တော် မသိ။ အိမ် ထောင်ရေးဖောက်ပြန်တာကလွဲရင် တခြားဘာအကြောင်းပြချက်မှ ကျွန်တော် စဉ်းစားမရ။

ဆိုင်ထဲမှာ လူကျဲနေသည်။ ထမင်းစားချိန်ဖြစ်နေတာရော မိုးရွာ ချလိုက်သောကြောင့် ဆိုင်ထဲဝင်မိုးခိုရင်း စားသောက်ကြသူများရော ပျားပန်း ခပ်နေသည်။ ထိုထဲကမှ ထောင့်ကျကျ စားပွဲဝိုင်းလေးတစ်ခုမှာ မျက်နှာချင်း ဆိုင်ထိုင်နေသော သူမတို့နှစ်ယောက်ကို ကျွန်တော် လှမ်းမြင်လိုက်၏။ နှစ်ယောက်စလုံး ကိုယ့်အာရုံနှင့်ကိုယ် ဖြစ်နေသောကြောင့်လားမသိ ဖြည်း ဖြည်းချင်း ချဉ်းကပ်လာသော ကျွန်တော့်ကို သတိမထားမိကြပါ။

ရွှေပိုးက ပိုက်ဆံအိတ်ထဲမှ တစ်သောင်းတန်အထပ်လိုက် တော်





တော်များများကို ဆွဲထုတ်လိုက်ပြီး စားပွဲပေါ်တင်သည်။ ဟိုလူက ချက်ချင်း ပင် အငမ်းမရ လှမ်းယူရန်ပြင်၏။ သို့သော် ရွှေပိုးက ငွေထပ်များပေါ်သို့ လက်ကိုဖိတင်ထားလိုက်သောကြောင့် ဟိုလူ့ရည်ရွယ်ချက် မအောင်မြင် လိုက်ပါ။

တဖြည်းဖြည်းနီးကပ်လာသော မြင်ကွင်းနှင့်အတူ သူမတို့ပြောနေ ကြတာတွေကိုလည်း တစ်စွန်းတစ်စ ကျွန်တော် ကြားလာရပြီ။

"နင် ဒီလို လွယ်လွယ်လုပ်လို့ မရတော့ဘူးလေ"

"ဒါဆို ခင်ဗျားက ဘာထပ်ဖြစ်စေချင်လို့တုန်း"

"ငါ့ကို ဘယ်တော့မှမနှောင့်ယှက်တော့ပါဘူးဆိုတဲ့ ကတိပေးရ မယ်"

"ပေးတယ်"

"အို ဒီလို လွယ်လွယ်ပေးလို့ ဘယ်ရမလဲ၊ ဒီတစ်ခါတော့ ငါ့ကို စာချုပ်မှာ လက်မှတ်ထိုးပေးမှ ဒီငွေတွေကိုလည်း မင်းလက်ထဲ အပ်နိုင်မယ်၊ နင်နဲ့ပတ်သက်ခဲ့မိလို့ ငါ့အိမ်ထောင်ရေးကိုတော့ အပြိုကွဲမခံနိုင်ဘူး။ ဒါ ငါ ဘယ်လောက်ထိ ကြိုးစားရယူထားရတဲ့ အိမ်ထောင်တစ်ခုလည်းဆိုတာ အားလုံးထက် နင်ပိုသိမှာပါ"

"ဟား ဟား သိပ်သိတာပေါ့၊ သိလွန်းလို့လည်း ခင်ဗျားကို ကျွန်တော်က လက်မလွှတ်နိုင်တာလေ"

ကြားနေရသော စကားတွေကို ကျွန်တော် သည်းမခံနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကြားက ပတ်သက်မှုက ကျွန်တော်တင်ထားတာထက် ပိုမိုနက်ရှိုင်းနေပြီလား။

"ဘယ်လိုလဲ ငါပြောတဲ့အတိုင်း မင်းလိုက်နာနိုင်မှာလား"

"တကယ်ဆို ခင်ဗျားနိုင်းလို့ ပြစ်မှုကြီးတစ်ခုကိုလည်း ကျွန်တော် ကျူးလွန်ပေးခဲ့ရတယ်၊ ထောင်ထဲမှာလည်း ထိုက်တန်တဲ့အပြစ်ဒဏ်ကို ပေးဆပ်ခဲ့ရတယ်၊ အဲဒီအတွက် ခင်ဗျားက ခင်ဗျားလိုချင်တာကို ပိုင်ဆိုင်ခွင့်ရခဲ့တယ်၊ ခုချိန်ထိလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ ရနေတုန်းလေ၊ တဖြည်းဖြည်းနဲ့ တောင် ပိုပိုတိုးလာတာ မဟုတ်လား ဟဲ ဟဲ"

ဗိုက်ဖုံးအင်္ကျီကားကားလေးအောက်ကို မျက်စပစ်ပြလျက် ပြောတော့ ရွှေပိုးက တက်တစ်ချက်ခေါက်လိုက်၏။

"နင်စကားတွေ ဝေ့ဝဲပြီး ပြောမနေနဲ့၊ ငါ အချိန်မရှိဘူး"

"အဲဒီတော့ ခင်ဗျားအတွက် သိပ်တန်ပါတယ်ဗျာ၊ စာချုပ်မှာပါ လက်မှတ်ထိုးပေးစေချင်ရင် ကျွန်တော့်ကို ဒီပမာဏလောက်နဲ့ လာမလုပ်နဲ့၊ မရဘူး၊ တိုးပေးရမယ် မဟုတ်လို့ကတော့"

"နင် သိပ်တရားလွန်မလာနဲ့နော်"

"ကျွန်တော်တို့ကြားမှာ တရားဥပဒေက အကျုံးမဝင်ပါဘူးဗျ၊ အဲဒီတော့ တရားတယ် မတရားဘူးလည်း ပြောမနေနဲ့၊ ထပ်တိုးပေးမလား မတိုးပေးဘူးလား။ ဒါမှမဟုတ် ခင်ဗျား သိပ်ချစ်တဲ့ယောက်ျားကို ဒီအကြောင်း တွေဖွင့်ပြောလိုက်ရမလား။ သူ့ရဲ့အမြတ်နိုးဆုံးမိန်းကို ကားနဲ့တိုက်သတ်နိုင်း





ခဲ့သူက အခုလက်ရှိ သူနဲ့ပေါင်းသင်းနေတဲ့ ဇနီးသည်ကိုယ်တိုင်ပါပဲဆိုတာ လေ"

တိုင်အကွယ်မှာ မတ်တပ်ရပ်နားထောင်နေသော ကျွန်တော့်ခြေထောက်တွေ ခွေညွတ်ကျသွားတော့မတတ်။ ကျွန်တော့်နားတွေ အကြားမှားခဲ့လေသလား။ ဘယ်လိုနည်းနဲ့မှ ဆက်စပ်မတွေးခဲ့မိသော အကြောင်းအရာများ။

ရွှေပိုးထံမှ ခြိမ်းခြောက်ငွေညှစ်နေသူဟာ တော်ဝင့်ကို ပွဲချင်းပြီး သေစေလောက်အောင် ရည်ရွယ်ချက်ရှိရှိဖြင့် ကားနဲ့တိုက်သတ်ခဲ့သူ။ တော်ဝင့် သေဆုံးမှုဟာ မတော်တဆမဟုတ်ဘူး။ ဒါဟာ သက်သက်လုပ်ကြံခဲ့သော အမှု၊ တော်ဝင့်ကိုသေစေချင်သောဆန္ဒဖြင့် အကွက်ဆင်ထားခဲ့သော လုပ်ကြံမှု။ အဲဒီလုပ်ကြံမှုရဲ့နောက်ကွယ်မှ စေခိုင်းသူဟာ ရွှေပိုးတဲ့။

ကျွန်တော် ကြားနေရသော စကားတွေ အမှန်တကယ် မဟုတ်ပါစေနဲ့။

"နင့်အသံကို တိုးတိုးပြောစမ်း။ ငါတို့ချည်းပဲ ရှိနေတယ် ထင်နေတာလား"

"မကြောက်ပါနဲ့ဗျ၊ ဒီဆိုင်ထဲမှာ ခင်ဗျားရဲ့ချစ်လှစွာသော ယောက်ျား မရှိပါဘူး"

"စိတ်မကောင်းဘူးကွာ၊ ငါဒီဆိုင်ထဲမှာ ရှိနေတဲ့အတွက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

သူတို့ရှေ့တည့်တည့်ကို ထွက်ရပ်လိုက်သော ကျွန်တော့်ကိုမြင်သည်နှင့် ရွှေပိုးရဲ့တုန်လှုပ်သွားသော မျက်နှာဟာ တစ်သက်မှာ တစ်ခါတောင် မမြင်ခဲ့ဖူးသော မျက်နှာမျိုး။ အရှင်လတ်လတ်ကြီး ဧရာပြည်ရောက်သွားသည့် မျက်နှာထားမျိုးလို့ ပြောရမလား။

ထွက်ပြေးရန် ပြင်သော ဟိုလူ့ဂျာကင်ကော်လံစကို ဆောင့်ဆွဲလျက် ကျွန်တော့်စိတ်တွေကို လွှတ်ပေးလိုက်၏။ မျက်လုံးများထဲမှာ တော်ဝင်သေဆုံးခဲ့ရသော ပုံရိပ်များကလွဲရင် ဘာဆိုဘာမှမမြင်။ ကျွန်တော့်ရဲ့အားပြင်းလှသော လက်သီးချက်များက သူ့မျက်နှာတစ်ခုလုံး သွေးများဖြင့် ချင်းချင်းနီသွားစေသည်။

ဆိုင်ထဲမှ စားသုံးသူများလည်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်၏။ စားပွဲထိုးလေးတွေက ကျွန်တော့်ကို ဝိုင်းဆွဲကြသည်။ ကျွန်တော့်လက်သီးချက်တွေကနေ လွတ်သွားတုန်းခဏမှာ ထိုလူက ထပြေးသည်။ စားပွဲထိုးလေးငါးယောက် ဝိုင်းချုပ်ထားရာကနေ ရုန်းထွက်နေရတာနှင့်ပင် ကျွန်တော် တော်တော်နောက်ကျသွား၏။ ကားတစ်စီးပေါ်သို့ ပြေးတက်သွားတာ မြင်လိုက်ရချိန်မှာ ကျွန်တော်လည်း အကွယ်မှာရပ်ထားသည့် ကားဆီ ပြေးထွက်ခဲ့သည်။

"ငါ ငါနင့်ကိုတောင်းပန်ပါတယ် ညီ"

ဘေးဘက်ခြမ်းတံခါးကို ဆွဲဖွင့်လျက် ဝင်ထိုင်လိုက်သော ရွှေပိုး။ သူ့မမျက်နှာကို ကျွန်တော် မမြင်ချင်။





"ခုချက်ချင်း ငါ့ကားပေါ်က ဆင်းသွား"

"ငါ အနူးအညွတ်တောင်းပန်ပါတယ် ညီရယ်၊ ငါ ငါ ဘယ်လိုလုပ်ပေးရင် နင်ကျေနပ်မလဲဟင်"

"ဟာကွာ"

သူမကို ပြောနေရတာနှင့်ပင် ရှေ့မှာဟိုလူပါသွားသော ကားကို မျက်ခြေပြတ်မည်စိုးသောကြောင့် လီဗာကိုဆောင့်နင်းလျက် အသည်းအသန်မောင်းထွက်လိုက်၏။ သည်းထန်လွန်းနေသော မိုးရေစက်တွေကြားမှာ ကျွန်တော့်ကားလေးကို ပြည်လမ်းဘက်ဦးတည်လိုက်သည်။ ဘယ်အထိပဲလိုက်ရလိုက်ရ ဟိုးရှေ့က အငှားယာဉ်ကို မလွှတ်သွားစေဖို့သာ အဓိကဖြစ်၏။

"နင်အရှိန်လျှော့မောင်းပါနော်၊ မိုးတွေက တအားရွာနေတယ်"

"နင့်ပါးစပ်ကိုပိတ်ထား။ နင့်အသံကို မကြားချင်ဘူး"

"ငါ ဘာလုပ်ပေးရမလဲ ညီရဲ့၊ ငါဘာတွေလုပ်ပေးရမလဲ၊ နင်ကျေနပ်အောင် ငါဘာလုပ်ပေးနိုင်မလဲ၊ ငါ့အပြစ်တွေအတွက် နင်တို့သားအဖကို အကောင်းဆုံးပေးဆပ်နေခဲ့တာပဲ၊ ငါ နင့်ကိုသိပ်ချစ်နေတာ ဘယ်လိုလုပ်ရမလဲ၊ နင့်ကိုချစ်လွန်းလို့ ငါ ဘာမှမမြင်နိုင်တော့တာ၊ ဒီလို ဆိုးရွားယုတ်ညံ့တဲ့ကိစ္စကြီးကို ငါကျူးလွန်မိသွားတာ"

"ငါတို့ကို အကောင်းဆုံးပေးဆပ်ခဲ့တယ်ဆိုပြီး ငါသိပ်ချစ်တဲ့မိန်းမကို နင် ရက်ရက်စက်စက် သတ်ပစ်ခဲ့တာ ငါက ကျေးဇူးပြန်တင်ရှာသော နင်လို မိန်းမမျိုးကို ငါရွံတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို အဲဒီလို မပြောပါနဲ့ဟာ၊ ငါတောင်းပန်ပါတယ်"

ကျွန်တော့်ရဲ့ နာကျည်းမှုမျက်ရည်တွေ၊ ရွှေပိုးရဲ့တောင်းပန်တိုးလျှိုးသည့်မျက်ရည်တွေ၊ ကျွန်တော့်မျက်ရည်များက ဗိုလ့်ပူလောင်ပြင်းရှမှာသေချာပါသည်။ သံယောဇဉ်ကြီးမားခဲ့ရသော သိပ်ချစ်ရသည့် သူငယ်ချင်းက ကျွန်တော့်ဘဝကို ယုတ်မာဆိုက်ရိုင်းသည့် နည်းလမ်းတွေကိုသုံးပြီး ဖျက်စီးစေခဲ့တာ ဘဝမှာ အဆိုးရွားတကာ့ အဆိုးရွားဆုံးခံစားမှုပင်။

"နင်ကျေနပ်အောင် ငါ ဘာလုပ်ပေးရမလဲဟင် ညီ၊ ငါ့ကိုပြောပါ ငါ့ဘာလုပ်ပေးရမလဲလို့"

"နင်သေလိုက်လေ၊ နင်လည်း သေကြည့်လိုက်ပေါ့"

ကားမောင်းနေရင်းတန်းလန်းနှင့် သူမ မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးကာ ကျွန်တော် ပေါက်ကွဲအော်ဟစ်ပစ်လိုက်သည်။ မိုးရေများဖြင့် ရွှဲနစ်နေသော သူမကိုယ်လုံးလေးပင် ဆတ်ခနဲ တုန်ယင်သွားသည်ထိ။

"ဟာ ညီ ဟိုမှာ ဟိုမှာ"

ရှေ့တည့်တည့်ကို လှမ်းကြည့်အော်ပစ်လိုက်ရင်း သူမ လက်များကလည်း စတီယာရင်ပေါ်ရောက်လာကာ ဘေးဘက်ဆီသို့ ဆွဲချပစ်လိုက်သည်။

တဒင်္ဂအတွင်း ဖြစ်ပျက်သွားရသည်မို့ မြန်ဆန်လွန်းလှသည်။ ကျွန်တော့်ကားနှင့်ခေါင်းချင်းဆိုင်တိုက်မိမလိုဖြစ်ခဲ့သော ခရီးသည်တင်ဘတ်စ်ကားကြီး၏ ဘီးတာယာနှင့် ကတ္တရာလမ်းပွတ်ဆွဲမိသံက ထိတ်လန့်ဖွယ်။





ကျွန်တော့်ကားလေးကတော့ ချာချာလည်ရမ်းလျက် ပလက်ဖောင်းပေါ်ကျော်တက်ကာ ပြောင်းပြန်လန်သွားခဲ့ပြီး အရှိန်ကြောင့် ပလက်ဖောင်းတစ်ဖက်မှ သစ်ပင်ကြီးနှင့်ဝင်တိုက်မိစဉ်မှာ

တော်ဝင် မင်းကိုမောင် တွေ့ချင်လိုက်တာ။

■ ■ ■

"ဖေဖေ ထပါတော့နော်၊ သားတစ်ယောက်တည်း ကြောက်တယ်"

ကျွန်တော့်ဘေးမှာ လာလာစကားပြောသော သားလေးရဲ့ငိုမဲ့မဲ့အသံကို ကျွန်တော် ကြားရသည်။ ကျွန်တော့်လက်ကို ဆုပ်ကိုင်ထားလျက် တအင့်အင့်ရှိုက်ငိုနေသော အန်တီစိုးရဲ့ငိုသံကိုလည်း ကြားရသည်။ ကျွန်တော့်ဝေယျာဝစ္စတွေလုပ်ကိုင်ပေးနေသော မောင်လုံးရဲ့လှုပ်ရှားသံများကိုလည်း ကြားနေရသည်။

ကျွန်တော် မကြားချင်သော လူတစ်ယောက်ရဲ့အသံကိုတော့ မကြားရ။

ကြားနေရသော အသံတွေအတွက်လည်း ကျွန်တော် ဘာမှမတုံ့ပြန်နိုင်။ တစ်ကိုယ်လုံး ဘယ်နေရာမှ လှုပ်ရှားလို့မရ။ မျက်လုံးများလည်း ဖွင့်မရ၊ စကားများလည်း ပြောမရ၊ အသက်ကိုတောင် ခက်ခက်ခဲခဲနှင့် သွယ်တန်းထားသော ပိုက်များမှတစ်ဆင့် ရှူသွင်းနေရသည်။ အဲဒီလိုအနေအထားနှင့် နာကျင်စွာ လဲအိပ်နေခဲ့ရတာ လပေါင်းများစွာ ကြာခဲ့ပြီ။

မယုံနိုင်စရာကောင်းလွန်းသော အဖြစ်အပျက်များကြောင့် နာနာ



www.burmeseclassic.com

www.burmeseclassic.com



ကျင်ကျင် အော်ဟစ်ပစ်လိုက်ချင်ရင်တောင် ပြင်ပလှုပ်ရှားမှု ဘာတစ်ခုမှ လုပ်မရ။ လက်တွေခြေတွေ လှုပ်ကြည့်ဖို့ ကြိုးစားသည်။ စကားလုံးတွေ ပြောပစ်လိုက်ဖို့ ကြိုးစားသည်။ အဖြစ်အပျက်ဆိုးတွေကို ပြန်မြင်ယောင်မိတိုင်းမှာ နှလုံးသားက အမြစ်ကနေ ပြုတ်ထွက်သွားသလို နင့်နင့်နဲနဲ။

ဒီနေ့တော့ ခါတိုင်းနေ့တွေထက် ထူးဆန်းနေ၏။ အန်တီစိုးရဲ့ ငိုသံနောက်ကွယ်မှာ ကလေးသေးသေးလေးတစ်ယောက်ရဲ့ ငိုသံကိုပါ ကျွန်တော် ကြားနေရသည်။ အဲဒီငိုသံကြောင့်ပဲ ကျွန်တော့်တစ်ကိုယ်လုံးမှာ ရှိသမျှ အင်အားတွေစုစည်းလျက် မျက်လုံးများဖွင့်နိုင်အောင် ကျွန်တော် ကြိုးစားမိ၏။

ငိုသံသေးသေးလေးက ပိုလို့စူးစူးဝါးဝါး ကျယ်လောင်လာသည်။ ကျွန်တော်လည်း အကြိမ်ကြိမ်ကြိုးစားရင်း မျက်လုံးများဖွင့်နိုင်အောင် အားယူသည်။ ကျွန်တော့်လက်မောင်းပေါ်မှာ နူးညံ့သည့်ဂွမ်းစလို အသားစိုင်လေး တစ်ခု လာရောက်ထိတွေ့လိုက်မှပဲ ကျွန်တော့်ကြိုးစားမှုတွေ အောင်မြင်ခဲ့သည်။

"ဟယ် သားသတိရလာပြီ၊ မောင်လုံး ဆရာဝန်ကြီး ခေါ်ပါဦး။ မြန်မြန်ခေါ်ပါဟဲ့"

ကလေးသေးသေးလေးရဲ့ ငိုသံသေးသေးလေးကို အန်တီစိုးအသံက ဖုံးလွှမ်းသွားသည်။ ခုနက ကျွန်တော့်လက်မောင်းကို လာထိနေသော နူးညံ့သည့်အသားစိုင်လေးကို အန်တီစိုးက ပွေ့ယူချီမလိုက်တော့ ငိုသံစူးစူး





လေး တိတ်သွား၏။ မကြာခင်မှာပင် ကျွန်တော့်နံဘေး၌ ဆရာဝန်တွေ သူနာပြုဆရာမတွေ ဝိုင်းဝိုင်းလည်သွားသည်။

"ငါးလနီးပါးလောက် မေ့မြောပြီး ကိုမာဝင်နေရာကနေ လွတ်မြောက်လာတာ ဂုဏ်ယူပါတယ်ဗျာ"

စမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်ပြီးနောက်မှာ ဆရာဝန်ကြီးက ကျွန်တော့်ကို အပြုံးဖြင့် ပြောသည်။

"အခြေအနေ နည်းနည်းပါးပါး စောင့်ကြည့်ပြီး တိကျတဲ့စမ်းသပ်မှုတွေအားလုံး ပြီးစီးအောင်မြင်ခဲ့ရင်တော့ ဆေးရုံကဆင်းလို့ ရပါပြီ၊ ပြင်ပဒဏ်ရာတွေ ရခဲ့ပေမယ့် ငါးလဆိုတဲ့အချိန်ကာလအတွင်းမှာ ပျောက်ကင်းခဲ့ပါတယ်၊ ဦးခေါင်းအတွင်းပိုင်းကို နောက်ဆုံးအကြိမ် စစ်ဆေးမှုပြီးရင် အားလုံး စိတ်ချရပါပြီ"

ဆရာဝန်ကြီးက ကျွန်တော့်အခြေအနေကို ရှင်းပြသည်။ ကျွန်တော့် ရင်ထဲက နာကျင်မှုကိုတော့ သူတို့တွေလည်း ပျောက်ကင်းအောင် ကုသပေးနိုင်မှာ မဟုတ်ပါဘူးလေ။

■ ■ ■

ကျွန်တော့်ကို မျက်လုံးများဖွင့်နိုင်အောင် ခွန်အားတွေပေးခဲ့သော ငိုသံသေးသေးပိုင်ရှင်လေးသည် ခုတော့ ကျွန်တော့်မျက်စိရှေ့တည့်တည့်က အနီးထုပ်လေးထဲမှာ ငြိမ်သက်စွာ အိပ်ပျော်နေသည်။

"ညီမလေးက အရုပ်မလေးနဲ့ တူတယ်နော် မေမေ နီနီရဲ့ရဲ့လေး"

www.burmeseclassic.com



သားရဲ့သဘောတကျပြောသံအဆုံးမှာ အန်တီစိုးက အင့်ခနဲ ရှိုက်ငိုပြန်သည်။

"သမီးလုပ်ခဲ့တာတွေ အားလုံးနဲ့ပတ်သက်ပြီး အမေတောင်းပန်ပါတယ်ကွယ်၊ သမီးလေးကိုခွင့်လွှတ်လိုက်ပါတော့နော်၊ သူလည်း ခုလောက်ဆို"

စကားကို ရှေ့ဆက်မပြောနိုင်တော့ဘဲ သူမ ငိုပြန်သည်။ ကျွန်တော်ကတော့ အဝေးတစ်နေရာကိုသာ ငေးမောနေမိ၏။ အခေါက်ခေါက်အခါခါ ဖတ်ပြီးခဲ့ပြီဖြစ်သော စာလေးတစ်စောင်ကို လက်ထဲမှာ ဆုပ်ကိုင်ထားမိသည်။

"ညီ

ငါ တောင်းပန်ပါတယ်လို့ နှင့်ကို ထပ်ပြောပါရစေ။

နှင်း ဒီစာကို ဖတ်ခွင့်ရနေပြီဆိုရင် နှင့်ကျန်းမာရေးအတွက် ငါ စိတ်ချပါပြီ၊ ယာဉ်တိုက်မှုဖြစ်တဲ့နေရာမှာ နှင့်ကိုတစ်ယောက်တည်းထားခဲ့တာ မဟုတ်ပါဘူး။ ငါ ဆေးရုံကားကို ဖုန်းဆက်ခေါ်ပေးခဲ့ပြီးမှ နှင့်ကိုစိတ်ချရပြီဆိုတော့မှ ငါထွက်ခွာခဲ့တာပါ၊ နှင်းနဲ့အဝေးဆုံးကိုပေါ့၊ ငါအမှားကြီးမှားခဲ့ပါတယ်၊ သံသရာမှာပါ အကြိမ်ကြိမ်ပေးဆပ်ရမယ့် အပြစ်ကြီးမျိုးကို ငါကျူးလွန်ခဲ့ပါတယ်၊ ဒါပေမဲ့လေ အဲဒါတွေအားလုံးက နှင့်ကိုချစ်စိတ်တစ်ခုတည်းနဲ့ပါ ညီရယ်၊

ငါ့အပြစ်တွေကို ငါသေပေးမှ နှင်ကျေနပ်မယ်လို့ ပြောခဲ့တယ်နော်၊





နှင့်ဆန္ဒအတိုင်း ငါချက်ချင်းသေမပေးနိုင်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ့ဘဝမှာ နှင့်အတွက် အမှတ်တရအဖြစ် မွေးဖွားပေးခွင့်ရမယ့် သမီးလေးကို ငါ့အပြစ်တွေအတွက်နဲ့ ငါနဲ့တူတူ လိုက်မသေနိုင်းရက်လို့ပဲ၊

ခုတော့ သမီးလေးကို ငါ အောင်အောင်မြင်မြင် မွေးဖွားနိုင်ခဲ့ပြီ။ နှင့်လက်ထဲကိုလည်း သေသေချာချာ ထည့်ပေးနိုင်ဖို့ ငါ ပြင်ဆင်ထားတယ်၊ ဒီစာကို နှင်ဖတ်နေရပြီဆိုရင် နှင်နဲ့သိပ်တူတဲ့ သမီးလေးကိုလည်း နှင် တွေ့ပြီးဖြစ်မှာပါ၊

ငါ့ကိုသေလောက်အောင် နာကျည်းမုန်းတီးနေရင်တောင်မှ ငါနဲ့ရတဲ့ သမီးလေးကိုတော့ ချစ်ပေးပါနော် ညီ၊ ဒါက နှင့်ရင်သွေးစစ်စစ်လေးပါ၊ ငါ့ဘဝမှာ တစ်ဦးတည်းချစ်ခဲ့ရသော ယောကျ်ား။ ဘဝတစ်ခုလုံးကို ငါပုံပြီး ပေးအပ်ခဲ့တဲ့ယောကျ်ားဟာ ညီအားမာန်တစ်ယောက်တည်းပါ၊

နှင့်သံသရာအဆက်ဆက် ငါ့ကိုမုန်းတီးချင် မုန်းတီးနိုင်ပါတယ် ညီ၊ ငါကတော့ ဒီဘဝမှာ နှင်နဲ့အတူ လှပတဲ့အမှတ်တရလေးတွေ ဖန်တီးခွင့်ရခဲ့တဲ့အတွက် သေပျော်ပါပြီ၊

ငါ မိုက်မဲရူးသွပ်ခဲ့မိပါတယ်၊ အဲဒီအတွက်လည်း သိပ်မကြာခင်မှာ ငါ တော်ဝင်နဲ့တွေ့ခွင့်ရခဲ့ရင် အခါခါပြန် သေပေးတဲ့နည်းလမ်းနဲ့ တောင်းပန်ရမယ်ဆိုရင်တောင် ငါ ကျေနပ်ပါတယ်၊ တစ်ခုပဲ နှင်မှတ်ထားပေးပါ ညီရယ် ဒီလို ပြင်မရတဲ့ နာကျင်စရာအမှားတွေကို ကျူးလွန်ခဲ့မိတဲ့အကြောင်းရင်းဟာ နှင့်ကိုချစ်တဲ့စိတ်၊ နှင့်ကိုပိုင်ဆိုင်ချင်တဲ့ အတ္တတစ်ခုတည်းကြောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ငါ အခုချိန်ထိ အတွေ့တွေ ဖုံးလွှမ်းနေတုန်းလို့ နင်တွေးရင်လည်း တွေးပေါ့၊ ငါ့အတွက်ကတော့ နင့်နားကနေခွဲခွာပေးရမှာထက် ကြောက်စရာကောင်းတာမျိုး မရှိတော့ပါဘူး။

ဒါပေမဲ့လေ ငါ ခွဲခွာပေးရမှာပါ၊ ငါ ခွဲခွာပေးမှာပါ၊

နင့်ကိုချစ်တဲ့

ရွှေပိုး

ဘယ်နှခေါက်မြောက်မှန်း မသိတော့ဘဲ ဒီစာလေးကို ဖတ်ပြီးချိန်မှာ ကျွန်တော့်မျက်လုံးအိမ်တစ်ခုလုံး မျက်ရည်များအပြည့်၊ ကျွန်တော့်မျက်နှာတစ်ခုလုံး မျက်ရည်များအပြည့်။ ရင်ထဲမှာ နာကျင်နေရတာက သေအံ့မူးမူးလို။

ဒါပေမဲ့ ကျွန်တော်မသိ၊ ကျွန်တော် ဘာကြောင့် နာကျင်နေမှန်းကို ကျွန်တော် မသိတော့။ ကျွန်တော် ဘယ်သူ့ကြောင့်ငိုနေမိမှန်းကို ကျွန်တော် မသိတော့။

ခုချိန်ထိကို ကျွန်တော် ညှံ့ဖျင်းတုံးအ,နေဆဲဖြစ်သည်။

ပရိသတ်အတွက်

အမြဲတမ်း

ဂျူး



www.burmeseclassic.com